
# ကိုတာ

# ယဉ်အောင်လုပ်ခြင်း


FIGLIA: PAPÀ PERCHÉ LE COSE FINISCONO SEMPRE IN DISORDINE?
PADRE: COME? LE COSE? IL DISORDINE?
F: BEH LA GENTE E' SEMPRE LÌ A METTERE LE COSE A POSTO, MA NESSUNO SI PREOCCUPA DI METTERLE IN DISORDINE. SEMBRA PROPRIO CHE LE COSE SI METTAN IN DISORDINE DA SOLE. E POI BISOGNA METTERLE A POSTO.
P: E LE TUE COSE FINISCONO IN DISORDINE ANCHE SE TU NON LE TOCCHI?
F: NO... SE NESSUNO LE TOCCA NO.
G. BATESON
DIC 2014
To Ko-Tar
Now part of what I learned is also yours!
Tanks
Cintia!

ခြေထောက်တွေအတွက် မြေရှိ
လက်တွေအတွက် ပုဆိန်ရှိသည်။
မျက်စိတွေအတွက် ပန်းပွင့်ရှိ
နားတွေအတွက် ငှက်ရှိသည်။

နှာခေါင်းအတွက် မှိုပွင့်ရှိလျက်
ပါးစပ်အတွက် အပြုံးရှိသည်။
အဆုတ်တွေအတွက် သီချင်းတွေရှိကာ
အရေပြားအတွက် ချွေးတွေရှိသည်။
စိတ်အတွက်လည်း လေရှိသဖြင့်
တန်သင့်ပါ၏။

# ယဉ်အောင်လုပ်ခြင်း

ကိုတာ

မုံရွေး

# ယဉ်အောင်လုပ်ခြင်း

ကိုတာ

**မုံရွေးစာအုပ်တိုက်**
အမှတ် ၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
ဖုန်း- (၀၁) ၂၉၇၀၇၂ ၊ ၅၂၇၆၅၆

# မာတိကာ


| | | |
|---|---|---|
| ၁။ | ယဉ်အောင်လုပ်ခြင်း(၁) | ဃ |
| ၂။ | လှခြင်းနဲ့ ရေရှည်တည်တံ့ခြင်း | ၈ |
| ၃။ | မျှော်လင့်ခြင်း | ၁၂ |
| ၄။ | ကြင်နာခြင်း | ၁၅ |
| ၅။ | ယဉ်အောင်လုပ်ခြင်း(၂) | ၁၆ |
| ၆။ | မိုးထဲမှာပင် သန့်စွမ်းသည် | ၂၅ |
| ၇။ | သဘာဝဖွဲ့ကဗျာများ | ၂၈ |
| ၈။ | ဂရိတ်နေရာများ | ၃၆ |
| ၉။ | ပျားတွေရပ်တန့်ခဲ့ | ၄၀ |
| ၁၀။ | နေရာ၏ဝိညာဉ် | ၄၃ |
| ၁၁။ | ဦးညွှတ်ခြင်း | ၄၇ |
| ၁၂။ | ထင်မြင်စွဲမှတ် | ၅၀ |
| ၁၃။ | ကလေးတွေကို အတင်း'တွန်း'သင့်ရဲ့လား | ၅၄ |
| ၁၄။ | ဂျပန်ကလေးများ နေ့ခင်းအိပ်မက်မက်ချိန်တောင် မရရှာကြဘူး | ၆၂ |
| ၁၅။ | မစ်ကဲလ်ဂျွန်ရဲ့ကောလိပ် | ၆၇ |
| ၁၆။ | ခေါင်းဆောင်မွေးထုတ်သော ပညာရေး | ၇၁ |
| ၁၇။ | ရှေးတုန်းက | ၇၆ |
| ၁၈။ | သဘာဝချို့ငဲ့ရောဂါ | ၈၀ |
| ၁၉။ | မိတ်ဆွေ | ၈၅ |

၂၀။ ကလေးတွေကို စောင့်ရှောက်ကာကွယ် ၉၀
၂၁။ ကျွန်တော့်ကို
ကျွန်တော့်နာမည်အမှန်နဲ့ ခေါ်ကြပါ ၉၆
၂၂။ ပညာရေးကိစ္စ ၁၀၃
၂၃။ မြန်မာပြည် လူ့အသိုက်အဝန်းကြားက
ပဋိပက္ခများ ၁၀၉
၂၄။ အမုန်းတရားရဲ့အတ္တုပ္ပတ္တိ ၁၂၅
၂၅။ ပေါင်းစပ်နေခြင်းသဘောထား
လောကအမြင် ၁၃၇
၂၆။ သက်ရောက်မှုများ ၁၄၃
၂၇။ သွားနေတဲ့သူတွေချည်း ၁၅၉
၂၈။ ငါတော့ဖြင့် မသိနိုင် ၁၆၄
၂၉။ တောက်တယ်ကျင်းရဲ့အစ ၁၇၁
၃၀။ ကျက်သရေ ၁၇၇
၃၁။ ဘာလိုသေးလဲ ၁၇၈

# ယဉ်အောင်လုပ်ခြင်း(၁)

**ရွှေပွဲလာပရိသတ်များခင်ဗျား . .**

ကျွန်တော်တို့ဟာ ယဉ်ကျေးသိမ်မွေ့တဲ့လူမျိုးဖြစ်တယ် ဆိုရင် ကန့်ကွက်တဲ့သူ ရှိများ ရှိနေမလားလို့ ယခုတလော ကျွန်တော် တွေးနေမိတယ်။ သတင်းစာဖတ်ကြည့်ရင် ကျွန်တော် တို့ရဲ့ စရိုက်တွေ ကြမ်းလာတယ်၊ လူသတ်တာ၊ ဓားနဲ့ထိုး၊ တုတ်နဲ့ ရိုက်တာ၊ လင်နဲ့ မယား၊ တူသားမောင်မယ်တွေဖြစ်တယ်ဆိုသော်မှ စိတ်မထိန်းနိုင်ကြတာတွေ ဖတ်ရတယ်။ အမွေပြုကျင့်မှုတွေလည်း မကြားဝံ့မနာသာ တွေ့နေရတယ်။ အကျင့်ပျက် ခြစားတာက လည်း ထိပ်မှာပဲ။ လူစီယန်ပိုင်း (Lucian W.Pye) ဆိုတဲ့ အမေရိကန်တစ်ယောက်ရေးတဲ့စာအုပ်က ကြာပါပြီ။ ၁၉၆၁ ခုနှစ် ကတည်းကပဲ။ အပြောင်းအလဲကို ဖြတ်သန်းနေတဲ့ လူမျိုးတစ်မျိုးရဲ့ စိတ်ပိုင်းဆိုင်ရာတွေကို စေ့ငုထားတဲ့စာအုပ်ပါ။ အဲဒီစာအလိုအရ တော့ ခုမှမဟုတ်ဘဲ အရင်ကလည်း ကျွန်တော်တို့က ပေါက်ကွဲ လွယ်တဲ့ လူမျိုးပဲ။ နူးညံ့ခြင်းနဲ့ အကြမ်းဖက်တတ်ခြင်း ရောနေတဲ့ လူတွေတဲ့။ တစ်မျိုးက နူးညံ့တယ်၊ ဘာသာတရား ကိုင်းရှိုင်းတယ်၊ အကျင့်သိက္ခာရှိတယ်ဆိုတာကိုဖော်ပြဖို့ ကြိုးစားသတဲ့။ နောက်တစ်မျိုးကျတော့ အကြမ်းပတမ်းလုပ်တယ်။ မကောင်းကြံ တယ်။ ကောက်ကျစ်တယ်တဲ့။ အကြမ်းပတမ်းနဲ့ အနူးအညံ့ ဒီလက္ခဏာ ၂ ခုကို မြန်မာလူ့အဖွဲ့မှာ တွဲတွေ့ရတယ်။ ၂ ခုလုံး ကတော့ အစွန်းလက္ခဏာတွေ။ ဒီအစွန်းတွေ ကျွန်တော်တို့မှာ ရှိဆိုပဲ။ အဲဒီခေတ် သတင်းစာတစ်စောင် ကိုးကားဖော်ပြတာ ကတော့ တဘက်ပါအတိုင်းခင်ဗျ။

**The crime index in this country is one of the highest in the world, and there are all types of criminals ........ the fault for all this does not lie in the religion but in our innate mental aberration.**

ဖာနီဗယ် ကတော့ မြန်မာ့လူ့အဖွဲ့အစည်းပေါ် ဗြိတိသျှ အုပ်စိုးမှုရဲ့ သက်ရောက်မှုကြောင့် သလိုဖြစ်ရတာလို့ ရေးတယ်။ မိရိုးဖလာ နိုင်ငံရေး ဘာသာရေး အင်စတီကျူးရှင်းတွေဟာ ဗြိတိသျှလက်အောက်မှာပျောက်ကုန်ပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းနိုင်အောင် သွန်သင်တာတွေ အားနည်းသွားတာနဲ့ ဖြစ်ရတာတဲ့။

ကိုရင်တာကတော့ လမ်းပေါ်ကလူပဲ၊ ယခု ကြမ်းနေကြတာတွေဟာ ဘာရယ်ညာရယ် ဇွေငုနိုင်တဲ့အစွမ်း ဘယ်ရှိမှာလဲ။ မသေချာ မရေရာတွေ များနေလို့လား။ စားဝတ်နေရေး ကျပ်တည်းကြသမို့လား။ အဲဒါတွေကို တွေးကြည့်မိပါတယ်။ ယခုလည်း ကျွန်တော်တို့ဟာ အပြောင်းအလဲကို ဖြတ်သန်းနေတဲ့လူစု (Transitional people တဲ့)။

ဒီစာရေးဖြစ်တာက တို့မှာလည်း ရာဇဝတ်မှုတွေ များလိုက်တာ၊ ဘာကြောင့် သည်လိုဖြစ်ရတာတုန်း။ ဒါတွေ လျော့ပါးပါမှ ကောင်းမှာပဲလို့ တောင်တွေး မြောက်တွေး တွေးမိတာနဲ့ပဲ။

ငါတို့မှာ ငါတို့ငယ်ငယ်တုန်းက ကဗျာဆရာကြီးတွေ ပန်းချီဆရာကြီးတွေလည်း မရှိတော့ဘူး။ ငါတို့ကလေးတွေ သူရိုစာတွေ မဖတ်ကြရလို့လား။ ငါတို့ဓလေ့တွေလည်း ပျောက်တာက ပျောက်ကုန်ပြီ။ ဒါတွေကို ခေတ်လူတွေ မသိကြတော့လို့လား။ ငါတို့ ဘာသာတရားကလည်း ကရုဏာတရား ဟောတာများနည်းလို့လား။

ပညာရေးကတော့ လူမျိုးတစ်မျိုးကို ယဉ်အောင်လုပ်တဲ့နေရာမှာ အခရာနေမှာပဲ။ သို့သော်လည်း ကျွန်တော်တို့ရဲ့ ကျောင်းတွေက ပျက်နေပြီ။ ဆရာတွေကို နမူနာကောင်းတွေ ဖြစ်အောင် အရင်လုပ်ရဦးမယ်။

ရှုစားတော်မူကြပါခင်ဗျာ။

## ၁။ ယဉ်အောင်လုပ်ခြင်း

ယဉ်အောင်လုပ်တယ်ဆိုတာဘာလဲ။ မင်းသားလေးက မြေခွေးကို မေးသည်။ ဒါက လူတွေမေ့သွားပြီဖြစ်တဲ့ အရာတစ်ခု ပဲဟု မြေခွေးက ဖြေသည်။

"ယဉ်အောင်လုပ်တယ်ဆိုတာ အကျွမ်းတဝင်ဖြစ်လာ တာပေါ့"

"အကျွမ်းတဝင် ဖြစ်လာတာ ဟုတ်လား"

အင်းဟု မြေခွေးက ဖြေသည်။

"အခု မင်းက ငါ့အတွက်တော့ ကောင်လေးတစ်ယောက်မျှပဲ။ တခြား ထောင်ပေါင်းများစွာသော ကောင်လေးတွေလို ကောင်လေးတစ်ယောက်ပဲ။ မင်းက ငါ့ကို မလိုသလိုပဲ ငါက မင်းကို မလိုဘူး။ မင်းအတွက်လည်း ငါဟာ မြေခွေးတစ်ကောင်ပေါ့။ သို့ပေတဲ့ မင်းက ငါ့ကိုယဉ်အောင် လုပ်ရင်တော့ တို့ တစ်ယောက်နဲ့တစ်ယောက် လိုအပ်လာကြမှာ ပေါ့။ မင်းဟာ ကမ္ဘာပေါ်မှာ ငါ့အတွက် တမူထူးတဲ့သူ ဖြစ်လာ မှာပေါ့။"

"ငါ နားလည်လာပါပြီ။"ဟိုမှာ ပန်းကလေးတစ်ပွင့် . . သူက ငါ့ကို ယဉ်အောင်လုပ်တယ်လို့ ငါ ထင်သကွဟု မင်းသားလေးက ပြောသည်။

(မင်းသားလေး . . . မှ)



ပန်းတစ်ပွင့်နှင့် စကားပြောခြင်း

*(The virgin and her garden)*

လူတွေကို ယဉ်အောင်ဘယ်လိုလုပ်ရမလဲ။

ယဉ်အောင်လုပ်ခြင်းဆိုပြီး "မင်းသားလေး"ဆိုတဲ့ စာအုပ်မှာ တဘာက်ပါအတိုင်းပါတယ်။

ယဉ်အောင်လုပ်ခြင်းဆိုတာ ကရုဏာထားရှိတဲ့ဆက်နွယ်မှုပဲလို့ ကျွန်တော်က အနက်ကောက်ပါတယ်။

ဒီကူးနင်းဆိုတဲ့ ပန်းချီဆရာက ရသပတ်ဝန်းကျင်ထဲ ထည့်ထားလို့ ပြောဖူးတယ်။ နိမ့်လာတဲ့ပညာရေးနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ် သုံးဆယ် ကြမ်းကြမ်းတမ်းတမ်း ဖိနှိပ်အုပ်ချုပ်ခြင်းဒဏ်ခံရလို့ မြန်မာစရိုက် တွေ ကြမ်းလာကြတယ်။ သို့သော် ဆရာဇော်ဂျီ၊ မင်းသုဝဏ်၊ တင်မိုး၊ အောင်စိုး၊ ပေါ်ဦးသက် စသည်ဖြင့်ကတော့ မြန်မာတွေကို ရသပတ်ဝန်းကျင်ကြီးထဲ ထားနိုင်သလောက် ထားခဲ့ကြတယ်။ သူရို့စာ တွေ ဖတ်ကြရင် စရိုက်ကြမ်း သက်သာမှာမို့ သူရို့စာတွေ သူရို့ပန်းချီတွေ ကို လူငယ်တွေ လူကြီးတွေ ဖတ်ကြကြည့်ကြပါစို့။

၂။ ဝါးကပ် ကြမ်းခင်းနဲ့
ဝါးသက်ကယ် ထန်းပလပ်နန်း
တင်ပျဉ်ခွေလို့ အေးဆေးငြိမ်သက်
အာစိနောအပ် အိမ်ဦးနတ်လဲ
ညှော့ခံရိုးဖြောင့်
ကွမ်းဆေး လက်ဖက် မုန့်ယို
ဒေါင်းလန်းမောက်လျှံ
ချင်း လေးညှင်း မွှေးထုံသင်းတဲ့
ဟင်း ထမင်း။

မြန်မာတောင်သူကြီးတစ်ဦး သူ့ထန်းပလပ်တဲထဲမှာ တင်ပျဉ်ခွေ ထိုင်နေလိုက်တာ အေးအေးဆေးဆေးပဲ။ သဘောကောင်းကောင်းနဲ့ ညှော့ခံတယ်။ ရိုးဖြောင့်တယ်။ ဂရိနတ် "အာစိနောအပ်" လိုပဲ။

အလွန်သဘောကျစရာကောင်းတယ်။ ရှေးတုန်းက အဲသလိုနေခဲ့ကြ သတဲ့။

၃။ ကိုယ့်အချင်းချင်းအပေါ် ကြင်နာစိတ်လည်း ထားကြဦးစို့။ လောကီထဲမှာနေတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ နှစ်ခု နှစ်မျိုး လုပ်ရမယ်လို့ ပညာရှိတွေက ဆိုတယ်။


| | |
|---|---|
| **အတွင်းကိုကြည့်ခြင်း** | **အပြင်ကိုကြည့်ခြင်း အများနှင့်ဆက်ဆံခြင်း** |
| ↓ | ↓ |
| **ပညာ** | **အကြင်နာ** |

အတွင်းကိုကြည့်ခြင်းဆိုတာက တရားထိုင်တာပဲဖြစ်စေ သတိနဲ့နေတာဖြစ်စေ မိမိမှာ ဖြစ်နေတာတွေကို သိအောင်နေခြင်းကို ခေါ်တာပဲ။ သို့သော် ဒါနဲ့တင်မပြီးဘူး။ လူဟာ အများနဲ့နေရတာမို့ ကြင်နာတဲ့ ကရုဏာစိတ်လည်း တွဲရမယ်။ ပညာနဲ့ကရုဏာပေါ့။

ကျွန်တော်တို့က လူ့အဖွဲ့အစည်းဆိုတာ လူတစ်ဦးချင်းစီကို စုထားတဲ့ အစုအဝေးလို့ သာမန်ယူဆကြတယ်။ ဒါကြောင့် တစ်ဦးချင်းစီ ကောင်းရင် လောကကြီးကောင်းမှာပဲလို့ ဟောကြတယ်။ တကယ်တမ်း ကျတော့ လူတစ်ဦးချင်းစီရဲ့နေရာဟာ လူ့အဖွဲ့အစည်းထဲမှာပဲ ရှိတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းတည်ဆောက်ပုံက လူတစ်ဦးချင်းကို သက်ရောက်နေတယ်။ လူ့အဖွဲ့အစည်းရဲ့ တည်ဆောက်ထားပုံက မကောင်းရင် တစ်ဦးချင်းကောင်းဖို့ ခက်တယ်။ ဒါကြောင့် တစ်ဦးချင်း ကောင်းအောင် လုပ်ဆောင်ရုံမကဘဲ "လူ့အဖွဲ့အစည်းတည်ဆောက်မှု ကြီး" (structure) ကိုလည်း ကောင်းအောင်လုပ်ဖို့ လိုသတဲ့။ တစ်ကိုယ်တော်ကောင်းဖို့ လုပ်ရမယ်၊ လူ့အဖွဲ့အစည်းရဲ့ တည်ဆောက်မှု

ကြီးကို ကောင်းအောင်လုပ်ဖို့လည်း ကြိုးစားရမယ်။ ၂ ခုလုံးကို တစ်ပြိုင်နက်တည်း အားထုတ်မယ်ဆိုတဲ့ဝါဒကို လူ့လောကနှင့် ဆက်ထားသော နာမ်ဝါဒ Socially Engaged Spirituality လို့ ခေါ်တာပဲ။

ကျွန်တော်တို့နိုင်ငံမှာ အဲသလိုအယူအဆမျိုး လိုမယ်ထင်တယ်။ အကြမ်းမဖက်ဘဲနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်နိုင်ဖို့ပဲ။ ကျွန်တော်တို့မှာ ပညာသာမက ကရုဏာလည်း ရှိရမှာပါ။




ဘယ်ဘက်အပေါ်ကွက်မှာ တစ်ဦးချင်းရဲ့ရောဂါ–လောဘ၊ ဒေါသ၊ မောဟ၊ ကိုယ်ကျိုးစီးပွားကြည့်ခြင်း၊ ကြောက်ခြင်း၊ မသိခြင်းပေါ့။ ညာဘက် အပေါ်ကွက်မှာတော့ လူ့အဖွဲ့အစည်းရဲ့ရောဂါ–ဆင်းရဲခြင်း၊ စစ်၊ ပညာနိမ့်ပါးခြင်းတွေပေါ့။ တစ်ဦးချင်းလည်း ကုမှ၊ အဖွဲ့အစည်း အဆောက်အအုံကြီးကိုလည်း ကုပါမှ။ တစ်ဦးချင်းနဲ့ လူ့အဖွဲ့အစည်း (Self,Society) က အပြန်အလှန် သက်ရောက်နေပါတယ်။

နိဂုံး

ပထမအချက်က ရသ ပတ်ဝန်းကျင်ကို ဖန်တီးဖို့။ ကဗျာ၊ ဂီတ၊ ပန်းချီတွေ။

ဒုတိယအချက်ကတော့ ကိုယ့်လူမျိုးစရိုက်ကို ပြန်ပြောင်းအောက်မေ့တာ ပြန်ပြောင်းသတိရတာ၊ memory ဆိုပါစို့။

တတိယအချက်ကတော့ ကျိုးကြောင်းဆင်ခြင်ခြင်းကိုပဲ မလေ့ဘဲ ဘာသာရေးနဲ့ စပ်လျဉ်းတဲ့အယူအဆမှာ ကြင်နာခြင်းကို စဉ်းစားပေးဖို့ပဲ။ အဲဒီအချက် ၃ ချက်နဲ့ စရိုက်တွေ မကြမ်းအောင် လုပ်မှပဲ။ မြန်မာတွေ ယဉ်အောင်လုပ်ကြမှ တော်မယ်။ ယဉ်ကျေးတဲ့ အဆင့်အတန်းရှိတဲ့လူမျိုးတွေ ဖြစ်ဖို့ပဲ။

* * *

## လှခြင်းနဲ့ ရေရှည်တည်တံ့ခြင်း

(လှခြင်းနဲ့ ရေရှည်တည်တံ့ခြင်းက ဆက်စပ်နေသတဲ့။ လှတယ်ဆိုတာကကော။ ဘာတုန်း။ ပန်းချီဆရာ ရှက်ခတီ မာယာ နဲ့ အနုမြူရူပဗေဒပညာရှင် အစိမ်းရောင် သဘာဝသမား ဝန္ဒနာသီဝ။ အောက်ပါအတိုင်း ဆွေးနွေးကြပါတယ်။)

ရှက်ခတီ။ ။ အလှနဲ့ဂေဟဟာ ဘယ်လိုများ ဆက်စပ် ပတ်သက်နေပါသလဲ။ (ဂေဟ (Ecology) ဆိုသည်မှာ သက်ရှိများနှင့်ဆက်နွယ်သော သဘာဝပတ်ဝန်းကျင် ဟူ၍ မှတ်ယူပါရန်။)

ဝန္ဒနာသီဝ။ ။ အကြီးအကျယ်ကို ဆက်စပ်ပါရောလားရှင်။ ကွင်းထဲကို ကျွန်မသွားရင် တချက်ကြည့်ရုံနဲ့ အဲဒီကွင်းရဲ့ ဂေဟသန့်စွမ်းမှုကို မြင်သရှင့်။ သဘာဝသစ်တော တတောဟာ လှခြင်းခံစားမှုဝေဒနာကို အမြဲတစေ နှိုးတာကိုး။ လှတဲ့ သစ်တောတတောမှာ မျိုးစိတ်မျိုးကွဲတွေအတွက် နေရာ ရှိတော့ အပင်ပေါင်းစုံ ပေါက်နေတာကိုး။ အံ့စရာလိုဖြစ်နေ သကိုး။ အမယ်စုံရင် တဘက်စောင်းနင်း မဖြစ်ခြင်းဆိုတာလည်း ဖြစ်ကရော။

တမျိုးတည်းဖြစ်နေရင် အင်း . . အဲဒါမျိုးကို monoculture လို့ ခေါ်တယ်။ မြေဆီလည်း မကောင်းဘူး၊ စိမ့်စမ်းလည်း မရှိဘူး။ သဘာဝအမယ်စုံတဲ့ တောမှာတော့ စမ်းချောင်းလေးတခု စီးနေတတ်တယ်။

စိတ်မှာလည်း တမယ်တည်းသဘော (monoculture of the mind) လွှမ်းနေရင် ဆက်နွယ်နေမှုများကို မမြင် နိုင်တော့ဘူး။ အဲဒီသဘောထားဟာ အမျိုးအမယ်စုံလင်တာကို တားတော့တာရှင့်။ နိုင်ထက်စီးနင်းအပြုအမူတွေရဲ့ သက်ရောက်

မှုကို မမြင်နိုင်တော့ဘူး။ အပြေအပြစ် သဟ္ဇာယဖြစ်ခြင်း ချိန်ခွင်လျှာ ညီခြင်းတွေကို နှောင့်ယှက်တော့တာပဲ။ သဘာဝ စနစ်တွေကို ဖျက်လိုဖျက်ဆီး လုပ်တော့တာပဲ။ အဲလိုဖျက်ဆီး တာကိုပဲ စနစ်တွေကိုကောင်းအောင် လုပ်နေတယ်လို့လည်း ပြောသေးတာပေါ့ရှင်။

တမယ်တည်းပဲ မှန်တယ်လို့ယူဆတဲ့ စိတ်ဓာတ်တွေ ဟာ လယ်ယာမြေ မြင်ကွင်းကိုလည်း ဖျက်၊ သစ်တောမြင်ကွင်း တွေကိုလည်း ဖျက်တယ်။ အိန္ဒိယက ပန်ဂျပ်ပြည်နယ်ဆိုပါစို့။ အဲဒီက အစိမ်းရောင်တော်လှန်ရေး (Green Revolution . . မြေယာတော်လှန်ရေး အမျိုးအစားတခုပါ။ အထွက်တိုးဖို့ကိုပဲ အာရုံစိုက်တဲ့ စက်မှုလယ်ယာသို့ဆိုတဲ့ စိုက်ပျိုးနည်း) ဟာ စပါးဆို စပါး၊ ဂျုံဆို ဂျုံ၊ တခွင်လုံး တပြင်လုံးပေါ့ရှင်။ သစ်ပင် တပင်တလေတောင်မှမရှိတော့ အစိမ်းရောင် ကန္တာရကြီးလို့ တောင် ကျွန်မ ဆိုချင်သရှင့်။ သဘာဝလယ်ကွင်းတခုမှာ ရှိစမြဲ အလှလက္ခဏာကို ထိန်းထားတဲ့ "ဆက်နွယ်နေခြင်းတွေ" ပျောက်ဆုံးနေတယ်။

ရှက်ခတီ။ ။ ခင်ဗျားကတော့ အလှ၊ လှခြင်းကို ခံစားမှုနဲ့ကို ပြောနေတော့တာကိုး။

ဝန္ဒနာ။ ။ သူတို့တွေ သစ်တောတတောကို လှဲနေရင်၊ လယ်ကွင်းတခုကို ဖျက်နေရင် မြစ်တစင်းကို သတ်နေရင် ကျွန်မဖြင့် တုန်လှုပ်မိတာချည်းပဲ။ ဒီလူတွေကတော့ ဖြင့် အရုပ်ဆိုး အကျည်းတန်အောင် လုပ်နေတာကို မသိတော့ ဘူး။ အလှဆိုတာကိုလည်း မသိတော့ဘူး။ သဘာဝစနစ်တွေ ကနေ ကိုယ့်ကိုယ်ကိုယ်ကင်းကွာအောင် လုပ်လိုက်ပြီဆိုရင် လှခြင်းဆိုတာ တည်ရှိနေတယ်ဆိုတဲ့အသိက ပျောက်သွားတာ ကိုး။ အဲဒီနေရာကို အုပ်စိုးချင်မှု၊ အာဏာ၊ လွှမ်းမိုးချင်မှု၊ လောဘ . . စသည်ဖြင့် တခုခုက အစားထိုးတော့တာ။

လှခြင်းဆိုတာကတော့ အခြားတစုံတရာ (the other) ရဲ့ ရှိခြင်း ဖြစ်ခြင်းကို လေးစားမှုအပေါ် အခြေခံတာ။ အခြားတစုံတရာဟာ တောအုပ်ထဲက တခြားမျိုးစိတ်တွေ ဖြစ်ကောင်းဖြစ်မယ်၊ လမ်းထဲက ကလေးတယောက်၊ လူ့အသိုက်အဝန်းတခု၊ လယ်သမား ယာသမားတွေ ဖြစ်ကောင်းဖြစ်မယ်။ အဲဒီ "အခြားအရာတွေ" ဟာ ရှင့်လောကထဲမှာ မရှိဘူးဆိုရင် ရှင်နဲ့ သူတို့အကြား ဆက်နွယ်မှုမရှိဘူးဆိုရင် အဲဒီ "အခြားအရာ" ဟာ ရှင် အသုံးချတဲ့ဟာပဲ ဖြစ်သွားတော့တာပ။ ရှင် စေတဲ့ဟာတွေ ဖြစ်သွားပြီလေ။ အလှဆိုတာကတော့ အခြားဟာတွေကို လေးစားသမှုရှိခြင်းနဲ့ ဆက်နေတယ်။

ရှက်ခတီ။ ။ အလှဆိုတာ ကြည့်ကောင်းရုံမျှမဟုတ် အမှန်ကောင်းတာကို ခေါ်တာပေါ့။

ဝန္ဒနာ။ ။ မှန်ပါတယ်။ ကောင်းတာမှ လှပါတယ်။ တောင်တန်းကြီးတခု လှတယ်ပြောကြရင် ကျွန်မတို့အနေနဲ့ ဒီတောင်တန်းကြီးရဲ့ ကျန်းမာရေးကို စူးစမ်းရဦးမယ်။ တောင်တန်းကြီးရဲ့ ဂေဟစနစ်တွေကို သတ္တုတူးတဲ့လုပ်ငန်းတွေက ဘာတွေပျက်ယွင်းစေပြီလဲ။

ရှက်ခတီ။ ။ ဟောတော်မူပါ။

ဝန္ဒနာ။ ။ ကျွန်မက ကျွန်မရဲ့ယာ "ဒေယာဒန်" နဲ့ အနားက လယ်ကွင်းတွေကို ယှဉ်ကြည့်သရှင့်။ တမျိုးတည်းစိုက်ထားတဲ့ ပြောင်းခင်းက ပြောင်းပင်ဟာ ပုပြီး မသန်ဘူး။ သူနဲ့ကပ်လျက် လယ်ကွင်းမှာ သီးနှံ ၄–၅ မျိုး ရောစိုက်ထားတဲ့ အခင်းက ပြောင်းဟာ ပိုရှည်ပြီး သန်တယ်။ ကျွန်မတို့ကိုလွှမ်းနေတဲ့ အမြင်ကျတော့ တမျိုးတည်း စိုက်တဲ့ ပြောင်းဟာ ပိုကောင်းမတဲ့။ အမှန်မှာတော့ အမယ်စုံတဲ့ စနစ်က အပြန်အလှန် အပေးအယူရှိတော့ ပိုကောင်းတယ်။ အပင်တွေမှာလည်း အမှီသဟဲအကျိုးပြုခြင်း (mutuality ဆိုပါစို့) ရှိတယ်ရှင့်။

ဘယ်အရာမှ တသန့်တည်း ထီးထီးချည်း ရပ်တည်တာ မရှိဘူးရယ်။ တခုခုကို ထီးထီးဖြစ်အောင်သာလုပ်လိုက် အဲဒီ ထီးထီးဖြစ်တဲ့အရာဟာ သူ့သဘောသူ မဆောင်နိုင်တော့ဘူး။

(Self–organization ဆိုတဲ့ ဝေါဟာရကို သူ့သဘောသူဆောင်ခြင်းလို့ ဘာသာပြန်ကြည့်ပါတယ်။) အတူတကွ ပူးပေါင်းခြင်းနဲ့ အမှီသဟဲ ဖြစ်ခြင်းဟာ ရေရှည်ခံခြင်းရဲ့ လက္ခဏာတွေပ။ အရာအားလုံးဟာ ဆက်နွယ်ခြင်းဖြင့် ကြွယ်ဝတယ်။ ဆက်နွယ်ခြင်းဖြင့် သူ့သဘောသူ ဆောင်နိုင်တယ်။

ရှက်ခတီ။ ။ လှခြင်းနဲ့ ရေရှည်ခံခြင်းအကြောင်း ဆက်၍ဟောတော်မူပါ။

ဝန္ဒနာ။ ။ ဆက်နွယ်နေခြင်းကို ဆက်ဟောရရင် ဘယ်အရာမဆို ဟာ တခုတည်းနဲ့သာ ဆက်နေတာ မဟုတ်ဘဲ အရာများစွာ နဲ့ ဆက်နေတာရှင့်။ "ဆက်နွယ်မှုများစွာတွေ" ပျက်သွားရင် ရေရှည်ခံမှု ပျက်သွားတာပဲ။ အလှလည်း ပျက်သွားတာပဲလို့ ဆိုနိုင်ပါ တယ်။

သုတေသနတခုကတွေ့တဲ့ မြေဆီလွှာထဲက အကောင်သေး တခုဖြစ်တဲ့ မိုင်ကိုရိုင်ဇာ (mycorrhiza) အကြောင်း ပြောပါရစေ။ မြေတကုဗလက္မမှာ အဲသလို အကောင်လေးတွေက ဆက်လိုက်ရင် တမိုင်လောက်ရှည်တယ်။ သစ်ပင်အတွက် အာဟာရပစ္စည်းတွေ ပို့ပေးတဲ့ အလုပ် လုပ်တာကိုး။

သိပ္ပံပညာရှင်တွေက သစ်ပင်တပင်ကို အာဟာရနဲ့ နေရောင် မရအောင် လုပ်ထားလိုက်တယ်။ အဲဒီသစ်ပင်ကတော့ ရှင်သန် ဖို့ မဖြစ်နိုင်တော့ဘူးလို့ ထင်ရတာပေါ့။ ဒါပေတဲ့ သစ်ပင်က ရှင်တယ်။ ကိရိယာ (Tracers) တွေနဲ့စမ်းကြည့်တော့ မိုင်ကိုရိုင်ဇာတွေ တွေ့တယ်။ မိုင်ကိုရိုင်ဇာတွေဟာ တခြားအပင်တွေက ဓာတ်ပစ္စည်းတွေကို အဲဒီ သစ်ပင်ဆီ ပို့ပေးနေတာကိုး။ အသိုက်အဝန်း ကွန်မြူနတီတွေဟာ ဒီလိုနည်းနဲ့ ရှင်သန်ရပ်တည်တာပ။ ဒီနည်းနဲ့ အသိုက်အဝန်းတွေဟာ ရေရှည်ခံတာကိုး။

သဘာဝပတ်ဝန်းကျင် အလွန်ပျက်စီးနေတာက သဘာဝ ကိုမှ မလေးစားတာပဲ။ လောဘနဲ့ အာဏာက ဆက်နွယ်ပတ်သက်ခြင်း ကိုဖျက်ဆီးတာချည်းပဲ။ ဒီလိုနဲ့ အလှကိုလည်း ဖျက်တာပဲ။

* * *

## မျှော်လင့်ခြင်း

မျှော်လင့်ခြင်းဆိုတာ လောင်းကစားတာပါပဲ။

အနာဂတ်အပေါ် လောင်းလိုက်တာ၊ ဆန္ဒအပေါ် လောင်းလိုက်တာ။ နှလုံးသားကိုဖွင့်ပြီး မသေချာခြင်းနဲ့နေခြင်းဟာဖြင့် စိတ်ပျက်လက်ပျက် မှိုင်တွေချပြီး လုံလုံခြုံခြုံနေခြင်းထက် ပိုကောင်းမှာပဲလို့ လောင်းလိုက်တာ။

မျှော်လင့်ခြင်းဆိုတာ အန္တရာယ်မကင်းပါဘူး။ ဒါပေတဲ့ ကြောက်လန့်နေခြင်းရဲ့ ဆန့်ကျင်ဘက်ပါ။

ဘဝမှာနေခြင်းဆိုတာက ထီလက်မှတ်တစောင်ဝယ် ဆိုဖာပေါ် ထိုင်ပြီး ကံကောင်းမှာပဲလို့ ခံစားနေတာ မဟုတ်ပါ။ ကျွန်တော် ဒီလိုပြောတာက မျှော်လင့်ခြင်းက အရေးပေါ် အခြေအနေမှာ တံခါးတွေကို ချိုးပစ်တဲ့ ပုဆိန်တလက်မို့ပါ။ မျှော်လင့်ခြင်းပုဆိန်က အထဲမှာ အခန်းထဲအကျဉ်းကျနေတဲ့ ခင်ဗျားကို အပြင်ဘက်ရောက်စေလို့ပါ။

အဲသလိုမှ ခင်ဗျားမှာရှိသမျှ သတ္တိ ဗျတ္တိတွေ အကုန်ထုတ်သုံးပြီး မဆုံးနိုင်တဲ့စစ်ပွဲ၊ သယံဇာတတွေ ကုန်ခန်း၊ ဆင်းရဲသားတွေကို နင်းပစ်တဲ့ အဖြစ်တွေကနေ အဝေးဆီ အနာဂတ်ကို ခင်ဗျား ပဲ့ကိုင်မှာမို့ပါ။

မျှော်လင့်ခြင်းဆိုတာ အခြားသောကမ္ဘာလောက တခုခုဖြင့် ဖြစ်နိုင်သေးတယ်လို့ယူတာ၊ အာမခံနိုင်ပေတဲ့ ကတိပေးမထားသော်လည်းပဲ လုပ်ကြစို့လို့ ဖိတ်ခေါ်ခြင်းပါ။ မျှော်လင့်ချက်မရှိရင် လုပ်ဆောင် ခြင်း ဖြစ်မှ မဖြစ်နိုင်တာကိုး။

မျှော်လင့်ခြင်းဆိုတာ ခင်ဗျားကို အနာဂတ် အပ်လိုက်တာပဲ။ အနာဂတ်ကို နှင်းအပ်လိုက်တော့ ပစ္စုပ္ပန်ဟာ မနေပျော်တော့ဘူး။

ဖြစ်ချင်တာ ဖြစ်နိုင်တယ်။ ဘာဖြစ်မယ်ဆိုတာက ခင်ဗျားလုပ်ဆောင်တယ် မလုပ်ဆောင်ဘူးအပေါ်မှာ တည်မှာပဲ။

("အမှောင်ထဲမှ မျှော်လင့်ခြင်း" စာအုပ်မှ)

## ကြင်နာခြင်း

ဘယ်လိုပဲဖြစ်ပစေ ကြင်နာဖို့ ကြိုးစားကြပါဗျာ။ ကြင်နာခြင်းက ကြီးမြတ်တဲ့ဂုဏ်ရှိတာ မုချပါ။

လူတွေကို မကြိုက်ဖို့ အလိုမကျဖို့ ရှုံ့တောင်ရှုံ့ဖို့ အကြောင်းတသန်း ရှာတွေ့နိုင်ပါတယ်။ ဒါပေတဲ့ ကြင်နာလိုက်ရင်တော့ ခင်ဗျားစိတ်ရဲ့ အဆိုးဝါးဆုံးအပိုင်းတွေကနေ ခင်ဗျားကိုယ်ခင်ဗျား ကာကွယ်နိုင်ပါတယ်။

နှလုံးသားကိုဖွင့်ပြီး ဆက်ဆံလိုက်ရင် ခပ်ပျော့ပျော့ လူတယောက်ဖြစ်မှာပဲ၊ အစော်ကားတောင် ခံချင်ခံရမှာလို့ ကြောက်ချင် ကြောက်လိမ့်မယ်။ ကျွန်တော်ကတော့ အဲဒီ အယူအဆအပေါ် သံသယရှိပါတယ်။ ခက်ထန်တဲ့နည်းလမ်းက ပိုအခက်တွေ့မှာလို့ ထင်ပါတယ်။

လူတွေအပေါ် ကြင်နာသနားလိုက်ပါ။ အထူးသဖြင့် ဆက်ဆံရ ခက်တဲ့သူတွေအပေါ် မှာပေါ့ဗျာ။ အကြင်နာဟာ ခင်ဗျားဆီကို ပြန်လှည့်လာပါလိမ့်မယ်။

• • •

# ယဉ်အောင်လုပ်ခြင်း(၂)

**ရွှေပွဲလာ ပရိသတ်ကြီး ခင်ဗျား . .**

တခါတုန်းက ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီဆရာကြီး (ဦး) ခင်မောင်ရင်ဆီ ကိုရင်တာ ရောက်ပါတယ်။ သူက စကားမစပ်ဘဲနဲ့ သူကတော့ဖြင့် ဒီနိုင်ငံမှာ နေလို့ဖြစ်တယ်။ ဒီနိုင်ငံမှာ ကောင်းတဲ့အရာ ငါးခုကျန်သေးတယ်။ အဲဒါတွေကြောင့် နေနိုင်တာပဲလို့ ပြောတယ်။ အဲဒါတွေက ဘာများတုန်းဗျာလို့ မေးတော့ (၁) မင်းသုဝဏ်၏ စိတ်ကူးကွန့်မြူးခြင်း၊ (၂) ဇော်ဂျီရဲ့ ရိုးခြင်း၊ (၃) ပုဂံရဲ့ ခိုင်မာခြင်း၊ (၄) ရွှေတိဂုံရဲ့ လှခြင်း၊ (၅) အောင်ဆန်းရဲ့ ရဲရင့်ခြင်းတွေပါပဲလို့ ဖြေတယ်။

အဲဒါတွေက ဘယ်လိုတုန်း။ အကျယ်အပြောသိရင် ကောင်းမှာပဲလို့ တွေးမိတဲ့ ကိုရင်တာဟာ ဇော်ဇော်အောင်နဲ့ အကျိုးအကြောင်း ပြောဖြစ်ပါတယ်။ အောက်ဖော်ပြပါတွေဟာ ကိုရင်တာနဲ့ ဇော်ဇော်အောင် ပြောဖြစ်ကြတာတွေပါ။ ရှုစားတော်မူကြပါ။

* * *

**မင်းသုဝဏ်၏ စိတ်ကူးကွန့်မြူးခြင်း**

ကျေးလက်က မြန်မာဆန်သော မြန်မာ့ရုပ်ပုံတွေဟာ အတော်များများ (နေရာတော်တော်များ၊ အကြောင်းအရာ အတော်များများ) မပျက်ယွင်းသေးဘူး။

အဲဒါတွေကို ကျန်ခဲ့တဲ့ ခေတ်စမ်းခေတ်က ရေးဖွဲ့ခဲ့တဲ့ ဆရာမင်းသုဝဏ်ရဲ့ ကဗျာတွေထဲမှာ တွေ့ရတယ်။ ကျေးလက်လူနေမှုဘဝ၊ ကျေးလက်ဓလေ့တွေဟာ မြန်မာ (ဗမာ) တစ်ယောက်အဖို့နဲ့ နှစ်သက်မြတ်နိုးစရာတွေပဲ။ ကြည်နူးစရာတွေပဲ . . ။ အဲဒါတွေ မင်းသုဝဏ်ရဲ့ကဗျာတွေထဲမှာ တွေ့ရမယ်။ လှပတဲ့ စိတ်ကူးစိတ်သန်းတွေအဖြစ်နဲ့ တွေ့ရတယ်။ မြန်မာဆန်မှုဆိုတာ မြန်မာ့ယဉ်ကျေးမှုဓလေ့ထဲမှာ ရှိတယ်။ အခုတိုင် တည်ဆဲဖြစ်တဲ့၊ မပြောင်းလဲတဲ့ (ဝါ) ပြောင်းလဲမှု နှေးကွေးတဲ့ မြန်မာ့ယဉ်ကျေးမှု ဓလေ့တွေကို ဆရာကြီး မင်းသုဝဏ်ရဲ့ ကဗျာစိတ်ကူးတွေမှာ လှလှပပတွေ့ရတယ်။

## ဇော်ဂျီရဲ့ ရိုးခြင်း

အနုပညာရိုးဂုဏ် ARTISTIC SIMPLICITY ကို ဆိုလိုတာပါ။ ဆရာဇော်ဂျီရဲ့ အနုပညာဖန်တီးမှုအစဉ်မှာ ပွိုင့်တစ်ပွိုင့်ဖြစ်တဲ့ "ဗေဒါလမ်း" ကဗျာစုမှာ ထင်ရှားပါတယ်။ (တချို့ကတော့ အဲဒီပွိုင့်ကို အထွတ် CULMINATION ကို ယူကြပါတယ်။ အဲဒီမှာ ဝစနာလင်္ကာရ တနည်းပြောရရင် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ အလွန်နည်းပါးပါတယ်။ ဆိုလိုတာက ဘာသာစကားရဲ့ အသံနဲ့ အဓိပ္ပာယ်တွေကို တမင်ပြုပြင် တန်ဆာဆင်ထားခြင်းမျိုး မရှိဘူး။ သူ့ရဲ့ပင်ကိုဂုဏ်ကို အသုံးတည့်အောင် အသုံးချသွားတာပဲ ရှိတယ်။ ဆရာ့စကားနဲ့ ပြောရရင် "အမြောက်အမွမ်း" တွေ မထည့်ဘူး။ ပကတိအရှိ ရိုးဂုဏ်ကို မြန်မာတို့ နှစ်သက်တတ်ကြပါတယ်။ အဲဒီအချက်ကို ယူရလိမ့်မယ် ထင်ပါတယ်။

**ရွှေတိဂုံ ဘုရားရဲ့ အလှ/လှပခြင်း**

ပုသဏ္ဍာန် တင့်တယ်ပြေပြစ်တာကို ပြောချင်တာပါ။ မြန်မာစေတီ (ပုထိုးလို့လည်း ခေါ်တယ်၊ တွဲလျက်လည်း စေတီပုထိုးလို့ အခေါ်ရှိတယ်) တွေရဲ့ အခြေခံဖွဲ့စည်းတည်ဆောက်ပုံကိုကြည့်ရင် ပုဂံ ပိသုကာရဲ့ အထွတ်အထိပ် လက်ရာတစ်ခုဖြစ်တဲ့ပုဂံ "မင်္ဂလာစေတီ" ကို ပြောရပါမယ်။ နှောင်းခေတ် မြန်မာစေတီများရဲ့တည်ဆောက်ရာမှာ မင်္ဂလာစေတီကို အခြေပြုကြရတယ်လို့ ဆရာတို့ ဆိုပါတယ်။ ပစ္စယာ၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ပန်းဆွဲ၊ ဖောင်းရစ်အဆင့်ဆင့်၊ ကြာမှောက်၊ ကြာလှန်၊ ထုပိကာ၊ ငှက်ပျောဖူး၊ ထီး . . စတဲ့ အဆင့်တွေပါပဲ။ ရွှေတိဂုံဟာလည်း ဒီဖွဲ့စည်းတည်ဆောက်ပုံကို အခြေပြုထားပါတယ်။ သူနဲ့ ယှဉ်တဲ့အခါ ပုဂံက ရွှေစည်းခုံစေတီတော်ကြီးနဲ့ ယှဉ်လေ့ရှိကြပါတယ်။ ပုဂံ ရွှေစည်းခုံဟာ "တုတ်ခိုင်ပြည့်ဖြိုးတဲ့ ပုဂံရဲ့စွမ်းအင်ပြည့်ဝခြင်း" ကို ဖော်ပြတယ်လို့ ဆရာတို့ ဆိုမိန့်ပါတယ်။ ထုထည်ကြီးမားခြင်း MASSIVENESS ဟာ ခွန်အားMIGHTY လို့ ဆိုလိုပုံရပါတယ်။ ရွှေတိဂုံစေတီတော်ကြီးက ထုနဲ့ထည်နဲ့ ပါပဲ။ ဒါပေတဲ့ ပြေပြစ်တယ်၊ ရသတို့ရဲ့ အထွတ်အထိပ်လို့ ဆိုနိုင်တဲ့ "မဟာရသ" ဆီကို ရှေ့ရှုနေတယ်။ အားမာန်ကိုအားမာန်အဖြစ် သက်သက်မခံစားရဘူး။ နှစ်သက်ကြည်နူးခြင်း "မဟာရသ" နဲ့တွဲပြီး ခံစားရတယ်။ အဲဒီ "မဟာရသ" ခံစားရခြင်းဟာ "စံ" တစ်ရပ်ပါပဲ။ တစ်နည်းပြောရရင် မြန်မာတို့ရဲ့ရသခံစားမှု အထွတ်အထိပ် စံပါပဲ။ ရွှေတိဂုံစေတီတော်ကြီးရဲ့လှပတင့်တယ် ပြေပြစ်မှုဟာ မြန်မာဆန်တဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့ပြယုဂ်၊ မြန်မာမှုဖြစ်တယ်လို့ ဆိုချင်ပုံရပါတယ်။

ထုထည်ကို ပြောတာပဲ ဖြစ်ပါလိမ့်မယ်။ "ထု ဓမ္မရံ" လို့ နာမည်ရတဲ့ ဓမ္မရံကြီးဘုရားရဲ့ ထုထည်ကြီးမားပုံကို အများသိပြီးသားပါ။ တခြားသော မြေပေါက် စေတီပုထိုးတွေ ဂူဘုရားတွေဟာလည်း တင့်တယ်ပြေပြစ်တဲ့ဘက်ကို ပိုကဲပေမယ့် ထုထည်ဆိုတာတော့ ရှိမြဲပါပဲ။ ထုထည်ရဲ့ ခံစားမှုကို ရမြဲ ရနိုင်တာပါပဲ။ ပုဂံ ပိသုကာအနုပညာကို ဆရာတို့က ခေတ်သုံးခေတ်ပိုင်းတတ်ကြတယ်။ ၁၁ ရာစုက ခေတ်ဦး၊ ၁၂ ရာစုရဲ့ ပထမနှစ်ဝက်က ခေတ်လယ်၊ ၁၃ ရာစုအထိ ခေတ်နှောင်းလို့ ပိုင်းပါတယ်။ ခေတ်ဦးစေတီနဲ့ ဂူဘုရားတွေဟာ တည်ငြိမ်မှုရသကို ပေးတယ်။ ကျမ်းရိုးစကားနဲ့ ပြောရရင် သန္တရသပေါ့။ ခေတ်လယ်ရောက်လာတော့ တည်ငြိမ်မှုက . . တက်ကြွလှုပ်ရှားတဲ့သဘောဘက်ပြောင်းလာတယ်။ စွင့်စွင့်မြင့်တဲ့သဘောတွေ တွေ့လာရတယ်။ တပြိုင်နက်တည်းမှာပဲ "ထုထည်ရဲ့အားမာန်ကို လှပစွာခံစား" ရတယ်။ ခေတ်နှောင်းရဲ့ စံကတော့ မင်္ဂလာစေတီပါပဲ။ ပုဂံပိသုကာ အထွတ်အထိပ်လို့တောင် ဆိုကြပါတယ်။ အဲဒီ မင်္ဂလာစေတီမှာလည်း အတင့်အတယ် ပြေပြစ်ခြင်းနဲ့ ထုထည်ကို တပြိုင်နက် ခံစားကြရပါလိမ့်မယ်။ ဒီလို ကောက်ချက်ချကြည့်နိုင်ပါတယ်။ ပုဂံမှာ သမိုင်းဝင် ၁၀၄၄ အနော်ရထာမင်းမြတ်ကစပြီး နရသီဟပတေ့မင်းအထိ မင်း ၁၁ ပါး။ နောက်ထပ် ကျော်စွာ၊ စောနစ်၊ စောမွန်နစ် မင်း ၃ ပါး ထပ်ပေါင်းရင် ၁၄ ပါး။ အနော်ရထာမတိုင်မီ "ရှေးစကားစဉ်" အရ သမုဒ္ဒရာဇ်ကစပြီး စုက္ကတေးမင်းအထိ မင်း ၄ ပါးရှိတယ်။ အနော်ရထာ မတိုင်မီခေတ်က သမိုင်းနှင်းမြူများဟာ ပိုပြီး ထူထပ်သိပ်သည်း ပိတ်ဆို့ခဲ့ပါတယ်။ကျွန်တော်တို့သိသလောက် သီရိအနုရုဒ္ဓါဒေဝ အနော်ရထာမင်းလက်ထက်ကစပြီး ကိုးကွယ်ယုံကြည်မှုနဲ့ အစဉ်ဆက်စပ်ယှဉ်တွဲခဲ့တဲ့ ပိသုကာလက်ရာတွေ

(အဓိက ဘုရား ပုထိုး ဂူ ကျောင်းတွေ) ဟာ ပထမစောစောပိုင်း က ငြိမ်သက် တည်ကြည်မှု သန္တရသ လွှမ်းနေတဲ့ ကာလလည်း ဖြစ်တယ်။ ဒီနောက် ခေတ်လယ်ရောက်တော့ ပုဂံသားတွေဟာ မိမိကိုယ်ကို ယုံကြည်လာကြတယ်။ တိုင်းပြည်နိုင်ငံ ထူထောင်မှု၊ တိုင်းရေးပြည်မှုတွေမှာ မိမိတို့ကို မိမိတို့ နိုင်မာလာပြီလို့ ယူဆ လာကြပုံ ရပါတယ်။ ဒါကြောင့် တက်ကြွနေတဲ့ ဟန်တွေနဲ့ တက်ကြွ လှုပ်ရှားရာက အခြေကျပြီး နိုင်မာမြဲမြံလာကြပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လာကြတာ အဓိကအချက်ပါပဲ။ မိမိကိုယ်မိမိ ယုံကြည်လာခြင်း၊ မိမိတို့၏ ဘဝဖြစ်တည်မှု အခြေကျလာခြင်း သဘောတွေကိုပဲ နိုင်မာခြင်းလို့ ဆိုနိုင်ပါ တယ်။ ခေတ်အဆက်ဆက် ကျွန်တော်တို့ မြတ်နိုးခဲ့ကြတဲ့ တန်ဖိုးတစ်ခုလို့လည်း ဆိုနိုင်ပါလိမ့်မယ်။

* * *

**ရွှေပွဲလာ ပရိသတ်ကြီးခင်ဗျား . .**

အောင်ဆန်းရဲ့ ရဲရင့်ခြင်းကတော့ အများသိပြီးမို့ ငြိကာချဲ့ဖို့ မလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သူမို့ (ဝါ) လိပ်ပြာသန့်နေတဲ့သူမို့ (ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့သူဆိုတာ လိပ်ပြာသန့်နေတဲ့သူဖြစ်မှာပဲလို့ ကျွန်တော် ထင်ပါတယ်။) အောင်ဆန်းဟာ ရဲရင့်ပါတယ်။ အလှည့် အပြောင်းတွေဖြစ်တဲ့ ဂျပန်နဲ့ပေါင်းခြင်း၊ ပြီးတော့ ဂျပန်ကိုစွန့်တော့ အင်္ဂလိပ်နဲ့ပေါင်းရခြင်း စတဲ့ ဆုံးဖြတ်ချက်ကြီးတွေ ချရတဲ့အခါ သူဟာ ရဲခဲ့တယ်။ စိတ်သဘောထား ကြီးမားကျယ်ပြန့်ခြင်း . . ဒါလည်း အောင်ဆန်းမှာ ရှိတယ်။ အဲ . . အဲဒီသဘောထားဟာ လူတိုင်းမှာ မရှိဘူး။ ခေါင်းဆောင်တွေမှာ ငါကတော့ မှန်ကန်တာပဲဆိုတဲ့ စိတ်ကတော့ ရှိရမှာဆိုပေတဲ့ (အဲဒီစိတ် ရှိနေဖို့ကလည်း အရေးကြီး တာပ။) သူတပါးရဲ့အမြင် ခံစားမှု စတာတွေကို "လက်ခံပွေ့ပိုက်" နိုင်တဲ့ စိတ်ရှိဖို့လည်း လိုတယ်လို့ ကျွန်တော်က ဆိုလိုတာပါ။ ဒါမျိုးဟာ

အောင်ဆန်းမှာ ရှိတယ်။ လူငယ်ပေတဲ့ ရှိတယ်။ အဲဒီစိတ်မျိုးကို ရဲရင့်တဲ့ စိတ်သဘောထဲမှာ ထည့်နိုင်ပါ သလား။ အောင်ဆန်းရဲ့ ရဲရင့်ခြင်းထဲမှာ ထည့်ပါရစေ ခင်ဗျား။ ငါတကော ကောတဲ့ ဆုံးဖြတ်ချက်မျိုး တယူသန်တဲ့ ဆုံးဖြတ်ချက်မျိုး ချတာတွေကို အဲသလိုမှပဲ မလုပ်ဖြစ်တာမို့ပါ။

ဒီနှစ်ပါးသွားက မြန်မာတွေကို ယဉ်အောင်လုပ်တယ်ဆိုတော့ "မြန်မာတွေရဲ့ ရှိသေထိုက်သော တန်ဖိုးများ" ကို ရွှေပွဲလာပရိသတ်ကြီး သိသင့်တယ်ထင်လို့ ဖောက်သည်ချတာပါပဲ။ ဒီအကြောင်းအရာကို ဟောပြောပွဲတချို့မှာ ကိုရင်တာ ဟောဖူးပါတယ်။ ယခု စာအနေနဲ့ တင်ဆက်တာပါ ခင်ဗျား။

နှစ်ပါးသွားကြွလာ ဆွေသဟာ ချမ်းသာကြပါစေ။

ရှိသေစွာဖြင့်


ကိုတာ

PACIS I



# TERRA





# Strong in the Rain

Strong in the rain
Strong in the wind
Strong against the summer heat and snow
He is healthy and robust
Free from desire
He never loses his temper
Nor the quiet smile on his lips
He eats four go of unpolished rice
Miso and a few vegetables a day
He does not consider himself
In whatever occurs ...his understanding
Comes from observation and experience
And he never loses sight of things
He lives in a little thatched-roof hut
In a field in the shadows of a pine tree
grove
If there is a sick child in the east
He goes there to nurse the child
If there's a tired mother in the west
He goes to her and carries her sheaves
If someone is near death in the south
He goes and says, "Don't be afraid"
If there are strife and lawsuits in the north
He demands that the people put an end
to their pettiness
He weeps at the time of drought
He plods about at a loss during the cold
summer
Everyone calls him Blockhead
No one sings his praises
Or takes him to heart ...
That is the kind of person
I want to Be

By Kenji Miyazawa

*(From Strong in the Rain:Selected Poems by Kenji Miyazawa, Bloodaxe Books ISBN: 1852247819)*

# မိုးထဲမှာပင် သန့်စွမ်းသည်

မိုးထဲမှာ သန့်စွမ်းသည်
လေထဲမှာ သန့်စွမ်းသည်
နွေနေနှင့် ဆောင်းမြူထဲလည်း သန့်စွမ်းလေသည်။
သူကား ကျန်းမာ၍ အကြမ်းပတမ်းခံ၏။

အလိုရမက် ကင်း၍
အမျက်ဒေါသ အလျင်းမရှိ
နှုတ်ခမ်းပေါ်၌ အပြုံးတစ အမြဲရှိ၏

ဆန်လုံးညိုနှင့် ပဲဟင်းချို နေ့တိုင်း
ဟင်းသီးဟင်းရွက် နည်းနည်းသာစား၏။
ဘာပဲဖြစ်လာပစေ
ကိုယ့်ဖို့အတွက်တော့ မကြောင့်ကြ
သူ့ဉာဏ် ပဋိဘာန်မှာ ကိုယ်တွေ့ကိုယ်ကြုံမှ လာ၏။

မေ့မေ့လျော့လျော့မနေ
ထန်းပင်တွေအောက်က သက်ငယ်တဲ
ကွင်းထဲမှာ နေ၏။

အရှေ့ရပ်မှာ ကလေးတစ်ယောက် ဖျားသည်ဆိုစို့
ကလေးကို ပြုစုရန် သူ သွားသည်။
အနောက်ရပ်မှာ ကလေး မအေတစ်ယောက်
အလုပ်ပင်ပန်း၍ နွမ်းနေသည်ဆိုစို့
ထိုမအေဆီသွား ပြောင်းဖူးစည်းတွေ ကူသယ်ပေးသည်။
တောင်ရပ်က လူတစ်ယောက် သေလုလုဖြစ်သည်ဆိုစို့
ထိုသူ့ဆီသွား၊ မကြောက်ပါနဲ့ဗျာဟု ပြောသည်။

မြောက်ရပ်မှာ ရန်ဖြစ်ကြ၊ တရားတဘောင် ဖြစ်ကြသည်ဆိုစို့၊
အသေးအဖွဲ့တွေများ ပြေလည်ကြပါလားဟု ဖျန်ဖြေသည်။
မိုးခေါင်သော်မူ သူ ငိုသည်။
နွေကဆုံးရှုံးတာများ တဖြည်းဖြည်း ငွဲနှင့်လုပ်သည်။
သူ့အား ဘေဘဟု အများက ခေါ်ကြသည်
သူ့ဂုဏ်အား သီချင်းစပ်သူမရှိ
အားကျနှစ်လိုသူလည်း မရှိပါ
အကြင်ပုဂ္ဂိုလ်ကား
ကျွန်တော် ဖြစ်လိုသောသူတည်း။

ကင်ဂျီမီယာဇာဝါ

# သဘာဝဖွဲ့ ကဗျာများ

သဘာဝပေါ် ကျွန်တော်တို့ သဘောထားမှာ

ကျွန်တော်တို့ ဘိုးဘွားတို့နှင့် မတူတော့။ ပင်လယ်ထဲက ငါး၌၊ လေထဲက ငှက်၌၊ ကျွဲနွားတို့၌၊ ကုန်းပေါ်၌၊ မြေပေါ်၌ ကျက်စားသော အလုံးစုံသော တွားသွားသတ္တဝါတို့၌ လူသားတို့ စိုးမိုးပေတော့ဟု ကမ္ဘာဦးကျမ်းက ဆိုသည်။ လူနှင့် သတ္တဝါတို့အကြား ခြားနားထားသည့် ပြတ်သားသော မျဉ်းကြောင်းကား ၁၇ ရာစုနောက်ပိုင်းထိ တည်သည်။ "ဒေးကား"က တိရစ္ဆာန်တို့အား အသက်ရှိသောစက်များဟု ယူ၏။ ဇီဝသိပ္ပံတိုးတက်လာသော အခါမှ ထိုမျဉ်းကြောင်း မသဲမကွဲဖြစ်လာသည်။ လူမျိုးစိတ်သည် တိရစ္ဆာန်တို့နှင့် ဇီဝကမ္မအရာ၌လည်းကောင်း ဗီဇလှုံ့ဆော်ချက်တို့၌လည်းကောင်း အတူတူပင်ဖြစ်သည်ဟု သိလာသောကြောင့်တည်း။

သဘာဝကို ချဉ်းကပ်လေ့လာသည်နှင့်အမျှ သဘာဝက ပို၍နားလည်ရခက် စကားထာဝှက်နေ၏။ သဘာဝနှင့် ဆွေမျိုးတော်စပ်နေသည်ဟူသော အသိက လူသားအား ကိုယ်ချင်းစာစိတ်နှင့် အပြစ်ရှိသလို ခံစားနေရသောစိတ်ကို တပြိုင်တည်းဖြစ်လာစေတော့သည်။

တစ်ချိန်တည်း တစ်ပြိုင်နက်၌ သဘာဝသည် ကျွန်တော်တို့ရှေ့မှာ "အလွန်တရာကြီးမားသော တခြားအရာ (the great Other)" အဖြစ် တည်နေ၏။ သူကား ကောင်းသည် ဆိုးသည်နှင့်ကင်းသော ယင်းကြောင့် အပြစ်စင်သော ဝါးမျိုစရာ (Natura Devorans)လော၊ သို့မဟုတ် လူသားကို ဝါးမျိုမည့်



Where there is space for diversity
there is balance and beauty

Sitting under the tree *by Jethro Buck*

JC

အရာလော။ (Natura Devorata) သဘာဝနှင့် ကျွန်တော်တို့ ဆွေမျိုးတော်ပါသည်။ သို့တိုင် ကျွန်တော်တို့ကား သဘာဝနှင့် စိမ်းနေပြန်သည်။ ကျိန်စာလည်းဖြစ်၊ ဆုလာဘ်လည်း ဖြစ်နေ၏။ သဘာဝနှင့်စပ်လျဉ်း၍ ဝေခွဲမရ ဖြစ်နေ၏၊ သဘာဝနှင့်နီးစပ်သောကြောင့် နွေးထွေးခြင်းနှင့် ခပ်လှမ်းလှမ်းမှ ခွာကြည့်သောကြောင့် အေးစက်စက်ဖြစ်ခြင်းကား ကဗျာဆရာများအား ကဗျာရေးရန် လှုံ့ဆော်လေသည်။

* * *

သဘာဝကို တွေ့ကြုံ၊ သဘာဝထဲမှာ နေရတဲ့လူဟာ သူဟာ သဘာဝနဲ့ မတူတာ၊ သဘာဝထဲ သူချင်းနင်းဝင်ရောက်မိတာကို ရှက်နေသည်။ အာဒမ်နဲ့ ဧဝရှိတယ်မဟုတ်လား။ အာဒမ် မကောင်းမှုကို မလုပ်ခင်က မြေပေါ်မှာရှိနေတဲ့ သုခဘုံကို လူက ပြန်ရောက်ချင်သည်။ ကဗျာဆရာက အဲဒါကို ဖွဲ့သည်။

**Like they say**

Underneath the tree on some
soft grass I sat, I

watched two happy
woodpeckers be disturbed by my presence.
And why not, I thought to myself,
why not.

သစ်ပင်အောက်
နူးညံ့တဲ့ မြက်တွေပေါ်
ငါထိုင်ကာ၊ ငါ

ပျော်နေတဲ့ သစ်တောက်ငှက်နှစ်ကောင် ကြည့်တာ
သူတို့ ကျူပ်ရှိတာ အနှောင့်အယှက် ဖြစ်မှာ
ဘာကြောင့်မဖြစ်မှာ၊

ငါ့ကိုယ်ငါ မေးမိတာ
ဘာကြောင့်မဖြစ်မှာ။

ရောဘတ်ခရီလေး

**အာဒမ်ဇာဂါဂျူးစကီး**

ကျွန်တော်တို့နှင့် သဘာဝကြား၌ မှန်ချပ်တံတိုင်းတစ်ခု ခြားနား ထားသည်။ အောက်ဖော်ပြပါကဗျာက ထိုအကြောင်းကို ဖွဲ့ထားသည်။ ကဗျာဆရာကား နားလည်ရန်ခက်လှသော (ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းလှပြီဟု မြန်မာကလည်း ဖွဲ့သည်။) မီးသို့တိုးဝင်ကာ မီး၌ ခန္ဓာကိုယ်ကို လောင်ကျွမ်းစေသော ပိုးဖလံကဲ့သို့သော အကောင်ငယ် လေးအား စိတ်ဝင်စားသည်။

နှိုင်းယှဉ်ကြည့်ပါ။ အချစ်ဆိုပါစို့။ ယင်းသည်လည်း ချစ်သူတို့ အား ဆွဲဆောင်ကာ တစ်ခါတရံ ပျက်စီးခြင်းသို့ ရောက်စေသောအရာ မဟုတ်လော။ ပိုးဖလံများကတော့ အမှောင်ထဲမှ ကျွန်တော်တို့၏ အလင်းရောင်စက်ဝိုင်းဆီသို့ လာကြသည်။ လူတို့က လင်းနေသော အိမ်၊ လုံခြုံရာ၌ နေထိုင်ကြ၍ သူတို့ကတော့ ပြတင်းအလွန် ကောဇ်မော့စ်ဟု ဆိုချင်လည်း ဆို။ ထိုအပြန့်အကျယ် အတိုင်းမသိခြင်းထဲမှာ နေသည်။ ပိုးဖလံများကား အခြားဂလက်စီများမှ ဧည့်သည်များနှင့် မတူသလော။

**Moths**

Moths watched us through
the window. Seated at the table,
we were skewered by their lambent gazes,
harder than their shattering wings.

You'll always be outside,
past the pane. And we'll be here within,
more and more in. Moths watched us
through the window, in August.

**ပိုးဖလံများ**

ပိုးဖလံတွေ
ပြတင်းက တဆင့်ပ
ကျုပ်တို့ကို ကြည့်နေတာ။

စားပွဲထိုင်နေတဲ့ ကျုပ်တို့ကို
သူတို့ရဲ့ ကရော်ကမည် အကြည့်တွေက
စူးစူးဖောက်ဖောက် တံကျင်လို့
ချောက်ချားစေတဲ့ တောင်ပံတွေထက် ကဲသကို၊

အေး . . မင်းတို့တော့ အပြင်ဘက်ချည်းနေမှာ၊
မှန်ဟိုဘက်မှာ
ငါတို့ကတော့ ဟောဒီအထဲမှာ
ပို၍ပိုပြီး အထဲမှာ၊

ပိုးဖလံတွေ ကျုပ်တို့ကို ကြည့်နေတာ
ပြတင်းက တဆင့်ပေါ့
တော်သလင်းလမှာ။

* * *

**မာဝင် (W.S.Menwin)**

နေထွက်ဆည်းဆာ နေဝင်ဆည်းဆာတို့ကို အကုန်အစင် မပြောနိုင်သော ဘာသာစကား၏ အားနည်းမှုကိုများ ဖော်ပြချင်သလား မသိ။ သက်မဲ့ကို သက်ရှိကဲ့သို့ သဏ္ဌာန်လုပ် သရုပ်မဖော်လျှင် ဟေမန္တ၏ ညနေရီကို ပြောဟောဖို့ မလွယ်သမို့ ထင်ပါရဲ့။ ဤကဗျာ၌ နေလုံးကြီးက လူသားကဲ့သို့ သရုပ်ဆောင်သည်။ လွမ်းစရာ "သူငယ်ချင်းမရှိဘဲ အအေးထဲ" သို့သော် နေလုံးကြီး၌ နောင်တပူပန်ခြင်းတော့မရှိ။ တစ်နေ့ခင်းလုံး လူတွေအတွက် အလုပ်လုပ်ပြီးပြီလေ . . တဲ့။ နေလုံးကြီး က ဘယ်အရာမှမရှိခြင်း၊ ဗလာနတ္ထိ၊ ဘဝကုန်ဆုံးခြင်း (nothing) ကို ယုံသည်။ ညကုန်ဆုံးလို့ နောက်နေ့မှာ ပြန်ပေါ်လာမှာကိုတောင် မယုံ။ စမ်းချောင်းကိုကော ဘာကြောင့် ထည့်စပ်ထားတာတုန်း။
အလင်းရောင်နောက် လိုက်ပြေးနေတဲ့ စမ်းချောင်းမှာ အသက်ရှိသည်။

ကျောက်တုံးတွေပေါ် စင်ကျတာက သူပလွေမှုတ်နေတာ။ တစ်ညတာလုံး ပြေးလွှားမှာ အရုဏ်တက်အထိ။ ဒီလိုနဲ့ သာမန် ညနေရီတစ်ခုကိုဖွဲ့ဖို့ ကြိုးစားကြည့်တဲ့အခါ သဘာဝရဲ့ အဖြစ်သနစ်ကို ဒဏ္ဍာရီလို လူအသွင် ပြောင်းလိုက်ရသည်။ လူအတော်များများက ဂြိုဟ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း တွေကို နတ်ဒေဝတာတွေနဲ့တင်စားတာ မထူးမဆန်းပါ။

**Dusk in winter**

The sun sets in the cold without friends
Without reproaches after all it has done for us
It goes down believing in nothing
When it is gone I hear the stream running after it
It has brought its flute it is a long way

**ဟေမန္တညနေရီ**

အအေးထဲ မိတ်ဆွေမရှိဘဲလျက်
ကျွန်တော်တို့အတွက် သူပြုသမျှ၌
မြည်တွန်တောက်တီးခြင်းမရှိဘဲလျက် နေဝင်ပြီ။
ဗလာနတ္ထိကို ယုံလျက် သူသွားပြီ
သူသွားမှ သူ့နောက်၌ ပြေးလွှား
စမ်းချောင်းရဲ့အသံ ငါကြားမိ
စမ်းချောင်းကား သူ့ပလွေယူခဲ့သည်၊
ခရီးရှည်ကြီးဖြစ်တော့သည်။

ဂယ်ရီစနိုက်ဒါး

ဂယ်ရီစနိုက်ဒါးဟာ ဒီကဗျာရေးဖို့ လှုံ့ဆော်ချက်အင်စပီရေးရှင်းကို "ဇင်"က ရတာလို့ ကျွန်တော်ထင်သည်။ အကောင်ငယ်လေး တစ်ကောင်အပေါ်မှာ ခံစားနိုင်ဖို့ဆိုတာ ကိုယ်ချင်းစာစိတ် အတော်အတန်ရှိမှ ရနိုင်သည် မဟုတ်လော။

**Dragonfly**

Dragonfly
Dead on the snow
How did you come so high
Did you leave your seed child
In a mountain pool
Before you died.

ပုဇဉ်း

နှင်းထဲမှာ သေနေတယ်
သလောက်အမြင့်ကြီး
ဘယ်လိုများ မင်းပျံခဲ့သကွယ်
မင်းရဲ့နောင်လာနောက်သား ဥများကော ချခဲ့သလား
တောင်ပေါ်ကရေကန်ထဲ
မင်းမသေမီမှာကွယ်။

**တူဖူး** (Tu Fu 713-770)

ညမိုးချုပ်အိမ်အပြန်မှာ တစ္ဆေသရဲတွေ့သည်။ တူဖူးတွေ့တာကတော့ ကျားတစ်ကောင်ပါ၊ ရှေးတရုတ်ပြည်၊ တချို့ပြည်နယ်တွေမှာ ဒါမျိုးက မဆန်း။

### Coming home late at night

At midnight, coming home, I passed a tiger.
The mountain's black, inside they're all asleep.
Far off the Dipper lowers toward the River.
Above, Bright Star grows great upon the sky.
With candle in the court I glower at two flames.
The apes are restive in the gorge, I hear one cry.
White head, old no more, I dance and sing.
Lean on my cane, unsleeping. And what else!

### ညမိုးချုပ် အိမ်အပြန်

သန်းခေါင်သန်းလွဲ အိမ်အပြန် ကျုပ် ကျားတစ်ကောင်တွေ့တယ်။
တောင်က မှောင်မည်းနေတာပဲ သူတို့တစ်တွေ အိပ်မောကျနေပြီ
အဝေးမှာ မြစ်ဆီစိုက်ဆင်းတဲ့ ရေငုပ်ငှက်
အထက်မှာ ကြယ်နီတောက်တဲ့ ကောင်းကင်
ရုံးက ဖယောင်းတိုင်နဲ့ မီးတောက်နှစ်ခု ကျုပ်ထွန်းရဲ့
ချောက်ထဲ မျောက်ဝံတွေက မငြိမ်၊ ကျုပ်ကြားမိတယ် တစ်ကောင်အော်သံ
ခေါင်းဖြူအိုကြီး မရှိတော့ဘူးဟေ့၊ ကျုပ် ကတယ်၊ သီချင်းဆိုတယ်
တောင်ဝှေးကိုမှီ မအိပ်ဘူး။ ကဲ . . ဘာကျန်သေးလဲ။

* * *

# ဂရိတ်နေရာများ

စကားစမြည်ပြောဖို့ ဘယ်နေရာ သွားရမလဲ။ မသိသူရော၊ သိသူ ရောနဲ့ တွေ့ဆုံဖို့ နေရာလေ။ လမ်းထောင့်က ဟိုလက်ဖက်ရည်ဆိုင်ကိုပဲ သွားရမှာပေါ့။ ကြာကြာစကားပြောလို့ ရတဲ့နေရာက များများစားစား ရှိတာမဟုတ်ဘူး။ ဒါပေတဲ့ ခုခံတော်လှန်မှုကတော့ နေရာတွေကြောင့် တည်ရှိနေတာပဲ။ လိုအပ်တဲ့ အာဟာရဓာတ်က ကေဖင်း၊ ခုခံတော်လှန်နည်းက အပြန်အလှန် စကားဝိုင်းဖွဲ့ခြင်း။ ကံများ ကောင်းရင်တော့ ခုခံရေးဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပျံ့နှံ့သွားနိုင်တယ်။

ဂရိတ်နေရာတွေ . . The Great Good Place လို့ ဘိုလိုဆိုချင်တယ်။ ဘိုးစိန်ကြီးကို ဂရိတ်ဘိုးစိန်ဆိုသလိုပဲ၊ ဂရိတ်နေရာတွေ။ အသည်းနှလုံးထဲမှာ သယ်ဆောင်သွားမယ့် ဂရိတ်နေရာ တစ်နေရာတော့ လူမှာ ရှိသင့်တာပေါ့ဗျာ။

ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အလှပြင်ဆိုင်၊ ပုရိသတို့အတွက် ဆံသဆိုင်၊ ယမကာဆိုင် . . ၊ ဂရိတ်နေရာတွေ။ ဒီနေရာတွေဟာ လူတွေ တစ်ဦးကိုတစ်ဦး လိုလားတဲ့ နေရာ၊ သူတို့ ဘာပိုင်ဆိုင်လို့ဆိုတာထက် သူတို့ ဘာဖြစ်လို့ကိုပဲ ဂရုစိုက်တဲ့နေရာ။ ချိန်းပြီးမှတွေ့သည်ဖြစ်စေ၊ ကြုံတုန်းဆုံတုန်း မမျှော်လင့်ဘဲ တွေ့သည်ဖြစ်စေ အာလာပသလ္လာပ ထိုင်ပြောကြတဲ့ နေရာ။

အိုးလ်ဒင်းဘာ့ဂ်ဆိုတဲ့ . ထားပါဗျာ နာမည်တွေ။ လူမှုရေးဗေဒပညာရှင်တစ်ယောက် ဆိုပါစို့။ သူပြောတာက

(သူ မပြောလည်း ကျွန်တော်တို့ သိပြီးသားပါ) ဂရိတ်နေရာ တွေဟာ တတိယနေရာတဲ့။ အိမ်နဲ့ အလုပ်ခွင်ကြားထဲက နေရာတဲ့။ အဲဒီနေရာတွေက ကံအကြောင်းလှတဲ့ ကျွန်တော်တို့ ကို နေ့တာတွေကနေ လွတ်မြောက်ဖို့ ကူညီနေတာတဲ့။ နေ့တာတင်မက ညတာလည်း ပါမှာပါ။ သူ့အဆိုက Houses alone do not a community make. အိမ်ချည်းဆိုရင်တော့ အသိုက်အဝန်းဆိုတာ မရှိနိုင်ဘူးတဲ့။ လန်ဒန်ရဲ့ဝိညာဉ်ဟာ ပပ်(ဘ) (Pubs) တွေမှာ ကိန်းအောင်းတယ်လို့ ဆိုကြတယ်။ ဖလောရင့်က ပီယာဇာ (Piazzas)၊ ဂျာမနီမှာက ဘီယာဂါတင်း (bier garten) ဂျပန်မှာ လက်ဖက်ရည်ပွဲခင်း (tea huoses)၊ မြန်မာပြည်ရဲ့ ဝိညာဉ်ဟာတော့ လက်ဖက်ရည်ဆိုင်တွေထဲမှာ ရှိတယ်လို့ဆိုရင် များကောင်းများနေမလား။ ဒီနေရာတွေက အိမ်မှဝေးသော်ငြား အိမ်တွေသာမို့ပါ။ မြို့ကြီးတွေမှာ အဲသလို ဂရိတ်နေရာတွေ မရှိသော် ထိုမြို့ကြီးများကို ဘယ်သူကမှ အိမ်လို မှတ်မယ်မဟုတ်ပါ။ အမေရိကန်တွေမှာ အဲသလိုအိမ် မရှိဘူး ဖြစ်နေရှာသတဲ့၊ သနားစရာ။

ကျွန်တော့် ဂရိတ်နေရာတွေကို စာရင်းတို့ကြည့်မိ တယ်။ ဝင်းသိန်း လက်ဖက်ရည်ဆိုင်။ ဆိုင်ရှင် ဝင်သိန်းအမည်ပဲ မှတ်မိတော့တယ်။ ပိုင်ရှင်လည်း ဝင်းသိန်းပဲ၊ လက်ဖက်ရည် ဖျော်လည်း ဝင်းသိန်းပဲမို့ သူ့အမည်ပဲ ကျွန်တော့်မှတ်ဉာဏ်ထဲမှာ။ ဂရိတ်ဖြစ်ရတဲ့အကြောင်းက မန်ကျည်းပင်ကြီး နှစ်ပင်ပါပဲ။ ဂတ်တဲ ဝင်းထဲက မန်းကျည်းပင်ကြီးနှစ်ပင်ရဲ့ အရိပ်အာဝါသ အောက် ဧရာမကွပ်ပျစ်ကြီးပေါ်က စားပွဲဝိုင်းလေးပေါ်မှာ အကြမ်းအိုးတစ်အိုးနဲ့ မတ်ပဲကြော်နဲ့ ဘယာကြော်နဲ့။ အဲသဟာတွေကြောင့် လက်ဖက်ရည် ပေါ့ဆိမ့်က မထူးခြားသော်

မှ ဂရိတ်နေရာဖြစ်ဖို့ လုံလောက်တော့တာကိုး။ ဒီဆိုင်ကို ကြွမြန်းလာတဲ့ ပုံမှန်ဖောက်သည်တော်တွေကလည်း အရေးပါသေးတယ်။ သေသွားရှာပြီ ဖြစ်တဲ့ ရေဆေးပန်းချီဆရာကြီး ဦးလူတင်၊ ရှာရှာဖွေဖွေ ညစ်တီးညစ်ပတ် ပြောတဲ့ လက်နှိပ်စက်သင်ဆရာ (အမည်တော့ မပြောတော့ပါဘူး)နဲ့ ဆေးဆိုင်က ဗိုလ်တက်ပုတို့ပေါ့။ နွေဆိုပါစို့ဗျာ။ မုံရွာမှာ အရမ်းပူတာပေါ့။ သို့သော် နေ့လယ်နေ့ခင်း အဲဒီဂရိတ်နေရာက ရယ်သံတဝေါဝေါနဲ့ အသံမစဲဘူးဗျ။

နောက်တစ်နေရာက ဦးဘထုံးဆိုင်။ ဒီဆိုင်ရဲ့ အရေးပါခြင်း အကြောင်းရင်းကတော့ မျိုးမြင့်ဗျ။ ဦးဘထုံးရဲ့သား အကြီးကောင်။ မုံရွာကနေ ခွါခဲ့တာ ဆယ်နှစ်ဆယ်မိုး ကြာသော်မှ မနက်လင်းအားကြီး သူ့ဆိုင် ကျွန်တော်ရောက်တော့ ဆရာတာလား၊ ဆရာ့ဇနီး နေကောင်း ကြလား။ ဆရာ့သား အကြီးကောင်ကော ဘယ်ရောက်နေလဲ။ အေးကွာ . . အဲဒီကောင်က ဦးဘထုံး လက်ဖက်ရည်ချိုချိုလေး သောက်ချင်လိုက် တာလို့ တစ်လောက အမေရိကားက လှမ်းပြောတယ်မောင်။ ဒီမှာ ဆရာတာအတွက် ပေါ့ဆိမ့်ဟော့။ မျိုးမြင့်က လူတိုင်းကို ခင်တာကိုး၊ လောကွတ်ကောင်း။ အမှတ်သညာကောင်းကိုး။ ဂရိတ်နေရာတိုင်းမှာ အဲသလိုလူတစ်ယောက် ရှိတာချည်းပဲ။

ဟိုအကြောင်း ဒီအကြောင်း အော်ကျယ်ကျယ် ဟောင်ဖွာဖွာ လည်း ပြောတတ်၊ ရယ်မောနေတတ်သူ။ အဲသလို လူတစ်ဦးတလေမှ မရှိသော် ဂရိတ်နေရာဟာ ဂရိတ်အဖြစ်က လျော့ပါးနိမ့်ဆင်းသွားတာ ကလား။

ဈေးလည်း မကြီးလှဘဲ အလောတော်ရမယ်။

ချောင်တချောင်ချောင်မှာ တစ်ခါတလေ ငြိမ်ငြိမ်လေး ထိုင်ချင်သော် ထိုင်လို့ရရမယ်။ အဲသလို ဘီယာဆိုင်ကလေး ကျွန်တော် ရှာနေတယ်။ အမြည်းလား၊ အမြည်းကို ကျွန်တော် ချေးမများပါဘူး။ မြေပဲလှော်၊

လက်ဖက်သုပ်ဆိုရင် ရပါပြီ။ အများကြီးမသောက် အဲ . . မူးအောင်
ရူးအောင် မသောက်တဲ့သူတွေပဲ အဲဒီနေရာကို လာရမယ်။
ပဲတီချဉ်ကလေးများရရင်တော့ ပိုအလောတော်ကလေးဖြစ်မှာပေါ့။
လက်ဖက်ရည်ဆိုင်က နေ့ခင်းအတွက်။ ညခင်းအတွက်လည်း
ဂရိတ်နေရာ ရှာရတာကိုး။

ကာရာအိုကေတွေလား။ ကျွန်တော့်အတွက် ဂရိတ်နေရာ
မဟုတ်ဘူးဗျ။ ဆူလို့ ညံလို့တော့ မဟုတ်ပါဘူး။ အနံ့အသက်
မကောင်းဘူးလို့လည်း စိတ်က ထင်နေလို့။ ကျွန်တော့်အတွက် ဈေးလည်း
နည်းနည်းကြီးသလားလို့ပါ။ ထိုင်ငေးနိုင်တဲ့ နေရာ၊ စကားစမြည်ပြောတဲ့
နေရာ မဟုတ်လို့ပါပဲခင်ဗျာ။

ကျွန်တော်ဆိုလိုတဲ့ ဂရိတ်နေရာကတော့ဗျာ ပါရီကို အီမာဆင်
ရေးဖူးတယ် မဟုတ်လား။ "cities of conversation and cafes
စကားစမြည်ပြောခြင်းနှင့် ကဖေးများ၏ မြို့ကြီး" အဲသလိုပါ။ အဲဒီလို
နေရာတွေက အရှုးအနှမ်းတွေနည်းအောင် လုပ်နေတာ။ အဲသလို
နေရာတွေကြောင့် စိတ်ကုဆရာဝန်တွေအရေအတွက် နည်းသွားတာ
ပေါ့။ နိစ္စဓူဝ လူတွေကြားမှာ တိုးဝှေ့နေရခြင်းကို နောက်မှာချန်ပြီး
အသိုက်ရယ် အဝန်းရယ်ကို ဆက်ထားတဲ့ဟာပဲဗျ။ လောကကြီးရဲ့
အမြီးအမောက်မတည့်မှုတွေကို ခုခံနိုင်ခြင်းကိုလည်း
တစ်နည်းတစ်လမ်းအားဖြင့် အားပေးသမှုပြုတဲ့ ဂရိတ်စပေ့စ်တွေ။

* * *

## ပျားတွေ ရပ်တန့်ခဲ့

ကျွန်တော်က အေးစက်တဲ့ ကာလအလျင်ထဲကို လက်သီးဆုပ် ထိုးထည့်နိုင်ရင် လက်ကိုဖြေတဲ့အခါ အချိန်ကာလဟာ လက်ချောင်းတွေကို ရစ်ပတ်နေမှာပဲ။ ရစ်ပတ်နေတာကို ကျွန်တော်ခံစားရမှာပဲ။ ကျွန်တော် အဲဒီအရာကို ဖမ်းထား နိုင်ရင်ပေ့ါ။ တစ်ခါတစ်ရံမှာ ဒါမျိုးကဖြစ်နိုင်တယ်လို့ ကျွန်တော်ထင်။

"ကြည်လင်နေတဲ့ တဒင်္ဂပဟာန်ကလေးတွေမှာပေ့ါ။ ဒါပေတဲ့ ဒီလိုကြည်လင်တဲ့ တဒင်္ဂခဏတွေဟာ ဘာကြောင့်များ တစ်ခါတစ်ရံမှ ပေါ်လာရပါသလဲ။

ကျွန်တော်က အချိန်တွေကို သုံးဖြုန်းပစ်လို့ နေမှာ။ ဟိုလိုသာ ဆိုရင် ဟိုဟာကိုများ လုပ်မိလို့ရှိရင် စသည်ဖြင့် မလုပ်မိတဲ့ဟာတွေ၊ မဖြစ်ခဲ့တာတွေ တွေးတောတာများလို့ ဖြစ်မယ်ထင်တယ်။ ကျွန်တော် ဖဲလိုးရှစ်ဖြေဖို့ ကြိုးစားခဲ့ရင် စာရေးဆရာမလုပ်ဘဲ ဆရာဝန်ပဲ ဆက်လက်လုပ်ခဲ့ရင် ယောက္ခမကို ကလန်ကဆန်တွေ မပြောခဲ့ရင်။ . . ရင်၊ . . ရင်၊ . . ရင်တွေ။

သားသမီးထိန်းကျောင်းမှု အတတ်ပညာတွေကို တလေးတနက်ဖတ်ခဲ့ရင်၊ ကျွန်တော် ငယ်များငယ်သေးရင်။

ဝါခေါင်လပြည့်နေ့တုန်းက ကဗျာတစ်ပုဒ် ဖတ်မိတာက . . "ပျားတွေရပ်တန့်ခဲ့" ဆိုတဲ့ ကဗျာလေး။

## ပျားတွေရပ်တန့်ခဲ့

ကျောက်တုန်းပေါ်မှာ ပျားတွေရပ်တန့်ခဲ့
ဦးခေါင်းနဲ့ အတောင်ပံတွေကိုပွတ်
နားကြတယ် ပြီးတော့ ဆက်ပျံကြတာပဲ။
ပုရွက်ဆိတ်တွေလည်း ဖြူဖြူ စိမ်းစိမ်း၊ နီနီ
ကျောက်တုံးပေါ်မှာ ပေါက်ကြတဲ့
အပင်တွေပေါ်မှာ ပြေးကြတယ်
လူတွေကတော့ ဘယ်တော့မှ မမြင်ပါဘူး
ကျောက်တုံးပေါ်မှာ ဘာပင်မှ မပေါက်သင့်တာကိုး။

ကန်ကိုကျော်ပြီး ကျုပ်ငေးမိ
တောင်တန်းတွေနဲ့ သစ်ပင်တွေဆီထိ
ဘယ်အရာမှ ရွေ့လျားမနေပါဘူး
ဒါနဲ့ ကျုပ်သေသေချာချာကြည့်မှ
ကန်နံဘေးတစ်လျှောက်
ချုံတွေက ရွက်ဟောင်းတွေအောက်
မြက်ခြောက်ပုံဘေး
အသက်ရှိတွေ နေရာတကာမှာ ရှိပါကလား၊
ဒါနဲ့ပဲ ကျုပ် ဆက်သွားတာပေါ့
တစ်ခါတစ်ရံ လေကလေးများချွန်လို့။

## Bees Stopped

*by A.R. Ammons*

Bees stopped on the rock
and rubber their headparts and wings
rested then flew on:
ants ran over the whitish greenish reddish
plants that grow flat on rocks
and people never see
because nothing should grow on rocks:
I looked over the lake
and beyond to the hills and trees
and nothing was moving
so I looked closely
along the lakeside
under the old leaves of bushes
and around the clumps of drygrass
and live was everywhere
so I went on sometimes whistling

ပျားတွေကတော့ ရပ်တန့်ခဲ့ပြီ။ သို့သော် ဆက်ပျံကြမှာပါပဲ။ ဘယ်ဆီ ဘယ်ဝယ်ရယ်လို့တော့ မသိနိုင်ဘူးပေါ့။ တောင်တန်းတွေနဲ့ သစ်ပင်တွေဆီကို ထင်ပါရဲ့။

လူတွေလည်း ရပ်ရမယ်။ အလုပ်တွေကြားမှာ စိတ်တွေ သိပ်များနေလို့ မတော်ဘူး။ "မောင်တာ . . မင်းက အတွေးကို ရပ်မှ မရပ်တတ်ဘဲကိုး" လို့ သေသွားရှာတဲ့ ပါမောက္ခကြီး ဒေါက်တာသန်းထွန်း က ကျွန်တော့်ကို ပြောဖူးတာပေါ့။

* * *

# နေရာ၏ဝိညာဉ်

ကလေးတုန်းကတော့ ကျွန်တော့်သစ်တောသည် ဂေဟအလိုအရ တခြားသစ်တောများနှင့် ဆက်နေသည်ဟု ကျွန်တော် မသိ။ အဲဒီတုန်းက ဘယ်သူမှလည်း အိုဇုန်းလွှာ အကြောင်း၊ ကမ္ဘာကြီး ပူနွေးလာသည့်အကြောင်း မပြောပါ။

ဒေါ်ဒေါ်ကြီးက သူ့သရက်ခြံကို ကျွန်တော့်အား ခေါ်သွားသည်။ တူဝရီးနှစ်ယောက် ခြေကျင်သွားကြသည်။ ကိုချစ်ညိန်လှည်းက ဆောင့်တာကိုး။ ခြေကျင်က ပိုသက်သာလို့ ဖြစ်၏။ သရက်ခြံက ရွာအရှေ့ဘက် သိပ်မဝေး။ သရက်ပင်တွေ စိုက်စဉ်က အဖေလည်း ပါသည်။ ကျွန်တော်က အဲဒီတုန်းက ကလေးပဲ။ ဟိုးပြေး သည်လွှားနှင့် နောက်တော့ နွားပင်ရိပ်မှာ ထမင်းစားရတာကိုသာ မှတ်မိ၏။ တောထဲလျှောက်သွားရသော ဒါမျိုး အတွေ့အကြုံကိုတော့ ယခုတိုင် အောက်မေ့သည်။ အိပ်မက် တွေထဲမှာပင် တောထဲတွင် လျှောက်ပြေးသေးသည်။ ဒေါ်ဒေါ်ကြီးနှင့်သာ တောထဲသွားသည်မဟုတ် ကျောင်းအုပ်ဆရာမကြီး မမညွန့်နှင့်လည်းသွားသည်။ သူငယ်ချင်း သန်းဆောင်နှင့်လည်း သွားသည်။ ကျော်မြင့်တို့ နှင့် ပဒတ်လိုက်ရင်းလည်း ရောက်သည်။

ကျွန်တော်က ကျွန်တော့် လူမှိုနီကျောင်းမှ ဆရာမများ ကို ကျွန်တော်တို့ ငယ်ငယ်တုန်းက . . ကိုပြောတော့ ကျွန်တော်

ဘာတွေပြောနေတာတုန်းဆိုသည့်အလား မထုန်တက်တေး ကြည့်နေကြသည်။

ဟုတ်သားပဲ၊ သူတို့က တောနှင့် မရင်းနှီးဘဲကိုး။ ကျွန်တော့်ဆရာမကြီး မမည္ဓန့်က တောထဲခေါ်သွားပြီး ကြည့်စမ်း မောင်တာ . . ဒီသစ်ပင်ကြီးက သိပ်လှတာပဲလို့ ပြောတာကြောင့် သစ်ပင်က လှတယ်ဆိုတာ ကျွန်တော်သိတာပဲ။ သန်းဆောင်က ကျောင်းအလာ လမ်းက သခွားသီးစိမ်းတွေ ဆွတ်ယူလာပြီး ကျွန်တော်က အိမ်က ထန်းလျက်ခဲယူ၊ အတူတူ စားကြတယ်၊ အရသာသိပ်ရှိတယ်။ ဒါမျိုးအရသာကို သူတို့မှ မခံစားဖူးတာပဲ။

မခံစားဖူးတဲ့ အရသာကို ကလေးတွေကို ဘယ်လိုမျှမလဲ။ ယခု ၂၀ ရာစုမှာ သစ်ပင်တွေအကြောင်းတော့ ပြောနေကြပါရဲ့။ သစ်ပင်တွေ ဘယ်မှာလဲ။ တောအကြောင်း ပြောနေကြပါရဲ့၊ တောနဲ့ ကလေးတွေ မထိတွေ့။ သဘာဝနှင့် ရင်းနှီးမှုဟူသော ထိုအရာကမှိန်ပြီး ပျောက်နေသည်။ အဲ . . နေရာ၏ ဝိညာဉ်။

ဒေါက်တာတင်လှိုင်က သူ လှည်းကောင်းကောင်း မောင်းတတ်ကြောင်း၊ သူ့အရပ် သူ့ရွာက အရာတော်နယ်မှာဖြစ်ပြီး ယခင်က တောကောင်း၍ ကွန်မြူနစ်တွေ စခန်းချကြောင်း စသည်ဖြင့် ကျွန်တော်တို့နှစ်ယောက်သား တောအကြောင်းတွေ ပြောကြသည်။ ကျွန်တော်တို့ဟာ ဒါမျိုးတွေပြောမယ့် နောက်ဆုံးမျိုးဆက်ထင်ပါရဲ့ဟု နိဂုံးချုပ်သည်။

တစ်ခါက အင်း . . မကြာလှသေးပါဘူး၊ ဆယ်နှစ်လောက်ကပါ။ မဟာမြိုင်တောကြီးကို ကျွန်တော့်သားတွေခေါ်ပြီး ဖြတ်မလို့ ကြံသည်။ ဆရာရယ် မသွားနဲ့တော့ တောမရှိဘူးလို့ ကျွန်တော့်အား ပြန်ပြောကြသည်။ တောကိုကြည့်ချင်လို့ တောင်ညိုကနေ တောင်တွင်းကြီးကို ကျွန်တော် ကားနဲ့ ဖြတ်သွားဖူး၏။

ဒီနေ့ ကလေးတွေ ဆုံးရှုံးရတဲ့ သဘာဝကြီးအတွက် ကျွန်တော်ဖြင့် မျက်ရည်တောင် လည်မိသည်။ ကျွန်တော့်တုန်းကတော့

၁၉၅၀ ခုနှစ်တွေမှာ တောထဲ လှည့်ခဲ့သည်။ မြစ်ကြီးများနှင့် ပတ်သက်လျှင်ကား. . ၁၉၈၀ ခုနှစ်တွေက ချင်းတွင်းမြစ်ရဲ့အစ ပဒူးမုန်းအထိ ရောက်ဖူး၏။ ခမ်းနားသော ရှမဝမြစ်ကြီး။ နံဘေးနဘီမှာ သစ်တောတွေ ဝန်းရံသည့် ရှိသေထိုက်ဖွယ်သော ထိုမြစ်ကြီး။ နှစ်သုံးဆယ်ပဲ ကြာသေးသည်။ ကျွန်တော် အစုန်အဆန်သွားလာခဲ့သော ထိုမြစ်ကြီးမှာ ယခု မရှုမလှ ကောနေပြီ။ ကျွန်တော့်အိပ်မက်ထဲမှာတော့ ပဒူးမုန်းနားက သောင်ရိပ်၊ မုံရွာက ကျောက်ဆောင်ဆိပ် ရှိနေသည်။ နေရာ၏ဝိညာဉ်ဆိုတာ ရှိတယ်ဆိုပဲ။ ထိုနေရာတို့၏ ဝိညာဉ်များ ကျွန်တော့်တွင် ပူးကပ်နေသည် ထင်၏။ စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီး တောတောင် မြစ်ကမ်းဆိပ်သာတို့တွင် "နေရာတို့၏ဝိညာဉ်" ရှိသည်ဟု ကျွန်တော် အဆိုတင်သွင်းချင်ပါသည်။

ထိုဝိညာဉ်သည်ကား ကျွန်တော်တို့ကို ဆက်ထားလေသည်။ ကျွန်တော်တို့ ဟူသည်မှာ မိသားစု၊ ညာတကာနှင့် ရပ်ရွာကို ဆိုလိုပါ၏။ နေရာ၏ဝိညာဉ်ကား အကယ်စင်စစ် ဖြစ်ရှိနေသမျှပေါ်မှာပဲ မှီနေသည် မဟုတ်၊ သူကား ဖြစ်ရှိခြင်းစင်စစ်ကို ချဲ့ကား၏။ ယခုခေတ် လူငယ်များ ထဲမှ မည်သူများ ကျွန်တော်ငယ်ငယ်ကလို ငှက်ပျောပင်တွေအောက် သဲချောင်းထဲ ပက်လက်လှန်နေကာ၊ မြက်ခင်းထဲကို ဟိုအဝေး တောင်ပေါ်မှ ဖြတ်တိုက်သော လေ၏အသံကို အကြာကြီး နားဆင်ဖူးပါ လိမ့်။ လေသံထက်မကသော အသံကိုပင် ကျွန်တော် ကြားရသည်။ သဘာဝရဲ့အသံ ခေါ်နိုင်မလား။ အဲသဟာကို ကျွန်တော် ကြားဖူးသည်။ ကျွန်တော့်မှာ ရွှေမြင်တင်တောင် ရှိသည်။ ကျွန်တော့်မှာ ထိုတောင်ပေါ်က တိမ်တိုက်များ ရှိသည်။ နေရာတစ်နေရာ၊ မြစ်ကြီး တစ်ခု၊ တောင်ကြီး တစ်တောင်၊ တောကြီးတစ်တောကား ငယ်ရွယ်သူ အဖို့ ထိုအရာတစ်ခုစီထက် မကပါ။ နေရာတစ်ခုသည် ဝိညာဉ်တစ်ခု ဖြစ်ခဲ့သည်။ ယခုထိ ဖြစ်နေသည်။

ကလေးတွေကို သစ်ပင်များ၊ မြင်ခင်းများ၊ စမ်းချောင်းများနှင့် တွေ့ပေးလျှင် ကောင်းမည်။ သစ်ပင်များ၊ မြက်ခင်းများ၊ စမ်းချောင်းများ၊

အို . . တောများ၊ တောင်များ၊ မြစ်များကို သူတို့အတွက် ချန်ထားရမည်။ မြစ်သည် မြစ်ထက်မကပါ၊ တောသည် တောထက်မကပါ။ ထိုအရာ တွေပဲ ဒါဒ္ဒီပြည်၊ ဒါဒ္ဒီမြေ ဖြစ်သည်။ မြန်မာသည် ထိုအရာတွေဖြစ်သည်။ ကချင်တွေ၊ ချင်းတွေ၊ ကရင်တွေ၊ ကယားတွေ၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းတွေ၏ ဖြစ်ခြင်းများကို ထိုအရာတွေနှင့် လုပ်ထားသည်။ ထိုနေရာတို့၏ ဝိညာဉ်တို့က သူတို့အား ဆက်ထားသည်။ အဝေးရောက်နေသော မြန်မာတွေသော်မှ သူတို့ဆီရောက်သည်။ ဆစ်ဒနီက ကိုမြင့်သန်း၌ "နေရာ၏ဝိညာဉ်" ပူးကပ်နေသောကြောင့် ဟိုစာ သည်စာများ ချင်းတွင်းမဂ္ဂင်း၌ သူရေးသည်။

* * *

## ဦးညွတ်ခြင်း

ခြောက်တင်းကျ တောရတွင် ကျွန်တော် ကိုရင်ဝတ်တုန်းက၊ ဦးညွတ်ဖို့ သင်ရသည်။ ကမ္ဘာ့ဌာန်းထိုင်သောဓမ္မာရုံထဲအဝင်၌ ဒူးထောက်ကာ ရှိခိုးရသည်။ သတိရှိခြင်းအတွက် အလေ့အကျင့်ကို၊ သက်နီးဝတ်ဘဝ၏ ရိုးရိုးရှင်းရှင်းနေခြင်း၊ ကရုဏာနှင့်နေခြင်း၊ သတိနှင့်နေခြင်းကို သိမှတ်ဖို့ဖြစ်မည်။ တရားပြ ဆရာတော်ကိုလည်း ထိုနည်းတူ ရှိခိုးရသည်။

၄-၅ ရက် တပတ်ကြာသော် ဦးပဉ္စင်းတပါးက ထပ်မံညွှန်ကြားသည့် "ဒီရိပ်သာမှာ ဓမ္မာရုံထဲအဝင်နဲ့ တရားပြ ဆရာတော်ကိုသာမဟုတ်ဘဲ၊ ဝါကြီးတဲ့ ကိုယ်တော်မှန်သမျှကိုတွေ့ရင်ရှိခိုးဦးညွှတ်ရမယ်။" ဝါကြီးတဲ့သူဆိုတာ ဘယ်သူ့ကို ဆိုလိုပါသလဲဟုမေးသောအခါ သက်နီးစောပြီးဝတ်သူမှန်သမျှ မည်သူမဆိုဟာ ဝါကြီးသူတွေပဲတဲ့။ တောရကျောင်းမှာရှိသမျှသက်နီးဝတ်အားလုံးဟာ ကိုရင်တာထက် ဝါကြီးသူများဟုသိလိုက်ပါသည်။

ထို့ကြောင့် မည်သူ့ကိုမဆို ဦးညွှတ်ရသည်။ တခါတရံဦးညွှတ်အရိုအသေပေးရသည်မှာ အဆင်ပြေပါသည်။ ဂုဏ်အားဖြင့်ကြီးသူ အရွယ်အားဖြင့်ကြီးသူများကို ဦးညွှတ်ရတာမထောင်းတာပါ။ တခါတရံမှာတော့ မိမိထက် အသက်ငယ်သူမိဘခိုင်း၍ သက်နီးဝတ်သူများ စားလို့ကောင်း သောက်လို့ကောင်းရုံ ပေါ့ပေါ့တန်တန်များ၊ သူတို့ကို ကျွန်တော့်ထက်တရက် တမနက်စောသဖြင့် ဦးညွှတ်ရသည်။

ဦးညွတ်နေရတာချည်းပါပဲ။ ဒါနဲ့ပဲ ဦးညွတ်နိုင်ရန် အကြောင်းရှာရသည်။ အကြောင်းရှာတွေ့ပါသည်။ အသက်ကြီးသော လယ်သမားကိုရင်ကြီးကို သူ့မျက်နှာက အရေးအကြောင်းများအတွက်၊ ဒုက္ခ သုက္ခတွေ သူ့မှာ ဘယ်လောက်များခဲ့မှန်းမသိ၊ ထိုအရာတွေကို ကျော်လွှန်နိုင်ခြင်းအတွက် ဦးညွတ်သည်။ ဦးပဥ္စင်း ကိုရင်ငယ်များကိုတော့ ပျော်ပျော်နေတတ်ကြလို့ ခွန်အားဗလရှိကြလို့ ဦးညွတ်သည်။

ဂုဏဝုတ္တိ ဝယဝုတ္တိကြောင့်မို့၊ တရားထိုင်သောနေရာမို့၊ ဆွမ်းဝိုင်းမို့၊ ရေသပ္ပာယ်သော နေရာမို့။ ဦးညွတ်ခြင်းနှင့် နေရာကျသွားပါသည်။ ဦးညွတ်နေရတာကို အရသာ တွေ့လာခဲ့ပါသည်။

တခါတရံ မာန်မာနများ လျော့ပါသည်။ သတိရှိသောအခါများ၌ လျော့ပါသည်။ ဘာပဲလာလာ ဦးညွတ်ရမယ်၊ မပစ်ပယ်ရဘူးတဲ့။ ပါရှန်ကဗျာဆရာ ရူမီ၏ကဗျာတပုဒ်ကို ဖတ်လိုသော် ဖတ်ကြည့်ပါ။

လူဆိုတာ ဧည့်ရိပ်သာပါပဲ၊
မနက်တိုင်း မနက်တိုင်း ဧည့်အသစ်ရောက်တာချည်း
ပျော်စရာတခု၊ စိတ်ပျက်စရာတခု၊ ယုတ်ညံ့တာလည်းတခု။
ခဏတဖြုတ် သတိတရားရှိတာကတော့
မမျှော်လင့်မိတဲ့ ဧည့်သည်
ဘာပဲလာလာ ကြိုဆိုရမှာ လက်ခံရမှာပဲ
ဝမ်းပန်းတနည်း ဖြစ်စရာတွေဆိုသော်မှ၊
ဝမ်းနည်းခြင်းဧည့်သည်က
တအိမ်လုံး ပြောင်းဆန် ပြောင်တလင်းခါအောင်
လုပ်သော်မှပဲ။

ဘယ်လို ဧည့်သည်မဆို ကောင်းစွာဧည့်ခံလေ
အသစ်ရှင်စရာတွေကို နေရာပေးဖို့
ခင်ဗျားကို သူ ရှင်းလင်းနေတာ
ဖြစ်ချင် ဖြစ်မှာမို့လေ။

မကောင်းတဲ့အတွေး ရှက်စရာကိုသော်မှ
အိမ်တံခါးဝမှာ
ရယ်ရယ်မောမော တွေ့ကာ
အထဲကိုသာ ပင့်ဖိတ်လေ

ကြွလာသူ မည်သူ့ကိုမဆို ကျေးဇူးတင်လေ
"လမ်း"ကို ပြဖို့အတွက် ခင်ဗျားဆီကို
"ဟို"က ပို့လိုက်တာမို့ပေ။

လူဟာ သူ့ကိုယ်သူ ဧည့်ရိပ်သာလို့ သဘောထားနိုင်ပါသလား။ ကြွလာသူ မည်သူမဆိုကို လူဟာ ကျေးဇူးတင်နိုင်သလား။ လွယ်တော့ မလွယ်ပါ။ ကဗျာသည် နှိမ့်ချခြင်းကို ဟောပါသလား။ ရက်ရောခြင်းကို ဟောပါသလား။ "ဟို" ဆိုတာကော ဘာလဲ။ ကံကြမ္မာဖြစ်ချင် ဖြစ်မှာပေါ့။

* * *

# ထင်မြင်စွဲမှတ်

နင်တို့ကို ကောလိပ်ပို့လိုက်တာ အခု မနက်စောစော မထကြတော့ဘူး။ ဒီလိုမှန်းသိရင် ကောလိပ်ကျောင်းတောင် မပို့ဘူး။

ကျွန်တော်တို့ အိပ်ရာက စောစောမထရင် အမေက ထိုသို့ မြည်တွန်တောက်တီးသည်။ ကျွန်တော့်အမေမှာ ကျောင်းဆရာမလေး။ ဟိုတုန်းကတော့ ကျွန်တော်တို့ အိပ်ရာက အစောကြီးထသည်။ ဝေလီဝေလင်း ကျီးမနိုးခင်မှာ။ အမေက ကျောက်စည်ထိုးလျှင်ထ၍ မီးမွှေးကာ ရေနွေးအိုးတည်သည်။ ကျွန်တော်က ရေတွင်းမှ ရေခပ်သည်။ သောက်ရေအိုးနှစ်လုံး ပြီးလျှင် အမေချိုးဖို့ ရေဲဒယ်အိုးနှစ်လုံး။ ထိုအချိန်၌ ယာတော သွားမည့် လှည်းသံက တကျွီကျွီ၊ ပန်းပဲဖိုမှ ပန်းပဲထုသံ တဒုတ် ဒုတ်နှင့်။ ရေခပ်ပြီးချိန်မှ ရောင်နီလာသည်။ ရောင်နီမလာမီ အထိ လတံစဉ်ကွေးကာ ကောင်းကင်မှာ တွဲလွဲချိတ်လျက်။ အမည်းရောင် နောက်ခံကားချပ်တွင် ရေနံဆီမီးခွက်မှ မီးရောင်က မှိတ်တုတ်မှိတ်တုတ်။ မနက်ခင်းလေက အေးအေး။

အမေက သူ့သားတွေ ဘာသာတရား၌ စိတ်ဝင်စားမှ တော်မတဲ့။ ခြောက်တင်းကျ တောရကျောင်း ကိုရင်ဝတ်စေသော အခါ၌လည်း ဝေလီဝေလင်း ထရသည်။ မောင်တာ၊ မောင်ပါ ကိုရင်နှစ်ပါး ဆွမ်းခံသွားသည့်အခါ မှောင်နှင့်မည်းမည်း။ ထန်းတောနားရောက်မှ အလင်းရောင်မှုန်ပျပျ ရောက်လာသည်။ ထိုအလင်းရောင်မှုန်ပျပျသည် ချောင်းကလေးကိုကျော် ထန်းတဲ

တွေနား ရောက်သည်အထိ။ ဖောင်းကတာရောက်လျှင်တော့ မိုးစင်စင်လင်းပြီ။

နေထွက်တာ ဘာဆန်းသလဲ။ နေ့တိုင်းနေ့တိုင်း နေထွက်သည်။ တစ်ခါတစ်ရံတော့ တိမ်တိုက်တွေကြောင့် သိပ်မလင်း၊ မိုးရွာလျှင်လည်း နေမမြင်။ ကျွန်တော် နိုးသည် ဖြစ်စေ မနိုးဖြစ်စေ နေထွက်စမြဲ။ သို့သော် ကျွန်တော် ငယ်ငယ်တုန်းက နေထွက်သည့်ရှုခင်းကို ယခုထိ ထင်မြင်စွဲမှတ် နေသည်။ အရုဏ်ကား ပြတင်းပေါက်ဟု ဆိုပါစို့။ ထိုပြတင်းပေါက်က ပိုကြီးမားသော အရာတစ်ခုသို့ တဖြည်းဖြည်း ကျယ်ပြန့်လေ၏။

ငယ်တုန်းကမို့ စိတ်ထဲ၌ ထင်မြင်စွဲမှတ်နေခြင်း ဖြစ်ကောင်း ဖြစ်မှာပေါ့။ မှောင်ရီဝိုးတဝါးမို့ပေါ့။ လောကဓာတ်ကြီး တိတ်ဆိတ်ငြိမ်သက်နေလို့ပေါ့။ ဘာသာတရားနှင့်စပ်လျဉ်း နေသော ပတ်ဝန်းကျင်မို့ပေါ့။

ဘာသာတရားဆိုလို့ ဘာသာတရားက လူ့ဘဝတွင် လိုအပ်သော အဆင်ပုံပန်းသဏ္ဌာန်ကို ပေးလေသည်။ ငယ်ငယ်တုန်းက ဉပုသ်ကျောင်းသို့ ဉပုသ်နေ့တွင် သွားရသည်။ လူကြီးများအနားတွင် ငြိမ်ငြိမ်ထိုင်နေသည့်အခါ ထိုင်၊ ဘုန်းကြီးကျောင်းဝင်းအတွင်း ကစားသည့်အခါ ကစား၊ မွန်းလွဲသော် ထမင်းတော့ မစားနှင့်တော့။ ထန်းရည်ချိုသောက်၊ ထန်းလျက်ခဲစား။ ဆာလျှင်လည်း သည်အတိုင်းပဲနေ။ ကျွန်တော့် အမေက အာနာပါနကမ္မဋ္ဌာန်း ဖယောင်းတစ်တိုင်ကြာအောင် ထိုင်။ အမေက ကိုရင် ခဏခဏဝတ်စေသည်။ ထင်မြင်စွဲမှတ် စရာလေးတွေရအောင် လုပ်ပေးနိုင်ခဲ့သည်ဟု ဆိုကြပါစို့။

ယခင်ကတော့ ထူးထူးထွေထွေ မစဉ်းစားမိ။ ယခု အသက်ကြီးလာသော်မှ စဉ်းစားမိလာသည်။ ကျွန်တော့်သားတွေ သော်မှ ကျွန်တော်ကဲ့သို့ ထင်မြင်စွဲမှတ်စရာများ ရှိပါ့မလား။ တခြားတစ်ပါး အတွေ့အကြုံများတော့ သူတို့မှာ ရှိမှာပေါ့။ ကျွန်တော့်လို အတွေ့အကြုံများတော့ သူတို့ မရတော့။ လင်းအရုဏ်၏ အတွေ့အကြုံများ၊ တောရကမ္မဋ္ဌာန်းကျောင်း အတွေ့အကြုံများ ထိုဆီမှ တအံ့တသြနဲ့ လူ့ဘဝကို နေခြင်းများ။ ဘာကိုပဲဖြစ်ပါစေ မှတ်ရသော အချိန်များ။ နာမ်ကိစ္စဆိုတာ အံ့သြရတာတဲ့။ To be spiritual is to be amazed ဆိုသကိုး။

အမေ့လိုပဲ လင်းအရုဏ်ဦးကို အရေးတယူလုပ်တာ ဖတ်ဖူးသည်။ "အဖြူရောင် အလင်းမျှင် တောင်တွေပေါ်မှာ ပေါ်လာသော အချိန်ကာလကား မကောင်းဆိုးဝါးမရှိ အနာအကျင်မရှိသော အချိန်တည်း။ မနေ့က ဖုန်မှုန့်တို့လည်း ငြိမ်ဝပ်သွားပေပြီ"။ ရှေးလူတို့ကတော့ အရုဏ်ဦးကို သဘောကျကြသည်ချည်းပဲ။

သားသုံးယောက်တောင် ကျွန်တော့်မှာရှိ၏။ သို့သော် ကျွန်တော်ကား အမေ့ခြေဖျားမမီ။ သူတို့ အိပ်ရာမှ စောစောထရန် မတတ်နိုင်။ တောရကျောင်းကိုလည်း ခေါ်မသွားနိုင်ခဲ့။ ငါ့မြေး မတန်ပါဘူး၊ ကာလတန်တာပါ။ အမေကြီးချိုက မြေးများဘက်မှ ကာကွယ်သည်။ အင်း ကာလတန်၍ ပိုလို့ကမ္မဋ္ဌာန်းကျောင်းကို သွားရမည် ထင်သည်။ ယခုလည်း ဘာသာရေးက ဘဝ၏အစီစဉ် အဆင်ပုံသဏ္ဍာန်ကို လုပ်ပေးဦးမှာပဲ။

ထင်မြင်စွဲမှတ်။ ဤအသုံးအနှုန်းမှာ သွားလေသူ သမိုင်းဆရာကြီး၏ စကားဖြစ်သည်။ impressions ဟူ၍

လုစ့်၏ ကဗျာတိုများကို ဘာသာပြန်ရာ၌ ထင်မြင်စွဲမှတ်ဟူသော ကဗျာတိုများ ပါသည်။

"မြန်မာ"

နှင်းခင်း၊ စပါးခင်း၊ မြက်ခင်း၊ ဒီရေ

"ပင်လယ်ထိမှန်မှန် တအိအိ"

လုစ့်က မြန်မာကို ဤသို့ ထင်မြင်စွဲမှတ်သည်။ အရင်တုန်းက မြန်မာပြည်ကား စပါးခင်းတွေနှင့် မြက်ခင်းတွေနှင့် တအိအိ။ အဲသည်လို ငြိမ်းချမ်းသည်။ ကတိုက်ကရိုက် သုတ်သီးသုတ်ပျာ မဟုတ်ကြဟူ၍ သူက ယူသည်။ ဘာသာရေးက တည်ငြိမ်သော ဉာဏ်ပဋိဘာန်ရအောင် တချို့ မြန်မာကြီးတို့အား လုပ်ပေးခဲ့လို့ နေမှာပါ။

အကြီးကောင် ပြန်လာရင် တောရကျောင်း ပို့မှပဲ။ ထင်မြင်စွဲမှတ်စရာများရှိအောင် လုပ်ပေးသည်က ဟိုသင်တန်း သည်သင်တန်း ဟိုခရီး သည်ခရီး သွားစေသည်က တော်လေမလား။ တောရကျောင်း၌ ဝေလီဝေလင်းမှာထ လင်းအရုဏ်ကို ကြည့်ပေရော့ ဖိုးမြတ်တို့ ထွန်းထက်တို့။

* * *

## ကလေးတွေကို အတင်း"တွန်း"သင့်ရဲ့လား

သောကြာနေ့တစ်ရက်ပေါ့။ ပျော်နေတဲ့ ဆရာတစ်ယောက်က ကျောင်းသားတွေကို "ကလေးတို့ ဒီနေ့ မင်းတို့ကို သတင်းကောင်းပြောစရာရှိတယ်။ ဒီကျောင်းပိတ်ရက်မှာ အိမ်စာမပေးဘူး။ မိသားစုနဲ့ မင်းတို့ ကြိုက်သလိုသာ နေပေတော့၊ ကိုယ်ကြိုက်တာလုပ်ပေါ့။ ကျောင်းစာတွေ မေ့ထားပော့" လို့ ကြေညာလိုက်တယ်။

ကလေးတွေက ဘာပြန်ပြောတယ် အောက်မေ့သလဲ။ "ဒါပေတဲ့ တီချာ ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိနေသေးတယ်။ စန္ဒယားသင်ခန်းစာ၊ ရေကူးသင်ခန်းစာ၊ ဘောလုံးသင်တန်း၊ ပန်းချီသင်တန်း၊ သင်္ချာကျူရှင်၊ သိပ္ပံကျူရှင်တွေ လုပ်ရအုံးမှာပါ"။ ကလေးတွေ လုပ်ရမယ့်စာရင်းက ဆုံးပဲ မဆုံးနိုင်ဘူး။

**တိုးတက်ယောင်**

မိဘတွေဆိုတာကတော့ သူတို့သားသမီးတွေအတွက် ယခုရော နောင်အနာဂတ်အတွက်ပါ အကောင်းဆုံးကို လိုချင်ကြ



တယ်။ ဒါပေမဲ့ သူတို့ ရည်ရွယ်ထားတာကို သေသေချာချာ မဆန်းစစ်ကြတာက များတယ်။ ကလေးတွေကို ကျောင်းစာတွေနဲ့ ကျောင်းစာမဟုတ်တဲ့ အပြင်သင်ခန်းစာတွေကို အတင်းသင်ပေးဖို့ ကြိုးစားကြရင်းနဲ့ ကလေးတွေခမျာ ဘာသာဘာဝ "ကလေးဘဝ" မရကြတော့တာကို မကြာခဏ တွေ့နေရတယ်။

မပြင်မဆင်ဖြစ်မှာစိုးလို့ အနာဂတ်အတွက် အသင့်မဖြစ်မှာစိုးလို့ စိုးကြောက်နေကြတာနဲ့ ကလေးတွေကို ကောင်းနိုးရာရာ တပ်ဆင်ပေးဖို့ လုပ်ကြတယ်။ ဒါပေမဲ့ မိဘတွေက 'တွန်း' ကြလို့ ကလေးတွေ တကယ်တမ်း ရသွားပါသလား။

ကလေးတွေမှာတော့ ကြားညပ်သွားတယ်။ မိဘတွေ၊ ဆရာတွေနဲ့ တခြားလူကြီးတွေ သဘောကျ လုပ်ပေးချင်တဲ့စိတ်နဲ့၊ "သူတို့ဟာ သူတို့ပဲ ဖြစ်ချင်တဲ့စိတ်"၊ "သူတို့ကြိုက်တာကိုပဲ သူတို့လုပ်ချင်တဲ့စိတ်" နှစ်ခုကြားမှာ ကလေးတွေ ကြားညပ်သွားတာပါ။ အသိအမှတ်ပြုခံချင်တဲ့ လိုအင်က ကလေးတိုင်းမှာ တော်တော်အားကောင်းတဲ့ လှုံ့ဆော်မှု ဆိုတော့ လူကြီးတွေ တောင်းဆိုတာကို ကလေးခမျာ လိုက်လျောရတာ ပါပဲ။ ကလေးရဲ့ဖွံ့ဖြိုးမှုကျတော့ အမှန်တကယ်ဖွံ့ဖြိုးမှုမဟုတ်တဲ့ ဖွံ့ဖြိုးမှု ယောင်၊ ဖွံ့ဖြိုးမှုအတု (Pseudo development)ပဲ ရတယ်။ ဒါနဲ့ပဲ အပြစ်စင်ပြီး ပျော်ပျော်ရွှင်ရွှင်နေချင်တဲ့ ကလေးခန္ဓာကိုယ်ထဲကို လူကြီးတွေရဲ့ ကျွမ်းကျင်မှု၊ ဗဟုသုတထည့်ထားတဲ့ သတ္တဝါလေးတွေ ရလာတယ်။

ကလေးတိုင်းတော့ မဟုတ်ဘူး။ မိဘ၊ ဆရာ၊ လူကြီးတွေရဲ့ လိုအင်တွေ မျှော်လင့်ချက်တွေကို မလိုက်လျောနိုင်တဲ့ ကလေးတွေလည်း ရှိတယ်။ သူတို့ကိုတော့ အပြုအမူဆိုင်ရာ၊ စိတ်ဓာတ်ဆိုင်ရာမှာ လိုတဲ့ လွဲတဲ့ ကလေးတွေလို့ အမည်တပ်လိုက်ကြတယ်။ လူကြီးတွေဖြစ်တဲ့ ကျွန်တော်တို့ သိဖို့လိုတာက 'ကလေး'ရဲ့ နေရာ၊ 'ကလေး' ဆိုတဲ့ ကာလ၊ ကလေးတွေက ကလေးဖြစ်ခြင်းကို တောင့်တကြတယ်ဆိုတာပဲ။

လူကြီးတွေက နေရာတကာမှာ သူတို့နဲ့တူတဲ့ ကလေးတွေကိုမှ မျက်နှာသာပေးနေသရွေ့၊ အဲသလိုကလေးတွေကိုမှ ကျေနပ်နေသရွေ့ ကတော့ ဖြစ်နိုင်ချေ မရှိလှပါဘူး။ ကျွန်တော်တို့ မကြာခဏ ကြားနေကြရတာက "အဖေ့ကိုကြည့်ထား၊ အဖေ့လိုဖြစ်အောင်လုပ်"။ မိဘတွေဟာ ကလေးတွေလည်းပဲ သူတို့ဘာသာဘာဝ ဖြစ်ချင်ရှာလိမ့်မယ်လို့ လက်မခံနိုင်ကြ၊ မျှော်လင့်မထားကြပဲကိုး။

**ဖိစီးမှုတွေ**

ဒေါက်တာ ဂျိမ်းစ်ပရက်စကော့ အပြောအရတော့ (ပရက်စကော့ဟာ ကလေးကျန်းမာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားဌာနက ကျန်းမာရေးသိပ္ပံပညာရှင်ပါ။) အမေရိကမှာ ပြီးခဲ့တဲ့ အနှစ်နှစ်ဆယ်အတွင်း အသက် ၅ နှစ်က ၁၄နှစ် ကလေးတွေမှာ ကိုယ်ကိုယ့်ကိုယ် သတ်သေမှုနှုန်း နှစ်ဆတိုးသတဲ့။

ဖိစီးမှုတွေရှိလို့ပဲ။ ဖိစီးမှုကြီးကြီးမားမားတွေကတော့ ကျောင်းစာသိပ်များတာ၊ ကလေးတွေအနေနဲ့ လိုက်နိုင်ဖို့ ကြိုးစားရတာ မိဘတွေရဲ့ အောင်မြင်လိုစိတ်နဲ့ ဖိအားပေးခံရတာတွေ ဖြစ်ပါတယ်။ စိတ်ဖိစီးမှုတွေဟာ တစ်ကမ္ဘာလုံးက ကလေးတွေအပေါ်မှာ သက်ရောက်နေပါတယ်။ တိုင်းပြည်တိုင်းဆွေးနွေးရတဲ့ ကိစ္စတွေဖြစ်နေပါပြီ။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတွေ ဖွဲ့စည်းတည်ဆောက်ဖို့ ပညာရေးကို လျော့ကန်တဲ့ လက်နက်ကိရိယာအဖြစ် တန်ဖိုးထားတဲ့ နိုင်ငံတိုင်းမှာပါ။

အောက်ပါမေးခွန်းနှစ်ခုကို တဆိတ်ဆင်ခြင်ကြည့်စမ်းပါ။ သား/သမီး ဘာအဆင့်ရသလဲ။ ဒီနေ့ ဘာသင်ခဲ့သလဲ။

ပထမမေးခွန်းကို မိဘနဲ့ဆရာတွေ ကလေးကို မေးလေ့ရှိပါတယ်။ ကလေးရဲ့ အဆင့်နဲ့ အမှတ်ကို ပညာသင်မှု (learning) ထက် ပိုပြီးစိတ်ဝင်စားတဲ့သဘောပါ။

ဒုတိယမေးခွန်းကိုလည်း ရံဖန်ရံခါ မေးလေ့ရှိပါတယ်။ ဒီမေးခွန်းကတော့ ပညာရေး၊ အောင်မြင်ရေးနဲ့ လူ့ဘဝနေရေးအတွက်

ပိုပြီးအမြော်အမြင်ရှိတဲ့ မေးခွန်းဖြစ်ပါတယ်။ အဆင့်နဲ့ အမှတ်ကို ပိုအရေးကြီးတဲ့ မိဘတွေဟာ ကလေးအနေနဲ့ ပညာသင်မှုကို တလွဲတွေးအောင် ဖန်တီးပေးနေတာပါ။ အမှတ်နဲ့အဆင့်ကိုပဲကြည့်ဖို့ တိုက်တွန်းခံရတဲ့ ကလေးတွေဟာ ပညာသင်ခြင်းဆိုတာ အစွမ်းပြခြင်း (performance) လို့သာ ယူဆကြမှာပေါ့။ ပညာရရေးအတွက်ပဲ ပညာသင်နေတာ (Learning for the sake of the learning) လို့ ဘယ်သိတော့မလဲ။

## တွန်းခြင်းနှင့် ပျိုးထောင်ခြင်း
(Pushing Vs nurturing)

ကလေးတွေအပေါ် ကျွန်တော်တို့ရဲ့ နားလည်မှုကို ပြန်ပြောင်းစဉ်းစားကြည့်ဖို့ အချိန်သင့်နေပါပြီ။ ဘယ်လိုနည်းအားဖြင့် ကလေးတွေဟာ ပျော်ရွှင်တဲ့ အောင်မြင်တဲ့သူတွေ ဖြစ်လာမှာလဲ။ ဖိအားတွေ တိုးတက်များပြားလာတဲ့ ဒီကမ္ဘာကြီးမှာ၊ စာမေးပွဲတွေနဲ့ စာမေးပွဲက ရလဒ်တွေကသာ ကလေးတွေရဲ့ အနာဂတ်ကို ပိုင်စိုးသလိုဖြစ်နေတဲ့ ဒီကမ္ဘာကြီးမှာ။ စဉ်းစားချင့်ချိန်ဖို့ အရေးပါတဲ့ အချက်အလက်ကလေးတွေ ကျွန်တော် ပေးပါရစေ။

တွန်းခြင်းနဲ့ ပျိုးထောင်ခြင်းမှာ သိသာတဲ့ခြားနားချက်တစ်ခု ရှိပါတယ်။ တွန်းခြင်းက လူကြီးတွေရဲ့ လိုအင်တွေအပေါ် အခြေခံတာပါ။ ပျိုးထောင်ခြင်းက ကလေးရဲ့အရည်အချင်း၊ လိုအင်၊ ဆန္ဒအပေါ်မှာ အခြေခံပါတယ်။

တွန်းခြင်းဟာ ကလေးကို တိုင်ပင်နှီးနှောခြင်းမရှိဘဲ ထိန်းချုပ်တာပါ။ ကလေးဘာတွေးနေတယ်၊ ကလေးဘာခံစားတယ်ဆိုတာ ထည့်သွင်းမစဉ်းစားပါ။ လူကြီးဟာ "သူ့ရဲ့အမှန်"ကို ကလေးအပေါ် မတင်သင့်ပါခင်ဗျာ။ "အမှန်"ကို ကလေးနဲ့ ပူးပေါင်းလုပ်တာကသာ ပိုသင့်လျော်တာပါ။ လူကြီး လက်ဆင့်ကမ်းတဲ့ အကောင်း အမှန်ကို ဒါမှသာ ကလေးက မြတ်မြတ်နိုးနိုးယူမှာပေါ့။

ကလေးဘာလုပ်တယ်ဆိုတာကို တကယ် စိတ်ဝင်စားတာနဲ့၊ အထက်စီးက ပြောနေတာဟာ ကွာခြားပါတယ်။ (လူကြီးတွေ ထိန်းချုပ်တာများပြီဆိုရင် ကလေးက သိတာချည်းပါ။) ကျောင်းမှာ ပညာသင်တာဖြစ်စေ၊ ကျောင်းခန်းပြင်ပကိစ္စတွေမှာ ဖြစ်စေသင့်တင့်တဲ့အထိ ဖြစ်နိုင်သမျှ ကလေးကို ဆုံးဖြတ်စေရင် လူကြီးတွေအနေနဲ့ ကလေးဘက်က စာနာတယ်၊ သူ့ကို အားပေးတယ်လို့ ကလေးက သိပါတယ်။

ကလေးတွေ အောင်မြင်ဖို့အတွက် သော့ချက်က၊ ကလေးကို လေ့ကျင့်ပေါ်၊ အတင်းတွန်းတင်တာမဟုတ်ပါ။ ကိုယ်လုပ်သမျှ ကိုယ်နှစ်သက်လျက် ကိုယ့်သဘောနှင့်ကိုယ် လုပ်ကိုင်သူတစ်ယောက်ဖြစ်အောင်လုပ်ခြင်းပါ။ ထိုကလေးဟာ အောင်မြင်ဖို့ လိုအပ်သမျှ လုပ်မည့်သူပါ။

လူကြီးတွေရဲ့ တာဝန်က ကလေးတွေကို သူတို့နှစ်သက်တဲ့ အလုပ်တွေ လုပ်ခွင့်ပြုဖို့ပဲ။ အများကြီး ဝင်မပါနဲ့။ သူတို့ ခင်ဗျားကို လိုအပ်တဲ့အခါမှာ ခင်ဗျား အဲဒီမှာ ရှိပစေ၊ ခင်ဗျားကို သူတို့ မလိုတဲ့အခါများမတော့ နေရာနဲ့လွတ်လပ်မှုကို သူတို့ကိုပေးလိုက်။

လူကြီးတွေအနေနဲ့ ကလေးတွေ ရင်ဆိုင်တိုက်ခိုက်လိုတဲ့စိတ်မွေးအောင် လွှတ်ပေးရမှာပါ။ ဒါမှသာ စိတ်ကူးထားတာထက် ပိုမြင့်တဲ့အမြင့်တွေကို သူတို့ရောက်မှာ၊ လုပ်ရတာ ပျော်စရာလည်းဖြစ်မှာပါ။

ကလေးတွေကို ကလေးတွေသာဖြစ်ပါစေ။ အရွယ်မတိုင်ခင် လူကြီးဘဝထဲ ဖိတွန်း မပို့နဲ့။

ကလေးတွေကို အတင်းတွန်းခြင်းဟာ ပစ္စုပ္ပန်နဲ့ အနာဂတ်က၊ ကလေးတို့ရဲ့ ပျော်ရွှင်မှုနဲ့ အောင်မြင်မှုအတွက် အကြီးဆုံးအတားအဆီးဖြစ်ပါတယ်။

ကျောင်းနဲ့ ကောလိပ်က အမှတ်တွေဟာ ဘဝအောင်မြင်ရေးအတွက် မှန်ကန်တဲ့ ဟောကိန်းတွေ မဟုတ်။ အဖြစ်ဘက်မြင်တတ်တဲ့ သဘောထားကတော့ ဟုတ်တယ်။ အဖြစ်ဘက်မြင်နိုင်ဖို့မှာ အောက်ပါဂုဏ်အင်္ဂါများ ရှိမှသာရပါတယ်။ ကိုယ့်အကြောင်းကိုယ် သတိထားရှိ



သိခြင်း၊ ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် လုပ်ဆောင်ခြင်း၊ ဇွဲရှိခြင်း၊ ခံစားမှုကြောင့် စိတ်ယောက်ယက်မခတ်ဘဲ တည်ကြည်ခြင်း၊ သွားလိုရာပန်းတိုင်သတ်မှတ်နိုင်ခြင်း၊ လျောက်ပတ်သော အကူအညီများကို ရယူအသုံးချနိုင်ခြင်း တို့ ဖြစ်ပါတယ်။

ကလေးတို့ ကြုံရတဲ့ပြဿနာအများစုဟာ ကျောင်းစာပြဿနာ မဟုတ်ပါ။ ဘဝပြဿနာများက "ကျောင်းစာ အခက်အခဲ အယောင်ဆောင်" ခြင်းများသာ ဖြစ်ပါတယ်။ လူကြီးများက အခြေခံလိုအပ်ချက်များကို ဂရုတစိုက်ဖြည့်ဆည်းပေးသောအခါ ကလေးတို့ ကျော်နင်းလွန်မြောက်သွားလေ့ ရှိစမြဲပါ။

**မှားပြီးသောအခါ**

အလွန်အကျွံတွန်းသော မိဘနှင့် ဆရာတို့ကြောင့် ကလေးတို့အပေါ် ထိခိုက်ခြင်းဟာ စိတ်ပိုင်းဆိုင်ရာ၌ဖြစ်ကာ၊ များသောအားဖြင့် လွယ်လွယ်နှင့် ပြန်မကောင်းပါ။

ကလေးတွေအား ကိုယ့်ကိုယ်ကိုယ် မုန်းတီးလာစေနိုင်ပါတယ်။ အမုန်းစိတ်က ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ထွက်လာတတ်ပါတယ်။ ဝမ်းနည်းစရာကောင်းသော အချက်တစ်ချက်မှာ ထိုတွန်းသော ဆရာ၊ မိဘများကိုယ်တိုင်ကပင် ကလေးတို့အား အပြစ်ပေးခြင်းဖြစ်ပါတယ်။ တကယ်တော့ သူတို့၌သာ အပြစ်ရှိပါတယ်။ လူကြီးများက ထိန်းချုပ်လွန်း

ပြီး ကလေးတို့အား ကလေးပါပဲကလားဟု မသိမှတ်ပါက၊ ကိုယ့်ဆီကို ပြားဦးပြန်လှည့်သော အနုတ်လက္ခဏာအကျိုးများ (negative–boomerang–effects) ကို ပညာသင်ရာ၌ဖြစ်စေ၊ ဘဝ၏ အခြားသောနေရာများ၌ဖြစ်စေ ကြုံကြရမှာ သေချာသလောက်ပါ။

ဒေါက်တာ အက်ဒဝပ်ရှိုင်း ကရစ်ရှနန်

(စိတ်ပညာကထိက၊ အမေရိကန်စိတ်ပညာအသင်းဝင်၊ How to Become a Caring Teacher and Engaging Teaching Methods စာအုပ်ရေးသူ ဖြစ်ပါတယ်။)

## ဂျပန်ကလေးတွေများ
## နေ့ခင်းအိပ်မက်မက်ချိန်ကလေးတောင်
## မရရှာကြဘူး။

(ကူမီကို မာကီဟာရာ)

ဒီနေ့ ကြာသပတေးနေ့ပဲ။ ကျွန်မလည်း ကျွန်မသား ၇ နှစ်ကောင်ကို ကျောင်းကားမှတ်တိုင်မှာ သွားစောင့်ပြီး အိမ်ကို မြန်မြန်ခေါ် ခဲ့ရတယ်။ ဒါမှ ဘောလုံးလေ့ကျင့်ဖို့ အချိန်မီမှာကိုး။ အိမ်ရောက်တော့ ယာတာရိုဟာ ဘောကန် အင်္ကျီ ဘောင်းဘီ လဲရတယ်။ အားကစားလွယ်အိတ်နဲ့ ကျောင်းလွယ်အိတ်လည်း လဲရတာပေါ့။ သူ့ပါးစပ်ထဲ ချိုချဉ်တစ်လုံး သွတ်လိုက်ပြီး သားအမိ နှစ်ယောက် စက်ဘီးတစ်ယောက်တစ်စီးနင်း၊
၁၅ မိနစ်လောက်ပဲ ဝေးတဲ့ ဘောလုံးကွင်း ယွန်းရတယ်။ သားက တည့်တည့်မနင်းဘဲ ဟိုစောင်းလိုက် သည်ဘက်စောင်းလိုက် နင်းနေလို့ ဟေ့ . . အဲသလိုဆိုရင် အချိန်ကုန်တယ်ကွလို့ အော်ရသေးတယ်။ နေ့ကတော့ နူပျိုဆဲပါ။

ဘောလုံးလေ့ကျင့်ပြီးရင် ၁ နာရီလောက် အပေါင်း အနုတ် လေ့ကျင့်ဖို့ တရုတ်ပေသီးတွက်သင်တန်း သွားရအုံး မယ်။ သည့်နောက်တော့ အိမ်စာလုပ်ရမယ်။ စန္ဒယားလေ့ကျင့် ရမယ်။ သောကြာနေ့ရောက်ရင် ရေကူး၊ ပေသီးတွက်။ စနေနေ့ အင်္ဂလိပ်စာ၊ ဂျူဒို။

ဟိုတုန်းက ကျွန်မ အပြေးအလွှားလုပ်ခဲ့ရတဲ့ ကျွန်မ အလုပ်က သောက်ကျိုးနည်း အစီအစဉ်ကို သွားသတိရမိတယ်။ အခုဟာကတော့ ဒုတိယတန်းကျောင်းသားကြီး ကျွန်မသားရဲ့ စာသင်ချိန်ပြင်ပ တတ်မြောက်ရေး အစီအစဉ်။

ကလေးရဲ့ ပညာရေးအပေါ် အလွန်အာရုံစိုက်ကြတဲ့ တခြား ဂျပန်မိဘတွေလိုပါပဲ ကျွန်မလည်းပဲ "သင်ခန်းစာတွေ ပေးဖို့ ရူးတဲ့ဝေဒနာ (Lesson mania)" ကပ်နေတယ်။ ကိုယ့်ကလေးကိုတော့ အကောင်းဆုံးအခွင့်အလမ်း ရစေချင်တာ ပေါ့။ တခြားကလေးတွေကိုလည်း အမီလိုက်မှ ဖြစ်မယ်။ ထက်မြက်တာလေး "ဇ"ကလေး ပါလာတာများတွေ့ရင်လည်း အဲသဟာလေးကို တူးကြည့်လိုက်ချင်တယ်။

မူလတန်းကလေး ၈၀ ရာနှုန်း ကျူရှင်ယူကြ၊ သင်တန်း တွေတက်ကြတယ်လို့ မနှစ်ကလုပ်တဲ့ စစ်တမ်းတစ်ခုကဆိုတယ်။ ဒုတိယနဲ့ တတိယတန်းကလေးတွေကျတော့ ကိုးဆယ်ရာနှုန်းထိ တဲ့။ ရေကူး၊ ဂီတနဲ့ အင်္ဂလိပ်စာသင်တန်းတွေကိုတက်တာ အများဆုံးပဲတဲ့။ ယာတာရိုရဲ့ အီလစ် ပုဂ္ဂလိကကျောင်းက သူငယ်ချင်းတွေကတော့ ကျွမ်းဘား၊ မြင်းစီး၊ ကစားစရာအိမ်ဆောက် (Lego building) သင်တဲ့ သင်တန်း တွေတောင်ပါတယ်။ "How to Guarantee Winning in Children's lessons" သင်ခန်းစာတွေတက်ဖို့ ဘယ်လိုလုပ်ကြ မလဲဆိုတဲ့ စာအုပ်လို လူကြိုက် အများဆုံးစာအုပ်က ဘာတွေ တော့ လုပ်၊ ဘာတွေတော့မလုပ်နဲ့ စတဲ့ အကြံဉာဏ်တွေ မိဘတွေကိုပေးတယ်။

သင်တန်းတွေက ဈေးမပေါပါ။ ၁ လကို ဒေါ်လာ ၁၇၀ ကျော်ကျော်တော့ သုံးရတယ်။ မိဘတစ်ယောက်က ကျွန်မကို တိုင်ပင်ဖူးတယ်။ အင်္ဂလိပ်စာသင်တဲ့ ကျူရှင်ဆရာက

၁ နာရီကို ဒေါ်လာ ၁၂၀ တောင်းနေတယ်။ ဘယ်လိုသဘောရသလဲတဲ့။ သင်တန်းဈေးတွေ သိပ်ကြီးလာတော့ ကလေးသိပ်မယူရဲကြဘူး။ ဂျပန်မှာ မွေးနှုန်းနည်းတဲ့ လူဦးရေပြဿနာမှာ ဒါကလည်း အကြောင်းတစ်ကြောင်းဖြစ်နိုင်တယ်။ မွေးနှုန်းက ၁. ၂၉ ပဲ ရှိတယ်။ ကမ္ဘာမှာတော့ အနည်းဆုံးထဲမှာပေါ့။ ၂၀၀၂ ခုနှစ် အစိုးရစစ်တမ်းတစ်ခုမှာ သူတို့ ကလေးမယူတဲ့ အကြောင်းက ကလေးကျောင်းစရိတ်တွေ ကြီးတာကြောင့်လို့ မိဘ ၆၀ ရာနှုန်းက ဖြေကြတယ်။

ယာတာရှိရဲ့ အင်အားတွေများ ကုန်ခမ်းသွားမှာလားလို့ စဉ်းစားပြီး ကျွန်မလည်း ပူတာပဲ။ "ကျူရှင်တွေ သင်တန်းတွေကြောင့် အားကုန်ခမ်းခြင်း" ဆိုတဲ့ ခေါင်းစဉ်ကို ဟိုတလောက မိဘများတွေ့ဆုံပွဲတစ်ခုမှာ ဆွေးနွေးကြသေးတယ်။ ညနေ ညနေ ကျွန်မတို့ အိမ်ပြန်ရောက်ပြီးလို့ အိမ်စာအတွက် ကျွန်မစာပြပြီဆိုရင် ယာတာရှိရဲ့ စားပွဲမှာထိုင်နိုင်တဲ့ ခံနိုင်စွမ်းဟာ ကုန်သလောက်ပဲ။

ကျောင်းစာကို လျှော့မှပဲလို့ ကြံပေမယ့် လျှော့လို့ကလည်း မဖြစ်ဘူး။ သူ့အတန်းဖော်တွေက "ဆာခီဒိုရီ



(sakidori) လုပ်နေကြတာ (ရောက်နေတဲ့ အတန်းထက် ကျော်ပြီး အရေးနဲ့ သင်ချာကို သင်နေကြတယ်) ဒါကြောင့် စာသင်ခန်းရဲ့ အရှိန်က မြင့်တယ်။ ကျွန်မက ယာတာရိုရဲ့ အမှားတွေကို ထောက်ပြရင် သူက မျက်လုံးပြူးကြီးနဲ့ကြည့်ပြီး ခဲတံတွေ ခဲဖျက်တွေကို လွှင့်ပစ်တော့တာပဲ။ "မိဘနဲ့ သားသမီး စိတ်ကူဖို့" လိုတော့မယ်ထင်ပါရဲ့၊ ဒါလည်းပဲ အချိန်မရဘူးရှင့်။

တနင်္ဂနွေနေ့တွေကိုတော့ ကစားဖို့ ချန်ထားရတာပေါ့ ရှင်။ ဒါပေတဲ့ တစ်ရက်တည်းနဲ့ လုံလောက်လို့လား။ ကျွန်မတို့ သူတို့အရွယ်တုန်းက ညနေတိုင်း အိမ်ပြင်ထွက် ကစားတာ မဟုတ်လား။ စကိတ်စီးတယ်။ အိမ်ဆောက်တယ်။ ဒန်းပေါ်မှာ ငေးတယ်။ ယာတာရို ကျတော့ တခဏတွေးဖို့ ငေးဖို့လုပ်ရင် တောင် သူ့နားမှာ တစ်ယောက်ယောက်ရှိနေတာကိုး၊ ပေသီးဆရာက အာရုံစိုက်ဟာလို့ ပြောမယ်၊ ဘောလုံးနည်းပြက ဟိုဂိုးသမား ဘာဖြစ်နေတာတုန်းလို့ အော်မယ်။ ယာတာရိုက ဂိုးတိုင်မှီပြီး တိမ်တွေရွေ့နေတာကို ငေးနေရင်။

သူသင်နေရတာတွေကို လျှော့ပစ်သင့်တယ်လို့ ကျွန်မ သိပါတယ်။ ဒါပေတဲ့ သင်သမျှဟာလည်း အရေးကြီးတာချည်း





လို့ ထင်ရတယ်။ သူက ဘောလုံးကို ချစ်တယ်။ ဒီအရွယ်မှာပဲ
ဒီကစားနည်းမျိုးကို ကစားရမှာ မဟုတ်လား။ စန္ဒယားကတော့
ဂီတကမ္ဘာကြီးကို တံခါးဖွင့်ပေးမှာ မဟုတ်လား၊ ပေသီးတွက်မှု
သူ့အတွက်အချက်နှေးနေတာ ပျောက်မှာမဟုတ်လား။
ရေကူးကတော့ သူတို့ကျောင်းရဲ့ မသင်မနေရ၊ ဂျူဒိုကိုတော့
ဘူရှီဒိုစိတ်ဓာတ်သွင်းပေးဖို့ ကျွန်မက သူ့ကိုသင်စေချင်တာ၊
ကျွန်မက တစ်ယောက်တည်းအမေ၊ ကျွန်မတို့မှာ
ယောက်ျားသနာ မရှိပဲကိုး။

"မြန်မြန်ရောက်ရင် မြန်မြန်တတ်မှာသားရဲ့"လို့
ပေသီးသင်တန်းသွားတိုင်း ကျွန်မက ယာတာရိုကို ပြောနေကျ။
သူ ပိုပြီးမြန်မြန်သွားအောင် ဘယ်လိုများ တွန်းရအုံးမလဲလို့ပဲ
ကျွန်မက စဉ်းစားနေတယ်။ သူကတော့ အမေ ကျွန်တော်တို့
အပြင်ထွက် လမ်းလျှောက်ဖို့ အချိန်ရမယ်ထင်တယ်နော်လို့
ပြောတယ်။

ကိုတာ

# မစ်ကဲလ်ဂျွန်ရဲ့ ကောလိပ်

ကျွန်တော်က ပညာရေးကို စိတ်ဝင်စားတယ်။ ကျွန်တော် (The Experimental College) ဆိုတဲ့ စာအုပ်တစ်အုပ် ဖတ်ဖူးတယ်။ မစ်ကဲလ်ဂျွန်ဆိုတဲ့ ပညာရေးသမားကြီးက ပညာရေးရဲ့ရည်ရွယ်ချက်ဟာ ဉာဏ်(intelligence)ရှိအောင် လုပ်ပေးဖို့ပဲတဲ့။

(၁) ထံရိန်နင်ခေါ်တဲ့ လေ့ကျင့်ပေးတာရှိတယ်။ ဒါကတော့ အသက်မွေးဝမ်းကျောင်းဖို့ တပ်ဆင်ပေးတာ။

(၂) နောက်တစ်ခုကတော့ ဗဟုသုတအသိတွေ တပ်ဆင်ပေးတာ။ ဥပဒေပညာ၊ ဆေးပညာ၊ အင်ဂျင်နီယာပညာစတဲ့ ကျောင်းတွေမှာ။

(၃) မစ်ကဲလ်ဂျွန်ကတော့ ကျောင်းသားတွေကို ထိုးထွင်းသိခြင်း (ဝါ) ဉာဏ်အမြော်အမြင်ကို တပ်ဆင်ပေးချင်တယ်။

ဉာဏ် (intelligence) ဆိုတာ ဘာလဲ။

ဉာဏ်ကို အနက်ကောက်ဖို့ အဓိပ္ပာယ်ဖွင့်ဖို့ မလွယ်ပါ။ ဉာဏ်ရဲ့အဓိပ္ပာယ်ကို ဖွင့်ဖို့အတွက် "မစ်ကဲလ်ဂျွန်" ဟာ တက္ကသိုလ်တွေအကြောင်း ဆွေးနွေးပွဲတစ်ခုက "ဖလက်နာ" ဆိုသူပြောတဲ့ စကားတစ်ခွန်းကို ကိုးကားတယ်။ "ဂျာမနီမှာ တက္ကသိုလ်ကြီးတွေ ရှိဖို့လိုတယ်။ စက်မှုစီးပွားရေးလုပ်ငန်းတွေ

အတွက် ဓာတုဗေဒပညာရှင်၊ ရူပဗေဒပညာရှင်တွေ မွေးဖို့တင် မဟုတ်ဘူး၊ ဉာဏ်ရှိအောင် လေ့ကျင့်ပေးနေလို့ တက္ကသိုလ်ကြီးတွေကို လိုတာပါ။ ဉာဏ်ဆိုတာက ဘယ်နယ်ပယ်မှာဖြစ်ပစေ အသုံးချနိုင်တဲ့ အစွမ်းရှိတယ်။ အမေရိကန်တက္ကသိုလ်တွေလည်း ဒီအကြောင်းကို သိဖို့ လိုတယ်။" ဉာဏ်ဆိုတာ ဘယ်နယ်ပယ်မှာ ဖြစ်စေ အသုံးချနိုင်တဲ့အစွမ်း (intelligence, capable of being applied in any field whatever) ဆိုတဲ့ အနက်ကောက်ဟာ အလွန်အားရှိပါတယ်။

ပညာရေး (education) ဆိုတဲ့ဝေါဟာရရဲ့ အဓိပ္ပာယ်ကကော။ ပညာရေး (ဝါ) ပညာတတ်ဆိုတာ ဘာလဲ။ ပုံပြင်လေး တစ်ပုဒ်ရှိတယ်။ Life of Alice Freeman Palmer ဆိုတဲ့ စာအုပ်ထဲက ထမင်းချက်ကြီး ဘရစ်ဂျက်ဟာ ပေါင်မုန့်ဖုတ်ဖို့ ကြိုးစားကြည့်ပေမယ့် မအောင်မြင်ဘူး။ သူ့ဆရာ မစ္စပါးလ်မားက ထမင်းဟင်းချက်တာကို သင်ခဲ့ရသူတော့ မဟုတ်ဘူး။ ဒါပေမဲ့ ပေါင်မုန့်ဖုတ်ကြည့်တော့ အောင်မြင်သွားတယ်။ ဘရစ်ဂျက်က အလွန်သဘောကျသွားပြီး စကားတစ်ခွန်းဆိုတယ်။ "That's what education means," she said, "to be able to do what you've never done before." "ပညာရေးဆိုတာ ဒါပဲ။ ကိုယ်အရင်က တစ်ခါမှမလုပ်ဖူးတာကို လုပ်နိုင်တဲ့ အရည်အချင်း"။

ဘရစ်ဂျက်အနေနဲ့ "ပညာတတ်မြောက်ခြင်း ဉာဏ်ရှိခြင်း ဆိုတာ"ကို အဲသည်စကားတစ်ခွန်းနဲ့ ဖော်ပြလိုက်တာပါ။ သူ့ရဲ့ဆရာ မစ္စပါးလ်မားကတော့ ပညာတတ်ပါပဲလို့ ပြောလိုက်တာပါ။ မစ္စပါးလ်မား ဖုတ်တဲ့ပေါင်မုန့်ဟာ အကောင်းစား ပေါင်မုန့်တော့ ဘယ်ဟုတ်မလဲ။ ဒါပေတဲ့ သူ မကျွမ်းတဲ့နယ်ပယ်ကို ဝင်စမ်းတဲ့အခါ အောင်မြင်အောင် လုပ်နိုင်တဲ့သူပေါ့။

ဉာဏ်ဆိုတဲ့ အစွမ်းသတ္တိရဲ့အဓိပ္ပာယ်ကို ဒီပုံပြင်မှာ တွေ့နိုင်တယ်လို့ ကျွန်တော်ပြောချင်တာပါ။

ဉာဏ်ဆိုတာ ပြောင်းလဲနေတဲ့ အခြေအနေတွေအတွက် အဆင်သင့်ပြင်နေခြင်းလို့ ထင်တာပါပဲ။ ဘယ်နေရာကိုပဲ ရောက်ပစေ

ဘယ်အခြေအနေမှာပဲ ဖြစ်ပစေ၊ မြင်အောင်ကြည့်နိုင်တဲ့ သတ္တိ၊ လူတစ်ယောက်အနေနဲ့ အကောင်းဆုံးတုံ့ပြန်နိုင်စွမ်း ဖြစ်ပါတယ်။ အမြော်အမြင်ရှိခြင်း (wisdom) ဆိုတာနဲ့ တော်တော်နီးကပ် သွားပါတယ်။

---

ကျွန်တော်က ဉာဏ်အကြောင်း တင်ပြပြီးတဲ့အခါ ခင်ဗျားတို့အနေနဲ့ မေးခွန်းထုတ်ကောင်း ထုတ်နိုင်တယ်။ အဲသလို ဉာဏ်ရှိအောင် ဘယ်လိုလုပ်မလဲ။ ကျွန်တော့်အနေနဲ့ သူတို့ကောလိပ်ကျောင်းတွေမှာ မစ်ကဲလ်ဂျွန်တို့ လုပ်တာကို ပြောပြချင်ပါတယ်။ (ကျွန်တော်တို့ အခြေအနေက သူတို့နဲ့ မတူသော်လည်း ဆင်ခြင်ကြည့်ဖို့ ကောင်းလို့ပါ။ ခင်ဗျားတို့လည်း တချို့ဟာတွေ လုပ်လို့ရနိုင်တယ် ထင်လို့ပါ။)

**"၁၈-၂၀ အရွယ်တွေဟာ ကောလိပ်ကျောင်း ရောက်နေပြီ၊ အရင်ကတော့ သူတို့ဟာ ဆရာတွေရဲ့ ညွှန်ကြားချက်တွေနဲ့ နေရတယ်၊ ယခု သူတို့ကို ကိုယ့်တာဝန်ကိုယ်သိအောင်၊ ကိုယ့်ပန်းတိုင်နဲ့ ကိုယ့်လမ်းကို ကိုယ်ကိုယ်တိုင်သိအောင် ပြင်ဆင်ပေးဖို့ လုပ်ရတော့မှာပေါ့၊ သူတို့ဟာ သူ့တို့လမ်းကိုတော့ သူ့တို့ဘာသာ လျှောက်ရမှာပဲ၊ ကိုယ့်အရည်အချင်းကိုပဲ ကိုယ်အသုံးချရမှာပေါ့၊ ကိုယ့်အရည်အချင်းကို အသုံးချပြီး ကိုယ့်လမ်းကိုယ်လျှောက်နိုင်ဖို့ ပြင်ဆင်ပေးရာမှာ သုံးမယ့်ပစ္စည်း ကိရိယာကတော့ စာပေ (literature) နဲ့ စာအုပ်ပဲ၊ ဦးနှောက်တွေကို အစာကျွေးရမယ်၊ လေ့ကျင့်မယ်၊ အားသန်အောင် လုပ်မယ်၊ စာအုပ်များအားဖြင့် ညွှန်မယ်၊ စာမဖတ်တဲ့ အကောင်တွေမှာ လမ်းမပွင့်တဲ့ လမ်းတွေကို သူတို့လျှောက်နိုင်အောင် ဆောင်ကြဉ်းမယ်၊ ဉာဏ်အထူးတွေနဲ့ တွေ့ဆုံစေပြီး ဆင်ခြင်တတ်အောင် ကျင့်ပေးမယ်၊ (စာအုပ်ကတော့ လက်နက်ပဲ၊) "သင်နည်း၊ မာတိကာ၊ စာသင်ခန်း" တွေ စီစဉ်ရမယ်၊ လမ်းမှန်ရဲ့လား၊ နည်းမှန်ရဲ့လား၊ ၂ နှစ်ကြာသော်**

သဘောထားနဲ့ အရည်အချင်းကို "မှန်" ၂ ခုနဲ့ စစ်မယ်။ စာအုပ်တွေနဲ့ မွေ့လျော်တတ်ပြီလား၊ စာအုပ်တွေကို ထိရောက်အောင် အသုံးချတတ်ပြီလား၊ လူ့ယဉ်ကျေးမှုရဲ့ အရေးပါအရာရောက်တဲ့ တန်ဖိုးတွေက ဘာတုန်း။ အရေးပါအရာရောက်တဲ့ ပြဿနာတွေက ဘာတုန်း။ မဂ္ဂဇင်း၊ သတင်းစာ၊ ဝတ္ထုကအစ အကဲဒမစ် ဆွေးနွေးမှုတွေကိုလည်း အဲသည်မေးခွန်းတွေနဲ့ ချဉ်းကပ်ရဲ့လား။ ဉာဏ်ရှိတဲ့ စာဖတ်သူ ဟုတ်ရဲ့လား။

တကယ်တော့ စာဖတ်ရာ၌သာမက၊ ပန်းချီလက်မှု၊ အားကစားတွေကိုလည်း ပညာရေးကိရိယာများအဖြစ် သုံးနိုင်ပါတယ်။ ဥပမာ ပြဇာတ်၊ အကဟာ လူငယ်တစ်ယောက်ကို ကြွယ်ပိုးကြွယ်ဝ ဖြစ်စေနိုင်တာပေါ့။ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာ ဒါတွေလည်း လူရဲ့ကိုယ်ရည်ကိုယ်သွေးကို အားကောင်းမောင်းသန် ဖြစ်စေမယ်။"

မစ်ကဲလ်ဂျွန်တို့လည်းပဲ စာအုပ်တွေကိုပဲ သုံးတာပါ။ အထူးသဖြင့် ဂန္ထဝင်စာအုပ်တွေကို သုံးတယ်။ (ဂန္ထဝင်စာအုပ်ဆိုရာမှာ စာပေက ဂန္ထဝင်ကိုသာ ဆိုလိုတာ မဟုတ်ပါ။ သိပ္ပံ၊ သမိုင်း၊ ဒဿနိက စာကြီးပေကြီးတွေလည်း ပါတယ်။) ဆရာက မေးခွန်းမေးတယ်၊ ဆွေးနွေးမယ်၊ ရီပို့ရေးမယ်။ စာကြီးပေကြီးထဲက ဉာဏ်ကြီးတဲ့သူ၊ ဉာဏ်နုံတဲ့သူ၊ လူအမျိုးမျိုးနဲ့ တွေ့ရကြုံရ၊ သူတို့စဉ်းစားပုံ၊ ဆင်ခြင်ပုံ၊ ဆုံးဖြတ်ပုံတွေကို သိရတဲ့အခါ လူ့ရဲ့သဘောသဘာဝ၊ ဩကာသလောကရဲ့ သဘောသဘာဝအပေါ်မှာ စေစားနိုင်မှာပေါ့။ "ဉာဏ်" ရရှိလာမှာပဲတဲ့။

ဒါကြောင့် စိတ်အားထက်သန်နေတဲ့ လူငယ်တွေကို ကျွန်တော်မှာချင်တာကတော့ စာကြီးပေကြီးတွေကို ကြိုးစားဖတ်ဖို့ပဲ။ စာဖတ်မနာခင်မှာ တစ်ဆင့်ပြီးတစ်ဆင့် ဖတ်ချင်တော့ ဖတ်ရမှာပေါ့။ ဒါပေတဲ့ ဘယ်နယ်ပယ်မှာမဆို အသုံးချနိုင်တဲ့အစွမ်း ရလာနိုင်မှာပေါ့။

ကိုတာ

# ခေါင်းဆောင်မွေးထုတ်သောပညာရေး
(Leadership Education)

ဤပညာရေးစနစ်၌ ရည်ရွယ်ချက် သုံးမျိုးသုံးစား ရှိသည်။ ပထမရည်ရွယ်ချက်မှာ တွေးခေါ်မြော်မြင်သူများ၊ စွန့်ဦး တီထွင်သူများ၊ နိုင်ငံရေးရာ တတ်ကျွမ်းသူများ မွေးရန်ဖြစ်သည်။ စာရိတ္တ၊ ကျွမ်းကျင်မှု၊ မှန်ရာကိုလုပ်နိုင်သော အရည်အချင်း ရှိလျက် မှန်ရာကိုလုပ်ရာတွင် ကောင်းစွာလုပ်သောသူများကို ဆိုလိုသည်။ စီးပွားရေးလုပ်ငန်း၊ အုပ်ချုပ်ရေး၊ ဘာသာရေး စသည့် ကျောင်း၊ မိသားစုနှင့် အခြားအဖွဲ့အစည်းများတွင် ထိုသူတို့ လိုသည်။

ဒုတိယရည်ရွယ်ချက်မှာ လွတ်လပ်ခြင်း အမြဲတည်ရှိ အောင် လုပ်ရန်ဖြစ်သည်။ လွတ်လပ်ခြင်းဆိုသည်မှာ လွတ်လပ်ခြင်းကို ထိန်းသိမ်းရန်သာ လိုအပ်သည်ကို သိသူများ နှင့် ထိုလိုအပ်သည်တို့ကို ဆောင်ကြဉ်းရန် ဆန္ဒရှိသူများ မွေးထုတ်ရန်ဖြစ်သည်။

အထက်ပါ ရည်ရွယ်ချက်နှစ်ခုအား တတိယ ရည်ရွယ်ချက်နှင့် ပေါက်မြောက်စေရန် ဖြစ်ပါသည်။ ကျောင်းသားများအား ဘယ်ကဲ့သို့ တွေးရမည် (How to think) ကို သင်ပေးရန်ဖြစ်သည်။ ဘယ်လိုတွေးရမည်ကို သိသော သူများကသာ ထိရောက်စွာ ဦးဆောင်နိုင်မည်ဖြစ်လျက် လူ့အဖွဲ့အစည်းအား လွတ်လပ်၍ ကြွယ်ဝရန် လုပ်နိုင်မည် ဖြစ်သည်။ ဘာကိုတွေးမည် ဘယ်အချိန်တွေးမည် (When to

think or when ) ကို သိသူများမှာလည်း အကျိုးပြုနိုင်မည် မှန်ပါသည်။ သို့သော် လွတ်လပ်ခြင်းကို ထိန်းသိမ်းရန်သော်လည်းကောင်း ဦးဆောင်၍ တကယ်တိုးတက်ရန်သော်လည်းကောင်း မလုပ်ဆောင်နိုင်ပါ။ ကျွန်တော်တို့ လူ့အဖွဲ့အစည်း၏ အောင်မြင်ခြင်းနှင့် အမြဲတစေ တည်တံ့ခြင်းမှာ " ခေါင်းဆောင်ပညာရေး" အပေါ် တည်မှီနေပါ၏။

**ပစ္စည်းသယ်ပို့ ခါးပတ်ပညာရေး**
**( Conveyer Belt)**

"ဆိုဗီယက် ပစ္စည်းသယ်ခါးပတ်" နည်းဟူ၍ ရှိပါသည်။ လူထုအတွက် စာသင်ကျောင်းများ (Public Schools) မှာ ထိုနည်းကို ကျင့်သုံးကြသည်။ စက်ရုံတစ်ရုံနှင့် အလားတူပါသည်။ စာသင်ခန်းတစ်ခန်းမှ ကျောင်းသားတိုင်းမှာ သက်တူရွယ်တူ၊ သူတို့အား တမျိုးတစားတည်းသော ပညာရေးကို၊ ပြဋ္ဌာန်းစနစ် တစ်မျိုးတည်းနှင့် သင်၏။ စာမေးပွဲတစ်ခု စစ်၏။ စကေးတစ်ခုနှင့်တိုင်းလျက် အမှတ်ပေး၏။ တစ်ဦးချင်း၏ ဝါသနာ၊ ဇွဲ၊ ပန်းတိုင်၊ ပုဂ္ဂလိက မျှော်မှန်းချက်တို့ကို ထည့်မတွက်ပါ။

ကျောင်းသားတို့၏ စိတ်ကူးထည်များတူအောင် လုပ်ရန်သာ ဖြစ်သည်။ မည်ရွေ့မည်မျှ လိုက်နာသနည်းဟူသော အချက်ပေါ်တွင် အမှတ်ပေးခြင်းဖြစ်သည်။ စက်ရုံထဲက ပစ္စည်းသယ်ပို့သော ခါးပတ်ကဲ့သို့ ရွေ့နေသော ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း . . အတန်းစဉ်ကြီးတွင် စက်ရုံ အလုပ်သမားတစ်ဦးစီ (ဆရာ)က ပစ္စည်းများ (သင်ရိုးညွှန်းတန်း အလိုက် သင်စရာများ) တပ်ပေးလိုက်သည်။ ထုတ်ကုန်များ (ကျောင်းသားများ) အားလုံး ပညာရေးဟုခေါ်သော ကိရိယာပစ္စည်း အတူတူတပ်ပြီးသား ဖြစ်လာသည်။ ၁၂ တန်းပြီးသော နဖူးပေါ်၌ တံဆိပ်တစ်ခု (ဒီပလိုမာ) နှိပ်ပေးလိုက်သည်။ ဈေးကွက်အတွက် သင့်လျော်သော ထုတ်ကုန်တစ်ခုရပြီ။

ဤစနစ်၌ တံဆိပ်ကို အဆင့်နိမ့်နိမ့်နှင့်လည်း နှိပ်ပေးသည်။ လူတိုင်း တံဆိပ်ရအောင် တစ်နည်းဆိုရသော် လူတိုင်းကို ကုန်ပစ္စည်း တစ်ခုဖြစ်လာအောင် လုပ်ဖို့ဖြစ်သည်။ သူများထက်ထူးအောင် နဖူးမှာ ချိပေါက်သည်ဆိုလျှင်ကား ခါးပတ်ထဲ ပြန်ထည့်သည်။ ဤစနစ်၌ပင်လျှင် ဆရာကောင်းများကြောင့် ချွင်းချက်များတော့ ရှိသည်။ မည်သို့ဆိုစေ ဤစနစ်ကား စက်ရုံနှင့်သာ အလားတူ၍ "အသိဉာဏ်အရာ၌ နမူနာနှင့် ကိုက်ဖို့" သာ ရည်ရွယ်၏။

## ပြိုင်ဆိုင်မှုရှိသော ပစ္စည်းသယ်ခါးပတ်

အထူးကျွမ်းကျင်သူမွေးသော ပညာရေးစနစ် ( Professional System)၏ နည်းစနစ်မှာလည်း ခါးပတ်နည်းနှင့် မထူးခြားပါ။ ပြိုင်ဆိုင်မှု ရှိသည်သာ ကွာ၏။ အဆင့်နိမ့်နိမ့်နှင့်မရ၊ အမြင့်ဆုံးရာနှုန်း (၁၀ မှ ၁၅ အတွင်း) မြင့်ထားသည်သာ ကွာပါသည်။ ထိုအဆင့်ဝင်သော် အိုင်ဗီတက္ကသိုလ်များက ဥပဒေကျောင်း၊ ဆေးကျောင်း၊ အမ်ဘီအေ တက်ခွင့်ရသည်။ ဒါပဲဖြစ်၏။ " ကျုပ်က ဟားဗက်မှာ"ဟု ပြောလို့ရပြီး၊ သို့သော် " ကျုပ်စဉ်းစားချင်တယ် ကျုပ်ခေါင်းဆောင်ဖြစ်ချင်တယ် " ဟု ပြောလျှင်ကား အင်စတီကျူးရှင်းများတွင် ရှိလေ့ရှိသော တုံ့ပြန်မှု ကိုသာ ရမည်။" ခုတော့ ဒီခိုင်းတာပဲလုပ်အုံး နောက်များ မင်း ဘွဲ့လွန် တက်မှ စဉ်းစားချင် စဉ်းစားပေရော့" ဟု ပြောလိမ့်မည်။

## ခေါင်းဆောင်များ လိုအပ်နေခြင်း

ဒီလိုပဲ ငါတို့သင်ခဲ့ရတာပါပဲကွာဟု ခင်ဗျား ပြောကောင်း ပြောနိုင်ပါသည်။ အဲသလိုစနစ်နှင့် စာသင်တာလည်း ကြာလှပါပြီ။ သို့သော် ရှေးအခါကမူ ထိပ်တန်းရောက်သော တိုင်းပြည်များ၌ ခေါင်းဆောင်များ လေ့ကျင့်မွေးထုတ်ပေးသော ပညာရေးစနစ်ရှိခဲ့တာ သေချာသည်။ အကြင်လူ့အဖွဲ့အစည်းတစ်ခု၌ ခေါင်းဆောင်များ မပေါ် ထွက်သောအခါ အသို့နည်း။ မန်နေဂျာများ၊ ပရော်ဖက်ရှင်နယ်များတော့

ရှိပါသည်။ သူတို့ကပဲ သူတို့၌ လေ့ကျင့်သင်ကြားထားခြင်း မရှိဘဲလျက် အစိုးရအုပ်ချုပ်ရေးဌာနတို့၌ အသီးသီးခေါင်းဆောင်ကြရသည်။ တကယ်တော့ နောက်လိုက်များသာရှိသော နိုင်ငံဖြစ်ပါ၏။ ထိုကဲ့သို့ ဖြစ်နေသည်ကိုလည်း ပြဿနာဟူ၍ မမြင်ကြ။ ဤသည်မှလွဲ၍ တစ်ခြား အတွေ့အကြုံ ဘာဆိုဘာမှ မရှိ၍ပင်။ အထူးကျွမ်းကျင်ခြင်းကို မောက်မာခြင်း၊ မာန၊ အထွေထွေဗဟုသုတ ချို့ငဲ့မှုများနှင့် ပေါင်းစပ်ထားသော သူများသာ ရလဒ်အဖြစ် ရရှိပါလိမ့်မည်။ ၁၉၃၀ ပြည့်နှစ်များက ဂျာမနီကဲ့သို့ "မြင့်မြင့်မားမား လေ့ကျင့်ထားသော်လည်း ပညာရေး အမြော်အမြင်နည်းသူများ၊" ထိုသူတို့မှာ ဟစ်တလာက အလွယ်တကူ သိမ်းသွင်းနိုင်သူများ ဖြစ်သည်။

ရှေးတုန်းက သူကြွယ်များ၊ မှူးမျိုး၊ မတ်မျိုး ( aristocracy ) ကို၊ အသိပညာပေးသူဆရာ (mentor)၊ ကျူတာတို့နှင့် အိမ်၌ သင်ကြသည်။ ဂန္ထဝင်စာ/ဆရာ ( classics / mentor) နည်းကို သုံးကြသည်။ ယခုခေတ်မှာ အရစ္စတိုခရေစီ (ဝါ) မှူးမျိုးမတ်မျိုး မရှိပါ။ ခေါင်းဆောင်ကို မည်သည့်လူတန်းစားမှမဆို လေ့ကျင့်မွေးထုတ်၍ ရပါ၏။ သောမတ်ဂျက်ဖာဆန်က သဘာဝ အရစ္စတိုခရေစီ ( Natural aristocracy) ဟု ခေါ်ပါသည်။ စွန့်ဦးတီထွင်သူများ၊ နိုင်ငံမှုရေးကျွမ်းကျင်သူများ (Statesmen) ကို ယင်းတို့နှင့်လျော်သော သင်ရိုးနှင့်နည်းလမ်း သုံးလျက် လေ့ကျင့်ရန်သာ ရှိပါသည်။

**ခေါင်းဆောင်ပညာရေးအတွက် သော့ချက်သုံးခု**

သင်ရိုးကို တစ်ဦးချင်းအပေါ် အာရုံစိုက်၍ ပြောင်းလဲရမည် ဖြစ်ပါသည်။ သမိုင်းမှ ခေါင်းဆောင်ကြီး တစ်ယောက်ယောက်ကို လေ့လာလျှင် သူတို့ပညာရေး၌ အရေးကြီးသော အခြင်းအရာသုံးခုကို တွေ့ရပါလိမ့်မည်။ အချိန်၊ အသိပညာပေးနိုင်သူ ဆရာနှင့် ဂန္ထဝင်စာပေတို့ ဖြစ်ပါသည်။

လုံလောက်သော အချိန်မယူဘဲနှင့် မည်သည့်သင်နည်းမျှ မထိရောက်နိုင်ပါ။ ထိုအချိန်ကိုလည်း စီစဉ်ဖွဲ့စည်း ဇယားဆွဲရလိမ့်မည်။ " အချိန်ကို စီစဉ်ဖွဲ့စည်း " ဟူသော စကားလုံးမှာ အရေးကြီးပါသည်။ စီစဉ်ဖွဲ့စည်းပုံမှာ ပစ္စည်းသယ်ခါးပတ်စနစ်နှင့် အတူတူဖြစ်သွားတတ်သောကြောင့် ဖြစ်ပါ၏။ မနက် ၈ နာရီမှာ သင်္ချာ၊ သင်္ချာပြီး ၈း၅၀ မှာ အင်္ဂလိပ်စာ၊ ပြီးတော့ ၉း၄၀ မှာသမိုင်း စသော အချိန်ဇယားမျိုးထက် လုံလောက်သော အချိန်ကိုပေးသော ဇယားမျိုး ဆွဲသင့်ပါသည်။ တနေ့လျှင် ၅ နာရီ၊ တပတ်လျှင် ငါးရက် လေ့လာရေးအတွက် ရက်များ ချန်လှပ်ပြီး၍ သင်ကြားလျှင် ကျောင်းသားအများစုအတွက် လုံလောက်ပါသည်။ ငယ်သောကလေးများအတွက်လျှော့ကာ အတန်းကြီးကလေးတို့အတွက် ပိုနိုင်ပါသည်။ ရိုးရှင်းအောင် ဇယားဆွဲ၍ ရပါသည်။ ဥပမာ သင်္ချာအတွက် ပထမအချိန်တစ်နာရီ စာရေးခြင်းနှင့် ဆရာနှင့်ဆွေးနွေးဖို့ နောက်ဆုံး အချိန်တစ်နာရီ လွတ်လွတ်လပ်လပ်ကိုယ်တိုင်လေ့လာခြင်း အတွက် ကြာချိန်များ . . ။ ကျောင်းသားနှင့် လျော်အောင်ပြုပြင် ရပါမည်။ ပညာပေးသူ ဆရာ့အနေနှင့် အမြဲရှိဖို့ မလိုပါ။ မကြာခဏ တော့ ဆွေးနွေးရမည်။ ကျောင်းသားမှာ လွတ်လပ်မှု ရှိရမည်။ သူ၏ ဝါသနာဗီဇအလျောက် စာဖတ်ခြင်း၊ လက်တွေ့စမ်းသပ်ခြင်း၊ အချိန်ပေးရမည်။

ကမ္ဘာသမိုင်း၌ ဂန္ထဝင်စာကြီး၊ပေကြီးများနှင့် လက်ပွန်းတတီး သင်ပေးသော ဤနည်းလမ်းကိုသာ သုံးခဲ့ကြပါသည်။ အချိန်၊ စာကြီးပေကြီးနှင့် ဆရာ၊ ဤသော့ချက်များတွင် အသိပညာပေးသော ဆရာမှာ အရေးကြီးဆုံးသော့ချက် ဖြစ်ပါသည်။

* * *

# ရှေးတုန်းက

ဘယ်ပုံပြင်မဆို ဟိုရှေးရှေးတုန်းကလို့ စပြောရတယ် မဟုတ်လား။ ဒီပုံ ပြင်ကိုလည်း ဟိုရှေးရှေးတုန်းကနဲ့ စရမှာပဲပေါ့။ ဘာတွေများ ဟိုရှေးရှေးတုန်းက ဖြစ်ခဲ့ပါလိမ့်။

သားတို့သမီးတို့ လမ်းလျှောက်တတ်စ ကလေးတုန်းက အကြောင်းကို မှတ်မိလား။ "ဟိုရှေးတုန်းက ကလေးလေး တစ်ယောက်ရှိတယ်။ သူက ငယ်ငယ်လေးပဲ။ အဲဒီကလေးလေး က ကျွန်တော့်ပေါ့" သားရဲ့အကြောင်းကို ပုံပြောရင် အဲသလို စပြောရမှာပေါ့။ သားရဲ့အကြောင်းကို သားမှတ်မိကောင်းမှ မှတ်မိမယ်။ သို့ပေမဲ့ အဲဒီအကြောင်းတွေဟာ အမှန်တွေချည်း ကွဲ့။ သားတို့ရဲ့ အဖေနဲ့ အမေဟာလည်း တစ်ခါကတော့ ကလေးလေးတွေပဲ။ သားတို့ရဲ့ အဘိုးအဘွားလည်း ဟိုဟိုတုန်း ကတော့ ကလေးလေးတွေပဲ။ သူတို့မှာလည်း သားတို့လိုပဲ အဘိုးအဘွားတွေ ရှိတယ်။ သူတို့လည်း ကလေးလေးတွေဖြစ်ခဲ့ တော့ ဟိုရှေးတုန်းကလို့ ပြောမှာပဲ။ ဟိုရှေးတုန်းက တစ်ခုရဲ့ နောက်မှာ ဟိုရှေးတုန်းကတွေ အများကြီးရှိတယ်။ သားတို့ သမီးတို့က ဟိုရှေးတုန်းကတွေ အများကြီးရှိမှန်း သိတယ်။ ဟိုရှေးရှေးတုန်းကတွေ ဘယ်မှာဆုံးမလဲ။ အဘိုးရဲ့အဘိုးရဲ့ အဘိုးရဲ့အဘိုး . . ဖြည်းဖြည်းဆိုကြည့်ရင်း စဉ်းစားကြည့်စမ်းပါ။ အဲသလို စဉ်းစားကြည့်ရင် အတိတ်ကို ရောက်သွားမှာပေါ့။ ဟိုအဝေးကြီးက အတိတ်ကာလထဲကိုပေါ့။ သို့ပေမဲ့ သားတို့ "အစဦးဆုံး" ကိုတော့ ဘယ်တော့မှ ရောက်မှာမဟုတ်ဘူး။

“အစဦးဆုံး” တစ်ခုရဲ့ ရှေ့မှာ သည့်ထက်စောတဲ့ အစဦးဆုံး တစ်ခု ရှိနေတာကိုး။

တွင်းကြီးတစ်ခုလိုပဲ။ အဲဒီတွင်းကြီးက အောက်ခံ ကြမ်းပြင်ရယ်လို့ မရှိတဲ့တွင်း။ ငုံ့ကြည့်ရင် ခေါင်းတောင်မူးတယ်။ စာရွက်တစ်ရွက်ကို မီးညှိပြီး တွင်းကြီးထဲ ချကြည့်ရအောင်။ စာရွက်က တဖြည်းဖြည်း ကျသွားလိုက်တာ ဟိုအနက်ကြီးထိ။ မီးညှိထားတော့ စာရွက်ကျသွားတဲ့ လမ်းတစ်လျှောက် ရေတွင်း နံရံတွေကို မြင်နေရတယ်။ သားတို့သမီးတို့ တွေ့လား။ ဟိုအောက်ကို ကျဆင်းနေတာကိုလေ။ မှောင်မိုက်ထဲက ကြယ်ကလေးတစ်လုံးလိုပဲ။ တဖြည်းဖြည်း သေး . . သေးပြီး ပျောက်သွားတာကိုး။

မှတ်ဉာဏ်က မီးညှိထားတဲ့ စာရွက်နဲ့တူတယ်။ မှတ်ဉာဏ်ကို သုံးပြီး အတိတ်ကိုကြည့်ရတယ်။ ပထမတော့ ကိုယ့်မှတ်ဉာဏ်ကို သုံးရတာပေါ့။ လူကြီးတွေကိုလည်း သူတို့ မှတ်မိတာတွေ ပြောပါဦးလို့ မေးရတာပေါ့။ သေပြီးတဲ့လူတွေ ရေးခဲ့တဲ့ စာအုပ်တွေကိုလည်း ကြည့်ရ တာပေါ့။ ဒီလိုနည်းတွေ နဲ့ပဲ လာရာလမ်းကို ပြန်ကြည့်ရတာကွဲ့။ ရှေးတုန်းက လူကြီးတွေ ရေးခဲ့တဲ့ စာရွက်တွေ၊ စာအုပ်တွေကို သိမ်းထားတဲ့ အဆောက်အဦကြီးတွေကို မော်ကွန်းတိုက်လို့ ခေါ်တယ်။ မော်ကွန်းတိုက်ထဲမှာ ရှေးနှစ် ရာပေါင်းများစွာ ရေးထားတဲ့ စာတွေကို တွေ့နိုင်တာပေါ့။

ဟိုရှေး နှစ်တစ်ရာ၊ နှစ်တစ်ထောင်၊ နှစ်ငါးထောင်၊ နှစ်တစ်သောင်း . . မီးရောင်က မှိန်မှိန်လေးဆိုတော့ မှုန်မှုန်ကလေးပဲ မြင်ရမှာပေါ့။ ကွက်ကွက်ကလေးပဲ မြင်ရမှာပေါ့။ သို့ပေမဲ့ အဲဒီကာလတွေမှာလည်း ကလေးတွေ ရှိမှာပဲ။ ကလေးတွေက အစာစားကြမှာပဲ။ အဲဒီကလေးတွေဟာ ကကြီး ခခွေးတွေ ရေးကြမှာ မဟုတ်ဘူး။ သို့ပေမဲ့ ကလေးတွေက

ဟိုရှေးရှေးတုန်းကလို့တော့ ပြောကြမှာပဲ။ အဲသလို ဟို . . ဟို ရှေးရှေး တုန်းက လူရယ်လို့တောင် မပေါ်သေးဘူး။ ခုရှိတဲ့ တောင်ကြီးတွေက လည်း အဲဒီတုန်းက ယခုလို ဘယ်ဟုတ်ပါ့မလဲ။ တချို့တောင်ကြီးတွေက အကြီးကြီးတွေနေမှာ။ မိုးရေတွေ တိုက်စားလို့ ယခု တောင်ကုန်းလေးတွေ ဖြစ်လာမှာပေါ့။ တချို့တောင်တွေကျတော့ အဲဒီတုန်းက ရှိသေးမှာ မဟုတ်ဘူး။ ပင်လယ်ထဲက တဖြည်းဖြည်း ပေါ်လာတာကိုး။ နှစ်တွေ နှစ်တွေ သန်းပေါင်းများစွာ ကြာခဲ့တယ် မဟုတ်လား။

တောင်တွေမရှိခင်ကတည်းက အကောင်တွေတော့ ရှိတယ်။ ခုရှိတဲ့ အကောင်တွေနဲ့တော့ မတူဘူး။ ဟိုတုန်းက အကောင်တွေက အလွန်ကြီးတယ်။ နဂါးတွေနဲ့ တူတယ်။ အင်း . . အဲသလို ကြီးလည်းကြီး နဂါးနဲ့လည်း တူတယ်လို့ ဘယ်လိုသိသလဲ။ မြေကြီးထဲမှာ မြုပ်နေတဲ့ အရိုးတွေကို တစ်ခါတလေမှာ တွေ့လို့ပဲ။ သဘာဝသမိုင်းပြတိုက် တစ်တိုက်ကို ကျွန်တော် သွားလည်ဖူးတယ်။ အကောင်ကြီးတစ်ကောင်ရဲ့ အရိုးစုကြီးကို တွေ့ခဲ့ရတယ်။ အဲဒီအကောင်ကြီးကို ဒစ်ပလိုဒိုးကပ်လို့ ခေါ်သတဲ့။ အမည်က ထူးပါပေ့ ဆန်းပါပေ့ကွာလို့ ကျွန်တော်ဖြင့် မှတ်ထားတယ်။ ကျွန်တော်တို့အိမ်က အခန်းထဲမှာ အဲဒီအရိုးစုကြီးကို ထည့်ထားရင် ဆန့်မှာမဟုတ်ဘူး။ အမြင့်ကလည်း အိမ်ရှေ့က အုန်းပင် လောက်မြင့်တယ်။ အမြီးကလည်း ထန်းပင်လောက် ရှည်တယ်။ အသံကလည်း မိုးချုန်းသံလို ကျယ်တယ်လို့ ပြောကြတယ်။ ရှေးက သစ်တောကြီးထဲမှာ အော်ပြီးပြေးမှာပေါ့နော်။

ခုထက်ထိလည်း "အစကနဦး" ကိုတော့ ကျွန်တော်တို့ မရောက်သေးဘူး။ နောက်ကို အကြာကြီး သွားရဦးမယ်။ နှစ်သန်းပေါင်း ထောင်ပေါင်းများစွာ ကြာအောင်ပေါ့။ နှစ်သန်းပေါင်းတစ်ထောင်က ဘယ်လောက်ကြာပါလိမ့်။ (၁) စက္ကန့်ဟာ ဘယ်လောက်ကြာသလဲ သားတို့သိလား။ တစ်၊ နှစ်၊ သုံးလို့ ပါးစပ်က ရေကြည့်သလောက် ကြာတယ်မဟုတ်လား။ စက္ကန့်ပေါင်း သန်းတစ်ထောင်က ဘယ်လောက် ကြာပါလိမ့်။ (၃၂) နှစ် ကြာတယ်။ ဒါဆို နှစ်သန်းပေါင်း တစ်ထောင် ဟာ ဘယ်လောက်ကြာမလဲ၊ စဉ်းစားကြည့်လို့ ရလောက်ပြီ။

အဲဒီအချိန်တုန်းက အကောင်ကြီးတွေ မရှိဘူးတဲ့။ ခရုနဲ့တီကောင်တွေလို အကောင်လေးတွေပဲ ရှိသတဲ့။ အဲဒီကာလရဲ့ ရှေ့ပိုင်းဆိုရင် အပင်တွေ တောင် မရှိဘူးတဲ့။ ကမ္ဘာကြီးဟာ ပုံသဏ္ဌာန်ရယ်လို့မရှိတဲ့ လဟာပြင် ကြီးတဲ့။ ဘာမှကို မရှိဘူးတဲ့။ သစ်ပင်တစ်ပင်၊ ချုံတစ်ချုံ၊ မြက်တစ်ပင်၊ ပန်းတစ်ပွင့်မှ မရှိဘူး။ ကန္တာရ ကျောက်တုံးတွေနဲ့ ပင်လယ်ကြီးပဲရှိတယ်။ ပင်လယ်ဆိုပေမယ့် အဲဒီပင်လယ်ကလည်း ငါးတွေမရှိ ယောက်သွားတွေ မရှိ ပင်လယ်ရေညှိတွေတောင်မှ မရှိတဲ့ ပင်လယ်တဲ့။ သို့ပေမဲ့ လှိုင်းတွေ တော့ ရှိတာပေါ့။ လှိုင်းသံတွေကို နားထောင်ကြည့်ရင် လှိုင်းတွေက ဘာများပြောနေပါလိမ့်။ "ဟိုရှေးရှေးတုန်းက . ."

ဟိုရှေးရှေးတုန်း ကမ္ဘာကြီးဟာ ချာလပတ်လည်နေတဲ့ ဓာတ်ငွေ့နဲ့ အမှုန်တွေရောနေတဲ့ တိမ်တိုက်ကြီးတစ်ခုတဲ့။ အဲဒီဓာတ်ငွေ့ တိမ်တိုက်ထက် ပိုကြီးတဲ့ တိမ်တိုက်ကြီးတွေလည်း ရှိတယ်။ တယ်လီစကုပ်နဲ့ကြည့်ရင် အဲဒီတိမ်တိုက်ကြီးတွေကို မြင်နိုင်တယ်။ နှစ်တွေ၊ ဘီလျံများစွာ၊ ထရီလီယံများစွာကြာအောင် ရေမရှိ သက်ရှိရယ် လို့ မရှိတဲ့ အဲဒီဓာတ်ငွေ့နဲ့ အမှုန်တွေရောနေတဲ့ တိမ်တိုက်ကြီးဟာ နေကို လှည့်နေတယ်။ ဒီထက်အရင်ကတော့ နေရယ်လို့တောင် မရှိဘူး။ ကြယ်ကြီးတွေ ကြယ်လိုအရာဝတ္ထုတွေပဲ ဓာတ်ငွေ့တိမ်တိုက်တွေကြားမှာ လှည့်နေတာတဲ့၊ ဟိုရှေးရှေးတုန်းကပေါ့။

အတိတ်ကို ပြန်ပြောင်းကြည့်ရတာ ခေါင်းတောင်မူးလာသလိုပဲ နော်။ နေ၊ ကမ္ဘာ၊ ပင်လယ်၊ အပင်တွေ၊ ခရုတွေနဲ့ ဒိုင်နိုဆောတွေ၊ တောင်တန်းတွေဆီ။ အင်း . . လူသားတွေဆီပဲ ပြန်သွားရအောင်။ အိမ်ကို ပြန်လာသလိုပေါ့။ ဟိုရှေးရှေးတုန်းကကို လိုက်ကြည့်ရတာ အဆုံးမရှိတဲ့ တွင်းကြီးထဲကို ကျသွားသလိုပဲ။ ဒီတစ်ခါတော့ ဘယ်တုန်းက ဘာဖြစ်ခဲ့သလဲလို့ပဲ မေးကြစို့။ ဘယ်တုန်းက ဘာဖြစ်ခဲ့သလဲဆိုတဲ့ မေးခွန်းကိုဖြေတဲ့ ဘာသာရပ်ကို သမိုင်းလို့ခေါ်တယ်။ သမိုင်းဆိုတာ တိတိကျကျပြောတဲ့ ပုံပြင်ပါပဲကွယ်။ ငါတို့တစ်တွေရဲ့အကြောင်း ပုံပြင် ကွဲ့။ အဲဒီ တိတိကျကျပြောတဲ့ ကမ္ဘာ့သမိုင်းပုံပြင်ကို စပြီးပြောရအောင် လေ။


* * *

# သဘာဝချို့ငဲ့တဲ့ရောဂါ

ကလေးဆီကို သဘာဝက ပုံစံအမျိုးမျိုးနဲ့ လာတာ။ နွားပေါက်ကလေးတစ်ကောင်၊ ခွေးကလေးတစ်ကောင် ဒါမှမဟုတ် ကြောင်ကလေးနက်ပြာနဲ့ တောထဲက လမ်းကလေး။ ဘယ်ပုံစံနဲ့လာပစေ ကလေးအဖို့တော့ ပိုကျယ်တဲ့ကမ္ဘာ။ အဖေအမေရဲ့ကမ္ဘာနဲ့ဝေးရာ တယ်လီဗီးရှင်းထဲက ကမ္ဘာနဲ့ဝေးရာဆီ ရောက်သွားတယ်။ အင်း . . ကျွန်တော်ကလေးတုန်းက တီဗွီမှ မရှိဘဲ။ တီဗွီက အချိန်သူခိုးပဲ။ သဘာဝကတော့ အချိန်ကြီးကို ဆွဲဆန့်တဲ့အရာပဲ။

သဘာဝရယ် ဘာရယ်မသိပါဘူး။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ဒါမျိုးက သူ့အလိုလိုရတဲ့ပစ္စည်းပဲ။ ဒါမျိုးကို ကျွန်တော့် ကလေးတွေလည်း ရမယ်ထင်ခဲ့တာပေါ့။ သို့သော် တစ်မျိုးတစ်မည်ပြောင်းလဲကုန်တာကြောင့် ကျွန်တော့်သား ဖိုးမြတ်တို့ ထွန်းထက်တို့ အဲဒီပစ္စည်း မရတော့ဘူး။သူတို့မှာတော့ သဘာဝချို့ငဲ့ခြင်း ခေါ်မလား။

ဒါမျိုးကို ရောဂါလို့ အမည်တပ်သင့်ရဲ့လား။ ခုခေတ်ကလေးတွေမှာ အဲဒီပြဿနာတော့ ရှိတယ်။ စဉ်းစားစရာပဲ။ ကျွန်တော်တို့ငယ်ငယ်တုန်းကတော့ အိမ့်အပြင်ဘက်ချည်း အချိန်ကုန်တာ များတာပဲ။ မူလတန်းကျောင်းက သံလမ်းနံဘေးမှာ (မီးရထားလမ်းကို သံလမ်းလို့ ကျွန်တော်တို့ရွာမှာခေါ်တယ်) သံလမ်းကျော်ရင် လယ်ကွင်းတွေ၊ ယာကွင်းတွေ၊ ဆီးခြံတွေ။


NATURE
DEFICIT
DISORDER

ကျောင်းတက်ခေါင်းလောင်း မထိုးမချင်း ပြေးကြလွှားကြတာပဲ။ မနက်စောစော ကျောက်စည်ထိုးသံ၊ ကြက်တွန်သံနဲ့ အိပ်ရာက ထတယ်။ ယခုထက်ထိတောင်၊ လွမ်းပါသေးတယ်။ ကြက်တွန်သံလေးများ ကြားချင်ပါသေးတယ်။ ပန်းပဲထုသံတွေ ကြားချင်ပါသေးတယ်။ နွားလှည်းတအီအီသံရောပဲ။

ကျောင်းပိတ်ရက်မလဲ ငှက်ပျောခြံထဲက သဲချောင်းထဲသဲတွေ ကိုယ်ပေါ်ဖုံး၊ ခေါင်းပဲဖော်ပြီး သူငယ်ချင်း မြရှိန်နဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး တခစ်ခစ်ရယ်တာ။ မြရှိန် သရက်သီးသွားခူးရင်တော့ တစ်ယောက်တည်း ကျန်ခဲ့တာ။ သဘာဝက ပျော်ရွှင်တာကိုပေးတယ်။ ခိုလှုံရာပေးတယ်။ ကျွန်တော်တစ်ယောက်တည်းပိုင်တဲ့နေရာလေးကို ပေးတယ်။ အဲဒီနေရာမှာ တစ်ခါတစ်ရံတော့လည်းအိပ်ပျော်သွားတာပဲ။

ဘယ်သူ ဟန့်မယ့်၊ ဘယ်ဝါမှ တားမယ့်သူ မရှိဘူး။

ဝါးရုံ ဝါးရွက်များက
စကားဆိုသံ တရှိုရှို
အုပ်လုံးမသိမ်း ဆံပင်စိမ်းများနဲ့
ယိမ်းနွဲ့ကာ
ဖွာရရာ သီကရီ။

(တင်မိုး)

ကဗျာဆရာပေါက်စဟာ ဒီလိုနဲ့ ကဗျာစပ်တယ်။ မုံရွေးက ကလေးတစ်ယောက် ဒီလိုနဲ့ ကဗျာဆရာဖြစ်လာတယ်လို့ ထင်တယ်။ ယခုတော့လည်း ဝါးရုံပင်တွေလည်း မရှိတော့ဘူး။ ငှက်ပျောပင်တွေလည်း သေကုန်ပြီ။ သဘာဝက ကျောက်သင်ပုန်းကြီးပဲ။ ကလေးတစ်ယောက်ဟာ လျှောက်ပြီးရေးခြယ်လို့ရတာနဲ့ ဖန်ဆင်းတယ်လို့ခေါ်မလား၊ ဖန်တီးတယ်လို့ ခေါ်မလား၊ အဲသလိုအစွမ်းတွေ ရတာပဲ။

သဘာဝနဲ့ နှီးနှောတဲ့ အခွင့်အရေးရတော့ ကလေးတွေဟာ လောကရဲ့ ရှုပ်ထွေးမှုတွေကို တောထဲယူသွား စမ်းချောင်းတွေထဲမှာ ဆေးကြောလိုက်တာပေါ့။

သဘာဝဟာ ကလေးတစ်ယောက်ကို ခြောက်လှန့်နိုင်ပါတယ်။ ဒါပေတဲ့ ခြောက်လှန့်တာက ရည်ရွယ်ချက်နဲ့ကိုး။ ကလေးဟာ လွတ်လပ်ခြင်း၊ စိတ်ကူးယဉ်ခြင်းနဲ့ တစ်ကိုယ်တော် သီးသန့်ဖြစ်မှုကို သဘာဝထဲမှာ ရှာတွေ့တယ်။ လူကြီးတို့ရဲ့ကမ္ဘာက ခပ်ဝေးဝေး။ ကျွန်တော်တို့ရွာက ကဗျာဆရာလေး ရှာဖွေတွေ့ရှိခဲ့တဲ့ သီးသန့်ငြိမ်းချမ်းရေးလေ။

သဘာဝမှာ အဲသလို အသုံးကျမှုတွေ ရှိတယ်။ ဒါပေတဲ့ ဒီထက် ခပ်နက်နက်အဓိပ္ပာယ်နဲ့ ပြောဆိုရရင်တော့ သဘာဝဟာ သူ့ကိုယ်သူ ကလေးဆီမှာ အပ်နှင်းလိုက်တာပဲ။ အရည်လည်အောင် မရှင်းလင်းပြနိုင်ပေတဲ့ သဘာဝဟာ ရိုသေကျိုးနွံတတ်ခြင်းကို ကလေးထဲမှာ ထည့်လိုက်တာပဲ။

ဂယ်ရီစနိုက်ဒါးဆိုတဲ့ ကဗျာဆရာကြီး ရေးဖူးတာကို ပြန်ပြောရရင်တော့ သဘာဝမှာ အဓိပ္ပာယ်နှစ်မျိုး ရှိတယ်။ လက်တင်စကား "နေကျူရား natura"ကလာတဲ့ အဓိပ္ပာယ်တစ်မျိုးက မွေးခြင်း၊ ဖွဲ့စည်းခြင်း၊ ဂုဏ်အင်္ဂါ၊ ဖြစ်စဉ်တဲ့။ နောက်တစ်မျိုး "နေဆီ nasci" ကတော့ မွေးဖွားလာတာတဲ့။

ဂျွန်မီလ်တန်ပြောတဲ့ အနက်ကောက်စကားတစ်ခွန်းလည်း ရှိသေးတယ်။ သဘာဝဆိုတာ "ချိုမြိန်မှုများနှင့် ကန္တာရ"တဲ့။

ကန္တာရဆိုတော့ အရိုင်းစနစ်တွေမှာရှိတဲ့ စွမ်းအားတွေ ချမ်းသာကြွယ်ဝတာတွေ ရှိတယ်။ ချိုမြိန်မှုများနှင့်ကန္တာရ (wilderness of sweets) က သမုဒ္ဒရာတစ်ခုထဲက ငါးတွေ သိန်းပေါင်း သန်းပေါင်းများစွာ၊ မြက်ခင်းစိမ်း တပြန့်တပြောကြီးထဲက မုန်ညင်းစေ့တွေ ထောင်ပေါင်းများစွာ၊ အကောင်ပလောင်လေးတွေ သစ်ပင် ဝါးပင်ကလေးတွေ မယုံနိုင်လောက်အောင် ရှိနေတာကို ဟောတာပေါ့။ ကန္တာရမှာ ကသောင်းကနင်း

ပြောင်းတီပြောင်းဆန်တွေ၊ ချစ်ခင်စုံမက်မှုတွေ၊ မသိနိုင်တာတွေ၊ မတို့ မထိရလို့ တားမြစ်ပိတ်ပင်ထားတာတွေ၊ ပီတိ သောမနဿဖြစ်ပြီး အကြည်ဆိုက်စေတဲ့အရာတွေ အပမှီနေတာတွေလည်း ရှိတာပေါ့။ သဘာဝဆိုတဲ့ ချိုမြိန်မှုများနဲ့ ကန္တာရဟာ အစမူလရဲ့ တန်ခိုးတွေရှိတဲ့ အရပ်၊ သင်ပေးတဲ့ကျောင်း၊ ရင်ဆိုင်ရမယ့်နေရာလို့ ယူရမှာပေါ့။

ကလေးနဲ့သဘာဝကို စဉ်းစားရင် တတိယအနက်ကောက်ကို ကလေးတွေ ပိုပြီးသဘောကျမယ်။ သူ့သဘာဝအလျောက် အရိုင်းဖြစ်နေတဲ့၊ အမျိုးစုံလင်တဲ့၊ ကြွယ်ဝတဲ့၊ ခြံဝင်းထဲက ဒါမှမဟုတ် တောင်ကုန်းကျောက်ဆောင်တွေထဲက နေရာ။ ကျွန်တော်တို့စိတ်ထဲက တအံ့တသြဖြစ်လိုမှုကို သဘာဝက တုံ့ပြန်လိုက်မယ်။ "နေဆီ" မွေးဖွားလာလိမ့်မယ်။

ယခုတော့လည်း ကျွန်တော်တို့က ကုလားထိုင်မှာပဲ အချိန်ကုန်တဲ့သူတွေ ဖြစ်နေပြီ။ အထက်မှာ ဖော်ပြခဲ့သလို ကျွန်တော်တို့ငယ်တုန်းကတော့ အိမ်အပြင်မှာပဲ အချိန်ကုန်တာပဲ။ အဲဒီတုန်းက အိမ်ထဲမှာပဲနေတဲ့ ကလေးတွေကို အိမ်တွင်းပုန်းလေးတွေလို့ ခေါ်ကြတာ။ နေရာကျယ်ကြီးတွေရှိလို့ရယ် မဟုတ်ပါဘူး။ လမ်းပေါ်မှာဖြစ်ဖြစ် အိမ်ဝင်းထဲမှာဖြစ်ဖြစ် ဆော့ကြတာပဲ။

တစ်ခုခုကဖြင့် မတူကြတော့ဘူး။ ဟိုတုန်းက ကလေးတွေတင်မဟုတ်ဘူး လူကြီးတွေလည်း အိမ်ထဲ ကုပ်မနေဘူး။ အိမ်ကပြင်မှာမန်းကျည်းပင်အောက်က တန်းလျားပေါ်မှာ အိမ်နီးနားချင်းတွေနဲ့ စကားပြောနေကြတာ ရေနွေးကြမ်းသောက်နေကြတာပဲ။

ကျွန်တော့်သားတွေဖြင့် ကွန်ပျူတာရှေ့မှာ နေကြတော့တာပ။ အခန်းထဲက မထွက်ဘူး။ အင်း . . သဘာဝချို့ငဲ့တဲ့သူတွေ။ မနက်စောစော ထကြကွာ နေမင်းကြီးကို တို့ ကြည့်ရအောင် အရုဏ်တက်ဟာ လှသကွလို့ပြောတာကို သူတို့က အထူးအဆန်းလာပြောတဲ့သူလို ကျွန်တော့်ကို ကြည့်ကြတယ်။

ကိုတာ

## မိတ်ဆွေ

သားနဲ့အဖေဟာ သူငယ်ချင်း မိတ်ဆွေလား။ သားအရွယ်ရောက်လာပြီဆိုရင် သားနဲ့ အဖေကြားမှာ ထားရမယ့်ဆက်ဆံရေးက သူငယ်ချင်း မိတ်ဆွေဆက်ဆံရေးတဲ့။

နှစ်တွေ နည်းနည်းတော့ ကြာပါပြီ။ အကြီးကောင်ရယ်၊ အလတ်ကောင်ရယ်နဲ့ ကျွန်တော်တို့ ဘောလုံးပွဲတစ်ပွဲ သွားကြတယ်။ ကျွန်တော့်ကားကို ကားတစ်စီးက ကျော်တက်သွားလို့ ကြည့်လိုက်တဲ့အခါ ကားပေါ်မှာ နားကွင်းတွေနဲ့ ဆယ်ကျော်သက်တွေအပြည့် ဆူညံနေတယ်။ ကိုးရိုးကားရား အော်ကြ ဟစ်ကြ လက်တွေဝှေ့ယမ်းကြနဲ့။

"သူတို့က ဘာလို့ အဲသလို အဝတ်အစားတွေ ဝတ်ကြတာလဲ။ ဘာလို့ ဆူညံနေကြတာလဲ" ဖိုးမြတ်က မေးတယ်။ အဲသည်တုန်းက သူ ကိုးနှစ်သားပဲ ရှိမှာပေါ့။ ထွန်းထက်က ၇ နှစ်သား ရှိမှာပေါ့။ "သူတို့က သူတို့မိဘတွေဆီက ခွာနေကြတာကွ"။ "သူတို့က သူတို့မိဘတွေနဲ့ မတူချင်ကြလို့ထင်တယ်" ကျွန်တော်က ဖိုးမြတ်ကို ပြန်ဖြေခဲ့တယ်။

အလတ်ကောင် ထွန်းထက်က ငြိမ်ပြီး နားထောင်နေတယ်။ သားနှစ်ယောက်ကို ကျွန်တော် ကြည့်နေမိတယ်။ ခဏကြာတော့ ထွန်းထက်ကပြောတယ်။ "သားကတော့ ဖေဖေတို့ဆီက ခွာမသွားချင်ပါဘူး။ သားတို့က မေမေကြီးကို ချစ်တယ်။ ဖေဖေကြီးကိုလည်း ချစ်တယ်။

ကျွန်တော်က သူတို့ကို ရှင်းပြရတယ်။ ဆယ်ကျော်သက်ဖြစ်လာပြီဆိုရင်တော့ ဆယ်ကျော်သက်တွေက သူတို့ဟာသူတို့ပဲဖြစ်ချင်တာ သားရဲ့။ ဒါပေမဲ့ အဲသလိုဖြစ်ဖို့အတွက် မိသားစုကနေလုံးဝဥဿုံ ခွာသွားစရာတော့ မလိုပါဘူး။

ဒီစကားဟာ ကျွန်တော့်ကိုယ်ကျွန်တော် ပြောနေတာဖြစ်ဖို့သာများပါတယ်။ ဖိုးမြတ်နဲ့ ထွန်းထက်ကတော့ ကျွန်တော်ပြောတာကိုကျေနပ်သွားပုံ ရပါတယ်။ ကျွန်တော်တို့ သားအဖဟာ ကားထဲမှာငြိမ်ငြိမ်ပဲ ဆက်ထိုင်နေမိကြတယ်။ အပြင်ဘက်က လူတွေကိုကျွန်တော်တို့ ငေးကြည့်ကြရင်းပေါ့။

ခုတော့လည်း ကျွန်တော်တို့သားအဖဟာ ကြီးကောင်ဝင်ကြတဲ့နှစ်တွေကို အတူဖြတ်နေရပါပြီ။ "ဆယ်ကျော်သက်တွေက လွတ်လပ်ချင်ကြတာပေါ့။ ဒါပေမဲ့ အဲသလိုဖြစ်ဖို့အတွက် မိသားစုကနေ ခွာသွားစရာတော့ မလိုပါဘူး"။ ကျွန်တော်ကိုယ်ကျွန်တော် အဲသည်စကားပြောဖို့ပိုပြီး လိုအပ်နေပါတယ်။ မိဘနဲ့ ကြီးကောင်ဝင်တဲ့ သားသမီးတွေရဲ့ကြားက အဆင်မပြေမှု၊ ပဋိပက္ခ။ ဒါက သဘာဝပဲလို့ ကျွန်တော်တို့ တွေးခဲ့ကြတယ်။ "ကလေးတွေဟာ မိဘတွေဆီကလွတ်အောင် လုပ်ကြတော့မှာပဲ။ မိဘတွေကတော့ ကလေးတွေအပေါ် ထိန်းကွပ်ထားမှုကို ကျက်သရေရှိရှိလက်လွှတ်သင့်တာပေါ့။ ဒါပေတဲ့ အဲဒီအရွယ်ရောက်ရင် အကျင့်ကောင်းတွေကို ရပြီးသားဖြစ်ရတော့မယ်။ အဲလိုမှ မရသေးရင် နောက်ကျပြီ"။ သာမန်အားဖြင့် ကျွန်တော်တို့ အဲသလို ယူဆခဲ့ကြပါတယ်။ ဒါပေတဲ့ယခုတစ်လော ဖတ်ရတဲ့ တွေ့ရှိချက်တွေကတော့ ကျွန်တော့်ကို ပိုပြီးစိတ်သက်သာရာ ရစေပါတယ်။ ကြီးကောင်ဝင်လာတဲ့ လူငယ်တွေကိုပိုပြီးတော့ လွတ်လွတ်လပ်လပ်နေဖို့ ခွင့်ပြုသင့်ပါတယ်။ မိဘတွေနဲ့လုံးဝပြတ်တောက်ဖို့တော့လည်း မသင့်ပါဘူးတဲ့။ မိဘနဲ့ သားတို့ဟာတစ်ဦးနဲ့တစ်ဦး နီးနီးစပ်စပ် ဆက်သွယ်လုပ်ကိုင်နေကြတဲ့ အရွယ်ရောက်ပြီးသား လူကြီးတွေ ဆက်သွယ်ပုံမျိုးဆီကို ဦးတည်သင့်တယ်။ တစ်ဦးနဲ့တစ်ဦး နီးစပ်တဲ့ လူကြီးတွေဟာ မိတ်ဆွေတွေပဲဖြစ်စေ၊ မိသားစုဝင်

တွေပဲဖြစ်စေ သူတို့လုပ်ကိုင်ကြတာက လုံး၀ လွတ်လွတ်ကင်းကင်းမှ မဟုတ်တာ။ တစ်ဦးနဲ့တစ်ဦး ဆက်စပ်ဆောင်ရွက်ကြတာပဲ။ ကွန်ရက်လို ချိတ်ထားတာပဲ။ အလုပ်ကို ခွဲဝေလုပ်ကြတာပဲ။ တစ်နေရာမှာ ဆုံကြ တွေ့ကြ ဆွေးနွေးကြတာပဲ။ လူကြီးတွေရဲ့ ဆက်သွယ်ရေးဟာ အဲသလိုပဲ မဟုတ်လား။

မိဘရော လူငယ်တွေရော အဲသလို ဆက်သွယ်ရေးဆီ ရောက်အောင် ပြောင်းလဲရမှာပါ။ ကြီးကောင်ဝင်ခြင်းကြောင့် သားသမီး တွေရဲ့ ပြောင်းလဲလာ၊ ပြောင်းလဲခြင်းကို အဲသလို ရှုမြင်ရမှာပါ။

အဖေတွေနဲ့ သားတွေဟာ ရုန်းကန်နေကြရတာပဲလား။ ညင်ညင်သာသာနဲ့လည်း ပြေလည်နိုင်ပါတယ်တဲ့။ ၁၁ နှစ် ၁၂ နှစ်အရွယ် ထိကတော့ ကလေးတွေဟာ မိဘတွေကို အသိဉာဏ်ဆိုင်ရာ အကျင့် သီလဆိုင်ရာ လမ်းပြတိုင်ကြီးတွေလို အမှိုသဟဲ ပြုကြတာပဲ။ သည့်နောက် တော့လည်း မိဘတွေကိုလွန်ပြီး ကြည့်ကြတာက ထုံးစံပဲ။ သားတွေအဖို့ အဖေတစ်ယောက်တည်း ယောကျာ်းကြီး မဟုတ်တော့ဘူး။ ကြီးကောင် ဝင်တဲ့အရွယ်မှာ တခြားယောကျာ်းကြီးတွေကိုလည်း မျှော်ကြည့်ကြတော့ တာပေါ့။ အဖေအနေနဲ့ကတော့ သားအတွက် ဂုဏ်ယူတာနဲ့ အောင့်သက်သက် ဝေဒနာနှစ်ခုကိုရောပြီး ခံစားရတာပေါ့။ ဒါပေတဲ့ လည်း သားဟာ အမြဲထာဝရ ခွာသွားတာတော့ မဟုတ်ဘူးပါလေ။ သူဟာသူ ဖြစ်ချင်လို့ သူဟာသူ လုပ်ချင်လို့ နေမှာပါလေ။ သလိုသာ စိန်ခေါ်မှုကို လက်ခံလိုက်ရပါတယ်။ ကစားပွဲလိုပဲ။ သားက နိုင်တယ် ဆိုပါစို့။ သူ့တိုးတက်မှုအတွက် နှစ်သက်လိုက်တာပေါ့။ မိတ်ဆွေတွေ ဖြစ်သွားပြီလို့ ကြိုးစားနားလည်ရတာပေါ့။

ထွန်းထက် ၁၇ နှစ်တုန်းက၊ မင်းတို့ အမေရိကန်စင်တာသွား စာအုပ်တွေငှားဖတ်ဖို့လိုတယ်။ တိုဖဲလ် ၆၀၀ ရမှ ကောလိပ်ဝင်ရင် ကောလိပ်ကောင်းကောင်း ရမယ်လို့ ကျွန်တော်ပြောတဲ့အခါ-

သူတော့ အဲသလို မလုပ်တော့ဘူးတဲ့၊ သားက ပြန်ပြောတယ်။

ဘာကြောင့်လဲလို့မေးတော့ ဘာပဲဖြစ်ဖြစ်ဗျာတဲ့။

သူ ဘာကြောင့် အကြောင်းမဲ့ ကျွန်တော်ကို ဆန့်ကျင်ရတာလဲ၊ ကျွန်တော် မသိခဲ့ဘူး။ သူဆန့်ကျင်တာက ကျွန်တော့်ရဲ့ လွှမ်းမိုးတာကို သူ မကြိုက်တာပဲ။ သူ့အပေါ် "တင်" တာကို မခံချင်တာပဲ။ ခင်ဗျားသားရဲ့ ယောက်ျားပော်မှုန်း တက်စတိုရုန်းတွေက ခင်ဗျားထက် များနေပြီဗျတဲ့။ သူငယ်ချင်း စိတ်ပညာရှင်တစ်ယောက်က ရှင်းပြတယ်။

ဟိုတစ်နှစ်ကတော့ သူတက်မယ့် ကောလိပ်ကျောင်းကို ကျွန်တော်လိုက်ပို့တယ်။ ကျွန်တော့်သားအကြီးဆုံး သူ့အစ်ကိုကြီး မောင်ဖိုးမြတ်က သူ့ထက် ၂ နှစ်စောပြီး ကောလိပ်ကျောင်းကို ရောက်နှင့်နေပြီ။ ဆိုင်းမွန်း(စ)ရောစ့်ကို ကားနဲ့သွားကြတယ်။ ဖိုးမြတ်က မောင်းတယ်။ ထွန်းထက်က နံဘေးကနေ လမ်းမြေပုံဖတ်တယ်။ သူတို့ညီအစ်ကိုနှစ်ယောက် စကားတပြောပြောနဲ့။ တစ်ခါမှ မရောက်ဖူးတဲ့ နေရာတစ်နေရာကို ချောချောမောမော ရောက်သွားပါတယ်။ ကျွန်တော်သာဆိုရင် ချောချောမောမော ရောက်မယ်မထင်ဘူး။ သားတွေက ဒီနေရာမှာ အဖေထက် သာသွားပါပြီ။ သူတို့ လူလားမြောက်သွားပြီပဲ။ ကောလိပ်ကျောင်းနားက ဟိုတယ်တစ်ခုမှာ တည်းတဲ့အခါ ရာသီဥတုက အေးလည်းအေး မိုးကလေးလည်း တဖွဲဖွဲဆိုတော့ သူတို့က ကျွန်တော့်ကို ဂရုစိုက်ရှာကြတယ်။

သားနဲ့အဖေဟာ တစ်ယောက်ကိုတစ်ယောက် ချစ်တော့လည်း ချစ်ကြပါတယ်။ ဒါပေတဲ့ အတွယ်အတာကြိုးတချို့ ပြတ်တောက်သွားတဲ့အခါ ရှိမှာပေါ့။ ကြိုးပြန်ဆက်တာက တစ်ခါတလေ နှစ်တွေကြာမှ၊ နောက်များမှာမှ။ ကျွန်တော်ဖြင့် သူတို့ဆုံးဖြတ်ချက်နဲ့ ကျွန်တော့် ဆုံးဖြတ်ချက် မတူလို့ ကျွန်တော့်ဆုံးဖြတ်ချက်ကို သားတွေ မလိုက်ကြတဲ့ အခါ . . မင်းတို့ ကြိုးစားတော့ လုပ်ကြပေါ့ကွာ၊ ဖေဖေကတော့ ဘာပဲဖြစ်ပစေ သားတို့နောက်မှာ အမြဲရှိပါတယ်၊ အဲဒီအချက်ကိုသာ မှတ်ထားကြပါကွာ ပြောရတယ်။ ဒီစကားကို သူတို့ သတိရနေမှာလို့ ကျွန်တော်ထင်လို့ပါ။

စကားအရှည်ကြီး ပြောနေတာမျိုးတော့ ကြီးကောင်ဝင်စ အရွယ်တွေက မကြိုက်ဘူးတဲ့။ သူတို့က ဟော်မုန်းဓာတ် အပြောင်းအလဲတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေတဲ့။ သူတို့ အတွင်းဓာတ်အပြောင်းအလဲကို ဖွင့်ဟဖို့ ခက်နေတတ်သတဲ့။ စကားအရှည်ကြီး ဟောနေတာထက် အပြုအမူနဲ့ ပြတဲ့။ အားကစားရုံကို အတူသွားပြီး အတူကစား၊ ခရီးအတူတူသွား စိတ်ပညာရှင်တစ်ယောက်က action relationship အပြုအမူအားဖြင့် ပေါင်းကြတဲ့။

ယခုတော့ ထွန်းထက်က တွေးတွေးဆဆ ချင့်ချိန်တဲ့ ကောင်လေးပါ။ အိမ်မှာ စကားတွေအကြာကြီးတော့ ကျွန်တော်တို့ မပြောဖြစ်ကြဘူး။ ဒါပေတဲ့ သူဝပ်ကျင်း (အခန်း) ထဲက ထွက်လာခဲ့အခါ ကျွန်တော်တို့ သားအဖ ဆွေးနွေးကြတယ်။ ဟိုနေ့က ဒေါ်နယ်ထရမ့်အကြောင်း ဖတ်နေတာတွေ့တာနဲ့ စတီဗ်ဂျော့ဖတ်ပါလားလို့ စာအုပ်လဲဖတ်တာမျိုး သားအဖနှစ်ယောက် လုပ်ကြတယ်။ အဲ . .
တကယ်တော့ မိတ်ဆွေတွေလိုဖြစ်လာတာဗျ။ သူက ကျွန်တော့်အတွက် မိတ်ဆွေတစ်ယောက် ဖြစ်လာပြီး ဒီလိုဖြစ်လာတာက ကျွန်တော်တို့ နှစ်ယောက်လုံးအဖို့ သက်သောင့်သက်သာ ဖြစ်သဗျ။ ဆက်သွယ်တဲ့ ကြိုးအသစ်တွေ ဖြစ်လာတယ် ဆိုပါစို့ရဲ့။ သူပြောတာကို ကျွန်တော် နားထောင်တာက ကျွန်တော်က သူ့သူငယ်ချင်း ဖြစ်လာပြီပဲ။

No one is wise enough by himself.
—Titus Massius Plautus

ကိုတာ

# ကလေးတွေကို စောင့်ရှောက်ကာကွယ်

ဆီသည်မ လက်သုတ်လိုဖြစ်နေတဲ့ အာဖရိကန် ဆိုရိုးစကားတစ်ခု ရှိတယ်။ ဒီစကားက မှန်တော့လည်း မှန်တယ်။ “ကလေးတစ်ယောက် လူလားမြောက်ဖို့ တစ်ရွာလုံးက ဝိုင်းလုပ်ရ တယ်”။

ဒါပေတဲ့ အဲသလို ကျင့်ဖို့က နည်းနည်းတော့ ခက်တယ်။ ကိုယ့်ကလေးကို ဘယ်လို၊ ဘယ်လောက် ဂရုစိုက် ရမယ်ဆိုတာပဲ ကျွန်တော်တို့အနေနဲ့ သိတာကိုး။ “သူများ ကလေးကို ဘယ်ပုံဂရုစိုက်ရမတုန်း။ ဒါမျိုးကို ကျွန်တော်တို့ မသေချာဘူး ဆိုပါစို့ဗျာ။ အမေ ဒါမှမဟုတ် ဖအေတစ်ယောက် က ဈေးထဲမှာ သူ့ကလေးကို အော်ဟစ်၊ ဒါမှမဟုတ် ရိုက်နှက် နေတာ ကျွန်တော်တို့ တွေ့နေရတယ် ဆိုပါစို့။ ကျွန်တော်တို့ ကြုံနေရတာဟာ ကလေးကို စည်းကမ်းတကျဖြစ်အောင် သွန်သင်နေတာလား၊ နှိပ်စက်နေတာလား။ မိဘကို တစ်ခုခု ကျွန်တော်တို့ ပြောသင့်သလား။ နှိပ်စက်တဲ့အဆင့် မရောက် သော်လည်း ကလေးအတွက် ပြင်းထန်နေတယ်လို့ ဘယ်လို အခြေအနေမျိုးကို သတ်မှတ်ရမလဲ။ ကျွန်တော်တို့ ဝင်ပါသင့်ပါ သလား။

ကျွန်တော့်သားကြီး ၁၁ နှစ် ရှိတုန်းကပေါ့။ ကျွန်တော် နဲ့ သူ “ဂျူရပ်ဆစ်ဥယျာဉ်” ရုပ်ရှင် သွားကြည့်ကြတာပေါ့။ မပြသေးခင် ထိုင်နေကြတာပေါ့။ လူတွေ ဝင်နေတုန်း မီးလည်း မမှိတ်သေးတဲ့အချိန်မှာပေါ့။



လူငယ် အမျိုးသမီး၊ အမျိုးသား စုံတွဲတစ်တွဲ ရုပ်ရှင်ရုံထဲ ဝင်လာတယ်။ နှစ်ဆယ်ကျော်သက်ကလေးတွေ။ အမျိုးသမီးက ကလေးလေးကို ချီပြီး ကလေးက ၁ နှစ်သားလောက်ပဲ ရှိမယ်။ အမျိုးသားက ကြွက်သားတွေထုတ်ပြတဲ့ တီရှပ်နဲ့ ဘေစ့်ဘောဦးထုပ် ပြောင်းပြန်ဆောင်းလို့၊ ရှေ့ဆုံးတန်းဆီလျှောက်သွား ခုံနေရာတွေ့တဲ့ အခါ ထိုင်ကြတာပေါ့။ အမျိုးသားက ကလေးကို ယူချီလိုက်တယ်။ သူက အဖေဖြစ်မှာပဲလို့ ကျွန်တော် ယူဆလိုက်တယ်။ ကျွန်တော့်စိတ်ထဲ နေမထိ ထိုင်မသာ ကသိကအောက်ဖြစ်လာတယ်။

ဒီရုပ်ရှင်က ၈ နှစ်သား၊ ၁၀ နှစ်သား ကလေးတွေနဲ့ မသင့်လျော်တဲ့ ကား ခင်ဗျ။ ခဏကြာတော့ ကျွန်တော်လည်း သူတို့ဆီ သွားပြီး အမျိုးသားကို "တဆိတ်လောက် ခင်ဗျာ . . ကျွန်တော့်အလုပ် တော့လည်း မဟုတ်ဘူးပေါ့ဗျာ။ ခင်ဗျားအနေနဲ့ ဒီရုပ်ရှင်ကားအပေါ် ဝေဖန်ချက် ဖတ်ပြီးပါပြီလားဗျ"

သူ ရပ်ပြီး ကျွန်တော့်စကားကို နားစွင့်နေတာနဲ့ ကျွန်တော် ဆက်ပြောလိုက်တယ်။ "ဒီကလေးငယ်လေးနဲ့ ဒီကား မလျော်ဘူးခင်ဗျ"

သူက ကျွန်တော့်ကို သေသေချာချာ ကြည့်နေတာပေါ့။ ဒီလူ ဘယ်ကလူလဲ၊ ဘယ်ဘုရားရှိခိုးကျောင်းက ဘဲကြီးလဲ၊ ကိုယ့်ထမင်း ကိုယ်စား ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်နေတဲ့ ငနဲကြီးဆိုတဲ့ အကြည့်မျိုးနဲ့။ ပြီးမှ သမီးလေးက ဒီရုပ်ရှင် ကြည့်မှာ မဟုတ်ပါဘူး" လို့ ပြန်ဖြေတယ်။

ဘယ်လိုလဲ။ ရှေ့ဆုံးတန်းက ပိတ်ကားနဲ့ကပ်လျက်မှာ ထိုင်နေပြီးတော့။ ကလေးလေးကို ကျွန်တော် တွေ့တယ်။ သမီးလေးပဲ။ ဇာစအကျီ လှလှလေးနဲ့၊ ကလေးက နိုးနေတာပဲ။

"ဒါပေတဲ့ဗျာ၊ သူ ကြားမှာပေါ့၊ သူ ခံစားရမှာပေါ့"

ကလေးအဖေဟာ ပခုံးကို တစ်ချက်တွန့်၊ ကျောပေးပြီး ထိုင်ချ လိုက်တာကြောင့် ကျွန်တော်လည်း ပြန်လှည့်လာရတာပေါ့။

ပြောင်းဖူးကြော် သွားဝယ်ပြီး ပြန်ရောက်တော့ ကျွန်တော့်သားက မေးတယ်။ ရုပ်ရှင်ရုံ အုပ်ချုပ်ရေးကို သွားမပြောဘူးလား ဖေဖေတဲ့။

"မသွားပါဘူးကွာ။ သူတို့ ဘာပြောမလဲဆိုတာလည်း ဖေဖေ သိပြီးသားပါ" သားကို ကျွန်တော် ဖြေလိုက်ရတယ်။

ရုပ်ရှင် စပြပါပြီ။ အသံမုန်တိုင်းကြီး တိုက်ပါတယ်။ ကျွန်တော့် အနေနဲ့ ကလေးမလေး ဘယ်လိုများနေမလဲလို့ တွေးနေမိတယ်။ ကျွန်တော်လုပ်ခဲ့တာကကော မစို့မပို့လေးလား၊ အလွန်အကျွံလား။ ကျွန်တော်က ကြွက်သားပေါ်အောင် ထုတ်ပြနေတဲ့ တီရှပ်ကို ကြည့်မရလို့ များလား၊ ဒီလူက ဖခင်ကောင်းတစ်ယောက် ဖြစ်နိုင်တာပဲ။ ဒီစုံတွဲက ကလေးထိန်း မတတ်နိုင်လို့ ထင်တယ်။ ရုပ်ရှင်ကြည့်ဖို့တော့ ပိုက်ဆံ ရှိသားပဲ။ ကျွန်တော့်သားသာ ပါမလာရင် ကျွန် တော်ထပြီး သွားပြောချင် ပြောမိမယ်။

ရုပ်ရှင်ကြည့်ပြီး နောက်တစ်ပတ်လောက်မှာ ကလေး စိတ်ပညာဆရာ ပါရှူးနဲ့တွေ့တော့ အခါလည်သား ကလေးတွေက ဒါမျိုးတွေ ခံနိုင်တယ်။ နှစ်နှစ်၊ သုံးနှစ်သားကတော့ ဒဏ်ရာရနိုင်တယ်လို့ ပြောတယ်။ သူ့စကားက ယုံဖို့ ခက်ခက်ပဲ။ အခါလည်သားလေးတွေက ရေမြှုပ်တွေ မဟုတ်လား။ အကုန်စိမ့်ဝင်တာ မဟုတ်လား။

ငါးနှစ်သားအရွယ်တုန်းက ကျွန်တော် မှတ်မိနေတာတစ်ခု ရှိတယ်။ ညတိုင်း ကျွန်တော့်အခန်းထဲကို အမှောင်ရိပ်ထဲက လူတစ်ယောက် ဝင်လာပြီး ခြေထောက်တွေကို မ၊ ကျွန်တော့်ကိုယ်ကို လှုပ်တယ်။ အဲသလို သူလုပ်ပြီးမှ ကျွန်တော် အိပ်ပျော်သွားလေ့ရှိတယ်။ နှစ်တွေကြာပြီး ကျွန်တော့်သားဦးလေးရဲ့အနှီးတွေ လဲပေးတဲ့အခါမှ ခုနအစွဲဟာ ဘယ်ကလာတယ်ဆိုတာကို သတိထားမိတယ်။ ကျွန်တော် က သားရဲ့ ခြေထောက်နှစ်ချောင်းကို မ၊ သူ့အောက်က အနှီးဟောင်းကို ထုတ်ပြီး အနှီးသစ် လဲပေးတာကိုး။ ကျွန်တော် အနှီးလဲပြီးတော့ သူလည်း အိပ်သွားတာပေါ့။ အင်း . . သူငယ်မလေးကတော့ဖြင့် ရုပ်ရှင်ထဲက ဒိုင်နိုဆောကြီးတွေ ငယ်သံပါအောင် အော်သံတွေကို သတိရနေမှာပါပဲလို့ ကျွန်တော် တွေးမိနေတယ်။

စိတ်ပညာဆရာ ပါရှူးက "ဂျူရပ်ဆစ်ဥယျာဉ်" ကို သူ သွားကြည့်တုန်းကလည်း ၇ နှစ် သမီးလေးတစ်ယောက် သူ့ရှေ့မှာ အံပစ်တာ တွေ့သတဲ့။ ပါရှူးက ဒါမျိုးတွေ ခဏခဏဖြစ်သလားလို့ ရုပ်ရှင်ရုံ လာသူတွေ မေးကြည့်တဲ့အခါ ပွဲတိုင်းလိုလို အံဖတ်တွေ ဆေးပစ်ရတယ်လို့ ပြန်ဖြေသတဲ့။

အဲဒီ အဖြစ်အပျက် ပြီးကတည်းက ကျွန်တော်ဖြင့် ကလေးမလေးအကြောင်း၊ လူတစ်ယောက်ရဲ့ တာဝန်သိမှုအကြောင်း တွေးနေမိတာပဲ။ ကျွန်တော်တို့ရဲ့ ထူးဆန်းတဲ့ ယဉ်ကျေးမှုစရိုက်ကြီး အကြောင်းလည်း တွေးမိတယ်။

လူတွေက အများနဲ့ဆိုင်တဲ့ နေရာတွေမှာ ဆေးလိပ်သောက်တဲ့သူတွေကို ဆေးလိပ်မသောက်ဖို့ ပြောထွက်ကြပေမယ့် ကလေးတွေကို ပစ်စလက်ခတ် လုပ်နေတဲ့ မိဘတွေကိုတော့ ဘာမှ မပြောကြပါကလား။ ဘာလို့လဲ။ ဆေးလိပ်မီးခိုးက သူတို့ရှူမယ့်လေထဲ ပါလာမှာကြောင့် ပြောကြတာလား။ တိုက်ရိုက်ကိုယ့်အကျိုး ထိခိုက်မှုလား။ ရုပ်ရှင်ပြတုန်း ကလေးသာ တဖြဖြ အော်ငိုနေရင် မပြောဘဲ နေကြမှာ မဟုတ်ဘူး။

"ကိုယ်ကျိုးကြည့်ခြင်း" ကို အဓိပ္ပာယ်ဖွင့်ဆိုဖို့ ခက်တယ်။ ရပ်ကွက်က ကလေးတွေ လူဆိုးလေးတွေ၊ လူကောင်းလေးတွေ ဖြစ်လာခြင်း၊ မလာခြင်းက ကျွန်တော်တို့ အားလုံးကို အကျိုးသက်ရောက်မှာ ဆိုပေမယ့် သူများကလေးတွေ မတော်မတည့် လုပ်နေတာတွေ့ရင် ရှောင်သွားကြတာ များတာပဲ။ ကလေးတွေကိစ္စက သူတို့မိဘတွေရဲ့ တသီးပုဂ္ဂလ ကိစ္စပေါ့။ လေထဲမှာ ဆေးလိပ်မီးခိုး ပါတာကမှ အများဆိုင် ဘုံကိစ္စပေါ့လေ။

ကလေးတွေနဲ့ ပတ်သက်လို့ တရားဥပဒေဘက်က ကလေး အခွင့်အရေး ဘာညာ ပြောလာကြပါပြီ။ ဒါပေမယ့် အိမ်နီးချင်းတွေရဲ့ တာဝန်သိမှု အကြောင်းကိုကော။ လေလွင့်နေတဲ့ ကလေးတွေကို ဘာမှ မပြောတဲ့ အိမ်နီးချင်းတွေလေ။ အရက်ဝယ်ပေးနေတဲ့ ကလေးတွေကို

မြင်နေလျက်နဲ့ ကျွန်တော်တို့ ကိုယ်နဲ့မဆိုင်သလို နေကြသလေ။ ရုပ်ရှင်ရုံပိုင်ရှင်တွေက အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ ရုပ်ရှင်ကားတွေမှာ ကလေးတွေကို ကြည့်ခွင့်ပေးနေရင် အဲသလိုအပြုအမူ မဟုတ်ဘူးလားဗျာ။ သူတို့ကတော့ ကိုယ့်ကလေးကိုယ် ထိန်းရမှာ မိဘတာဝန်လို့ ပြောမှာပေါ့လေ။ ဒါဆိုရင် ရုပ်ရှင်ကြည့်သူ လူကြီးမင်းများက မိဘတွေကို တစ်ခုခုတော့ ပြောရမှာပေါ့ မဟုတ်ဘူးလား။

ရုပ်ရှင်ရုံထဲမှာ ကလေးအဖေကို ကျွန်တော် ပြောခြင်းဟာ ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်တာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေတဲ့ အဲဒီကလေးမလေးကို တွေးမိနေတယ်ဗျာ။ ကလေးကို အကာအကွယ်ပေးမယ့်ဘက်က ဝင်ပါဖို့ ကျွန်တော် တွန့်ဆုတ်ဆုတ်ဖြစ်နေတာကို စဉ်းစားနေမိတယ်ဗျာ။

* * *

ဘယ်ကိုပဲ သွားသွား ကိုယ့်ရပ်ကွက်ကို ကောင်းအောင်လုပ်မှ ဖြစ်မယ်လို့ ပြောသံ ကြားနေရတယ်။ အဲသလို စဉ်းစားကြတာ ကောင်းပါတယ်။

မိကောင်း၊ ဖကောင်းနဲ့ ကလေးက ကောင်းဖို့များတာပေါ့။ ဒါပေမဲ့ မိဘကောင်းရုံနဲ့ မလုံလောက်ဘူးဗျ။ အိမ်တံခါးပေါက်ကထွက်ပြီး အပြင်ဘက်ကို လျှောက်သွားတဲ့ ကလေးတစ်ယောက်ဟာ စောင့်ရှောက်မယ့် တခြားသူတွေ လိုတယ်။ စိတ်ချရတဲ့ ပတ်ဝန်းကျင် လိုသေးတာကိုး။

ဂျွန်ဂါဒ်နာ

ကျေးဇူးပြုပြီးတော့ဗျာ
ကျွန်တော့်ကို ကျွန်တော့်နာမည်အမှန်တွေနဲ့
ခေါ် ကြပါ

The work of rebuilding communities, restoring trust, reconciling with each other will be a long, hard road with many bumps along the way. No one should be naive about that. But if we do not at least make a start, Myanmar will forever be a nation built on festering fear and simmering hatred, ready to boil over at the slightest spar.

***Benedict Rogers***

ရွှေပွဲလာ ပရိတ်သတ်များခင်ဗျား . .

ဒီနေ့ ပူလောင်နေပေမယ့် ကျွန်တော့်စိတ်ဟာ အေးချမ်းနေပါတယ်။ ကြည်လင်နေပါတယ်။ ဆရာတော် တစ်နေ့ဟာန်ရဲ့ စာအုပ်လေးကို ဖတ်ပါတယ်။ အဲဒီစာအုပ်ထဲက စာတချို့ကို မျှချင်ပါတယ်။ ကြည်လင်ရွှင်လန်းစေချင်လို့ပါပဲ။ ကြင်နာစိတ် ပေါ်လာစေဖို့ပါပဲ။

ဆတော်ကြီးက တဘက်ပါအတိုင်း ရေးပါတယ်။ ရှုစားတော်မူကြပါ။

လူဆိုတာ အတူတူပါပဲ

ဗီယက်နမ်စစ်ကြီးပြီးတဲ့နောက်မှာ လူအများကြီး ကျွန်တော်တို့ဆီ စာရေးကြတယ်။ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင် ဒုက္ခသည်စခန်းများက စာတွေ။အဲဒီစာတွေဖတ်ရတာ ကြေကွဲနာကျင်ရတယ်။ ကူညီဖို့ အားထုတ်ပါတယ်။ သို့ပေသိ ဒုက္ခက တောင်လိုပုံနေတော့ တစ်ခါတစ်ရံ စိတ်ဓာတ်ကျပါတယ်။ ဗီယက်နမ်က လှေနဲ့ထွက်ပြေးတဲ့သူတစ်ဝက် ပင်လယ်ထဲမှာ သေ၊ တစ်ဝက်ပဲ အရှေ့တောင်အာရှဆိပ်ကမ်းတွေ ရောက်သတဲ့။

လှေနဲ့ထွက်ပြေးသူတွေထဲက မိန်းမပျိုလေးတွေ ပင်လယ်ဓားပြတွေရဲ့ မုဒိမ်းကျင့်တာခံရတယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံများစွာက ပင်လယ်ဓားပြကိစ္စအတွက် ထိုင်းအစိုးရအား ကူညီရန် အားထုတ်ကြပါရဲ့။ ပင်လယ်ဓားပြတွေကတော့ ဒုက္ခသည်တို့ကို ဒုက္ခပေးစမြဲ ဆက်ပေးတာပါပဲ။ တစ်နေ့တော့ ထိုင်းဓားပြတစ်ယောက်ရဲ့ မုဒိမ်းကျင့်ခံရတဲ့ လှေကလေးတစ်စင်းထဲက ကောင်မလေးတစ်ယောက်အကြောင်း စာတစ်စောင်ရောက်လာတယ်။

ကောင်မလေးက ၁၂ နှစ်သာ ရှိသေးတယ်။ သူမ ပင်လယ်ထဲ ခုန်ချလိုက်ပြီး သေလိုက်သတဲ့။

ဒီသတင်းမျိုးကို ခင်ဗျားကြားရင် ဓားပြကို ခင်ဗျား ဒေါသထွက်မှာပဲ။ မိန်းကလေးဘက်မှာ ခင်ဗျားနေမှာပဲ။ ဒါပေသိ ကိစ္စကို နက်နက်ရှိုင်းရှိုင်းထိ ရောက်အောင်ကြည့်ရင်တော့ တစ်မျိုးမြင်မှာပါ။ မိန်းကလေးငယ်လေးဘက်က နေတာကတော့ လွယ်ပါတယ်။ခင်ဗျား အနေနဲ့ သေနတ်တစ်လက်ဆွဲပြီး ဓားပြကို ပစ်လိုက်ရုံပဲ။ သတိပဋ္ဌာန်တရားအားထုတ်နေတဲ့ ကျွန်တော့်အဖို့၊ ကျွန်တော်မြင်တာကတော့ ကျုပ်များ ဓားပြတွေရဲ့ရွာမှာ မွေး၊ အဲသည်မှာ ဓားပြလိုပဲကြီးလာလို့ ကတော့ ကျုပ်လည်း ဓားပြဖြစ်မှာ။ ဓားပြဖြစ်ဖို့ ဖြစ်နိုင်ချေ တော်တော်များတာ။ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် လွယ်လွယ်နဲ့တော့ အပြစ်မတင်နိုင်ဘူး။ သတိပဋ္ဌာန်အားထုတ်နေတဲ့

ကျွန်တော်ဟာ နေ့တိုင်းမွေးလာကြတာကို မြင်တယ်။ ကျွန်တော်တို့ရဲ့ ကျောင်းဆရာတွေ၊ လူမှုရေးလုပ်သားတွေ၊ နိုင်ငံရေးသမားတွေ၊ အခြားသူတွေက ဒီအခြေအနေအတွက် တစ်ခုခုမလုပ်ရင်တော့ နောက် ၂၅ နှစ်ကြာရင် ကလေးတော်တော်များများ ပင်လယ်ဓားပြတွေ ဖြစ်လာမှာပဲ။သေချာတယ်။ ခင်ဗျားဖြစ်စေ၊ ကျွန်တော်ဖြစ်စေ၊ ဒီနေ့ အဲသည်တံငါရွာတွေမှာ မွေးလို့ကတော့ ၂၅ နှစ်အတွင်းမှာ ပင်လယ်ဓားပြဖြစ်ကြမှာပဲ။ ခင်ဗျားက သေနတ်တစ်လက်ယူပြီး ပင်လယ်ဓားပြကိုပစ်ရင် ခင်ဗျားက ကျုပ်တို့ကိုပစ်တာပဲ။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ အားလုံးဟာ ဒီကိစ္စတွေမှာ အနည်းနဲ့အများ တာဝန်ရှိကြတာကိုး။

သတိပဋ္ဌာန်တရားထိုင်ပြီးတဲ့နောက်တော့ ကျွန်တော်လည်း ကဗျာတစ်ပုဒ်ရေးဖြစ်တယ်။ ကဗျာထဲမှာ လူသုံးယောက်ပါတယ်။ ၁၂ နှစ်အရွယ် ကလေးမလေး၊ ပင်လယ်ဓားပြနဲ့ ကျွန်တော်။ တစ်ယောက်နဲ့တစ်ယောက်ကြည့်ပြီး ကိုယ်ဟာ အဲသည်တစ်ယောက် အထဲမှာလည်း ရှိနေပါကလားလို့ သတိပြုနိုင်မလား။ ကျွန်တော့်နာမည် အမှန်နဲ့ခေါ်ကြပါ (Please Call Me by My Ture Name) လို့ ဖြစ်ပါတယ်။ ကျွန်တော့်မှာ နာမည်အများကြီးရှိတာကိုး။ နာမည်တစ်မျိုးမျိုးနဲ့ ကျွန်တော့်ကိုခေါ်ရင် ဟုတ်ကဲ့လို့ ကျွန်တော်ဖြေမှာပါတဲ့။

* * *

**"ကျေးဇူးပြုပြီးတော့ဗျာ**
**ကျွန်တော့်ကို ကျွန်တော့်နာမည်အမှန်တွေနဲ့ ခေါ်ကြပါ"**

မနက်ဖြန် ကျွန်တော်မရှိတော့ဘူးရယ်လို့ မပြောကြနဲ့
ဒီကနေ့ထိ 'ကျွန်တော်' ရောက်လာနေတုန်းမို့။

အသေအချာကြည့်စမ်းပါ
စက္ကန့်တိုင်း ကျွန်တော်ရောက်လာတာ
နွေဦးသစ်ကိုင်းပေါ်က အဖူးကလေးတစ်ခုပါ
အကောင်ပေါက်စ ငှက်ကလေးတစ်ကောင်ရယ်ပါ

အသိုက်သစ်မှာ သီချင်းဆိုသင်ဖို့ရာ
ပန်းတစ်ပွင့်ရဲ့ နှလုံးသားထဲက ပိုးတုံးလုံးတစ်ကောင်
ကျောက်တုံးတစ်တုံးထဲ ပုန်းနေတဲ့ ကျောက်မျက်ရတနာ။

'ကျွန်တော်' ရောက်လာတုန်းပဲ၊ ရယ်မောဖို့နဲ့ ငိုကြွေးဖို့ရယ်
ကြောက်ဖို့နဲ့ မျှော်လင့်ဖို့ရယ်
ကျွန်တော့်နှလုံးသား စည်းချက်က မွေးလာခြင်းနဲ့
သေဆုံးခြင်းပါ
အသက်ရှိအရာအားလုံး ဒီအတိုင်းပဲ မဟုတ်လားဗျာ။

ကျွန်တော်ဟာ မြစ်ရေပြင်ပေါ်က
အသွင်ပြောင်းနေတဲ့ အင်းဆက်
ပြီးတော့လည်း ကျွန်တော်ဟာ နွေဦးရာသီမှာ
အဲသည် အင်းဆက်ကိုစားဖို့ အချိန်မီရောက်တဲ့ငှက်။

ကျွန်တော်ဟာ ရေအိုင်တစ်ခုက ကြည်လင်နေတဲ့ရေထဲမှာ
ပျော်ပျော်ကြီး ကူးနေတဲ့ဖား
ပြီးတော့လည်း ကျွန်တော်ဟာ အဲသည်ဖားကို
ငြိမ်ငြိမ်လေးမျိုနေတဲ့ မြက်လျှောမြွေပါ။

ကျွန်တော်ဟာ အရိုးပေါ်အရေတင် ယူဂန္ဒာက ကလေး
ကျွန်တော့်ခြေထောက်တွေက ဝါးတူတွေလို ပိန်လှီတာ
ပြီးတော့လည်း ကျွန်တော်ဟာ လက်နက်ကုန်သည်ရယ်
ယူဂန္ဒာကို လက်နက်ရောင်းနေတာ။

ကျွန်တော်ဟာ ၁၂ နှစ်သမီး ကောင်မလေး
လှေငယ်တစ်စင်းပေါ်က ဒုက္ခသည်ရယ်
ပင်လယ်ဓားပြတစ်ယောက်က မုဒိမ်းကျင့်တာကြောင့်
ပင်လယ်ထဲခုန်ချခဲ့တယ်
ပြီးတော့လည်း ကျွန်တော်ဟာ ပင်လယ်ဓားပြရယ်
နှလုံးသားမှာ သိမြင်ဖို့နဲ့ချစ်ခင်ဖို့ မတတ်နိုင်တဲ့သူပါ။

ကျွန်တော်ဟာ ပေါလစ်ဗျူရိုကြီး
အာဏာတွေ အများကြီးနဲ့ပ
ပြီးတော့လည်း ကျွန်တော်ဟာ ကျွန်တော့်လူတွေအတွက်
သွေးကြွေးပေးဆပ်ဖို့ ရဲဘက်စခန်းမှာ
တဖြည်းဖြည်း သေနေတဲ့သူပါ။

ကျွန်တော့်အပျော်အရွှင်က နွေဦးလို နွေးနေတာ
ကမ္ဘာမြေအနှံ့ ပန်းတွေပွင့်အောင်လုပ်မှာ
ကျွန်တော့်အနာအကျင်ကတော့ မျက်ရည်မြစ်ကြီးပေါ့
သမုဒ္ဒရာလေးစင်း ပြည့်သွားမှာ။

ကျေးဇူးပြုလို့ ကျွန်တော့်ကို ကျွန်တော့်နာမည်အမှန်
ခေါ်ကြပါဗျာ
ဒါမှသာ ကျွန်တော့်ငိုသံနဲ့ ရယ်သံကို ချက်ချင်းကြားနိုင်မှာ
ဒါမှသာ ကျွန်တော့်အပျော်အရွှင်နဲ့ အနာအကျင်ဟာ
တစ်ခုတည်းဖြစ်ကြောင်း
ကျွန်တော်သိမှာ။

ကျေးဇူးပြုလို့ ကျွန်တော့်ကို ကျွန်တော့်နာမည်အမှန်
ခေါ်ကြပါဗျာ
ဒါမှသာ ကျွန်တော်နိုးလို့
ကျွန်တော့်နှလုံးသားတံခါး ပွင့်နိုင်မှာ
အကြင်နာ တံခါးပါ။

တစ်နေ့ဘုန်

## *Please Call Me By My True Name*

Do not say that I'll depart tomorrow-
even today I am still arriving

Look deeply: every second I am arriving
to be a bud on Spring branch,
to be a tiny bird, with still-fragile wings,
learning to sing in my new nest,
to be a caterpillar in the heart of a flower
bo be a jewel hiding itself in a stone.

I still arrive, in order to laugh and to cry,
to fear and to hope,
the rhythm of my heart is the birth and death
of all that are alive.

I am a mayfly metamorphosing
on the surface of the river.
And I am the bird which, when Spring comes,
arrives in time to eat the mayfly.

I am a frog swimming happily
in the clear water of a pond.
And I am the grass-snake
that silently feeds itself on the frog.

I am the child in Uganda, all skin and bones,
my legs as thin as bamboo sticks.
And I am the arms merchant,
selling deadly weapons to Uganda.

I am the twelve-year-old girl
refugee on a small boat,
who throws herself into the ocean
after being raped by a sea pirate.
And I am the pirate
my heart not yet capable
of seeing and loving.

I am a member of the politburo,
with plenty of power in my hands.
And I am the man who has to pay his
"debt of blood" to my people
dying slowly in a forced labor camp.

My joy is like Spring, so warm
it makes flowers bloom all over the Earth
My pan is like a river of tears,
so vast it fills the four oceans.

Please call me by my true names,
so I can hear all my cries and laughter at once.
so I can see that my joy and pain are one.

Please call me by my true names,
so I can wake up
and the door of my heart can be left open
the door of compassion.

**ရွှေပွဲလာပရိသတ်များခင်ဗျား . .**

လူတွေဟာ နာမည်အမျိုးမျိုးနဲ့ဆိုပေတဲ့ ကွဲတော့ မကွဲဘူး အတူတူပဲ။ သတ္တဝါအများဟာ ပျော်ပျော်ရွှင်ရွှင်နေချင်ကြမှာပဲ။ဝေနေယျ အားလုံးဟာ ချစ်ချစ်ခင်ခင် နေချင်ကြမှာပဲ။ သမ္မတကြီးပြောတဲ့ အင်ကလူးစစ် ဆိုလားဗျာ။ အင်ကလူးစစ်ဆိုတာ ဒို့ကိုချန်မထားနဲ့လို့ ဆိုလိုတာပ . . .

**သတ္တဝါအများ ချမ်းသာကြပါစေ**
**မြန်မာနိုင်ငံကြီး အေးချမ်းပါစေ ဟဲ . . ဟဲ။**

နှစ်ပါးသွားကြွလာ ဝေနေယျာ ချမ်းသာကြပါစေ။
ချင်းတွင်းမဂ္ဂဇင်း၊ဖေဖော်ဝါရီ၊၂၀၁၄။

စာကြွင်း ။ ။ ဘိုလို မူရင်းကဗျာကိုထည့်ပေးတာကတော့ မတော်လို့ ကိုရင်တာရဲ့ ဘာသာပြန်က မမိဘူးဆိုရင် တိုက်ဖတ်နိုင်အောင် အရသာ မယွင်းအောင် ဖြစ်ပါတယ်။

## ပညာရေးကိစ္စ

ဒီလို လမ်းလျှောက်ချီတက် ဆန္ဒပြပွဲလုပ်ရတာတွေဟာ အလွန်ပင်ပန်း ဆင်းရဲပါတယ်။

တရားတယ်၊ ဖြစ်သင့် ဖြစ်ထိုက်တယ်ဆိုတဲ့ ယုံကြည်မှုတွေကြောင့်သာ အပင်ပန်း အဆင်းရဲခံပြီး ခရီးရှည်လမ်းလျှောက်ဖြစ်ကြတာပါ။ ဒါကြောင့် ခန္ဓာကိုယ်ပင်ပန်းဆင်းရဲခံပြီး ခရီးရှည်လမ်းလျှောက်ချီတက် ဆန္ဒပြသူတွေကို လေးစားရပါတယ်၊ တတ်နိုင်သမျှ ဝိုင်းဝန်းကြရပါတယ်။ သူတို့ပင်ပန်းခံလမ်းလျှောက်ချီတက် ဆန္ဒပြကြတာဟာ ဘာအကြောင်းများရှိလို့လဲ၊ ဘာတွေ ဘယ်လောက် ထိခိုက်နစ်နာနေကြလို့လဲ ဆိုတာတွေကို စာနာစူးစမ်းပြီး လိုအပ်သလို ဝိုင်းဝန်းပါဝင် ထောက်ခံအားပေးသင့်ကြပါတယ်။

ကဗျာဆရာကြီးတစ်ယောက်က အထက်ပါအတိုင်း ရေးတယ်။

ကျောင်းသားတွေပြောတာကတော့ ယခု သူတို့လမ်းလျှောက်နေကြတာဟာ ပညာရေးကိစ္စအတွက်သက်သက်ပဲတဲ့။

အစိုးရ ပြည်ထဲရေးဝန်ကြီးကတော့ နောက်ကွယ်က ကြိုးကိုင်နေသူများ ရှိတယ်တဲ့။ သူ့အပြောနဲ့ ကဗျာဆရာကြီး အပြောနဲ့တော့ မကိုက်ဘူး။ အဲဒီ ၂ ခုကို ကျွန်တော်တို့ ဘယ်လို စဉ်းစားကြမလဲ။

ရှေးတုန်းကတော့ လူတွေ စုစုဖြစ်ရင် လူစု လူအုပ်ရဲ့ အပြုအမူပဲ။ လူစုထဲက လူတွေဟာ သိုးအုပ် ကျွဲအုပ်တွေလိုပဲ ခေါင်းဆောင်နောက်ကို မျက်စိမှိတ်ပြီး မစဉ်းမစား လိုက်ကြတယ်လို့ တွေးကြတယ်။ အဲသလို လူစုအပေါ် မကောင်းတဲ့အမြင် (Le Bon Framework လို့ ခေါ်တယ်။) ထားရှိတာတွေဟာ ရှေးကျသွားပြီလို့ စိတ်ပညာဆရာတွေက ပြောတယ်။ အီလိတွေရဲ့ ပြည်သူတွေအပေါ် မယုံကြည်နိုင်မှု (Elite distrust) သက်သက်ပဲတဲ့။ အမှန်တကယ်တော့ လူထုလှုပ်ရှားမှုတွေထဲက လူတွေရဲ့ကျိုးကြောင်းဆင်ခြင်နိုင်မှု ပျောက်ဆုံးသွားမှာပဲဆိုတာ မဟုတ်ဘူး။ ဆိုလိုတာက လူတွေဟာ တစ်စုံတစ်ယောက်က အဖွဲ့က ပြောရုံ ညွှန်ကြားရုံနဲ့ မလုပ်ဘူးတဲ့။ အစိုးရဘက်ကပြောတဲ့စကားဟာ ပညာရှင်တွေရဲ့အယူအဆတွေနဲ့ မတူဘူးခင်ဗျ။

လူတွေဟာ ကျိုးကြောင်းဆင်ခြင်ပြီး လုပ်တာပဲ။ ရွေးပြီးလုပ်ကြတာ (Rational choice approach လို့ခေါ်ပါတယ်)။ အထူးသဖြင့် ဆန္ဒပြခြင်းဆိုတဲ့ ကိစ္စတွေမှာ မရွေးချယ်ဘဲ မလုပ်ဘူးလို့ ပညာရှင်တွေ အားလုံးက လက်ခံကြတယ်။ လူတွေက မကျေနပ်ကြဘူး။ ဒါပေတဲ့ မကျေနပ်ရုံနဲ့တော့ လှုပ်ရှားမှုတွေမှာ ပါကြတာမဟုတ်ဘူး။ အချိန်တွေ စွမ်းအားတွေနဲ့ ရင်းနှီးရတဲ့ စွန့်စားရတဲ့ အပြုအမူတွေကို လုပ်ဖို့တန်တယ် ထင်မှ လုပ်ကြတယ်။ အဲဒီစွန့်စားရတဲ့ အပြုအမူဟာ ပြောင်းလဲမှုတစ်ခုခုကို ဦးတည်တယ်လို့ ထင်မှသာ လုပ်ကြတယ်တဲ့။ လူထုလှုပ်ရှားမှုတွေဟာ ကျိုးကြောင်းရှိတဲ့ စုပေါင်းမှု (Rational form of collective action) ဆိုပဲ။ ယခု ကျောင်းသားတွေရဲ့ ချီတက်ပွဲကြီးကို ဆင်ခြင်ကြည့်ရင် ကဗျာဆရာကြီးပြောတာက ပိုပြီးထောက်ခံချင်စရာပဲ။ တရားတယ်၊ ဖြစ်သင့်ဖြစ်ထိုက်တယ်ဆိုတဲ့ ယုံကြည်မှုတွေကြောင့်တဲ့။

ကျောင်းသားခေါင်းဆောင် ကိုဇေယျာလွင်ပြောဆိုတာကိုလည်း ဟောသလို ဖတ်ရတယ်။

**ကျွန်တော်တို့ တစ်ခုပြောချင်တာက ကြိုက်တဲ့သူ ကြိုက်သလို ပေါင်းပါ။လောလောဆယ် ဘုန်းကြီးတွေလည်း**

ပူးပေါင်းမှု ရှိနေပါတယ်။ သို့ပေမဲ့ ကျွန်တော်တို့ ပညာရေး ခေါင်းစဉ်အောက်က သွားတဲ့အတွက်ကြောင့် တခြား မည်သည့်လှုပ်ရှားမှုပုံစံကိုမှ လုံးဝသွားမှာ မဟုတ်ဘူး။ ကျွန်တော်တို့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင် ကော်မတီ ၁၅ ဦးကို ကျောင်းသားထုက ပေးထားတဲ့ ပုံသဏ္ဍာန်သည် ပညာရေးတိုက်ပွဲကို ဖော်ဆောင်ဖို့ ဖြစ်တယ်။ အဲဒီအတွက် တစ်နိုင်ငံလုံးကလူထုတွေ ဝန်းရံပါ။ လက်ခံပါတယ်။ အလုပ်သမားတွေဝန်းရံပါ။ ကျွန်တော်တို့ လက်ခံပါတယ်။ သို့ပေမဲ့ ပညာရေးတိုက်ပွဲက ရှောင်ဖယ် လာရင်တော့ ကျွန်တော်တို့ အားလုံး ပြန်တိုက်ပွဲဝင်မယ့် ကိစ္စပါ။

* * *

ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံလုံးဆိုင်ရာကွန်ရက် NNER တဲ့။ အဲဒီကွန်ရက်က အလျားလိုက်အဖွဲ့ပဲ။ တွေ့နေကျ မြင်နေကျ ဒေါင်လိုက်အဖွဲ့ သဘောမဟုတ်ဘူး။ ဘယ်သူက ဥက္ကဋ္ဌ၊ ဘယ်ဝါက အတွင်းရေးမှူး စသည်ဖြင့် အဲသလို ဖွဲ့ထားတာမဟုတ်ဘူး။ ဒီကွန်ရက်မှာ အဖွဲ့တော်တော်များများ ပါဝင်တယ်။ ပညာရေးအတွက်သုတေသနအဖွဲ့ (Research & Advocacy) ပဲ။ ပညာရေးနဲ့ စပ်လျဉ်းတဲ့ ပြည်သူလူထုရဲ့ လိုလားချက်တွေကို စုဆောင်းတယ်။ လူထုနဲ့ ဆွေးနွေးတယ်။ပြည်ပ ကရော ပြည်တွင်းကပါ ပညာရှင်တွေကိုဖိတ်ပြီး ပညာရေးနဲ့စပ်လျဉ်းတဲ့ ကွန်ဖရင့်တွေလုပ်နေတာ တွေ့ရတယ်။ ရလဒ်ကို ပညာရေးဝန်ကြီးဌာနနဲ့ လွှတ်တော်ဆီ တင်ပြခဲ့တယ်။ အတိုက်အခံပါတီတွေကိုလည်း တင်ပြ ခဲ့တယ်။ ယခု ကျောင်းသားတွေဟာ NNER ဆီက အကြံရချင်တယ်။ အကြံက တခြားဘာမှမဟုတ်ဘဲ ပညာရေးပြုပြင်ပြောင်းလဲမှုကြီးအတွက် အကြံဉာဏ်ပဲ။ NNER ဟာ ပညာရေးအဖွဲ့ သက်သက်ပဲဟာကိုး။ လူသူလေးပါး လေးစားတဲ့ ပါမောက္ခဟောင်းကြီးတွေကလည်း အသက်ကြီးလို့ အိုကြီးအိုမ ဖြစ်နေသော်မှ ပညာရေးကိစ္စမို့ ဝင်ပါရှာကြ တယ်။ ဒါပဲ။ တခြားကိစ္စဆိုရင် သူတို့ မပါဘူး။

* * *

ဒီပညာရေးကိစ္စကြီးက၊ ငါက ဘာပဲ၊ ငါတို့ဌာနက ဘာပဲ၊ ငါတို့လုပ်ထုံးလုပ်နည်းက ဘာပဲဆိုတာတွေကို နည်းနည်းလျှော့ကြရင် အားလုံးစိတ်ချမ်းသာမယ့် ကိစ္စပါ။ အထင်အမြင်သေးတော်မမူကြဘဲ ကရုဏာနဲ့ အကြင်နာနဲ့ လေးလေးနက်နက် နားထောင်ပေးကြရင် အဆင်ပြေမယ့် ကိစ္စပါ။ ယခုတော့လည်း နှစ်ဘက်လုံး စိတ်ပူပန်နေကြရတယ်။ တထင့်ထင့် ဖြစ်နေကြရတယ်။

စိတ်ကို ပြင်ဆင်လာကြရမယ်လို့ ထင်ပါတယ်။ ဆွေးနွေးပွဲတက်တဲ့ အစိုးရဘက်မှာ၊ ကြိုးဆွဲရာ ကရှာကြတဲ့ ကလေးတွေပါကွာဆိုတဲ့ အမြင်၊ ဆူပူနေကြတဲ့သူတွေဆိုတဲ့ အမြင်၊ ဒီလူတွေကတော့ မြှောက်ပေးနေသူတွေပဲဆိုတဲ့ အမြင်တွေ ရှိများရှိရင် ပယ်ခဲ့ကြရမှာပါ။သူတို့တတွေမှာ စိုးရိမ်ပူပန်မှုများ ရှိနေကြတယ်လို့ စဉ်းစားသင့်ပါတယ်။

ကျောင်းသားများဘက်ကလည်း အစိုးရမှာလည်း ကြောင့်ကြတာတွေ ရှိနေမှာပဲလို့ ဆင်ခြင်ကြရမှာပါ။ ဒါကြောင့် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးကြရမှာပါ။ ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား။

ကိုရင်မောင်တာ

မှတ်ချက်။ ။ ဤစာတိုကလေးကို ကျောင်းသားဆန္ဒပြပွဲကာလ၌ ရေးပါသည်။

ဒီပညာရေးကိစ္စကြီးက၊ ငါက ဘာပဲ၊ ငါတို့ဌာနက ဘာပဲ၊ ငါတို့ လုပ်ထုံးလုပ်နည်းက ဘာပဲဆိုတာတွေကို နည်းနည်းလျှော့ကြရင် အားလုံး စိတ်ချမ်းသာမယ့် ကိစ္စပါ။ အထင်အမြင်သေးတော်မမူကြဘဲ ကရုဏာနဲ့ အကြင်နာနဲ့ လေးလေးနက်နက် နားထောင်ပေးကြရင် အဆင်ပြေမယ့် ကိစ္စပါ။ ယခုတော့လည်း နှစ်ဘက်လုံး စိတ်ပူပန်နေကြရတယ်။ တထင့်ထင့် ဖြစ်နေကြရတယ်။

စိတ်ကို ပြင်ဆင်လာကြရမယ်လို့ ထင်ပါတယ်။ ဆွေးနွေးပွဲ တက်တဲ့ အစိုးရဘက်မှာ၊ ကြိုးဆွဲရာ ကရှာကြတဲ့ ကလေးတွေပါကွာဆိုတဲ့ အမြင်၊ ဆူပူနေကြတဲ့သူတွေဆိုတဲ့ အမြင်၊ ဒီလူတွေကတော့ မြှောက်ပေး နေသူတွေပဲဆိုတဲ့ အမြင်တွေ ရှိများရှိရင် ပယ်ခဲ့ကြရမှာပါ။သူတို့တွေ မှာ စိုးရိမ်ပူပန်မှုများ ရှိနေကြတယ်လို့ စဉ်းစားသင့်ပါတယ်။

ကျောင်းသားများဘက်ကလည်း အစိုးရမှာလည်း ကြောင့်ကြ တာတွေ ရှိနေမှာပဲလို့ ဆင်ခြင်ကြရမှာပါ။ ဒါကြောင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြရမှာပါ။ ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ် ခင်ဗျား။

ကိုရင်မောင်တာ

မှတ်ချက်။ ။ ဤစာတိုကလေးကို ကျောင်းသားဆန္ဒပြပွဲကာလ၌ ရေးပါသည်။

## မြန်မာပြည် လူ့အသိုက်အဝန်းကြားက ပဋိပက္ခများ

**စာရှုသူများ ခင်ဗျား ..**

ကျွန်တော်တို့ မြန်မာပြည်ကြီးမှာ လူ့အသိုက်အဝန်းတွေကြားက ပဋိပက္ခတွေ ဖြစ်နေပါတယ်။ အင်္ဂလိပ်လို Communal conflict လို့ ခေါ်တာပ။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲနောက်ပိုင်းမှာ ဖြစ်လာတာပါ။ အရင်က မဖြစ်ဘဲ အခုမှ ဘာကြောင့်ဖြစ်ရသလဲ။ စေ့ငုတဲ့အခါ၊ လား. . လား. . ကျွန်တော်တို့ ပြည်မှာ **"စနစ်တကျ အမိကရုဏ်းဖန်တီးရေး အဖွဲ့ကြီး"** တည်ရှိနေပြီတဲ့ဗျ။ အမိကရုဏ်းဖြစ်အောင် ဖန်တီးတဲ့ အင်စတီကျူးရှင်းတဲ့။ အဲသည် ကြောက်စရာကြီး ရှိကိုရှိတယ်လို့ ဆိုတဲ့သူက ဆိုနေကြပါပြီ။

လူတော်တော်များများက ရိပ်မိပါတယ်။ သမ္မတကြီးကတောင် နောက်ကွယ်က လူတစုဆိုတာမျိုး ပြောတာပါ။ ပေါလ်ဘရတ် ဆိုတဲ့ နိုင်ငံရေးသိပ္ပံပညာရှင်ကတော့ ဒါမျိုးတွေ အထူးသဖြင့် ဟိန္ဒူ–မွတ်စလင် အမိကရုဏ်းတွေကို နှစ် ဆယ်ချီကြာအောင် လေ့လာသတဲ့။ သူ့အဆိုအရ၊ ကျွန်တော်တို့ ပြည်မှာ ဖြစ်ခဲ့တဲ့ ပဋိပက္ခတွေကို "ဗုဒ္ဓဘာသာ –မွတ်စလင်တွေကြား လူ့အသိုက်အဝန်းနှစ်ခုကြားက ပဋိပက္ခများလို့" ပြောရင်ကို အဲသလို နာမည်တပ်တာမျိုးက မှားတယ်။ စနစ်တကျ အမိကရုဏ်း ဖန်တီး ရေး စနစ်/အဖွဲ့က အဲသလို ခေါင်းစဉ်တပ်တာမျိုးကို ကြိုက်တယ်။ ဒါမှ သူတို့ "ဖန်တီးထုတ်လုပ်" တာ မပေါ်မှာမို့ပဲတဲ့။ ဆက်လက်ဖတ်ရှုတော်မူကြပါ ခင်ဗျား။

* * *

## မြန်မာပြည် လူ့အသိုက်အဝန်းကြားက ပဋိပက္ခများ

**စာရှုသူများ ခင်ဗျား ..**

ကျွန်တော်တို့ မြန်မာပြည်ကြီးမှာ လူ့အသိုက်အဝန်းတွေကြားက ပဋိပက္ခတွေ ဖြစ်နေပါတယ်။ အင်္ဂလိပ်လို Communal conflict လို့ ခေါ်တာပ။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲနောက်ပိုင်းမှာ ဖြစ်လာတာပါ။ အရင်က မဖြစ်ဘဲ အခုမှ ဘာကြောင့်ဖြစ်ရသလဲ။ စေ့ငုတဲ့အခါ၊ လား. . လား. . ကျွန်တော်တို့ ပြည်မှာ **"စနစ်တကျ အဓိကရုဏ်းဖန်တီးရေး အဖွဲ့ကြီး"** တည်ရှိနေပြီတဲ့ဗျ။ အဓိကရုဏ်းဖြစ်အောင် ဖန်တီးတဲ့ အင်စတီကျူးရှင်းတဲ့။ အဲသည် ကြောက်စရာကြီး ရှိကိုရှိတယ်လို့ ဆိုတဲ့သူက ဆိုနေကြပါပြီ။

လူတော်တော်များများက ရိပ်မိပါတယ်။ သမ္မတကြီးကတောင် နောက်ကွယ်က လူတစုဆိုတာမျိုး ပြောတာပါ။ ပေါလ်ဘရတ် ဆိုတဲ့ နိုင်ငံရေးသိပ္ပံပညာရှင်ကတော့ ဒါမျိုးတွေ အထူးသဖြင့် ဟိန္ဒူ–မွတ်စလင် အဓိကရုဏ်းတွေကို နှစ် ဆယ်ချီကြာအောင် လေ့လာသတဲ့။ သူ့အဆိုအရ၊ ကျွန်တော်တို့ ပြည်မှာ ဖြစ်ခဲ့တဲ့ ပဋိပက္ခတွေကို "ဗုဒ္ဓဘာသာ –မွတ်စလင်တွေကြား လူ့အသိုက်အဝန်းနှစ်ခုကြားက ပဋိပက္ခများလို့" ပြောရင်ကို အဲသလို နာမည်တပ်တာမျိုးက မှားတယ်။ စနစ်တကျ အဓိကရုဏ်း ဖန်တီး ရေး စနစ်/အဖွဲ့က အဲသလို ခေါင်းစဉ်တပ်တာမျိုးကို ကြိုက်တယ်။ ဒါမှ သူတို့ "ဖန်တီး ထုတ်လုပ်" တာ မပေါ်မှာမို့ပဲတဲ့။ ဆက်လက်ဖတ်ရှုတော်မူကြပါ ခင်ဗျား။

* * *

စနစ်တကျ အဓိကရုဏ်းဖန်တီးတဲ့ စနစ်/အဖွဲ့ (Institutionalized riot system) ကို အောက်ပါအတိုင်း တည်ဆောက်ထားတာပါ။

(၁) **မီးမွှေးသူတွေ**

မီးမွှေးသူဆိုတဲ့အတိုင်း အသေးအဖွဲ့လေးတွေ၊ ရန်ဖြစ်တာတွေကို သတင်းပြန့်အောင်လုပ်တယ်။ တင်းမာမှုတွေပေါ်အောင် ကြီးထွားအောင် ပုံကြီးချဲ့မယ်။ အပေါ်ယံမှာတော့ အခြေအနေကို တည်ငြိမ်အေးချမ်းအောင် ထိန်းထားလိုတဲ့ ဆန္ဒ သူ့မှာရှိသလိုလို နေမယ်။ သူဟာ စကော်လာတယောက် ပညာရှင်တယောက် ဖြစ်ချင် ဖြစ်နေနိုင်တယ်။ မြန်မာကောင်မလေးတယောက်ကို မွတ်စလင် ကောင်လေးတယောက်က ခိုးပြေးတာမျိုးကို သူက စိတ်ဝင်စားတယ်။ ဘာသာခြားနှစ်ခုကြား ဈေးရောင်းရင်း စကားများတာမျိုးကိုလည်း သူက ဖော်ထုတ်နေတတ်တယ်။ အမုန်းစကားတွေ လွှင့်တယ်။ ရပ်ကွက်ထဲမှာဖြစ်ဖြစ် ဖေ့စ်ဘုတ်ပေါ်က ဖြစ်ဖြစ် ရန်လိုတဲ့စကားတွေ မတူတာတွေ ကွဲပြားတာတွေ ဟောချင် ဟောတယ်။

လူမျိုး ဘာသာ မတူတဲ့ အုပ်စုတွေကြား ရင်လိုမုန်းတီးမှုကို တောက်နေအောင် လောင်နေအောင် အဆက်မပြတ် မီးမွှေးထားဖို့ ဆိုတဲ့ ကဏ္ဍကို ယူတဲ့သူတွေပါပဲ။

(၂) **အချက်ပြသမား**

ဒီလူတွေကတော့ လုပ်ကြတော့ဟေ့လို့ အချက်ပြပေးတဲ့ သူတွေပေါ့။ ဒေသခံ နိုင်ငံရေးသမားတယောက် ဖြစ်ချင်ဖြစ်နေ တတ်တယ်။ ဒေါသဖြစ်နေတဲ့ လူအုပ်ကြီးဘေးမှာ ရှိနေတာ များတယ်။ ပဋိပက္ခဖြစ်အောင် ခု လုပ်မလား၊ မလုပ်သေးဘူးလား။ လူအုပ်ကြီးကို ဘယ်လိုစုစည်းမယ်၊ ဘယ်လမ်းကြောင်း ခေါ်သွားမယ်ဆိုတဲ့ နည်းနာတွေ တတ်တယ်။ တကယ်တော့ အချက်ပြ

သမားဟာ ကျွမ်းကျင်တဲ့သူတဲ့။ စပါယ်ရှယ်လစ်ဆိုပဲ။ သူက အချိန်ရောက်ပြီဆိုရင် အချက်ပြတယ်။ ပြောတဲ့ဆိုတဲ့စကားတွေမှာ အလွန်အမင်း ရန်လိုမုန်းတီးမှုတွေ ပါလာပြီ။ ခဲနဲ့စတင်ပေါက်တဲ့ သူပေါ့။ ဒီနောက်တော့ အဲဒီနေရာကနေ ရှောင်သွားတော့မယ်။ ဒါပေတဲ့ ချကုန်ပြီဟေ့ဆိုတဲ့ စကားက နှစ်ဘက်စလုံးကို ရောက်သွားပြီ။

(၃) လူဆိုး လူမိုက်တွေ

ငွေပေးမယ်၊ မြောက်စားမယ်ဆိုပြီး စည်းရုံးထားတဲ့ လူဆိုးလူမိုက်တွေ၊ မွဲတေနေသူတွေ။

(၄) မီဒီယာတွေ

သူတို့ကတော့ တကယ်လုပ်သူတွေအကြောင်းကို ရေးသားပြောဆိုတာထက် ဒေါသထွက်နေတဲ့ လူအုပ်ကြီးဆိုပြီး အကြမ်းဖက်မှု ဖြစ်နေတုန်းရော ဖြစ်ပြီးနောက်ရော ပြောဆိုရှင်းပြတဲ့သူတွေ။ ကောလာဟလတွေကို ပုံနှိပ်ထုတ်ဝေပေးတဲ့သူတွေ။ ဆွပေးတဲ့သူ၊ သားကောင်ဖြစ်ရရှာသူတွေကိုပဲ အပြစ်တင်ခံရအောင် ရေးသူတွေ ပါပဲ။

(၅) နိုင်ငံရေးသမားတွေ၊ အာဏာပိုင်တွေ

သူတို့ကတော့ အဓိကရုဏ်းမှာ ပါသူတွေကို အကာအကွယ်ပေးတယ်။ ထောင်ကျသွားရင် ထောင်ထဲက ထုတ်ပေးတယ်။

နိုင်ငံရေးမှာ ထုတ်ရလေ့ရှိတဲ့ မေးခွန်းတခုက "ဘယ်သူဟာ ဘယ်အချိန်မှာ ဘယ်ဟာကို ဘယ်လိုရမှာတုန်း" ဆိုပဲ။ တချို့ နိုင်ငံရေးသမားတွေ အာဏာလက်ရှိတွေဟာ အဓိကရုဏ်းတွေကြောင့် အကျိုးနကျေးဇူးတွေ ရတယ်။ ဒါကြောင့် သူတို့ရဲ့လက်ဝေခံ စီးပွားရေးသမားတွေကလည်း အဓိကရုဏ်းဖန်တီးတဲ့စနစ်/အဖွဲ့ ကို လျှို့ဝှက်ထောက်ပံ့ကြတယ်။

စာရှုသူများ ခင်ဗျား . .

အဲသလို အဓိကရုဏ်းဖန်တီးရေးစနစ်ကို လျှို့ဝှက်တည်ဆောက်ပြီး တာဝန်တွေခွဲဝေပြီးရင် အဓိကရုဏ်းတွေကို သူတို့လိုတဲ့ အချိန် လိုတဲ့နေရာမှာဖြစ်အောင် ထုတ်လုပ်တော့တာပါပဲတဲ့။

အဓိကရုဏ်းထုတ်လုပ်မှုမှာ အဆင့် သုံးဆင့်ပါသတဲ့။

(၁) ပြင်ဆင်ပေးတယ်။ (ဇာတ်တိုက်တယ် ဆိုကြပါစို့)

အုပ်စုဝင်တယောက်က တခြားမတူတဲ့ အုပ်ဝင်တယောက် အပေါ် ကျူးလွန်တဲ့ စော်ကားမှုတွေ၊ ခြိမ်းခြောက်မှုတွေလိုမျိုး နေ့စဉ်နဲ့အမျှ သာမန်ဖြစ်တတ်တဲ့ အဖြစ်အပျက်လေးတွေကို ခုတုံးလုပ် ပုံကြီးချဲ့ပြီး တင်းမာမှုတွေကို ဆက်လက်ကြီးထွား နေအောင် မွေးပါတယ်။ အဓိကရုဏ်းတွေ ထူးထူးခြားခြား ဖြစ်ပွားတဲ့ ဒေသတွေမှာ "ပြင်ဆင်ပေးခြင်း ဇာတ်တိုက်လေ့ကျင့် ပေးခြင်း" ကို အမြဲမပြတ် လုပ်ဆောင်နေကြတာကို တွေ့ရတာပါပဲ။

(၂) အကောင်အထည်ဖော်တယ်။

အကောင်အထည်ဖော်ခြင်းဆိုတဲ့ ဒုတိယအဆင့်ကိုတော့ ချက်ချင်းမလုပ်ဆောင်ဘူး။ အကောင်အထည်ဖော်နိုင်ဖို့က အချိန် ကာလအားဖြင့်လည်း သင့်တော်နေရမှာဖြစ်ပြီး အချိန်ကာလ ဆိုတာကလည်း နိုင်ငံရေးအခြေအနေပေါ်မှာ မူတည်နေတာ ပါ။ အတိုင်းအတာကြီးမားတဲ့ အဓိကရုဏ်းတွေကို နိုင်ငံရေး အရ ပြိုင်ဆိုင်မှုတွေ ပြင်းထန်နေတဲ့ အခြေအနေတွေမှာ လုပ်ဆောင်ကြလေရဲ့။

(၃) ရှင်းပြတယ် (ဝါ) အဓိပ္ပာယ်ဖွင့်ပြတယ်။

အကြမ်းဖက်မှုဖြစ်ပွားရခြင်းရဲ့ အကြောင်းရင်းတွေကို ရှင်းပြ ဖို့ကြိုးစားတာက အဓိပ္ပာယ်ဖွင့်ဆိုပြခြင်းဆိုတဲ့ တတိယအဆင့်ပါပဲ။ ဒီအဆင့်ကိုရောက်လာပြီဆိုရင် ဂျာနယ်လစ်တွေ၊ နိုင်ငံရေးသမား

တွေ၊ လူမှုသိပ္ပံပညာရှင်တွေနဲ့ လူထုသဘောထားအမြင်ကို ပုံဖော်ဖို့ ကြိုးစားနေသူတွေ ပါဝင်လာကြပါတယ်။ ရည်ရွယ်ချက်ကတော့ လူတိုင်းမဟုတ်ရင်တောင် သာမာန်လူတွေရဲ့ ယေဘုယျအမြင်မှာ **အကြမ်းဖက်မှုတွေဆိုတာ ရုတ်တရက် ကောက်ကာငင်ကာ ပေါ်ပေါက်လာတာဖြစ်တယ်၊ ဘာသာရေး လူမျိုးရေးတွေမှာ မြစ်ဖျားခံပြီး ပါဝင်လာကြတာ၊ ကြိုတင်ခန့်မှန်းရခက်ခဲပြီး ကာကွယ်တားဆီးဖို့ ထိန်းသိမ်းကိုင်တွယ်ဖို့ ခက်ခဲတယ်** ဆိုတာ လူတွေလက်ခံလာအောင် လုပ်ကြဖို့ပါပဲ။

တကယ်တမ်းမှာတော့ အဓိကရုဏ်းတွေ သတ်ဖြတ်မှုတွေဆိုတာ ကြိုတင်အကွက်ချ စီစဉ်ထားတာဖြစ်ပြီး ရုတ်တရက်ဖြစ်ပေါ်လာတာတွေ မဟုတ်ကြပါဘူး။ ဒေါသတွေ အကြောက်တရားတွေကြောင့် ပူထူနေတဲ့ လူအုပ်ကြီးက လုပ်ဆောင်တာလည်း မဟုတ်ပါဘူး။ အဓိကရုဏ်းထဲမှာ ပါနေတဲ့ လူအုပ်ကြီးက တမင်တကာ သွေးကြွလာအောင် ဆွပေးခံထားရတာဖြစ်ပြီး ဘယ်သူ ဘယ်ဝါမှန်းမသိရတဲ့ အဖွဲ့တွေ အုပ်စုတွေက စီစဉ်ဆောင်ရွက်ပေးတာသာ ဖြစ်ပါတယ်။ ပြီးတော့ ကြိုတင်ခန့်မှန်းလို့လည်း ရနိုင်ပါတယ်။ အဓိကရုဏ်းတွေ ဖြစ်လာတော့မယ်ဆိုတာကို ကြိုတင်ညွှန်ပြနေတဲ့ သတိပေး အချက်ပြသင်္ကေတတွေလည်း ရှိတာများပါတယ်။

ရှင်းပြခြင်းအဆင့်မှာ တကယ်ကျူးလွန်သူတွေ တကယ်တာဝန်ရှိသူတွေကို ဖော်ထုတ်ဖို့ကလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မဆိုင်တဲ့သူတွေအပေါ် အပြစ်တွေ ပုံချကြပါတယ်။ အဲဒီလို ပုံချနိုင်မှပဲ တကယ် တာဝန်ရှိသူတွေဟာ ဘယ်သူဘယ်ဝါဆိုတာ မသိနိုင်တော့ဘဲ အခြေအနေတွေက ရှုပ်ထွေးဝေဝါးသွားပါတယ်။ အဲဒီလိုမျိုး လွှဲချ အပြစ်တင်ခြင်းနဲ့ တာဝန်ရှိသူတွေ ပျောက်ကွယ်သွားအောင် လုပ်ဆောင်နိုင်တာကြောင့် နောက်နောင် အကြမ်းဖက်မှုတွေ ဆက်လက်ဖြစ်ပေါ်နေအောင် လုပ်ဆောင်ဖို့ လွယ်ကူသွားရောတဲ့။

* * *

အဓိကရုဏ်းတွေအဆင့်ထိကို ရောက်သွားဖို့ဆိုရင် အောက်ပါ အချက်အလက်တွေ အတော်များများ တပြိုင်နက်တည်း ရှိနေဖို့ လိုတယ် ပါ။

* ပထမဆုံး အယူဝါဒသွတ်သွင်းရေး၊ ဝါဒဖြန့်ချိရေးယန္တရားကြီး ကြောင့် စိတ်လှုပ်ရှား၊ သွေးဆူနေပြီး စိတ်ဝမ်းကွဲပြားနေတဲ့ လူမှု အသိုက်အဝန်းတွေ ရှိနေရမယ်။ လူမှုအသိုက်အဝန်းကို အခြေခံ ပြောဆိုစည်းရုံးနေမှုတွေလည်း ထင်ရှားရှိနေရမယ်။ လူအတော် များများ စိတ်ထဲမှာ ဒီကောင်တွေကတော့ကွာ၊ ငါတို့ ချပစ်မှ ဖြစ် မယ်၊ ဒါမှမဟုတ် ငါတို့တော့ ဒီကောင်တွေရန်က ကာကွယ်မှ ဖြစ်တော့မယ် .. စတဲ့ စိတ်အခြေအနေလည်း ရှိနေရမယ်။ ဒါ့အပြင် တနေရာတည်းမှာ အတူသိပ်သိပ်သည်းသည်း စုဝေး နေထိုင်တဲ့ အုပ်စုနှစ်ခု (လူနည်းစုနဲ့ လူများစု) လည်း ရှိရမယ်။
* ဒုတိယ၊ "စနစ်တကျ အဓိကရုဏ်းဖန်တီးဖို့ လေ့ကျင့်ထားတဲ့၊ အရက်တွေ ကြွဆေးတွေ စသည်ဖြင့် နည်းပေါင်းစုံနဲ့ တက်ကြွ အောင် ဖန်တီးထားတဲ့လူစု၊" လူစုလူဝေးလိုက် လှုပ်ရှား ဆောင်ရွက်မှုတွေကို လုပ်ကိုင်ဖို့ အသင့်ဖြစ်နေအောင် ဖန်တီးတဲ့ အုပ်စုတွေလည်း ရှိထားရမယ်။
* တတိယ၊ အဓိကရုဏ်းတွေ တကယ်ဖြစ်လာရင် အကျိုးအမြတ်ရှိ မယ်လို့ ယုံကြည်ယူဆထားတဲ့ စီးပွားရေးသမားလူတန်းစား (Business class) လည်း ရှိနေဖို့လိုအပ်တယ်။ ဒါမှပဲ အဓိကရုဏ်းတွေ ဖြစ်ပေါ်အောင် ဆွပေးတဲ့ လှုပ်ရှားမှုတွေကို အဲဒီလုပ်ငန်းရှင်တွေက ထိထိရောက်ရောက် ဆန့်ကျင်မနေတော့ မှာ ဖြစ်တယ်။
* စတုတ္ထ၊ အဓိကရုဏ်းတွေဖြစ်လာရင် စဉ်းစားတွက်ချက်ထားတဲ့ နိုင်ငံရေးခွင် (Political context) နဲ့ နိုင်ငံရေးအကျိုးစီးပွား (Political interest) တွေ ပေါ်ပေါက်လာမယ်လို့လည်း ယူဆထားတဲ့ ပုဂ္ဂိုလ်တွေ ရှိရပါတယ်။ (အဓိကရုဏ်းတွေဖြစ်လာ

ရင် အကျိုးအမြတ်တွေ ပေါ်လာမယ်လို့ နိုင်ငံရေးအာဏာ ရထားသူတွေက ယူဆမထားရင် ဒါမှမဟုတ် အမိကရုဏ်းတွေ ဖြစ်လာရင် နိုင်ငံရေးအာဏာ ရနိုင်မယ်လို့ မရသေးသူတွေကလည်း ယူဆမထားဘူးဆိုရင် အကြီးစား အမိကရုဏ်းတွေ ဖြစ်လာစရာ အကြောင်းမရှိပါ။ ဒါမှမဟုတ် သေးငယ်တဲ့ အဖြစ်အပျက်လေးတွေကနေတဆင့် ကြီးမားတဲ့ အဖြစ်တွေဆီကို ကူးပြောင်းမသွားနိုင်)

* ရဲတပ်ဖွဲ့နဲ့ ဒေသခံ အာဏာပိုင်တွေ ဘာမှမလှုပ်ရှားဘဲ ထိုင်နေဖို့ လိုပါတယ်။ အနည်းဆုံးတော့ အမိကရုဏ်းတွေဖြစ်ဖို့ စတင်တာစူနေတဲ့ အစပိုင်းမှာ ထိုင်နေဖို့လိုပါတယ်။ နိုင်ငံရေးစိတ်ဆန္ဒသာ အမှန်တကယ်ရှိရင် အမိကရုဏ်းတွေ ပြင်းထန်လွန်ကဲမသွားခင်မှာ ထိထိရောက်ရောက် လျင်လျင်မြန်မြန် အရေးယူလုပ်ဆောင်ပြီး ထိန်းလိုက်နိုင်မှာပါ။ အာဏာပိုင်တွေရဲ့ အရေးယူဆောင်ရွက်မှုတွေသာ မြန်ဆန်မယ်ဆိုရင် အသေးအဖွဲ့ကိစ္စလေးတွေကို ဒါမှမဟုတ် ဖြစ်ကာစ အမိကရုဏ်းတွေတောင် ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို လျင်မြန်တဲ့ လုပ်ဆောင်မှုတွေလည်း ရှိမနေတဲ့ အပြင် အမိကရုဏ်းတွေ ဖြစ်စေချင်တဲ့ နိုင်ငံရေးအကျိုးစီးပွားတွေ (စီးပွား ရေး အကျိုးစီးပွားတွေလည်း တစိတ်တပိုင်းပါဝင်) ပါရှိနေပြီဆိုရင် အမိကရုဏ်းတွေဖြစ်လာတော့မှာ မြေကြီးလက်ခတ်မလွဲပါပဲ။ ဒေသခံ အာဏာပိုင်တွေ အရေးယူဆောင်ရွက်မှု မရှိတာ၊ အရည်အချင်း မပြည့်ဝတာ၊ တက်တက်ကြွကြွမရှိတာ၊ ပေါ့လျော့တာတို့ကြောင့် များသောအားဖြင့် ဖြစ်ရတာပဲလို့ ပြောနိုင်ပါတယ်။

* * *

**စာရွှသူများ ခင်ဗျား . .**

အဖျက်စနစ်ကြီးဟာ သူတို့ကို လူမသိရလေအောင် တံဆိပ်အမှားများလည်း ကပ်ပါတယ်။

**တံဆိပ်မှားကပ်ခြင်း**

* ယခုလက်တွေ့ ဖြစ်ရှိခဲ့တာတွေကို "လူမှုအသိုက်အဝန်း အကြမ်းဖက်မှု" "လူမှုအသိုက်အဝန်း ပဋိပက္ခ" (Communal conflict) လို့ ခေါင်းစဉ်တပ်ကြပါတယ်။ အဓိကရုဏ်းတွေ (riots) တောခြောက် သတ်ဖြတ်မှုတွေ (Pogroms) လို့ပြောရင် ပိုပြီး ပြည့်စုံပါတယ်။
* တံဆိပ်မှားကပ်တာကြောင့် အဓိကရုဏ်းတွေ သတ်ဖြတ်မှုတွေကို တကယ်လှုံ့ဆော် သွေးထိုးသူတွေ၊ ပြင်ဆင်ပေးသူတွေ၊ အကောင်အထည်ဖော်သူတွေဖြစ်တဲ့ လူပုဂ္ဂိုလ်တွေ၊ အုပ်စုတွေ၊ အဖွဲ့အစည်းတွေ၊ ဌာနတွေရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေနဲ့ တာဝန်ရှိမှုတွေကို ဖုံးကွယ်ထားဖို့ လွယ်ကူသွားပါတယ်။
* အဓိကရုဏ်းတွေ၊ သတ်ဖြတ်မှုတွေဖြစ်ပေတဲ့"လူမှုအသိုက်အဝန်း ပဋိပက္ခ" လို့ ခေါင်းစဉ်မှားတပ်ထားတာကြောင့် ဖြစ်ပွားထားတဲ့ အဖြစ်အပျက်တွေမှာ အုပ်စု ၂ ခု ပါဝင်နေပြီး သူတို့နှစ်ဘက်စလုံးက တာဝန်ရှိတယ် ဒုက္ခသုက္ခတွေ ထိခိုက်သေဆုံးမှုတွေကို ညီတူမျှတူ ခံစားကြရတယ်ဆိုတဲ့သဘောမျိုး မှားယွင်းပေါ်လွင်သွားပါတယ်။ တကယ်တော့ တဘက်ဘက်ပဲ အများကြီးထိခိုက်ပျက်စီး သေကျေပျက်သုဉ်းကြရတာ ဖြစ်ပါတယ်။ တဘက်ဘက်ကပဲ အဓိကရုဏ်းတွေ၊ သတ်ဖြတ်မှုတွေရဲ့ဒဏ်ကို ကျောကော့နေအောင် ခံကြရတာ ဖြစ်ပါတယ်။
* ရုတ်တရက် တုံ့ပြန်မှု (Spotaneous mass response) ကြောင့် ဖြစ်ပေါ်လာတာလို့ အာဏာပိုင်တွေ၊ မီဒီယာတွေ၊ သဘောထားအမြင် ထုတ်ဖော်ရေးသားသူတွေ၊ ပညာရှင်တချို့က ပြောပေးကြပါတယ်။ အဲဒီလို **လွှဲမှားအပြစ်ပုံချမှု** (Blame–displacing claim) က "အင်စတီကျူးရှင်းဆန်ဆန် စနစ်တကျ အဓိကရုဏ်းဖန်တီးခြင်း" မှာ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တယ်ဆိုတာ

အိန္ဒိယနိုင်ငံအတွက် လုပ်ဆောင်ထားတဲ့ ဘရတ် ရဲ့ သုတေသန တွေက ပြနေပါတယ်။

* * *

**အဖျက်စနစ်ကြီးကို နားလည်ချင်ရင်**
**မေးခွန်းတွေ ထုတ်သင့်ပါတယ်**

၂၀၁၃ ခုနှစ် မတ်လက မိတ္ထီလာမှာ၊ မေလက လားရှိုးနဲ့ ၂၀၁၄ ဇူလိုင်က မန္တလေးမှာဖြစ်ခဲ့တာတွေကို ဘယ်လိုဖြစ်ခဲ့တာလဲ မေးခွန်းထုတ်ချင် ထုတ်လို့ရတယ်။

**မေးသင့်တဲ့ မေးခွန်းများ**

(၁) အဆက်အစပ်မရှိတဲ့ သီးခြားဖြစ်ရပ်တွေဆိုတာ မရှိဘူး မဟုတ်လား။ အောက်ပါမေးခွန်းတွေကို ထုတ်ပါ။
- စိတ်ဝမ်းကွဲမှုတွေနဲ့ တင်းမာမှုတွေဖြစ်အောင် ဘယ်သူတွေက ဘယ်လိုနည်းလမ်းတွေနဲ့ မွေးတာလဲ။
- ဘယ်လိုတိုက်တိုက်ဆိုင်ဆိုင် ဘယ်သူတွေက ထုတ်လုပ်တာလဲ။
- နားလည်မှုတွေ လွဲအောင် ဘယ်သူတွေက အနက်ပြန်နေတာလဲ။
- လုပ်ပိုင်ခွင့် အာဏာတွေရှိပေတဲ့ ဘယ်သူတွေက ဘာကြောင့် မတားဆီးတာလဲ။
- လူ့အဖွဲ့အစည်းမှာ စိတ်ဝမ်းကွဲပြားမှုတွေဖြစ်ရင် ဘယ်သူတွေက အကျိုးအမြတ်ထွက်မှာလဲ။

(၂) နိုင်ငံရေးအခြေအနေတွေ (ဥပမာ - ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ရွေးကောက်ပွဲ) ပါလာပြီဆိုရင် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြုပြီး လူတွေကို စည်းရုံးကြတော့မှာကြောင့် နိုင်ငံရေး အရ အရှုံးအနိုင်တွေ ကြီးမားလာတော့မှာပါ။

အစ ပထမမှာ အဓိကရုဏ်းစနစ်က သာမန် အသေးစားတွေ ဖြစ်ချင်ဖြစ်ပေတဲ့ ဆိုးဆိုးဝါးဝါးတွေနဲ့ အကြိမ်အရေအတွက် များများဖြစ်လာနိုင်ပါသလား။

(၃) တိုက်ရိုက်ကျူးလွန်သူကို ဖော်ထုတ်ခြင်းအဆင့်မှာတင် မရပ်ဘဲ စနစ်ကြီးရဲ့ တာဝန်ခွဲယူပုံ (ဝါ) တခြားကျူးလွန်သူတွေကို ဖော်ထုတ်သင့်ပါတယ်။

(၄) အပြစ်ပေးမခံရဘဲ လွတ်မြောက်နေတာက အရေးကြီးတယ်။

အဓိကရုဏ်းကို တကယ်ထုတ်လုပ်သူတွေက တံဆိပ်မှားကပ်ခြင်းနဲ့ အဓိပ္ပာယ်မှားယွင်းဖွင့်ဆိုခြင်း မြူမှုန်တွေရဲ့နောက်မှာ ပျောက်ကွယ်နေတတ်လို့ပါ။

(၅) အရေးယူတာတင် မကဘဲ အရေးမယူ မလုပ်ဆောင်တာတွေကိုလည်း မေးခွန်းထုတ်ရမယ်။

ဘာကြောင့်လဲ။ ကြိုလည်း တားနိုင်လျက်နဲ့။ ဘာကြောင့် စိတ်ဆန္ဒ မရှိတာလဲ။ ကိုယ်တိုင်ကိုယ်ကျများ ပါဝင်နေလို့လား။

## မမေးသင့်တဲ့ မေးခွန်းတွေလည်း ရှိတယ်

(၁) ဖြစ်ပွားရတဲ့ အကြောင်းအရင်းတွေကို မေးလိုက်ရင် ဆင်းရဲမွဲတေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ လူမှုရေးအရ စိတ်ပျက်ဒေါသထွက်နေခြင်း၊ မြေယာနဲ့ စီးပွားရေးအကျိုးအမြတ်တွေအတွက် အပြိုင်အဆိုင် လုယူကြခြင်းဆိုတဲ့ အဖြေတွေပဲ အများဆုံးပေါ်ထွက်လာပါလိမ့်မယ်။ ဖြစ်ပွားရတဲ့ "အကြောင်းရင်းတွေ" ကို အာရုံစိုက်နေခြင်းအားဖြင့် ရဲတပ်ဖွဲ့ဝင်တွေ "အရည်အချင်းနည်းပါးမှု"၊ အာဏာပိုင်တွေ အပိုင်းမှာ "အားနည်းမှု" ဆိုတဲ့ အဖြေတွေဆီကိုပဲ ရောက်သွားနိုင်ပါတယ်။ တရားဥပဒေစိုးမိုးမှု အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်အဖွဲ့တွေကို လေ့ကျင့်ပေး လက်နက်တပ်ဆင်ပေးရေးကို အကြံပြုကြပါလိမ့်မယ်။ အဲဒီလိုစနစ်မျိုးအတွင်း အောက်ခြေမှာ လှိုက်စားနေတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ဆိုတာ အများကြီးပိုခက်ခဲပါတယ်။ အချိန်နဲ့ အခြားအရင်းအမြစ်တွေ အများကြီးလိုအပ်ပါတယ်။ အဲဒီလို ပြဿနာတွေကို မဖြေရှင်းနိုင်သရွေ့ အဓိကရုဏ်းတွေကလည်း ကုရာနတ္ထိ ဆေးမရှိဖြစ်ပြီး မလွဲမသွေ ပေါ်ပေါက်လာတော့ မလိုပါပဲ။

"စနစ်အတွင်းရှိ သိမ်မွေ့ နက်နဲတဲ့ အကြောင်းရင်းတွေ" ကို ပြောဆိုနေခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေး လုံခြုံရေးအတွက် တာဝန်ရှိတဲ့ အာဏာပိုင်တွေရဲ့ တာဝန်ကင်းမဲ့မှုတွေ၊ အကြီးအကျယ် ပေါ့လျော့လုပ်ဆောင်တာတွေကို ဆင်ခြေပေး ဖုံးကွယ်လို့ ရသွားနိုင်ပါတယ်။ "အတွင်းပိုင်းအထိ ရောက်နေတဲ့ အကြောင်းရင်းတွေ" ကို ပြောနေခြင်းအားဖြင့် အာဏာပိုင်တွေသာ ထိထိရောက်ရောက် လျင်လျင်မြန်မြန် အရေးယူလုပ်ဆောင်ခဲ့ရင် အဓိကရုဏ်းတွေကို တားဆီးနိုင်ခဲ့မယ် ဒါမှမဟုတ် ချက်ချင်း ထိန်းသိမ်းခဲ့မယ်ဆိုတဲ့အချက်က ပျောက်ကွယ်သွားပါတယ်။ အိန္ဒိယမှာတော့ အာဏာပိုင်တွေက ပြတ်ပြတ်သားသား ထိထိရောက်ရောက် ကိုင်တွယ်နိုင်တဲ့အတွက် "စနစ်အတွင်း သိမ်မွေ့နက်နဲတဲ့ အကြောင်းရင်းတွေ" ရှိနေပေတဲ့ ထူးထူးခြားခြား အဓိကရုဏ်းဖြစ်ပွားရာ နေရာတွေမှာတောင် အဓိကရုဏ်းတွေကို ကာကွယ်တားဆီးနိုင် ထိန်းသိမ်းနိုင်တယ်ဆိုတဲ့ ဥပမာတွေ ရှိပါတယ်။

(၂) ပြီးတော့ "ဘယ်သူအရင်စလုပ်တာလဲ" ဆိုတဲ့ မေးခွန်းကို မေးနေခြင်းအားဖြင့် "ဘာတွေ တကယ်ဖြစ်ခဲ့တာလဲ" ဆိုတဲ့ မေးခွန်းကို မမေးမိတော့ဘဲ လမ်းကြောင်းလွဲသွားပါတယ်။ "ဘယ်သူ အရင်စ လုပ်တာလဲ" ဆိုတဲ့ မေးခွန်းကြောင့် အဓိကရုဏ်းအတွင်း နစ်နာခဲ့သူတွေကို အပြစ်တင်မိလျက်သား ဖြစ်သွားပြီး အပြန်အလှန် အပြစ်တင်ခြင်းဆိုတဲ့ ရှုပ်ထွေးပြီး ဖြေရှင်းမရတဲ့ အခြေအနေမျိုးကို ရောက်သွားနိုင်ပါတယ်။ အဖြစ်အပျက်တစ်ခုအပေါ် မှာ အာရုံစိုက် လွန်းတာကြောင့် ဖြစ်စဉ်ကြီးတစ်ခုလုံးကို မမြင်နိုင်ဘဲ မျက်ခြေ ပြတ်သွားတာမျိုး မဖြစ်ဖို့က အရေးကြီးပါတယ်။

(၃) သာမန်ဖြစ်ရိုးဖြစ်စဉ် အသေးအဖွဲလေးတွေ ဒါမှမဟုတ် အလား တူ ကိစ္စလေးတွေတောင်မှပဲ ကြီးမားတဲ့အဓိကရုဏ်းကြီးတွေကို ဖြစ်ပေါ် စေနိုင်တယ်ဆိုတာ မှန်ပါတယ်။ ကမ္ဘာပေါ် က

တိုင်းရင်းသားအချင်းချင်း ရောယှက်နေထိုင်တဲ့ ဘာသာမတူသူတွေအချင်းချင်း၊ ဘာသာစကားမတူသူတွေအချင်းချင်း ရောယှက်နေထိုင်တဲ့ အခြားနေရာတွေမှာလည်း နေ့စဉ်နဲ့အမျှ အသေးအဖွဲ့မတော်တဆဖြစ်ရပ်လေးတွေ ဖြစ်ပွားနေကြတာပါပဲ။ ဒါပေမဲ့ အဲဒီအထဲက တချို့နေရာတွေမှာပဲ၊ တခါတလေကျမှပဲ၊ ထူးခြားတဲ့နောက်ခံအခင်းအကျင်းတွေ ရှိနေမှပဲ၊ သေးငယ်တဲ့ကိစ္စလေးတွေကနေတဆင့် ကြီးမားတဲ့ အသေအပျောက်များတဲ့ အချိန်ကြာမြင့်အောင် ဖြစ်ပွားတဲ့ အဓိကရုဏ်းတွေအဖြစ်ဆီကို ရောက်သွားတာပါ။ အဓိကရုဏ်းတွေဆိုတာက မကြာခဏ ဒါမှမဟုတ် ခဏခဏဖြစ်ပွားကြတာ မဟုတ်ပါ။ အချင်းချင်း စိတ်ဝမ်းကွဲပြားနေပြီးမယုံသင်္ကာဖြစ်မှုတွေ ရှိနေတဲ့ လူ့အဖွဲ့အစည်းတွေရှိရာ နိုင်ငံတွေတောင်မှပဲ အသေးအဖွဲ့ဖြစ်ရပ်လေးတွေကတဆင့် အကြီးစားအဓိကရုဏ်းကြီးတွေအဖြစ်ကို တခါတရံမှပဲ ရောက်ရှိသွားကြပါတယ်။ ဒါကြောင့်ပဲ ဆက်ပြီး မေးခွန်းထုတ်ရမှာက ဘာကြောင့် **အဲဒီအချိန်မှာပဲ အဓိကရုဏ်းကြီးတွေ ဖြစ်ပွားပြီး** **အဲဒီအချိန်မတိုင်မီ** နဲ့ **အဲဒီအချိန်ပြီးနောက်** မှာ ဘာကြောင့်မဖြစ်ကြတာလဲ။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲပြီးတဲ့နောက် ပထမ ရခိုင်ပြည်နယ်နဲ့ နောက်တော့ ကျန်တဲ့နေရာတွေမှာ ဖြစ်တာဟာ ဘယ်လိုလဲ။ အဓိကရုဏ်းတွေဟာ လူ့အဖွဲ့အစည်းအတွင်းက မတူညီတဲ့ လူ့အသိုက်အဝန်းတွေကြား ရှေးပဝေသဏီကတည်းကရှိတဲ့ အမုန်းတရား (Primordial hate လို့ ခေါ်ချင်ခေါ်ပါ) ကြောင့် ဖြစ်လာတာပါလို့ စဉ်းစားတတ်ကြပေတဲ့ အဓိကရုဏ်းတွေနဲ့ ရွေးကောက်ပွဲနိုင်ငံရေးကြားမှာ နီးကပ်တဲ့ ဆက်နွယ်မှုကတော့ အသေအချာကို ရှိတယ်လို့ ပေါလ်ဘရတ် ကတော့ အခိုင်အမာထောက်ပြတယ်။ သူ ထောက်ပြ

တာက မြန်မာနိုင်ငံအတွက် မှန်မယ်ဆိုရင် လာမယ့်ရွေးကောက်ပွဲနှစ်မှာ အဓိကရုဏ်းဖန်တီးရေး စနစ်ကြီးက ထုတ်လုပ်တဲ့ အကြမ်းဖက်တွေ ဒီထက် ပိုတွေ့လာရနိုင်တယ်လို့ တွက်ရမှာပဲ။

* * *

**အလီဂါ မြို့က နမူနာ**

အူတာပရာဒက်ရှ်စ် ပြည်နယ်ထဲက အလီဂါ ဆိုတဲ့မြို့မှာ သမိုင်းတလျှောက် ဖြစ်ပွားထားတဲ့ အဓိကရုဏ်းတွေကို ဘရတ် က *The Production of Hindu–Muslim Violence in Contemporary India (2013)* စာအုပ်ထဲမှာ လေ့လာဆန်းစစ်ကြည့်ထားပါတယ်။ အလီဂါ ဆိုတာ လွတ်လပ်ရေးရပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံရဲ့ အဓိကရုဏ်း အများဆုံးဖြစ်ပွားရာ မြို့တွေထဲက တမြို့ဖြစ်ပါတယ်။ အဲဒီမြို့မှာ မွတ်စလင်ဘာသာဝင်တွေ အများအပြားနေထိုင်ကြပြီး မြို့ရဲ့ အမြင့်ဆုံး အချက်အချာနေရာမှာ ဂျမားမာဆစ်ဂျ် ဗလီကြီးရှိပါတယ်။ အလီဂါ မွတ်စလင် တက္ကသိုလ် *Aligarh Muslim University* (AMU) လည်း ရှိပါတယ်။ စစ်မာန်ဝင်နေတဲ့ ဟိန္ဒူတွေနဲ့ တခြားသူတွေ အမြင်မှာတော့ AMU က ပါကစ္စတန်လှုပ်ရှားမှုအတွက် အယူအဆတွေ ထုတ်လုပ်ပေးရာ နေရာ၊ ပါကစ္စတန်ကို သစ္စာခံသူတွေအတွက် အဓိက ခိုလှုံခွင့်ပေးရာ နေရာ၊ အာရပ်ပင်လယ်ကွေ့နိုင်ငံတွေဆီကနေ ငွေကြေး ထောက်ပံ့မှုတွေ ဝင်ရောက် (ချဲ့ကားပြောတာလည်း နည်းနည်းပါသလို၊ မှားတာလည်း နည်းနည်းပါတယ်) လာတဲ့ နေရာဆိုပြီး မြင်ကြပါတယ်။

၁၉၂၅ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်အတွင်း အလီဂါ မှာ အဓိကရုဏ်းတွေ ၂၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၃ ကြိမ်မှာ လူသေဆုံးမှုတွေ ရှိခဲ့ပါတယ်။ လူသေဆုံးမှုတွေရှိခဲ့တဲ့ အထဲမှာမှ အဓိကရုဏ်း ၃ ကြိမ်က လွတ်လပ်ရေးမရခင်မှာ ဖြစ်ပွားခဲ့ပြီး ၁၀ ခုကတော့ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာ ဖြစ်ပွားခဲ့ပါတယ်။ အဆိုးဆုံးတွေက ၁၉၇၈ နဲ့ ၁၉၈၀ အတွင်းမှာ ဖြစ်ခဲ့ပြီး အလီဂါ အဓိကရုဏ်းကြီးတွေကတော့ ၁၉၉၀ နဲ့ ၁၉၉၁ အတွင်း ဖြစ်ခဲ့ပါတယ်။

အလီဂါ မှာဖြစ်ခဲ့တဲ့ အဓိကရုဏ်းတွေကို သမိုင်းနဲ့ချိန်ကြည့်လိုက်ရင် အဓိကရုဏ်းတွေရဲ့ ပြင်းထန်တဲ့နှုန်း (လူသေဆုံးနှုန်းနဲ့ တိုင်းတာပါတယ်) က မြင့်တက်ခဲ့ပါတယ်။ ဒါပေမဲ့ အဓိကရုဏ်းတွေ ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့တဲ့ အချိန်ကာလတွေလည်း ရှိခဲ့ပါတယ်။

တချို့ အချိန်ကာလတွေရောက်မှ အဓိကရုဏ်းတွေ ဘာကြောင့်ဖြစ်သလဲ၊ အဓိကရုဏ်းတွေ ဘာကြောင့်ပြင်းထန်လာကြသလဲ၊ တချို့ အချိန်ကာလတွေမှာတော့ ဘာကြောင့်မဖြစ်ကြသလဲ ဆိုတာကို နိုင်ငံရေးအခြေအနေ အပြောင်းအလဲက ရှင်းပြနေပါတယ်လို့ ဘရတ် က အခိုင်အမာပြောပါတယ်။

* ကွန်ဂရက် ပါတီ လွှမ်းမိုးတဲ့ ပထမကာလအတွင်း ဖြစ်ပွားတဲ့ အဓိကရုဏ်းတွေမှာ လူသေဆုံးမှု အနည်းဆုံးပါပဲ။ လွတ်လပ်ရေးရပြီးချိန်မှာ အိန္ဒိယအမျိုးသားကွန်ဂရက် ပါတီက အချိန်ကြာမြင့်စွာ လွှမ်းမိုးထားတာကြောင့် အခြားပါတီအုပ်စုတွေအနေနဲ့ အပြင်းအထန် ပြိုင်ဆိုင်ရယူစရာ နိုင်ငံရေးနေရာမရှိ နိုင်ငံရေးအခွင့်အလမ်းတွေ မရှိကြပါ။ လူထုကို သွေးထိုးလှုံ့ဆော်စရာလည်း အကြောင်းမရှိပါ။ ဒါကြောင့်မို့ နိုင်ငံရေးအကျိုးအမြတ်တွေသာ မရှိရင် ကြီးမားတဲ့ အဓိကရုဏ်းတွေလည်း ဖြစ်ပေါ်လာစရာမရှိဘူးဆိုတာ အထောက်အထားတွေက ရှင်းရှင်းလင်းလင်း ပြသနေပါတယ်လို့ ဘရတ် က ဆိုပါတယ်။
* ကွန်ဂရက် ပါတီ လွှမ်းမိုးမှုကို တခြားပြိုင်ဘက်ပါတီနှစ်ခုက စိန်ခေါ်လာပြီဖြစ်တဲ့ ဒုတိယကာလအတွင်းမှာ လူသေဆုံးမှု ၃ ဆလောက် မြင့်တက်လာပါတော့တယ်။ ကွန်ဂရက်ပါတီ လွှမ်းမိုးမှု ကျဆင်းလာပြီးနောက်မှာတော့ ပါတီတွေအသီးသီးက ဝင်ရောက်နေရာယူချင်စရာ နိုင်ငံရေးလစ်လပ်နေရာတခု ရှိလာလို့ဖြစ်ပါတယ်။
* ၁၉၉၀ - ၁၉၉၁ ခုနှစ် ဒီဇင်ဘာ - ဇန်နဝါရီ အဓိကရုဏ်းကြီး အပါအဝင် နောက်ဆုံးကာလတွေ အတွင်းမှာတော့ အဓိကရုဏ်း

ကြောင့် ဖြစ်တဲ့ သေဆုံးသူအရေအတွက်က အများဆုံးဖြစ်ပါတယ်။ အဲဒီ တတိယကာလအတွင်းမှာ ပါတီတွေအချင်းချင်းကြား ပြိုင်ဆိုင်မှု ပြန်လည်ဖြစ်ပေါ်လာတဲ့ ကာလပါ။

* အဲဒီကာလတွေ ပြီးသွားပြန်တော့လည်း အဓိကရုဏ်းတွေက မရှိသလောက် နည်းသွား၊ ဒါမှမဟုတ် မရှိတော့သလောက် ဖြစ်သွားတာပါပဲ။

အဓိကရုဏ်းတွေ ဘယ်လိုဖြစ်ပွားကြသလဲ ဘယ်လိုလျှော့နည်းကျဆင်းသွားသလဲဆိုတာကို လေ့လာပြီး ဘရတ် သုံးသပ်ထားတာက **"အဓိကရုဏ်းတွေနဲ့ ရွေးကောက်ပွဲနိုင်ငံရေးက နီးနီးကပ်ကပ်ကို ဆက်နွယ်နေပါတယ်"** ဆိုပဲ။

"အဓိကရုဏ်းဖန်တီးခြင်းစနစ်" မရှိရင် အဓိကရုဏ်းတွေလည်း ချက်ချင်းလက်ငင်း ထဖြစ်လာစရာ အကြောင်းမရှိလှဘူးလို့ အခြေခံအားဖြင့် ပြောနိုင်ပါတယ်။ အဓိကရုဏ်းတွေကို ထုတ်လုပ်မှသာ ထွက်ပေါ်လာနိုင်ပါတယ်။ အစပိုင်းမှာတော့ ကြိုတင်ဇာတ်တိုက်၊ နောက်ပိုင်းကျတော့ စင်တင်ရပါတယ်။ အစပိုင်းမှာ သေးငယ်တဲ့ အဓိကရုဏ်းတွေလောက်ကိုပဲ လုပ်ဆောင်ပြီး နောက်ပိုင်း နိုင်ငံရေးအရ အကျိုးအမြတ်တွေ ရနိုင်စရာ ရှိတယ်ဆိုမှ ကြီးမားတဲ့ အဓိကရုဏ်းတွေကို ထုတ်လုပ်ကြပါတယ်။

ရွေးကောက်ပွဲတွေက အကြိတ်အနယ် ယှဉ်ပြိုင်ကြပြီး အရှုံးအနိုင်ကို ပြတ်ပြတ်သားသားကြိုတင်မပြောနိုင်တဲ့ အနေအထားတွေမှာ အဓိကရုဏ်းတွေကို မောင်းဖြုတ် အသက်သွင်းဖို့က ဖြစ်နိုင်ခြေတော်တော်များလာပါတယ်။

ဒါပေမဲ့ သက်ဝင်လှုပ်ရှားနေတဲ့ "စနစ်တကျ အဓိကရုဏ်းဖန်တီးခြင်း" လည်းရှိနေ၊ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ရွေးကောက်ပွဲအနေအထားလည်း ရှိနေရင်တောင်မှပဲ အဓိကရုဏ်းတွေကို ကြိုတင်ကာကွယ်ဖို့ ခြေလွန် လက်လွန်မဖြစ်အောင် ထိန်းဖို့ နိုင်ငံရေးစိတ်ဆန္ဒသာ အာဏာပိုင်တွေမှာသာရှိရင် အဓိကရုဏ်းတွေကို တားဆီးထိန်းသိမ်းနိုင်ပါတယ်။

မြန်မာနိုင်ငံအတွက် **မေးခွန်းများ**

မြန်မာနိုင်ငံမှာ ၂၀၁၁ ခု နောက်ပိုင်းမှာ အဓိကရုဏ်းတွေကို ထုတ်လုပ်ချင်စရာ **နိုင်ငံရေးခွင်** တွေ ထင်ထင်ရှားရှား ထွက်ပေါ်လာပါတယ်။ ဒီတော့ နောက်ဆက်တွဲအနေနဲ့ ဆက်ပြီးမေးစရာ အရေးကြီးတဲ့ မေးခွန်းတွေက လူမျိုးအရ၊ ဘာသာတရားအရခွဲခြားတဲ့ နိုင်ငံရေး ပြိုင်ဆိုင်မှုနဲ့၊ အဓိကရုဏ်းတွေကို လုပ်ဆောင်မှုတွေကြောင့် ရလာစရာ နိုင်ငံရေးအကျိုးအမြတ်တွေ ရှိနေ/မနေ ဆိုတာပါပဲ။ ရှိနေတယ်ဆိုရင် အဲဒီအကျိုးအမြတ်တွေကို ဘယ်သူတွေ ရသွားနိုင်သလဲဆိုတာ စဉ်းစား ကြည့်ကြရမှာပါ။

၂၀၁၂ ခု ကြားဖြတ်ရွေးကောက်ပွဲနောက်ပိုင်းကျမှ တကျော့ပြန် အကြိတ်အနယ်ဖြစ်လာတဲ့ နိုင်ငံရေးပြိုင်ဆိုင်မှုတွေအတွင်း လူမှုအသိုက်အဝန်း အကြမ်းဖက်မှုတွေ ပထမဆုံးအကြိမ် ဖြစ်တာရယ်၊ လက်ရှိ အာဏာရထားသူတွေကို တုန်လှုပ်သွားစေတဲ့ ဒီချုပ်ပါတီ ရွေးကောက်ပွဲ သိမ်းကျုံးအနိုင်ရမှုရယ်က တိုက်ဆိုင်မှုသက်သက်လား။ တိုက်ဆိုင်မှုထက်ပိုတဲ့ အကြောင်းအရာတွေ ရှိနေတာလား။ (တိုက်ဆိုင်မှု ထက် ပိုတာတွေ ရှိနေတယ်ဆိုတာကို သက်သေအထောက်အထားတော့ ပြစရာမရှိဘူးပေါ့ဗျာ။)

• • •

(အီးမေးလ်က စာတစောင် ရောက်လာပါတယ်။ ပို့သူအမည်တော့ မပါ။ ၂၀၁၅ အတွက် စိုးရိမ်လို့ ပို့တဲ့စာပါပဲ။ ရွေးကောက်ပွဲကတော့ ဒီချုပ်က သမိုင်း၊ ကြံ့ဖွံ့ကသွေး ရွေးရမယ့်ပွဲတဲ့။ ပြောသူတွေကလည်း ပြောနေကြ တော့၊ ဖြစ်နေတာတွေကလည်း ဖြစ်နေကြတော့ စဉ်းစားစရာ အတော် ကောင်းနေပါပြီ။ ဒါနဲ့ပဲ ပြန်လည်ဖောက်သည်ချလိုက်တာပါ ခင်ဗျာ . . )

မောင်မြတ်ထင်

# အမုန်းတရားရဲ့အတ္တုပ္ပတ္တိ

**စာဖတ်သူ ပရိသတ်များခင်ဗျား . .** အမုန်းတရားရဲ့ အတ္တုပ္ပတ္တိရယ်လို့ နာမည်ဆန်းဆန်းမှည့်တာက လူသူလေးပါး စိတ်ဝင်စားစေချင်လို့ပါ။ အမုန်းတရားရဲ့ ခန္ဓာဗေဒလို့ အမည်ပေးမလား စိတ်ကူးသေးတယ်။ အူကြောင်ကြောင်နိုင်ပါတယ် လေဆိုပြီး အထက်ကနာမည် တပ်လိုက်တာပဲ ဟဲဟဲ။ (ဟဲဟဲလို့ အာလုပ်ပြုတာကြောင့် ကိုရင် မောင်တာကြီးကို ရန်လုပ်သူတွေ ရှိတယ်။ သူတို့က ကျုပ်ကို မုန်းလို့နေမှာပဲ။ ဘာကြောင့်မုန်းမုန်း ကျုပ် မသိဘူး။ ကျုပ်ကလည်း စချင် ကလိချင်တာကိုး။)

ကျုပ်တို့ ရွှေပြည်ကြီးမှာ ချစ်သူများရမယ်။ မုန်းသူနည်းရမယ်။ ဒီလိုဖြစ်ရမှာကိုး။ မုန်းသူတွေဟာ အမုန်းအကြောင်း စေ့စေ့တွေးမိရင် အမုန်းတွေ လျော့ချင် လျော့မှာနော်။ အမုန်းအကြောင်းကိုဟောတဲ့ ချက်သမ္မတကြီးဖြစ်ခဲ့တဲ့ ပြဇာတ်ဆရာ ဟာဗယ် (Vaclav Havel) ရဲ့ မိန့်ခွန်းတစ်ခု ရှိတယ်။ "The Anatomy of Hate" တဲ့။ အမုန်းတရားရဲ့ အတ္တုပ္ပတ္တိပေါ့ဗျာ။ အောက်မှာ ရှုစားတော်မူကြပါ။

ဟာဗယ် ။ ။ကျုပ်က အမုန်းတရား၏ အတ္တုပ္ပတ္တိကို အော်စလိုကွန်ဖရင့် ဩဂုတ် ၂၈၊ ၁၉၉၀ မှာ ဟောခဲ့ပါတယ်။

တာ ။ ။မိန့်တော်မူပါ။

ဟာဗယ် ။ ။အမုန်းဆိုတာကို ကျုပ်အနေနဲ့ အပြင်ကပဲ လှမ်းဆင်ခြင်ရပါတယ်။ ဘာကြောင့်ဆိုတော့ ကျုပ်ဆိုတဲ့ကောင်က မကောင်းတာတွေ တော်တော်များများရှိသော်ငြား သိပ်တော့ မမုန်းတတ်လို့ပဲ။

ဒါနဲ့ ကျုပ်ကိုမုန်းတဲ့သူတွေအကြောင်း တွေးကြည့်တော့ ဒီလူတွေမှာ တူနေတဲ့အချက်တွေ အတော်များများတွေ့ရတယ်။ ပထမအချက်အနေနဲ့ တွေ့ရတာက ဒီလူတွေဟာ မလှုပ်မယှက်၊ အဆန်မရှိ၊ ခပ်ညံ့ညံ့လူတွေ မဟုတ်ကြတာပဲ။ သူတို့ရဲ့ မုန်းတီးမှုက သောက်လေသောက်လေ ငတ်မပြေဆိုတာလို မပြေနိုင်တဲ့ မပြည့်နိုင်တဲ့အလို၊ ကြီးမြင့်ချင်လှတဲ့ ဆန္ဒကြီးတစ်ခုက ထွက်လာတာ။ တစ်နည်းဆိုရရင်တော့ ဒီလူတွေရဲ့ ဆန္ဒကြီးဟာ တစ်ခုခုမှာ စွဲနေတယ်။ အဲဒီတစ်ခုခုက သူတို့ကို ဦးတည်ရာ တစ်နေရာရာကို တွန်းနေတယ်။ အဲ . . ဒီစိတ်က သူ့ထက်တောင် အားကြီးမယ်။

တာ ။ ။ဆက်၍ ရှင်းတော်မူပါ။
ကျုပ် လမ်းပေါ်က လူတစ်ယောက်ပါ။

ဟာဗယ် ။ ။ကျုပ်ကတော့ မဟုတ်ခါမှလွဲရော အမုန်းဆိုတာ မေတ္တာမရှိရုံ စာနာသနားခြင်းမရှိရုံထက် ပိုတယ်လို့ ထင်တာပဲ။ လူ့စိတ်ထဲက ကွက်လပ်တစ်ခုမဟုတ်တာ တထစ်ချပဲ။

အမုန်းစိတ်ဟာလည်း ချစ်စိတ်လိုပဲ။ အဲ . . ကျုပ်ပြောတဲ့ ချစ်စိတ် ဆိုတာ မိမိအတ္တကို ကျော်လွန်တဲ့ ချစ်စိတ်ကို ပြောတာနော်။ ကိုယ့်ကို ကျော်ပြီး တခြားသူပေါ်မှာ စွဲတဲ့စိတ်။ ကိုယ့်ဖြစ်တည်မှု တစ်စိတ်တစ်ပိုင်း ကလေး တခြားသူများအပေါ် ရောက်သွားတာပဲ။ ခင်ဗျားတို့ နားလည် ပါတယ်နော်။

တာ ။ ။မဟုတ်ခါမှတော့ လွဲမှာပဆရာကြီး ဟဲဟဲ။ သို့သော် ဆရာကြီးပြောတာအားလုံး ကျွန်တော် သဘောတူပါတယ်။

ဟာဗယ် ။ ။မုန်းသူဟာ အမုန်းခံအရာဝတ္ထုကို မျှော်နေတတ်တယ်။ မုန်းတဲ့သူမှာ မပြေနိုင် မပျောက်နိုင်သော ဒဏ်ရာရနေတဲ့ ခံစားမှုမျိုးရှိတယ်။ အဲဒီခံစားမှုဟာ သဘာဝမကျအောင်ထိ ကြီးနေတယ်။ ဒီလိုလူမျိုးတွေက မဆုံးနိုင်အောင် ဂုဏ်ပြုခံချင်တယ်။ မဆုံးနိုင်အောင် အချစ်ခံချင်တယ်။ မဆုံးနိုင်အောင် အလေးစားခံချင်တယ်။ တခြားသူ တွေက သူတို့အပေါ် ကျေးဇူးမသိတတ်ဘူး။ ခွင့်လွှတ်စရာ မကောင်းအောင်ထိ မတရားကြဘူးဆိုတဲ့ အသိမျိုးဝင်နေတတ်တယ်။ နာနေကြတယ်။ ငါတို့ကို လေးမှုမလေးစားတာ။ ထိုက်သလောက်မှ မချစ်တာ။ ငါတို့က အလေးစား ခံထိုက်တယ် အချစ်ခံထိုက်တယ်။ သို့ပေမဲ့ ငါတို့ဟာ လျစ်လျူရှုခံနေရတယ်။အဲသလို စဉ်းစားလေ့ရှိတယ်။

တာ ။ ။သနားစရာ သတ္တဝါတွေပဲ။ ကျွန်တော်ဖြင့် ဟိုလူကြီးကို တွေးမိလာပြီ။

ဟာဗယ် ။ ။မုန်းသူတွေရဲ့ အတွင်းစိတ်ထဲမှာ သူတို့သာပဲ အမှန်ကို သိတယ်ဆိုတဲ့ ခံစားမှုမျိုး ကိန်းနေတယ်။ ကိုယ့်ကိုယ်ကိုယ် စူပါလူသားတွေလိုလို၊ အင် . . ဘုရားသခင်လိုလိုတောင် ထင်ချင် ထင်နေ တာ။ ဒါကြောင့် ကမ္ဘာကြီးရဲ့ အသိအမှတ်ပြုခြင်းကို သူတို့က ခံထိုက်တယ်။အကြွင်းမဲ့ကျိုးနွံမှု အကြွင်းမဲ့သစ္စာရှိမှု ရရမယ်။ သူတို့ ပြောသမျှ အဟောဝတ ရမယ် ဒါမျိုးကိုး။ မုန်းတီးနေသူတွေဟာ သူတို့ပဲ လောကရဲ့ ဗဟိုချက် ဖြစ်ချင်ကြတယ်။ ဒါနဲ့ပဲ အမြဲတမ်း မကျေနပ် ဖြစ်နေကြ ကြောင့်ကြနေကြရော။ ဘာကြောင့်လဲဆိုတော့ လောကကြီးက သူတို့ကိုမှ လက်မခံဘဲ ကိုး။ သူတို့လိုချင်သလို အသိအမှတ်မပြုဘဲကိုး။ လူတွေက ဂရုတောင် မစိုက်ဘူး။ လျှောင်တောင် လျှောင်ကြသေးတာကိုး။

တာ ။ ။အမုန်းကြီးသူတွေဟာ ကလေးဆိုးကြီးတွေလိုပဲပေါ့နော်၊ ဆရာကြီးဟာဗယ်။

ဟာဗယ် ။ ။ဒီကလေးဆိုးတွေဟာ အမေတွေကိုတောင်မှပဲ အမေ ဆိုတာ သူတို့ကို စောင့်ရှောက်ဖို့ မွေးလာတာလို့ တွေးတာ။

ဒါကြောင့် သူတို့အမေက တခြားကလေးတွေကို ဂရုစိုက်ရင်၊ အမေက အဖေကို ဂရုစိုက်ရင်၊ အမေက စာအုပ်တစ်အုပ်ဖတ် ဒါမှမဟုတ် သူ့အလုပ်ကို လုပ်နေရင် မကျေနပ်ဘူး။ ဒါဟာ မတရားတာ၊ သူတို့ကို အလေးမထား တာလို့ ယူဆတာကိုး။ ဒါနဲ့ပဲ ချစ်ရမယ့်ဟာက မုန်းတဲ့ဆီ ပြောင်းသွားတယ်။

အမုန်းသမားတွေဟာ မရနိုင်တာကို လိုချင်တယ်။ မရတော့ မကျေနပ်ဘူး။ လောကကြီးကို မကျေနပ်ဘူး။ ဘုရားသခင်ကို မကျေနပ်ဘူး။ ဘုရားသခင်ကိုပဲ မနာလိုဝန်တိုတယ်။ လောကကြီးက သူသွားမယ့် လမ်းကို ပိတ်ထားတယ်လို့ အမုန်းများတဲ့သူက တွေးတတ်တယ်။ လောကကြီးကို အပြစ်တင်ချင်ပေမယ့် ဒါမျိုးက သိပ်မကောင်းတော့ အပြစ်တင်စရာ လိုက်ရှာတယ်။ အပြစ်တင်ရမယ့်သူကို လိုက်ရှာတဲ့အခါ၊ ရှာရင် တစ်ဦးဦးကို တွေ့တာချည်းပေါ့။ ပြီးတော့ အမုန်းနဲ့ခါးသီးနေသူ အတွက်က၊ မုန်းရတာက အမုန်းခံဝတ္ထု သို့မဟုတ် လူထက် ပိုအရေးကြီး တာကိုး။ တကယ်တော့ အမုန်းခံဝတ္ထု (သို့မဟုတ်) လူဟာ အကြွင်းမဲ့ အသိအမှတ်ပြုခံရခြင်း၊ အကြွင်းမဲ့ ပါဝါရခြင်း၊ အကြွင်းမဲ့ ကိုးကွယ်ခံရ ခြင်း စတဲ့ အမုန်းနဲ့ခါးသီးနေသူ ရလိုရောက်လိုတဲ့ဟာကို မရခြင်း (ဝါ) သူ့ရဲ့ကျရှုံးခြင်းကို ကိုယ်စားပြုနေတာ။

တာ ။ ။ဒီလူတွေကို တစ်ဆင့်နိမ့်နေတယ်လို့ ခံစားစိတ်ရှိတဲ့သူတွေ (inferiority complex) လို့ ပြောနိုင်သလား ဆရာကြီး။

ဟာဗယ် ။ ။ဒီစိတ်ကြောင့် မုန်းနေရတာလို့ပြောရင် အတိအကျတော့ မှန်မထင်ဘူး။ အမုန်းနဲ့ခါးသီးနေတဲ့သူတွေဟာ လောကကြီးက သူတို့ကို သူတို့နဲ့ ထိုက်သလောက် တန်ဖိုးမထားဘူးလို့ လွဲလွဲကန်းကန်း အမှတ်မှားနေတဲ့သူတွေလို့ပဲ ပြောရမယ်ထင်တယ်။

တာ ။ ။ဆက်၍ ရှင်းလင်းတော်မူပါ။

ဟာဗယ် ။ ။အမုန်းတွေပြည့်လျှံနေတဲ့သူဟာ မပြုံးနိုင် မရယ်နိုင်ဘူး။ မဲ့ရုံပဲ မဲ့နိုင်တဲ့သူတွေပ။ ရယ်စရာပြက်လုံးတောင် မထုတ်နိုင်ကြ

ဘူး။ ခါးခါးသီးသီး လှောင်တာမျိုးပဲ လုပ်နိုင်တယ်။ ကိုယ့်ကိုယ်ကိုယ် ရယ်နိုင်တဲ့သူတွေမှ ချစ်နိုင်တာကိုး။

အမုန်းသမားဟာ ဓမ္မဓိဋ္ဌာန်ကျဖို့အတွက် အရှက်အကြောက်ရှိဖို့ အတွက်လည်း ခံစားစိတ် ကင်းပနေတတ်တယ်။ ဒါကြောင့် သူတို့ဟာ မရှက်ဘူး။

တာ ။ ။ဟိုလူကြီးတွေ မရယ်မပြုံးတာ ဒါကြောင့်ကိုး။ ဘာကြောင့် မရယ်တာတုန်းဆိုတာ ခု ခင်ဗျားဟောမှပဲ။

ဟာဗယ် ။ ။သူတို့က သံသယမထားတတ်ဘူး။ မေးခွန်းမထုတ်တတ်ဘူး။ သူလည်းသင်္ခါရ ငါလည်းသင်္ခါရ မမြဲဘူးဆိုတာကို လည်း မေ့နေတာ။ လူဟာ မှားနိုင်တယ်။ လူဟာ မှားတတ်တဲ့အမျိုး ဆိုတာကို မေ့နေတာ။

ပမာဏကို မေ့လျော့နေတဲ့သူတွေပဲ။ အတိုင်းအတာကို မေ့နေ တာ။ ဖြစ်နိုင်တဲ့ အတိုင်းအတာ၊ ကိုယ့်ရပိုင်ခွင့်ရဲ့ အတိုင်းအတာ၊ သူ မျှော်လင့်နိုင်တဲ့ အချစ်ရဲ့အတိုင်းအတာ အသိအမှတ်ပြုခြင်းရဲ့ အတိုင်းအတာ၊ ဒါမျိုးတွေ မှားနေတယ်။

တာ ။ ။ဖြစ်မှဖြစ်ရပလေ။

ဟာဗယ် ။ ။အမုန်းသမားက အိမ်နီးနားချင်းကို မုန်းတတ်တယ်။ ပြည်သူပြည်သားကို မုန်းတယ်။ လောကကြီးကိုမုန်းတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီလူတွေက သူ့ကို ငြင်းပယ်ကြတာကိုး။ အမုန်းမှာ အတ္တကြီးတာ၊ ကိုယ့်ကိုယ်ကိုယ်ပဲချစ်တာ ဒါမျိုးတွေ ပါဝင်နေ တာ။

အမုန်းသမားဟာ မပျော်နိုင်တဲ့သူပေါ့။ သူ ရချင်တာက အကြွင်းမဲ့ အောင်မြင်ခြင်းဆိုတော့ ဘယ်ရနိုင်မှာလဲ။ သူက ဒုက္ခပေးလို့ ဒုက္ခရောက်တဲ့ သူရဲ့ ခွင့်လွှတ်ပြုံးလေးတစ်ချက်ကိုမှ သူ မခံနိုင်ဘူး။ ဟိုလူက ပျော်ပျော်ရွှင်ရွှင် ဖြစ်နေတာကိုပဲ၊ ပြုံးနေတဲ့ ဟိုလူကို အမုန်းသမားဟာ ယမ်းပုံမီးကျ ဒေါသထွက်တာပဲ။

တာ ။ ။အမုန်းတရားဟာ တစ်ဦးချင်းမှာလည်း ဖြစ်တယ်။ လူအစုလိုက်မှာလည်း ဖြစ်တယ်။ ဝါဒကြောင့် အမုန်းတွေ ပေါ်ပေါက်တယ်မဟုတ်လား ဆရာကြီး။ ဝါဒကြောင့် ဘာသာရေး ကြောင့် လူမျိုးရေးကြောင့် အမုန်းသမား အစုအဝေးကြီး ဖြစ်ပေါ်ရတဲ့ အကြောင်းကိုလည်း ရှင်းပြပါဦးခင်ဗျား။

ဟာဗယ် ။ ။လူတစ်စုက နောက်တစ်ခုကို မုန်းတာလည်း ရှိတယ်။ ဒါမျိုးကို group hatered လို့ ခေါ်တယ်။

တာ ။ ။ဟောတော်မူပါ။

ဟာဗယ် ။ ။တပြုံတမကြီး မုန်းတီးနေခြင်း (ဝါ) အမုန်းလူစုက ကြောက်စရာ ကောင်းတယ်။ သူက သံလိုက်လို ညှို့တတ် တာကိုး။ မမုန်းရသေးတဲ့သူတွေတောင် အညှို့ခံရလို့ မုန်းလာကြတယ်။ ဆင်ခြင်စဉ်းစားနိုင်ကြမှသာ ဒီအမုန်းစက်ကွင်းက လွတ်နိုင်တယ်။ သို့သော် ဒီအမုန်းစက်ကွင်းက အားသိပ်ကောင်းတယ်။

တာ ။ ။ဆက်၍သာ ဟောပါ။

ဟာဗယ် ။ ။(၁) အမုန်းလူစုထဲ ဝင်ပါရင် တစ်ယောက်တည်း အထီးကျန်မဖြစ်တော့ဘူး။ အားနည်းနေသလိုဖြစ်နေရာက အားရှိလာမယ်။ အပေါင်းနဲ့အသင်းနဲ့ဖြစ်လာမှာကိုး။ ထူးဆန်းတဲ့ ညီအစ်ကိုတော်မှုတဲ့။ ဘိုလိုက strange brotherhood ဆိုပဲ။ အောင်မယ် တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေလိုက်ကြတာ။ နှစ်ဦးသဘောတူ အပြစ်တင်စရာ မုန်းစရာကလည်း လက်ညှိုးထိုးပြစရာ ရှိတယ်မဟုတ် လား။ "ဒဏ်ရာသဘောတရား" (Ideology of injury) တစ်ခုလည်း လက်ကိုင်ရှိတော့တာကိုး။ "ဂျာမန်တွေ၊ အာရပ်တွေ၊ အမည်းကောင်တွေ၊ ဂျူးတွေ၊ မွတ်ဆလင်တွေ၊ ဗမာတွေ၊ အမေရိကန် စသည်ဖြင့်။ ဒါတွေက ကမ္ဘာလောကကြီးရဲ့ ဒုက္ခတွေ ပြဿနာတွေကို ဖန်တီးတာပဲ။သူတို့ပဲ။"

(၂) အမုန်းလူစုမှာ အမုန်းကိုပြနိုင်ရင် လူစွာဖြစ်တယ်။ ဘယ်လောက်ထိ မုန်းတီးတယ်ဆိုတာပြလေလေ နာမည်ကြီးလေလေပဲ။

တူညီဝတ်စုံတွေ၊ အလံတွေ၊ သီချင်းတွေနဲ့ ဖော်ထုတ်တာပ။ ဒီနည်းနဲ့ အမုန်းလူစုဟာ အားရှိအောင် လုပ်တာပဲ။ သူတို့ရဲ့ဖြစ်တည်မှု အမှတ်သရုပ်ကို တင်ပြတာပဲ။

(၃) မုန်းတီးတာကို တစ်ယောက်တည်း ခပ်ကြမ်းကြမ်း ဖော်ထုတ်ရင် (ဥပမာ သတ်မယ် ဖြတ်မယ် ဗုံးခွဲမယ်ဆိုရင်) တစ်ယောက်တည်း တာဝန်ယူရတယ်။ တစ်ယောက်တည်းဆိုတော့ အရာမဝင်ဘူး။ (legitimacy ကို ပြောတာပါ) အစုလိုက် အအုပ်လိုက်ဆိုတော့ အရာဝင်တယ်။ ဖုံးဖို့ဖိဖို့ ကာဗာရတယ်ဆိုကြပါစို့။ အုပ်စုနဲ့ ဖုံးထားတော့ လုပ်ရတာ ရဲတာပေါ့။

(၄) ယေဘုယျပြောရရင် လောကဆိုတာ မတရား မမျှတတာ ရှိနေတတ်တာချည်းပေါ့။ အဲသလို ယေဘုယျ မမျှတခြင်းကြီးကို လူတစ်စုံ တစ်ယောက်အပေါ် မှာပဲ ပုံလိုက်တာမျိုးက လွယ်တာပေါ့။ မုန်းတီးတဲ့ လူစုက တစ်စုံတစ်ယောက်ကို သူ့အသားအရောင်ကြောင့်ဖြစ်စေ သူ့အမည်၊ သူ့ဘာသာတရား၊ သူ့ဘာသာစကားကြောင့်ဖြစ်စေ ပုံလိုက်တယ်။

တာ ။ ။မုန်းကြပြီဆိုမှဖြင့် ဟန်မကျတော့ပါဘူး။ဘုရား ဘုရား။

ဟာဗယ် ။ ။အမုန်းလူစုဖြစ်ပေါ်ဖို့ အားပေးတဲ့ အခြေအနေတွေကို လည်း ဟောဦးမယ်။

တာ ။ ။ဟောစေဗျား။

ဟာဗယ် ။ ။လူတစ်စုဟာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စရာကောင်းတဲ့ ပတ်ဝန်းကျင်မှာနေရရင် မုန်းလာတတ်တယ်။ ဒါက ပထမတစ်မျိုးပေါ့။ ဒုတိယအနေနဲ့တော့ လူဟာ ယေဘုယျပြုတတ်တယ်။ တွေးတတ်တဲ့သူတိုင်းဟာ ယေဘုယျခြုံပြီး ကောက်ချက်ချတာချည်းပဲ။ သို့သော် လွှမ်းခြုံပြီး ကောက်ချက်ချတာမျိုးကို သတိနဲ့လုပ်သင့်တယ်။ ကျုပ်တို့က ပြင်သစ်က ဘယ်လိုပဲ။ အမေရိကန်က ဘယ်လို။ တရုတ်က ဘယ်ဝါ။ ဗမာက ဘယ်ညာ ပြောတတ်တယ်။လူတစ်ဦးချင်း

ဟာ အမျိုးအနွယ်ကြောင့် မကောင်းတဲ့သူ ဆိုးတဲ့သူ အလိုလိုဖြစ်သွားပါလေရော။ လူမျိုးရေး ခွဲခြားမှုဟာ၊ အင်း . . လူမျိုးရေး ခွဲခြားတဲ့ဝါဒကတော့ အင်မတန်ဆိုးတဲ့ ဝါဒပဲ။ . . အဲသလို သတိမထားဘဲ အမှုမဲ့အမှတ်မဲ့ ယေဘုယျပြုမှုကြောင့် မုန်းတာတွေ ရှိတာပ။

အမုန်းလူစုဖြစ်ရတဲ့ နောက်အကြောင်းတစ်ကြောင်းကတော့ တခြားသူများဖြစ်နေခြင်း (otherness) ပဲ။ လူ့ဘဝရဲ့ အရောင်အသွေးစုံလင်ခြင်းဟာ လူတွေအနေနဲ့ တစ်ယောက်နဲ့တစ်ယောက် မတူကြလို့ပ။ တူမှမတူကြတာ။ တစ်ဦးကိုတစ်ဦး အကုန်အစင်နားလည်ဖို့ မဖြစ်နိုင်ဘူး။ ဓလေ့ထုံးစံမှာ ကွာတယ်။ ရိုးရာအလေ့အထ မတူဘူး။ သဘောနေသဘောထား မတူဘူး။ ဘဝနေပုံထိုင်ပုံ မတူဘူး။ ကိုးကွယ်ယုံကြည်မှုခြားနားတယ်။ အသားအရောင်ကွဲတယ်။ တခြားသူများ ဖြစ်နေခြင်း (otherness) ဟာ အစုအဝေးလိုက် ဖြစ်တာပဲ။ တခြားသူများဟာ သူစိမ်းဖြစ်နေတာပ။ လှောင်ချင်စရာ ဖြစ်ချင်ဖြစ်နေတာပ။ နားမလည်နိုင်စရာ ဖြစ်နေတာပ။ ကိုယ်ကတင်ဖြစ်နေတာမဟုတ်ဘူး၊ ကိုယ့်ကို သူတို့ဘက်ကလည်း ဖြစ်နေတာ။

အဲသလို "တခြားသူများဖြစ်နေခြင်း"ကို နားလည်အောင် ကြိုးစားသည်းခံပြီး လက်ခံနိုင်ရလိမ့်မယ်။ "တခြားသူများ"ကို လေးစားနိုင်ရမယ်။ သူတို့ရှိခြင်းကို ပျော်စရာကြီးလို့တောင် စဉ်းစားနိုင်ရင် ကောင်းတယ်။

သို့သော် ကိုယ်နဲ့ကွာခြားတာနဲ့ပဲ တခြားသူများဟာ "အမုန်းလူစု" ဖြစ်လာတာကတော့ အမြင်မမှန်တာပဲ။

တာ ။ ။ကျုပ်တို့ဆီက လူမျိုးရေး မုန်းတီးမှုကတော့ ခင်ဗျားဟောသလို လုံးသိပ်လိုက်တာရယ်၊ ပထမအချက်ဖြစ်တဲ့ တကယ့်ကို စိတ်မချမ်းသာစရာ စစ်ပွဲတွေကြောင့်ရယ် ဖြစ်တာပဲ။

ဟာဗယ် ။ ။ကျုပ်က အရှေ့ဥရောပအခြေအနေကိုလည်း ပြောချင်တယ်။ ကျုပ်ဒေသကိုး။ ပြီးတော့ ကျုပ်တို့ဒေသက နိုင်ငံငယ်တွေနဲ့ လူမျိုးစုတွေ ရောနေတဲ့ဒေသ။ ကျုပ်ဒေသမှာ နိုင်ငံတွေ

လူမျိုးတွေကို သူ့နယ်နဲ့သူ ခွဲခြားထားဖို့ နယ်နိမိတ်မျဉ်းကြောင်း ကောင်းကောင်းဆွဲဖို့ မဖြစ်နိုင်ဘူး။ နိုင်ငံတစ်ခုရယ်လို့ သတ်မှတ်ထားတဲ့ နယ်နိမိတ်တစ်ခုထဲမှာ လူနည်းစုတွေ။ လူနည်းစုတွေအတွင်းမှာပဲ တခြားလူနည်းစုတွေ ရှိကြတယ်။ နိုင်ငံနယ်နိမိတ်မျဉ်းကြောင်း သတ်မှတ်ထားတယ်ဆိုတာကလည်း တစ်ခါတစ်ရံမှာ ကြံဖန်လုပ်ထားရတာတွေကိုး။ ပြီးတော့လည်း ဒီနိုင်ငံတွေဟာ သမိုင်းတစ်လျှောက်လုံး သူဟာဖြင့် ဘာပါပဲလို့ ထုတ်ပြနိုင်တဲ့ အခွင့်အရေး မရခဲ့ရှာကြဘူး။ ရာစုနှစ်ပေါင်းများစွာ အင်ပိုင်ယာကြီးတွေအောက်မှာ နေခဲ့ကြရတာ များတာပဲ။ ရှေ့ပိုင်းမှာ အော့စတြို ဟန်ဂေရီဘုရင်အောက်မှာ နောက်တော့လည်း ဟစ်တလာအောက် ရောက်သွားရပြန်၊ ပြီးတော့ စတာလင်အောက်ပေါ့ဗျာ။ အနောက်ဥရောပကျတော့ သူတို့ဟာသူတို့ ဖွံ့ဖြိုးချိန် ရကြတယ်။ ကျုပ်တို့ကျတော့ ကမ္ဘာစစ်ကြီး ၂ ခုကြားက နှစ်အနည်းငယ်ပဲ အချိန်ရတယ်။

ဒီတော့လည်း ကျုပ်တို့ထဲမှာ သမိုင်းဟာ မကောင်းဘူး။မတရားသဖြင့် ဖြစ်ရတယ်ဆိုတဲ့ ခံစားမှုမျိုး၊ (မုန်းတီးဖို့ လုံလောက်တဲ့ အခြေအနေမျိုး ရှိနေတာပေါ့ဗျာ။

အာဏာရှင်စနစ်ကလည်း ကျုပ်တို့နိုင်ငံတွေမှာ အကြာကြီးကြာတယ်။ ဒီစနစ်ကတော့ အားလုံး တစ်မျိုးတည်းဖြစ်အောင် လုပ်တာ။ တသွေးတသံတမိန့်ကိုးဗျ။ နှစ်ပေါင်းများစွာ ဖိနှိပ်ချုပ်ချယ်ထားတာပ။ ဒါကြောင့် ဒီနိုင်ငံတွေက အာဏာရှင်စနစ်အောက်က ထွက်လာနိုင်တဲ့အခါ အရင်က မျိုချထားခဲ့ရတဲ့ အစာမကျေတဲ့ သူစိမ်းတွေ သူတို့အချင်းချင်းကြားမှာ ပေါ်လာတာပဲ။ မတူညီမှုတွေ(ဝါ) သူစိမ်းတွေကို ဘွားခနဲတွေ့လိုက်တဲ့ ရှော့လို့ခေါ်မှာပေါ့။ မရင့်လည်း မရင့်ကျက်သေးဘဲကိုး။ သူစိမ်းတွေကို နားလည်အောင်လုပ်ဖို့ အချိန်ကလည်း လုံလုံလောက်လောက် မရဘူး။မုန်းတီးတာတွေ ဖြစ်တော့တာပ။

တာ ။ ။ဆရာကြီးရဲ့တရား နာရတာ ဆင်ခြင်စရာတွေ ရပါသဗျာ။
ဆက်၍ဟောတော်မူပါ။

ဟာဗယ် ။ ။အာဏာရှင်စနစ်က ပြည်သူတွေရဲ့ လွတ်လပ်ခွင့်နဲ့ ပုဂ္ဂလိက တစ်ဦးချင်းအခွင့်အရေးတွေကို ချုပ်ချယ်ထားတာကိုး။

ပြည်သူ့နီတိရယ်လို့လည်း မရှိတော့ဘူး။ အကျင့်သီလဆိုတာ မရှိခြင်းနဲ့ အမှုမဲ့ အမှတ်မဲ့ သိမ်းကျုံးသတ်မှတ်လိုက်ခြင်း (ဒီကောင်တွေဟာ အတူတူချည်းပါပဲလို့ ယေဘုယျပြုတာ) ၂ ခုပေါင်းတော့ မကောင်းတာတွေ ဖြစ်တာပေါ့။ လူ့အခွင့်အရေးကို ရိုသေခြင်း (ဝါ) လူရယ်လို့ လေးစားခြင်း၊ ကင်းသွားတာပ။ အဲသလိုဖြစ်တာကြောင့် တခြားသူတွေကို သည်းညည်းမခံနိုင်တာပဲ။ တစ်နည်းအားဖြင့် မုန်းတီးတာတွေ (national intolenance လို့ ခေါ်မှာပေါ့) ဖြစ်တော့တာပေါ့။

အာဏာရှင်စနစ်ရဲ့ အမွေတွေပ။ သူ့ကြောင့်ဖြစ်တဲ့ ဒဏ်ရာတွေ ပြေအောင်လုပ်ရတာ အလွန်ခက်တယ်။ အချိန်လည်း ယူတယ်။

မကျေမနပ်ဖြစ်နေကြတဲ့ အခြေအနေမှာ ဖိနှိပ်ထားခဲ့ရတဲ့ ဒေါသအိုးတွေ ပေါက်ကွဲတာပ။ အကြောင်းရင်းခံဖြစ်တဲ့ အာဏာရှင်စနစ်ကြီးအစား လက်ညှိုးထိုးစရာ လူတစ်ဦး လူတစ်စုအပေါ် ပေါက်ကွဲတာ။

ကျုပ်ပြောနေတာက ဒါမျိုး အမုန်းအိုးကြီး ကွဲတာဟာ ကျုပ်တို့မှာ ဖြစ်ကိုဖြစ်ရမယ့် အနာဂတ်လို့ ဟောနေတာမဟုတ်ဘူးနော်။ အဲဒီအချက်ကို ဂရုပြုစေချင်တယ်။ ကျုပ်တို့အနေနဲ့ အမုန်းလူစုမဖြစ်အောင် အားထုတ်ရင်ဆိုင်ရမယ်။ဒါက ကျုပ်တို့ကို ထိခိုက်မှာ မဟုတ်လား။

တာ ။ ။ကျွန်တော်တို့လည်း သတိထားရမယ့် အချက်ကြီးပါ၊ ဆရာကြီး ဟာဗယ်ခင်ဗျား။

ဟာဗယ် ။ ။ဟိန္ဒူဒဏ္ဍာရီမှာ ဘာရုနဒါဆိုတဲ့ ခေါင်း ၂ လုံး၊ လည်းပင် ၂ ခုနဲ့ ငှက်တစ်ကောင်ရှိတယ်။ဒီငှက်က ခေါင်း ၂ လုံးရှိတော့ စိတ် ၂ ခု ရှိတယ်။

နှစ်ပေါင်းများစွာ အတူအသက်ရှင်သန်ခဲ့ပြီးသော်လည်း ခေါင်း ၂ လုံးဟာ တစ်ဦးကိုတစ်ဦး မုန်းလာကြတယ်။ ဒါနဲ့ တစ်ခေါင်း

က နောက်တစ်ခေါင်းကို ဘေးဖြစ်အောင် ကြံကြတယ်။ နှစ်ခေါင်းစလုံး ကျောက်ခဲတွေ အဆိပ်တွေ မျိုချကြတယ်။ ရလဒ်ကတော့ ဘာရုနဒါ ငှက်ဟာ အကြောဆွဲပြီး သေတယ်။နာလွန်း ကျင်လွန်းလို့ အော်ပြီး သေရတာ။ ဒါပေတဲ့ ခရစ်ရှနားနတ်ကြီးရဲ့ မဟာကရုဏာတော်ကြောင့် ပြန်ရှင်တယ်။ ခရစ်ရှနားဟာ မုန်းကြရင် ဘယ်လိုအဆုံးသတ်ရမယ် ဆိုတာ လူတွေကို သိစေချင်လို့ အသက်ပြန်ရှင်အောင် ကယ်တင်ခြင်း ဖြစ်တယ်လို့ ဒဏ္ဍာရီက ဆိုတယ်။

ကျုပ်တို့ ဒီမိုကရေစီရခါစ အရှေ့ဥရောပပြည်သူတွေလည်း နေ့တိုင်းနေ့တိုင်း ဒီဒဏ္ဍာရီကို ဆင်ခြင်သင့်တာပ။ တစ်ယောက်က နောက်တစ်ယောက်ကိုမုန်းရင် ဘာရုနဒါငှက်ကြီးလို အဆုံးသတ်ရမှာ ကိုး။ အင်း . . ကျုပ်တို့ကျတော့ ကယ်မယ့်သူ ခရစ်ရှနား မရှိဘူးဗျ။

တာ ။ ။ "လူတို့နှလုံးသား၊ အမုန်းမပွားရပေ
မေတ္တာရေချမ်း ဆွတ်ဖျန်းလှိုင်စေ
ကြင်နာတရားတွေ ထားကြမှ
စိတ်ထားမြတ်မယ်
အမြဲသာတွေး တွေးဆဖွယ်
အသည်းမှာအေး အေးကြမယ်
ကြင်နာတွေ မိုးမြေပမာ
ဖြိုးဝေပါကွယ် . . . ။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ အမုန်းတွေပယ်ပြီး ငြိမ်းချမ်းတဲ့သူတွေဖြစ်အောင် ကြိုးစားကြမှာပါ ဆရာကြီးခင်ဗျား။

နှစ်ပါးသွားကြွလာ ဝေနေယျာ ငြိမ်းချမ်းကြပါစေ ဟဲဟဲ။

## ပေါင်းစပ်နေခြင်းသဘောထား
## လောကအမြင်

### သဘောတရားဟူသည် ဘဝရွှေ့ဆောင် မီးရှူးရောင်
### ဘဝဟူသည် သဘောတရားအမြင် မှတ်ကျောက်ပင်

အထက်ပါအတိုင်း သဘောတရားဆိုတာကို အနက်ကောက်ဖူးတယ်။ ဘဝကို သဘောတရားနဲ့ လမ်းပြမတဲ့။ အဲသည်ခေတ်ကဟောတဲ့ သဘောတရား ဆိုတာက ဆိုရှယ်လစ်သဘောတရားကို ဆိုလိုတာပဲ။ အနှီ သဘောတရားဟာ ယခုတော့လည်း ခေတ်မရှိပြီ။

ယခုဟောမယ့် သဘောတရားကတော့ ပေါင်းစပ် နေခြင်း သဘောထားဆိုပါစို့။ "ကွဲနေတယ်ထင်ရပေတဲ့ တကယ်တော့ ဆက်စပ်နေတယ်၊ ဘာမှမဆိုင်ဘူးထင်ရပေတဲ့ အပြန်အလှန်မှီခိုနေတယ်၊ သိုးဆောင်းလို *holistic* လို့ခေါ်တဲ့ သဘောတရားပဲ။" အဲဒီသဘောတရားနဲ့ လောကကြီးကို ကြည့်ရမတဲ့။ အဲသလိုကြည့်မှ လောကကြီးဟာ သာယာမယ်၊ ငြိမ်းချမ်းမယ်၊ ရေရှည်တည်တံ့ခိုင်မြဲမယ်၊ အဲသလိုကိုး။ ရှုစားတော်မူပါ။

* * *

## ပေါင်းစပ်နေခြင်းသဘောထား
## လောကအမြင်

### သဘောတရားဟူသည် ဘဝရှေ့ဆောင် မီးရှူးရောင်
### ဘဝဟူသည် သဘောတရားအမြင် မှတ်ကျောက်ပင်

အထက်ပါအတိုင်း သဘောတရားဆိုတာကို အနက်ကောက်ဖူးတယ်။ ဘဝကို သဘောတရားနဲ့ လမ်းပြမတဲ့။ အဲသည်ခေတ်ကပြောတဲ့ သဘောတရား ဆိုတာက ဆိုရှယ်လစ်သဘောတရားကို ဆိုလိုတာပဲ။ အနီ သဘောတရားဟာ ယခုတော့လည်း ခေတ်မရှိပြီ။

ယခုပြောမယ့် သဘောတရားကတော့ ပေါင်းစပ်နေခြင်း သဘောထားဆိုပါစို့။ "ကွဲနေတယ်ထင်ရပေတဲ့ တကယ်တော့ ဆက်စပ်နေတယ်၊ ဘာမှမဆိုင်ဘူးထင်ရပေတဲ့ အပြန်အလှန်မှီခိုနေတယ်၊ သိုးဆောင်းလို *holistic* လို့ခေါ်တဲ့ သဘောတရားပဲ။" အဲဒီသဘောတရားနဲ့ လောကကြီးကို ကြည့်ရမတဲ့။ အဲသလိုကြည့်မှ လောကကြီးဟာ သာယာမယ်၊ ငြိမ်းချမ်းမယ်၊ ရေရှည်တည်တံ့ခိုင်မြဲမယ်၊ အဲသလိုကိုး။ ရှုစားတော်မူပါ။

* * *

စာတစ်။ ။ကျုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ပတ်သက်နေကြသည်။ ကျုပ်တို့သည် ဆက်လည်း ဆက်စပ်နေကြသည်။ ကျုပ်တို့ကို သူတစ်ပါးနဲ့ ပြုလုပ်ထား၍ သူတစ်ပါးဟာလည်း ကျုပ်တို့နဲ့ ပြုလုပ်ထားသည်။ ဖြစ်ခြင်း တည်ခြင်းကြီးသည် ဓာတ်ကြီးခုနစ်ပါးနှင့် ပြုလုပ်ထားခြင်းဖြစ်သည်။ မြေ၊ ရေ၊ လေ၊ မီး၊ နေရာ၊ အချိန်နှင့် သိခြင်း၊ ဓာတ်ကြီးခုနစ်ပါး။ ယင်းတို့သည်လည်း တစ်ခုနှင့် တစ်ခုကြောင့်သာ ဖြစ်ရှိနေသည်။ အဘယ်ဓာတ်တစ်ခုမှ အထီးထီး သူ့အတိုင်းတိုင်း မဖြစ်မရှိ။

ဘဝ(ဝါ)အသက်၌ အခြေခံပေါင်းစပ်နေခြင်းသဘော ရှိသည်။ ယင်းပေါင်းစပ်ခြင်းသည် အသွင်သဏ္ဌာန် သန်းပေါင်းများစွာနှင့် ပေါ်ထွက်လာလေသည်။ တပေါင်းတည်း တစ်ခုတည်းဖြစ်ခြင်းနှင့် အထူးထူး အထွေထွေဖြစ်ခြင်းသည် အမြဲတစေ ကခုန်ကြကုန်၏။ ကွမ်တမ်ရူပဗေဒအလိုအရ အန္တိမအဆုံး၌ ရှိရှိသမျှအားလုံးသည် စွမ်းအင်ချည်းသာဖြစ်သည်။ အမှုန်ဟု ခေါ်လိုကခေါ် လှိုင်းဟု ခေါ်လိုကခေါ်။


တာ ။ ။ရစ်ချတ်ဖိုင်းမန်းဆိုတဲ့ ရူပဗေဒပညာရှင် ရှိတယ်။ သူ့စကားကတော့-

Principles
You can't say A is made of B
or vice versa
All mass is interaction.

ဒြပ်ဆိုတာ အပြန်အလှန်ပြုပြင်နေခြင်းသာ ဖြစ်သတဲ့။

စာတစ်။ ။အထူးထူးအထွေထွေခြားနားခြင်း(ဒိုင်ဗာစတီ)သည် ဆန့်ကျင်ဖီလာဖြစ်ခြင်း မဟုတ်။ ကွဲကွာသွားခြင်း အစိတ်စိတ် အပိုင်းပိုင်းဖြစ်ခြင်း နှစ်ခွ နှစ်ခုဖြစ်ခြင်း(duality)တို့သည် အပြင်ပန်း အသွင်အပြင်အရ သိမှတ်နေခြင်းသာ ဖြစ်၏။

အမှောင်သည် အလင်း၏ဆန့်ကျင်ဘက် ထင်ရသည်။ ဘယ်သည် ညာ၏ဆန့်ကျင်ဘက် ထင်ရသည်။ စိတ်သည် ရုပ်၏



ယင်နှင့်ယန်း

ဆန့်ကျင်ဘက် ထင်ရသည်။ တပေါင်းတစ်ခုတည်းသာဖြစ်သည်ဟူသော အမြင်အရမူ အမှောင်နှင့် အလင်း၊ ဘယ်နှင့် ညာ၊ စိတ်နှင့် ရုပ် (အခြားသော ဆန့်ကျင်ဘက်ဟုထင်ရသည့်အရာများအားလုံး)သည် တစ်ခုကိုတစ်ခု မှီခိုနေကြကုန်၍ တစ်ခုကိုတစ်ခု ဖြည့်စွက်ပေးကြကုန်သည်။ တရုတ်တို့က ဤအခြင်းအရာကို ယင်နှင့်ယန်း၏ သဘာဝ ဖြစ်ခြင်းဟု ခေါ်၏။ ယင်သည် ယန်း၏အတွင်း၊ ယန်းသည် ယင်၏ အတွင်း ရှိကုန်သည်။

တာ ။ ။ပုံကလေးကိုသာ ကြည့်ကြပါလော့။ ခြားနားခြင်းသည် ဆန့်ကျင်ဘက်ဖြစ်ခြင်း မဟုတ်ပါပဲကလား။

စာတစ်။ ။လောကကြီးကိုကြည့်၍ လောကကြီးကို တစ်ခုကြီး တပေါင်းကြီးဟုမြင်သော်၊ ကျုပ်တို့သည် ကျုပ်တို့၏ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး၊ ပတ်ဝန်းကျင်ရေး ဆန့်ကျင်ဖီလာဖြစ်မှုများကို တစ်ချက်တည်းနှင့်ကုနိုင်သည်။သိပ္ပံ၊ နာမ်နှင့် အနုပညာတို့အကြား ဆန့်ကျင်ဖီလာဖြစ်မှု၊ ဦးခေါင်း၊ နှလုံးနှင့် လက်များအကြား ဆန့်ကျင်ဖီလာဖြစ်မှုကို ကုနိုင်သည်။

ပလေတိုသည် မှန်ခြင်း၊ကောင်းခြင်းနှင့် လှခြင်းဟူသော အင်္ဂါသုံးရပ်ဖြင့်၊ လောကကြီး၏ ပေါင်းစပ်နေခြင်းသဘောကို တင်ပြခဲ့သည်။ သိပ္ပံအားဖြင့်မှန်ခြင်းကို ကျုပ်တို့ရှာဖွေသည်။ နာမ်ဝိညာဉ်အားဖြင့် ကောင်းခြင်းကို ကျုပ်တို့ရှာဖွေသည်။ အနုပညာအားဖြင့် လှခြင်းကို ကျုပ်တို့ရှာဖွေသည်။ သိပ္ပံကသတ်သတ်၊ နာမ်ဝိညာဉ်ကသတ်သတ်၊ အနုပညာကသတ်သတ်။ မည်ကဲ့သို့များ ခွဲခြားလို့ရမှာတုန်း။

တာ ။ ။Spirituality ဆိုတဲ့ သိုးဆောင်းစကား ရှိတယ်။ "စိတ်(နာမ်)နှင့်ပတ်သက်သော"လို့ အဓိပ္ပာယ်ရမှာပ။ စိတ်ခံစားမှုဆိုင်ရာကိုလည်း ကျုပ်တို့ ဂရုစိုက်ရမှာပေါ့။

စာတစ်။ ။ဦးခေါင်းများနှင့် ကျုပ်တို့တွေး၍ မှန်ခြင်းဆိုတာကို သိသည်၊ ထိုဟာကို သိပ္ပံဟုခေါ်သည်။ နှလုံးများနှင့် ကျုပ်တို့ မွေးမြူ၍ ကောင်းအောင်နေသည်။ ထိုဟာကို နာမ်ဝိညာဉ်ဟုခေါ်သည်။ လက်များနှင့် ကျုပ်တို့ဖန်တီး၍ အလှကို တည်ဆောက်သည်၊ ထိုဟာကို အနုပညာဟုခေါ်သည်။

သည်လိုနှင့်ပင် သိပ္ပံ၊ နာမ်ဝိညာဉ်နှင့် အနုပညာသည် တဆက်တစပ်တည်း ဖြစ်သည်မဟုတ်လော။ ယင်းတို့ကြား၌ အပြတ်အတောက်မရှိ ခြားနားခြင်းလည်း မရှိပါ။ ကျုပ်တို့ခန္ဓာသည် ဤပေါင်းစည်းနေခြင်း၏ ပြယုဂ်တစ်ခုသာ။ ဓာတ်ကြီး(၇)ခုသည် ဆိုဖွယ်ရာမရှိ အညီအညွတ်ဖြစ်လျက် ကျုပ်တို့ကို ပြုလုပ်ထားသည်။ ကျုပ်တို့ တွေးသည်၊ ခံစားသည်၊ လုပ်ကိုင်သည်။ ကျုပ်တို့သည်

တပေါင်းတစည်း တစ်ခုကြီးတည်း။ ဤတစ်ခုကြီးဖြစ်နေခြင်း ပြည့်စုံနေခြင်း ယှက်နွယ်ဆက်စပ်နေခြင်းသည် တာရှည်ခံခြင်းသို့ ပထမခြေလှမ်းဖြစ်လေသည်။

နာမ်နှင့်ရုပ် နှစ်ခုကွဲခြင်းသည် ပြင်သစ်ဒဿနဆရာ ဒေးကားက စသည်။ "ကျွန်တော် တွေးသည်၊ ထို့ကြောင့် ကျွန်တော် ရှိသည်" ဟူသော သူ၏ ကျော်ကြားသည့်စကားရပ်မှာ "အတွေးအခေါ် က အဆင့်မြင့်သည် အထက်တန်းကျသည်"ဟု ဖော်ပြခြင်း။ ဒေးကား၏ နှစ်ခုကွဲပြားခြင်းအတွေးအခေါ် (Dualism) သည် အနောက်တိုင်း ဒဿနနှင့် သိပ္ပံ၏အခြေခံဖြစ်လာသည်။ ကျောင်းများ၊ တက္ကသိုလ်များ၊ ပညာရေးရာ ဌာနများသည် ပညာဗဟုသုတကို သီးသန့်ဘာသာရပ်များ အဖြစ်သို့ ခွဲခြားလိုက်သည်။ ဘောဂဗေဒကို ဂေဟဗေဒနှင့် မဆက်စပ်ဘဲ သင်သည်။ နိုင်ငံရေးကို ကဗျာနှင့် မဆက်စပ်၊ သိပ္ပံကို နာမ်ကိစ္စနှင့် မဆက်စပ်၊ ဘာသာရပ်တို့ကို အထူးပြုဌာနတွေထဲသို့ ခွဲခြားထည့်လိုက် ကြတော့သည်။

တာ ။ ။"ကျွန်တော် အသက်ရှူထုတ်သည်၊ ဒါကြောင့် ကျွန်တော် ရှိသည်" လို့ တွေးရင် ပိုကောင်းမယ်။ ဒီစာနဲ့တော့ ဆိုင်ချင်မှ ဆိုင်မယ်။ သို့သော် အသက်ရှူတာကို အာရုံစိုက်ဖို့ လိုတယ်။ကိုယ့်ကိုယ် ကိုယ် ပြန်ကြည့်ဖို့ နည်းတစ်ခုမို့ပဲ။ ဆက်လက်ဖတ်ရှုတော်မူပါ။

စာတစ်။ ။ယခုထိတော့ အရင်အတိုင်း ဆက်လက်လုပ်ကိုင်ကြဆဲ။ အစိတ်အပိုင်းများကိုသာ သင်ကြားလျက် "တစ်ခုလုံးကြီး" မတည်ရှိဘိသကဲ့သို့ လေ့လာဆဲ။ ဆက်စပ်ပတ်ဝန်းကျင် (context) မပါဘဲ သင်နေဆဲ။ လူမှုရေးဗေဒမပါသော စိတ်ပညာ၊ ဘာသာတရား ဆိုင်ရာ နက်နဲသိမ်မွေ့သော အကြောင်းအရာများမပါသော သမိုင်းဗေဒ၊ အနုပညာရပ်များမပါသော နက္ခတ္တဗေဒ၊ ယင်းတို့သည် တစိတ်တပိုင်း ပညာရေး မဟုတ်လော။ တစိတ်တပိုင်းပညာရေးသည် နိုင်ငံရေး၊ စီးပွားရေး၊ ဆေးပညာ၊ စိုက်ပျိုးရေးနှင့် ဘဝ၏ အခြားစပ်ဆိုင်ရာများဆီ

ထိ ရောက်သွားကြပြီ။ ကျွန်တော်တို့က ကမ္ဘာကြီးကိုလည်း နိုင်ငံများ၊ ဘာသာများ နိုင်ငံရေးနှင့် စီးပွားရေးစနစ်များအဖြစ် ခွဲခြမ်းလိုက်ကြသည်။ လူနှင့်သဘာဝကိုလည်း ခွဲခြမ်းလိုက်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပထဝီနိုင်ငံရေးဆိုင်ရာ၊ စိတ်ဆိုင်ရာ သပ္ပါယမဖြစ်မှုများ အကျပ်အတည်းများကို ကျုပ်တို့ တွေ့နေရခြင်းသည် ဘာများအံ့ဩစရာ ရှိသတုန်း။

တာ ။ ။ဟုတ်ပါသဗျာ။

စာတစ်။ ။နှစ်ခြမ်းကွဲစေသော မွန်စီယာ ဒေးကားကို ချန်ခဲ့ကြကာ ကမ္ဘာကြီးသည် အပြန်အလှန်မှီခိုနေသော တစ်ခုကြီး ဖြစ်သည်ဟု ရှုမြင်ကြစို့။ ကိုယ့်အကျိုးစီးပွားသက်သက်သာကြည့်သော သဘောနေသဘောထားကို ကျော်လွန်လျက် နှစ်ဦးနှစ်ဝအကျိုးရှိခြင်း အပြန်အလှန်ဖြစ်ခြင်း၊ အပြန်အလှန်မှီခိုခြင်းကို သက်ဝင်ယုံကြည်ကြစို့။

"ပေါင်းစပ်နေခြင်းသဘောထား လောကအမြင်"ဟု ခေါ်ကြစို့ရဲ့။ နှစ်သစ်ကို ဤသဘောထားနှင့် စကြပါစို့။

တာ ။ ။သာဓု၊ သာဓု၊ သာဓု။

နှစ်ပါးသွားကြွလာ ဝေနေယျာ ကျန်းမာကြပါစေ။
ကိုတာ

အညွှန်း။ ။ New Year, New Philosophy by Satish Kumar

## သက်ရောက်မှုများ

ကျွန်တော့် ကိုယ်၊ စိတ်၊ ဝိညာဉ်နဲ့ ကျွန်တော်ဆိုတာကို သက်ရောက်မှုတွေနဲ့ ပြုလုပ်ထားတာပါ။ မြစ်တစ်စင်းကို ချောင်းငယ် မြောင်းငယ် မြစ်လက်တက် ကလေးတွေနဲ့ လုပ်ထားသလို ဖြစ်ပါသည်။ ကျွန်တော်ဟာ သီးသန့်ကွဲပြားသော တကိုယ်တော်ဖြစ်နေခြင်း မဟုတ်ပါ။ ကျွန်တော်ဟာ တခြား သူတစ်ပါးတွေနဲ့ ခွဲလို့မရသော "ရောယှက်နေခြင်း" သာ ဖြစ်ပါသည်။ အတွေးတွေ၊ စံတွေ၊ အမြော်အမြင်တွေ သဘောထားတွေ စသည်ဖြင့် ကျွန်တော့်မှာရှိတာတွေဟာ အရင်းစစ်တော့ ဇာတိအများကြီးက လာပါ၏။

ဝေဒဂါထာတစ်ပုဒ်က ဆိုသလိုပါပဲ-

**ကောင်းမွန်တဲ့အတွေးအကြံဟူသမျှ**

**ကျွန်ုပ်ထံ လာပစေပ**

**စကြဝဠာရဲ့ ထောင့်တိုင်း နေရာတိုင်းက။**

ကျွန်တော့်ဆီလာသလို ကျွန်တော့်ဆီကလည်း ပြန်သွားရမှာပဲ။ ကျွန်တော်တို့ရဲ့ အတွေးအခေါ်ကောင်းတွေကို စကြဝဠာအနှံ့ ကျွန်တော်တို့ ဖြန့်ကြစို့။ အတွေးအခေါ်တွေက ခေါင်းထဲမှာပဲ ရှိတာမဟုတ်ဘဲ ပတ်ဝန်းကျင်မှာလည်း ရှိနေတာပါ။ ကျွန်တော်တို့သည် အတွေးအခေါ် အမြော်အမြင်တွေ ကြားမှာ နေကြသည်။

နေအောက်မှာ ဆန်းကြယ်တာဟူ၍ ဘာမှမရှိပါ။ ထို့ကြောင့် ကျွန်တော်သည် ပကတိ ပင်ကို လက်ရင်း

အတွေးအမြင်ကို ရှာဖွေ နေသည်မဟုတ်ပါ။ ဘာမှမရှိတဲ့ထဲက ဘာမှ မထွက်လာနိုင်။ တစ်စုံတစ်ခုသည်လည်း ဘာမှ မရှိမဖြစ်ခြင်းထဲ ပျောက်မသွားနိုင်။ ရုပ်နှင့်နာမ်သည် အစဉ်အမြဲပြောင်းလဲနေသည်။ ပြောင်းလဲခြင်းနှင့် ပြန်လည်ဖြစ်ခြင်း။ ကျွန်တော်သည် ထိုဘဝဘီးစကြာ၏အစိတ်အပိုင်း။ ထိုဘီးကား မရပ်မနားလည်နေ၏။

ကျွန်တော့်ဘဝတွင် ကျွန်တော်သိမှတ်သော သက်ရောက်မှုများ တော့ ရှိသည်။ ယခင်အခန်းများက ကျွန်တော့်အမေအကြောင်း ပြောခဲ့ သည်။ ကျွန်တော့် ဂုရု ဗိနိုဘာအကြောင်း ပြောခဲ့သည်။ ဒါပေသိ အလင်းရောင် ထွန်းပသော မီးပြကဲ့သို့ ပုဂ္ဂိုလ်ကြီးတစ်ဦးက တမူထူးလျက် ရှိသည်။ သူကား မဟတ္တမဂန္ဒီဖြစ်သည်။ ကျွန်တော်က ဟိန္ဒူတွေ ဝန်းရံနေသည့် ဂျိန်းမိသားစုတွင်မွေး၍၊ ဂန္ဒီက ဂျိန်းတွေဝန်းရံနေသော ဟိန္ဒူမိသားစုတွင် မွေးသည်။ ဂျိန်းအယူဝါဒ၏ သက်ရောက်မှုသည် သူ့အား အကြမ်းမဖက်ခြင်း အဟိံသာကို ကျင့်သုံးသူ ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် သူကလည်း ကျွန်တော်အပါအဝင် ဂျိန်းတို့အပေါ် ကျွန်တော်တို့ကိုယ်ပိုင် အခြေဇာစ်မြစ်များ၏ အနက်အရှိုင်းနှင့် အင်အား ကို သတိပြုမိစေလျက် သူ၏ဩဇာ သက်ရောက်စေသည်။ဤနည်းအား ဖြင့် စက်ဝိုင်းက ပြည့်စုံသည်။ ဂန္ဒီသည် ကျွန်တော် ရည်ရွယ်တန်းမှန်း သော ဘဝနမူနာကို ပြသည်။ အတွေးနှင့်အလုပ်အကြား၊ သီအိုရီနှင့် ဆောင်ရွက်ချက်အကြား ငြိမ်သက်နေခြင်းနှင့် ထုတ်ဖော်ပြောကြားခြင်း အကြား ကွဲပြားခြားနားမှုကို သူက ပျောက်ကွယ်စေသည်။

ကျွန်တော် ဂန္ဒီကို မတွေ့ဖူးပါ။ သူ အသတ်ခံရချိန်က ကျွန်တော့်အသက်မှာ ၁၁ နှစ်သာ ရှိသေးသည်။ ဂန္ဒီရဲ့ အရေးအသား များနှင့် သူ့လုပ်ဖော်ကိုင်ဘက်များထံမှ၊ နိုင်ငံရေးဆိုတာနှင့် လက်တွေ့ ကျင့်ရမည့်မှုများမှာ ဒင်္ဂါးတပြား၏ ဟိုဘက် သည်ဘက်သာဖြစ်ကြောင်း သိလာရသည်။ လောကဟူသည် အနှောင်အဖွဲ့သာဖြစ်ကြောင်း လွတ်မြောက်ရန်လမ်းသည် လောကမှ ထွက်ပြေးရန်သာဖြစ်ကြောင်း တွေးလျက် လောကကိုစွန့်ကာ ဂူများ ဘုန်းကြီးကျောင်းများတွင်

ဂူအောင်းခြင်းကို ကောင်းသည်ဟု မထင်ပါ။ အခြားတစ်ဘက်၌ နာမ်ပိုင်း စိတ်ပိုင်းသည် သူတော်စင်များအတွက်သာဖြစ်လျက် နေ့စဉ်ဘဝမှာ ကျင့်သုံး၍မရပါဟု လူအများစုက ယုံကြည်နေသည်။

ဂန္ဒီက လူတို့သည် မှန်ကန်စွာနှင့် အကြမ်းဖက်ခြင်းမရှိဘဲလျက် နိုင်ငံရေးကို လုပ်နိုင်သည်ဟု နမူနာပြသည်။ စီးပွားရေးကို ကျင့်ဝတ်နှင့် မခွဲခြားသင့်။ ဘာသာတရားသည် နေ့စဉ်ကိစ္စများတွင် ပျံ့နှံ့တည်ရှိနေရမည်။ စိုက်ရေးပျိုးရေး၊ စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပညာရေး၊ အနုပညာ၊ လက်မှုပညာ၊ အိမ်တွင်းမှု၊ မိသားစုဘဝ၊ လူဆက်ဆံရေးနှင့်၊ သဘာဝလောကနှင့် ဆက်ဆံရေးတို့ကို နာမ်ပိုင်းပေါ်၌လည်း တည်ဆောက်ရမည်၊ ဒါမှသာ လူသည် ဘဝ၏အဓိပ္ပာယ်အမှန်ကို တွေ့နိုင်မည်။

ဂန္ဒီနှင့် ခေတ်ပြိုင်များက "အိန္ဒိယပြည်ကြီး လွတ်လပ်ရေး" ဟူသော ကိစ္စရပ် တစ်ခုတည်းပေါ်၌ နစ်မြုပ်နေသည်။ ဒါပေတဲ့ ဂန္ဒီကတော့ သည့်ထက်ပိုသော မြင်ကွင်းကျယ်ကြီးကို တင်ဆက်သည်။ လွတ်လပ်ရေးက အနှေးနဲ့အမြန် လာမှာပဲဟု သူသိသည်။ အမှန်တကယ် အရေးကြီးသည်က လူဖြူ ဆာဟစ်ကို လူညို ဆာဟစ်နှင့် အစားထိုးဖို့ မဟုတ်၊ ခေတ်မီရေး၊ စက်မှုထွန်းကားရေး၊ ရုပ်ဝတ္ထုများအပေါ် မှီခိုရေး၊ ဗဟိုက အုပ်ချုပ်ရေး စသော သွားရိုးသွားစဉ်လမ်းကို ဆက်လက်သွားဖို့ မဟုတ်။ နိုင်ငံတည်ဆောက်ခြင်းအသစ်တစ်ခုလုပ်ရန် ထိုသို့ဖြင့် လွတ်လပ်သော အိန္ဒိယသည် ဗြိတိသျှအိန္ဒိယနှင့် အလွန်ခြားနားသွားရန် သူက အလိုရှိသည်။

အဘက်ဘက်က ကုံလုံသော ထိုသို့သောနိုင်ငံကို တည်ဆောက်နိုင်ရန် ဂန္ဒီက မူ (၁၁) ချက် တင်ပြခဲ့သည်။ သူက အာရှရမ် ရာပေါင်းများစွာလည်း တည်ထောင်သည်။ အာရှရမ်တို့သည် အသေးစား စမ်းသပ်မှုများ၊ ထိုလူ့အဖွဲ့အစည်းလေးများ၌ ဇော်လံတီယာများသည် မူ (၁၁) ချက်ကို ရှာဖွေကြ ပြုပြင်ကြ အိန္ဒိယအလုံး ထို့နောက် ကမ္ဘာကြီးက ထိုမူများကိုယူငင်၍ မလုပ်ဆောင်မီ အသေးစိတ် စဉ်းစားကြသည်။

ဂန္ဒီကြီး၏ လက်တွေ့စမ်းသပ်မှု၌ စိတ်ဝင်စားခြင်းမှာ ပြောစမှတ် ဖြစ်သည်။ သူက သူ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၏အမည်ကိုပင် "အမှန်တရားနှင့်စပ်လျဉ်းသော ကျွန်တော့်စမ်းသပ်မှုများ" ဟူ၍ တပ်ခဲ့သည်။

အာရှရမ်များသည် ရေရှည်တည်တံ့သော၊ ပျော်စရာ ရွှင်စရာ ကောင်းသော၊ ငြိုးငြံသော၊ သဘာဝကို အလေးထားသော၊ ကိုယ့်အား ကိုယ်ကိုးသော စိတ်ပိုင်းဆိုင်ရာကို ဂရုစိုက်သော အဖွဲ့အစည်းများ ဖြစ်သည်။ ဂန္ဒီသည် ထိုတရားများကို ရွတ်ဆိုရန် ဂါထာဖွဲ့သည်။ အာရှရမ်နေသူများ မနက်တစ်ကြိမ် ညတစ်ကြိမ် အတူဆိုရသည်။ ကျွန်တော်လည်း အာရှရမ်မှာနေစဉ် ဆိုခဲ့သည်။ အဓိပ္ပာယ်လေးနက်သော သက္ကတ စကားများဖြင့် ဖွဲ့ထားသဖြင့် မန္တန်များ သီထားသလို ရှိသည်။ ယခုထိလည်း ကျွန်တော် ရွတ်ဆိုသည်။ ရွတ်ဆိုတိုင်းပင် နတ်ဝင်သလို ကြည်နူးသည်။

အဟိံဆာ၊ ဆတျာ၊ အဆ်တေယာ၊
ဗြဟ္မကျာရ်ယ၊ အဆံဂြဟာ၊
ရှရီရရှရံ၊ အဆ်ဝါဒါ၊ ဆရ်ဝတြာ၊ ဘဟာရ ဝါဇနာ
ဆရ်ဝဓရ်မ သမာနတွာ၊
ဆွဒေရှိ၊ ဆ်ပရ်ရှ ဘာဝနာ၊
ဝိနမရာဝ်ဇတာ နိရ်ှဌာဆေ၊
ယေ ကောဒရ်ှ ဆေဝျ ဟိုင်း။

အကြမ်းမဖက်ခြင်း အမှန်လုပ်ခြင်း မခိုးမဝှက်ခြင်း
လိင်မှုမှသန့်ရှင်း စားသုံးမှု၌ ငြိုးငြံခြင်း
ကာယအလုပ်လုပ်လျက် မကောင်းသော အရသာကို
ရှောင်ကြဉ်ခြင်း
မကြောက်ခြင်း အားလုံးသောဘာသာတရားများကို
လေးမြတ်ခြင်း
ဒေသန္တရ ရောင်းဝယ်ဖောက်ကားခြင်း၊ ဝေနေယျများအား
ရိုသေခြင်း

ဤ (၁၁) ပါးသော ဝါဒကို နှိမ့်ချခြင်း စောင့်ရှောက်ခြင်း နှင်းအပ်ခြင်းနှင့် လိုက်နာပါ၏။

ဤမူဝါဒတို့ကား လုပ်ရန် မလုပ်ရန် ပညတ်ချက်များ မဟုတ်ပါ။ သစ္စာဝိဋ္ဌာန်များလည်း မဟုတ်ပါ။ ဤမူဝါဒများကား ရည်ရွယ်တန်းမှန်းချက်များ စေတနာလှုံ့ဆော်ခြင်းများသာ ဖြစ်ပါသည်။နှစ်သစ်ကူးချိန်ပြုသော သန္နိဋ္ဌာန် ပြဋ္ဌာန်းချက်များနှင့် တူပါသည်။ ဤမူများကိုတော့ နေ့စဉ် သန္နိဋ္ဌာန်ပြုသည်။ လုပ်ဆောင်မှုများအတွက် လမ်းညွှန်၊ ကာလဒေသနှင့်လျော်သော တစ်ဦးတစ်ယောက်ချင်းနှင့် လူ့အဖွဲ့အစည်းအတွက် စည်းဘောင်ဖြစ်ပါသည်။

တစ်ခုချင်း ရှင်းပြပါရစေ။ ကျွန်တော့်အတ္တနောမတိ ဖွင့်ဆိုချက်ဖြစ်ပါသည်။

## (၁) အကြမ်းမဖက်ခြင်း (အဟိံသာ)

အားလုံးနှင့်သက်ဆိုင်သော ပထမ မူဝါဒ၊ စော်ကားမော်ကား မပြုလုပ် အကျိုးမပျက်ပြားစေသော နေထိုင်ခြင်းဖြစ်သည်။ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ဂျိန်း၊ ဂျူး၊ မွတ်စလင်၊ ခရစ်ယာန် ဘယ်ဘာသာမဆို တစ်နည်းနည်းနှင့်တော့ ဤမူသည် အခြေခံဖြစ်သည်ဟု ဟောကြသည် ချည်း။ နိုင်လိုမင်းထက် အကြမ်းမဖက်ခြင်းသည် လူနှင့်လူ၊ လူနှင့်သတ္တလောကအကြား ပေါင်းသင်းဆက်ဆံရေး၏ အခြေခံတည်း။

အကြမ်းမဖက်ခြင်းကား လောကဓမ္မဖြစ်သည်။ ဂန္ဒီကြီးသည် ဤမူဝါဒကို လက်နက်အဖြစ်သုံး၍ မတရား မမျှတခြင်းကိုလည်းကောင်း ဗြိတိသျှကိုလိုနီစနစ်ကိုလည်းကောင်း၊ အားကြီးသူက အားနည်းသူကို စီးပွားရေး အမြတ်ထုတ်ခြင်းကိုလည်းကောင်း အိန္ဒိယပြည်က ဇာတ်ခွဲခြားသောစနစ်ကိုလည်းကောင်း တိုက်ခဲ့သည်။

အဟိံသာသည် မသတ်ခြင်းသာမကပါ။

တစ်ဦးချင်းအဆင့်တွင် ~ စိတ်ထဲ အဇ္ဈတ္တထဲက အကြမ်းမဖက်ခြင်းနှင့် စသည်။ အာရုံရမ်၌ အကြမ်းပတမ်း နိုင်လိုမင်းထက်

အတွေးများ အတောများမှ ထိန်းသိမ်းရန် သင်ရသည်။ မတော်လို့များ အကြမ်းပတမ်း ထိခိုက်နစ်နာစေလိုသော အတွေးအတောများရှိသော် စကားအဖြစ် ထွက်မလာရန် ထိန်းဖို့ကြိုးစားရသည်။ သူတစ်ပါးအား နစ်နာစေသော ထိခိုက်စေသော စကားများသည် အဓမ္မ သံသရာကို လည်စေနိုင်သည်။ နိုင်ငံရေး၊ နိုင်ငံရေးသမားများ၊ ကျွန်တော်နှင့် အမြင် မတူသောသူများကို လေးလေးစားစားနှင့် ကျွန်တော်၏အမြင်ကို ပြောဆို ရန် သင်ရသည်။ အပြောအဆိုကို မထိန်းနိုင် လွတ်သွားသည်ရှိသော် ကာယကံကို ဘယ်နည်းနှင့်မဆို ထိန်းရသည်။ ကာယကံအားဖြင့် နှုတ်အားဖြင့် အတိုက်ခိုက်ခံရသော် အကြမ်းမဖက်သော ခုခံနည်းနှင့် တုံ့ပြန်ရသည်။

လူအများနှင့်ဆိုင်သော နိုင်ငံရေးနှင့်သက်ဆိုင်သော အဆင့် တွင်– အဟိံသာသည် အင်စတီကျူးရှင်းများအားဖြင့်၊ အဆောက်အအုံ များအားဖြင့် အနိုင်အထက်ပြုခြင်းကို ခုခံကာကွယ်ခြင်းကို ဆိုလိုသည်။ အပြုသဘောဝေဖန်ခြင်းမှရှောင်ရန်တော့ မဟုတ်၊ ဒါပေတဲ့ ရင်ဆိုင်သူ များအား ထိပ်တိုက်တွေ့ရာတွင် ကြင်နာသော စိတ်နှလုံးဖြင့် ချဉ်းကပ်ရန် ဖြစ်သည်။ ရည်ရွယ်ချက်က အကြင်ပုဂ္ဂိုလ် အကြင်လူ့အဖွဲ့အစည်း၏ စိတ်နှလုံးကို အပြောင်းအလဲဖြစ်ရန် ရည်ရွယ်၍ဖြစ်၏။ဤနည်းလမ်း သည် ကျွန်တော့်ကို အားရကျေနပ်စေပါသည်။ အထူးသဖြင့် မီဒီယာ သည် နိုင်ငံရေးသမားများအကြား၊ နိုင်ငံများနှင့် လူမျိုးစုများ ဘာသာရေး အစုများအကြား ထိခိုက်ပျက်ပြားစေအောင် လှုံ့ဆော်နေခြင်းကို တွေ့နေ ရသောကြောင့် ဖြစ်၏။ လူတွေကိုသော်လည်းကောင်း သဘာဝတရားကို သော်လည်းကောင်း အနိုင်အထက်မပြုဘဲနေရန် ကျွန်တော်တို့ သင်ကြား ဖို့ လိုသည်။ တိရစ္ဆာန်များနှင့် သဘာဝလောက အပါအဝင် လူတွေ၏ အပေါ်၌ ကိုယ့်အတ္တ ကိုယ့်ရည်ရွယ်ချက်များကို တင်ရန်၊ လွှမ်းမိုး ခြယ်လှယ်ရန်၊ နှိပ်ကွပ်ရန် ပြုလုပ်လိုသောဆန္ဒကို စွန့်ရမည်ဟု ဆိုလို သည်။ အကြမ်းမဖက် နိုင်လိုမင်းထက် မလုပ်ခြင်းသည် လူ့ရေရှည် ရပ်တည်ရေးအတွက်သော်လည်းကောင်း ကမ္ဘာကြီး၏ အနာဂတ် အတွက်သော်လည်းကောင်း အခြေခံအုတ်မြစ်ဖြစ်သည်။

ယနေ့ကြုံတွေ့နေရသော ပဋိပက္ခများသည် အကြမ်းဖက်ခြင်း၏အားကို ယုံကြည်နေကြခြင်း၏ ရလဒ်ဖြစ်သည်။ စစ်ပွဲများ၊ အောင်နိုင်မှုများ၊ ကိုလိုနီစနစ်နှင့် အင်ပါယာဝါဒတွေမှ လူသည် ဘာမှမရခဲ့၊ ဒါတောင်မှ အကြမ်းဖက်ခြင်းသည် အန္တိမ လုပ်ရမည့်အလုပ်ဟု ယုံနေကြသည်။ သတင်းစာထဲက ဆောင်းပါးများမှသည် ချူးကလီးယားလက်နက်များအထိ အကြမ်းဖက်လမ်းကြောင်းကို ကျွန်တော်တို့ လိုက်နေကြသည်။ အိန္ဒိယက ဟိန္ဒူနှင့် မွတ်စလင်များ၊ အရှေ့အလယ်ပိုင်းက ဂျူးနှင့် ပါလက်စတိုင်းများ၊ မြောက်အိုင်ယာလန်က ကက်သလစ်နှင့် ပရိုတက်စတင့်များသည် အကြမ်းဖက်ခြင်းဖြင့် အဆုံးသတ် ဖြေရှင်းနိုင်မည်ဟု လွယ်လင့်တကူ ယုံနေကြသည်။ ကျွန်တော့်အတွက်တော့ ထိုဟာသည် ရွေးချယ်စရာမဟုတ်။

ဂေဟအဆင့် *(Ecological Level)* ၌ ~

လူသားသည် သဘာဝကြီးနှင့် စစ်ဖြစ်နေသည်။ သဘာဝကို နိုင်ချင်သည်။ ဒါနဲ့ပဲ တောရိုင်းတွေကို ဖျက်လိုဖျက်ဆီး၊ ဇီဝမျိုးစိတ်တွေ စုံလင်ကွဲပြားမှုကို လျှော့၊ အဆိပ် ဓာတုပစ္စည်းတွေထုတ်ကာ မြို့ကြီးတွေ ဆည်ကြီးတွေ ကော်ပိုရေးရှင်းကြီးတွေ တည်ထောင်ကြသည်။ ရလဒ်ကား မသန့်ရှင်းတော့သည့် မြစ်များနှင့် ပင်လယ်များ၊ ညစ်ညမ်းသည့်လေ၊ အစာရေစာ ရှားပါးကာ မြေဆီတွေ တိုက်စားခြင်း။ တီရစ္ဆာန်အပေါ် ရက်စက်ခြင်း၊ တိုင်းရင်းသားလူမျိုးစုတို့၏ ယဉ်ကျေးမှု၊ သူတို့၏ အခွင့်အရေးများကို မလေးစားခြင်း၊ ရေနံနှင့် ဓာတ်သတ္တုများကို အကန့်အသတ်မဲ့ မရပ်မနား ထုတ်ကြခြင်းသည် ဤပုံပြင်ကြီး၏ အစိတ်အပိုင်း။

တကယ်တော့ အကြမ်းဖက်ခြင်းပုံပြင်သည် အိုမင်းဟောင်းနွမ်းလှပြီး ပျင်းစရာ ကောင်းလှသည်။ လူသားနှင့် ကမ္ဘာကြီးသည် လုံလောက်အောင် ဒုက္ခရောက်ပြီးပြီ။ ခေတ်သစ်ကို ပုံပြင်သစ်နှင့် စပါစေတော့။ ပုံပြင်သစ်သည် အကြမ်းမဖက်ခြင်း ပုံပြင်။ ဤပုံပြင်ကိုတော့၊ အားလုံးသော ပတ်သက်ဆက်ဆံမှုများသည် နှစ်ဦးနှစ်ဘက် အကျိုးရှိမှု

အပြန်အလှန်ထားရှိတတ်သော စိတ်ဓာတ်၊ အသက်မှန်သမျှကို ရိုသေသမှု ထားရှိသောစိတ်ဓာတ် (လူ့အသက်၊ တိရစ္ဆာအသက်၊ သစ်ပင် ဝါးပင် အသက်နှင့် ကျောက်တုံး ကျောက်ဆောင် မြေဆီလွှာနှင့် ရေတို့၏ အသက်တို့ ပါဝင်လျက်) ထို စိတ်ဓာတ်တို့နှင့် ရေးသည်။

ထောင်လွှားနေသော လူသည် သူသည်သာ သဘာဝ၏ အရှင်သခင်ဟု တွေးသည်။ လူသည် သူ့နားမှ ရှိရှိသမျှကို ဖျက်ဆီးပစ်သော်မှ တစ်နည်းနည်းနှင့် သူကတော့ လွတ်မည်ဟု ယူဆနေသည်။ ကျွန်တော်တို့က အခြားအရာတို့အပေါ် အနိုင်အထက် အကြမ်းမဖက်သော် အခြားအရာတို့ကလည်း ကျွန်တော်တို့အပေါ် အကြမ်းဖက်လိမ့်မည် မဟုတ်။ ကျွန်တော်တို့က ဓားနှင့်နေသော် ဓားနှင့်သေမည်။ အကြမ်းမဖက် အနိုင်ထက်မပြုခြင်း၏ ရလဒ်ကား အဆင့်အားလုံး၌ ငြိမ်းအေးခြင်း။ တစ်ဦးချင်းငြိမ်းချမ်း ကမ္ဘာကြီးငြိမ်းချမ်း သဘာဝကြီးနှင့် ငြိမ်းချမ်းခြင်း။

အတွင်းထဲက ငြိမ်းချမ်းခြင်း (ဝါ) အဇ္ဈတ္တ၌ ငြိမ်းချမ်းခြင်းမရှိက အခြားငြိမ်းချမ်းခြင်းများကို မရနိုင်။ ကျွန်တော့်စိတ်နှလုံးထဲ၌ ငြိမ်းချမ်းခြင်း ဒီဂရီတစ်ခုရရှိပါက ကျွန်တော်က အခြားသူများကို ကြောက်မည် မဟုတ်။ ကျွန်တော်က ကျွန်တော့်အကြောက်များကို မကျော်နိုင်သော် နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များသည် ပြင်ပရန်သူတစ်ဦးဦး၌ ကျွန်တော်ကြောက်အောင် ကျွန်တော့်ကို ဖန်တီးနိုင်လိမ့်မည်။ ထို့ကြောင့်ပင် ကျွန်တော်သည် ကျွန်တော်ကိုယ်တိုင်နှင့် မစတင်သော်၊ ကျွန်တော်သည် ကျွန်တော့်ငြိမ်းချမ်းခြင်းကို မပြုလုပ်နိုင်သော်၊ ကျွန်တော်သည် ကမ္ဘာ့တစ်နေရာရာ၌ ငြိမ်းချမ်းရေးကို ဘယ်လိုလုပ်နိုင်မှာလဲ။ အဇ္ဈတ္တအတွင်း ငြိမ်းချမ်းရေးမှ ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးဆီ ပြောင်းရမှာဖြစ်သည်။ ကျွန်တော့်အတွင်း ငြိမ်းချမ်းခြင်းထဲက "တည်ကြည်နေသော နေရာ"ထဲ၌ ကျွန်တော် ငြိမ့်နေလျက် ကမ္ဘာကြီးကို သူ့အတိုင်းတိုင်း ပစ်မထားနိုင်။ ချူကလီးယားဗုံးများ စုပုံနေစဉ် ငြိမ်လျက်ထိုင်ကာ ရှုမှတ်မနေနိုင်ပါ။ တကယ်တော့ "ကမ္ဘာကြီး၏ ငြိမ်းချမ်းရေး"ကိုဆောင်သော

အကြမ်းမဖက်ရေးအလုပ်သည် "အတွင်းထဲက ငြိမ်းချမ်းရေး" မှ သဘာဝကျစွာ ထွက်လာသော ရလဒ်သာဖြစ်သည်။ ကမ္ဘာကြီးနှင့် ငြိမ်းချမ်းရေးသည် "သဘာဝကြီးနှင့် ငြိမ်းချမ်းရေး" လုပ်ရန်အတွက် အခြေခံတစ်ခုဖြစ်သည်။ နိုင်ငံများ စစ်တိုက်ကြ၍ ဗုံးတွေကြဲချသောအခါ လူတွေပဲ သေသည်မဟုတ်၊ သဘာဝ နေစရာများလည်း ပျက်သည်။ ဘယ်သူမှတော့ သဘာဝ၏အပျက်အစီးများကို မရေတွက်ပါ။သဘာဝကြီးနှင့် ငြိမ်းချမ်းရေးလုပ်ခြင်းကား စစ်မရှိသော်မှ အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် သဘာဝနှင့် စစ်ဖြစ်ခြင်းသည် နိုင်ငံများ၏ စစ်ဖြစ်ခြင်းသို့ ဦးတည်သောကြောင့် တည်း။ စစ်အများစုက သဘာဝသယံဇာတရရန် ဈေးကွက်များကို ကာကွယ်ရန် တိုက်ကြခြင်း၊ စစ်ကို နိုင်ငံရေးအကြောင်းကြောင့်ထက် စီးပွားရေးအကြောင်းကြောင့် ပို၍ပို၍ တိုက်ကြသည်။ စစ်ဟူသမျှကတော့ သဘာဝကိုတိုက်သည်။ စစ်ကြောင့် လေညစ်ညမ်း၊ ကုန်းမြေညစ်ညမ်း၊ ပင်လယ်ကြီး ညစ်ညမ်းသောကြောင့် တည်း။ မြေမြှုပ်မိုင်းများကို နမူနာယူနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအားလုံး တညီတညွတ် သဘောတူဖို့လိုသည်မှာ အငြင်းအခုံဖြစ်သော် အကြမ်းမဖက်သောနည်းလမ်းကိုသာ အသုံးပြုကြမည်ဟူ၍။ ဘယ်လိုနည်းနှင့်မှ အကြမ်းဖက်ခြင်းနည်းလမ်းကို မသုံးပါဟူ၍။

ချက်ချင်းလက်ငင်းတော့ ဖြစ်မည်မဟုတ်ပါ။ ဒါပေသိ ထိုပန်းတိုင်သို့ ကမ္ဘာကြီးက သွားသော်၊ အသစ်သော ပြဋ္ဌာန်းချက်ဖြစ်လာသော် တစ်နေ့မှာ "အကြမ်းမဖက်ရေး လူမှုအစီအစဉ်" တစ်ခု ကျွန်တော်တို့ တည်ဆောက်နိုင်လိမ့်မည်။ ကမ္ဘာကြီး ပူနွေး၊ အိုဇုန်းလွှာပေါက်ပြဲ၊ လူတွေ ဆာလောင်မွတ်သိပ်နေသော အချိန်၊ ချုံကလီးယားဇီဝ ဓာတု စစ်များဖြစ်နိုင်သော ယခုအချိန်၌ ရွေးစရာမှာ အကြမ်းမဖက်ခြင်းနှင့် လူဟူ၍ မတည်ရှိတော့ခြင်း နှစ်ခုက တစ်ခုခုသာ။

**အမှန် (ဆတ္တာ)** ~ ပကတိအစစ်အမှန်၏ သဘာဝ ဘာဆိုသည်မှာ မသေချာသော်လည်း၊ ထိုအစစ်အမှန်ကြီးကို အရှိ

အဖြစ် အား၊ အရှိကို အရှိအတိုင်း အဖြစ်ကို အဖြစ်အတိုင်း ရှာဖွေသင့်လှသည်။ တစ်ခုတည်းသော အစစ်အမှန်ဟူ၍ ဘာသာစကားအားဖြင့် ရှင်းလင်းနိုင်ခြင်း ဖော်ပြနိုင်ခြင်း အဓိပ္ပာယ်သတ်မှတ်နိုင်ခြင်း မရှိ။ ဗုဒ္ဓ၊ ခရစ်တော်၊ မဟာဝီရ မိုဟာမက်နှင့် ဆိုခရေးတီးတို့သည် အစစ်အမှန်ကြီးကို ရှာခဲ့ကြသူများ ဖြစ်ကြသည်။ ကဗျာဆရာ၊ သူတော်စင်၊ ဝိဇ္ဇာများဖြစ်သော ကဘာတူစီဒါ၊ ရူမီ၊ ဘင်ဂန်က ဟီလ်ဒါဂဒ်၊ နောဝစ်က မာသာဂျူလီယံနှင့် စိန့် ဖရန်စစ်တို့သည် အရာမှန်သမျှ၌ ရှိသေလေးမြတ်ဖွယ်ရှိနေခြင်းကို ကိုယ်တွေ့ကိုယ်ကြုံ သိခဲ့ပြီ။ သူတို့အတွက်တော့ အရာမှန်သမျှ၏ ရှိသေထိုက်ခြင်းသည် အစစ်အမှန်ကြီးဖြစ်သည်။ ဒါပေသိဘေးဘိုးစဉ်ဆက်များ တွေ့ရှိခဲ့သော ရတနာတို့အပေါ်၌ချည်းကျွန်တော်တို့ တည်မနေနိုင်ပါ။ ကျွန်တော်တို့လည်း ကျွန်တော်တို့ကိုယ်ပိုင် ရတနာတို့ကို ဖွေရှာရမည်။ ကျွန်တော်တို့ကိုယ်ပိုင် အစစ်အမှန်ကြီးအား ရှာဖွေခြင်းကို လုပ်ရမည်။

အစစ်အမှန်ကြီးကား အသွင်အပြင်အမျိုးမျိုး ရှိ၏။အစစ်အမှန်သည် အကြောင်းတရားရင်းတစ်ခုမကသော အများဗဟုဝုစ်ဖြစ်၏။ "ဖြစ်တည်နေခြင်း"၏ လျှို့ဝှက်ဆန်းကြယ်သော အမျိုးမျိုးအဖုံဖုံ ကွဲပြားနေခြင်းအား ရှုမြင်ရမည်။ တစ်ပြိုင်နက်တည်းပင် ယင်းကား တစ်ခုတည်းတစ်လုံးတခဲကြီးဟူ၍ မြင်ရမည်။ ယင်းသို့ မြင်ခြင်းသည် "ယုံကြည်မှုစနစ်တစ်ခုတည်းသာ အမှန်"ဟု စွဲခြင်းမှ ကာကွယ်၏။ အစစ်အမှန် သစ္စာကိုရှာဖွေခြင်းကား လွတ်မြောက်ရာလမ်းတည်း။ အစွဲများမှ လွတ်အောင်ဆောင်ခြင်းတည်း။ "ဤအရာကား အစစ်အမှန်၊ ဤသည်ပင် လူတိုင်းအတွက် အမှန်၊ ကျွန်တော်ကတော့ဖြင့် အစစ်အမှန် သစ္စာတရားကိုတွေ့ပြီ"ဟု ပြောနိုင်သည့် ဒုတ်ဒုတ်ထိ အဆုံးသတ်ပွိုင့်ဟူ၍ မရှိ။ ယုံကြည်မှုစနစ်တစ်ခုအတွင်း သစ္စာအမှန်တရားသည် အကျဉ်းကျနေသော အချိန်ကာလ၌၊ အမှန်တရားသည် ပျောက်ဆုံးသွား၏။ အခြားအမှန်တရားကို ရှာဖွေသူများ၏ အတွေ့အကြုံများ နည်းနာများကို၊ လမ်းညွှန်များ၊ ဆိုင်းဘုတ်များအဖြစ် သုံးသောအခါတွင် ယင်းတို့က

အကူအညီပေးပါသည်။ ဒါပေသိ လမ်းညွှန်ဆိုင်းဘုတ်သည် အမှန်တရား မဟုတ်။ အမှန်တရားကို ဟော၍မရ၊ ဒိုင်ယာလောဂ့်နှင့် ဆွေးနွေးခြင်းနှင့်သာ ရသည်။ စင်စစ် နမူနာပြခြင်းဖြင့် ရ၏။ အစစ်အမှန်ကို ကုန်ပစ္စည်း တစ်ခုလို ဘုန်းကြီးကျောင်းများ ဘုရားရှိခိုးကျောင်းများက တည်ခင်းနိုင်သည်မဟုတ်။ ဉာဏ်ကစားသော အမြင်မဟုတ်၍ ကျမ်းစာများမှလည်း နှိုက်ထုတ်လို့ မရ။ အမှန်တရားသည် ကိုယ်တွေ့ကိုယ်ကြုံဖြစ်ရသည် ကျင့်ရသည်။

အမှန်တရား ရှာဖွေသူများသည် အယူသီးခြင်းများမှ လွတ်သည်။ လူသည် အခြားသူများ၏ အယူသီးခြင်းများကိုမြင်ရန် လွယ်သည်။ မိမိ အယူသီးခြင်းကိုတော့ မြင်ရန်ခက်သည်။ ခရစ်ယာန် တွေက မွတ်စလင် အယူသီးမှုကို ဝေဖန်သည်။ မိမိ အယူသီးခြင်းကိုတော့ သတိမထား။ အရင်းရှင်က ဆိုရှယ်လစ် အယူသီးခြင်းကို ဝေဖန်သည်။ လွတ်လပ်သော ဈေးကွက်ဟူသည်လည်း ဖိနှိပ်ချုပ်ချယ်သော စနစ်တစ်မျိုးသာ ဖြစ်သည်ကိုတော့ မေ့လျော့သည်။ အနောက်တိုင်း ဒီမိုကရေစီသည် ပိုကောင်းသည်ဟူ၍ ဟောသောသူများက၊ ရပ်ရွာ အသိုက်အဝန်းကို အခြေခံသော လူမျိုးစုဓလေ့ကို လုံးပါးပါးအောင် လုပ်ခြင်းမှာ တစ်ပါတီစနစ်ကို ဟောနေသောသူများနှင့် မကွာပါ။

အမှန်တရားသို့ သွားရာသည် ကြိုတင်သတ်မှတ်ချက်များ ဆန္ဒာဂတိများ မပါ။ အရာဝတ္ထုများကို သူ့အတိုင်းမြင်ခြင်း ဖြစ်သည်။ ဇင်ဗုဒ္ဓဘာသာက အရှိအဖြစ် (isness) ဖြစ်သည်။ စိတ်ကို ဖွင့်ထားသော စုံစမ်းမှု ရှာဖွေမှု လူ့ဘဝ၏ နောက်ဆုံးထွက်သက်အထိ ကြာညောင်းသည်။

**အဆ်တေယာ (မခိုးခြင်း)** ကိုယ်မပိုင်ဆိုင်သောအရာကို မယူခြင်း၊ သာမန်ခိုးခြင်းဟူသော အနက်ထက် ကျယ်သည်။ ဥပနိသျှအလိုအရ အရာအားလုံးသည် မြက်ပင်မှ ဧဝရက်တောင်၊ တီကောင်မှ လူအထိ တန်ခိုးတော်တွေနှင့်။ မြေ၊ ရေ၊ လေ၊ မီးသည် မြတ်သောအရာများ။ သတ္တဝါမှန်သမျှသည် သူ့အသက်

တည်တံ့ရေးအတွက် မြေမှယူသည်။ ကလေးများသည် မိခင်နို့မှ နို့ရည်ကို ယူသည်။ သမင်တို့သည် စမ်းချောင်းမှ ရေကိုယူသည်။ ငှက်တို့သည် သစ်ပင်များမှ အသီးကို စားသည်။ လူကတော့ မြေကထုတ်လုပ်သော မြေသီးကို စားသည်။ ဂန္ဒီက ဆိုခဲ့သည် လူတိုင်းအတွက် အလုံအလောက် ရှိသည်၊ တစ်ဦးတစ်ယောက်၏ လောဘအတွက်မူ မလုံလောက်။

ဆံတေယာကား တရားဥပဒေနှင့်မညီသော ခိုးခြင်းထက် ကျော်လွန်သည်။ တောင်သူတို့၏လယ်များသည် စီးပွားဖြစ်စိုက်သော လယ်ယာစိုက်ပျိုးရေးကြောင့် ပျက်စီးသော် ထိုစီးပွားရေးလုပ်ငန်းကား ကျေးလက်တို့ကို ခိုးခြင်းဖြစ်သည်။ စက်မှုကြောင့် လက်မှုပညာများ ပျက်စီးသော် ထိုအခြင်းအရာသည် လက်မှု၌ ကျွမ်းကျင်ခြင်းများကို ခိုးခြင်း။ တံငါရွာလေးများ ပျက်စီးသော် ထိုအခြင်းအရာသည် အသက်မွေးဝမ်းကျောင်းများကိုခိုးခြင်းဖြစ်သည်။ ဥပဒေနှင့်ညီသည် ဖြစ်စေ မညီသည်ဖြစ်စေ ယင်းတို့ကား ခိုးခြင်းဖြစ်သည်။အဆံတေယာ၏ လမ်းကို လိုက်လျှင်ကား သဘာဝက ပြန်လည်ဖြည့်ဆည်းနိုင်သည် အထိသာ သုံးစွဲခြင်း စားသုံးခြင်း လုပ်ရမည်။

ဤနည်းလမ်းကား အသက်ရှင်ဖို့ လိုအပ်သမျှ ပြည့်စုံဖို့ အထိသာ သုံးစွဲခြင်းတည်း။ အခြားလူများ သတ္တဝါများသည်လည်း ယင်းတို့ အသက်ရှင်ဖို့ လိုအပ်တာတွေ ရှိနေသည်ကို သိသောကြောင့် ငါသည် ငါ့ဝေစုကိုသာ ယူမည်ဟု သိမှတ်ခြင်းတည်း။ အစတိယာသည် ရိုးရှင်းသော နေခြင်းတည်း။ သို့နှင့် အခြားသူများလည်း ရိုးရိုးရှင်းရှင်း နေဖို့တည်း။ အဆံတေယာကား သဘောထားကြီးမားသည့် ရက်ရောသော နေခြင်းတည်း။ သေးသိမ်ခြင်း သိုလှောင်ခြင်း စုပုံခြင်း ဖြုန်းတီးခြင်း တို့သည် သဘာဝထံမှခိုးခြင်း ဘုရားသခင်ထံမှဝှက်ခြင်းဟု အဆံတေယာ က ကျွန်တော့်အား ဟောပါသည်။

ဗြဟ္မစရိယာ (သင့်တော်သော လိင်မှု)~ လူ့ဆက်ဆံရေး၌ သင့်လျော်
သော လိင်မှုကို ပြုရမည်။

လူဦးရေပေါက်ကွဲနေသော ယခုအချိန်တွင် စောင့်ထိန်းခြင်း လိင်မှု၌ သတိထားခြင်းတို့ လိုအပ်သည်။ လိင်မှုသည်လည်း သင့်တော်အောင် ကျင့်သုံးက ချစ်ခြင်းမေတ္တာတွင် အပါအဝင်ဖြစ်သည်။ ဘုရားသခင်ကို ချစ်ခြင်းသည် လူသားကို ချစ်ခြင်းက စသည်။ ကြီးတဲ့မေတ္တာ (macrolove) အတွက် ငယ်တဲ့အတွေ့အကြုံ (micro experience) ဖြစ်ပါသည်။ နှစ်ဦးသားအကြားမှ အခြေအနေအပေါ် မူမတည်သော အချစ်သည် အားလုံးကို ချစ်ခြင်းသို့ ဦးတည်သည်။

လိင်မှုကို ပေါ့ပေါ့တန်တန် သဘောထားခြင်း၊ မီဒီယာနှင့် ရုပ်ရှင်က ခဏတာ သာယာမှုအတွက် ဖျားယောင်းခြင်း၊ အပြာကားများ၊ အညှီအဟောက်၊ မုဒိမ်းကျင့်ခြင်း၊ ဝေဒနာခံရမှု၌ သာယာသော ကိလေသာအကျင့်၊ ရက်စက်မှု၌ နှစ်ခြိုက်သော ကိလေသာအကျင့်၊ ကလေးတို့၌ လိင်မှုပြုခြင်း စသည်တို့သည်၊ ရိုသေထိုက်သော လိင်မှုကို မရိုသေခြင်းမှ ပေါ်ပေါက်လာသည်။ တာဝန်ရှိသည်ဟူသော သိခြင်း၊ အနစ်နာခံခြင်း၊ ရွှင်လန်းခြင်းတို့အားဖြင့် ရိုသေထိုက်သော လိင်မှုကို တည်ဆောက်၏။

ဟိန္ဒူဘုရားများအားလုံး လက်ထပ်ထိမ်းမြားကြ၏။ ရာမနှင့် သီတာ၊ ခရစ်သျှနားနှင့်ရာဒဟာ၊ သီဝနှင့်သျှခတီ၊ ဗိဿနိုးနှင့်လက်ရှမီး၊ ဒက္ခာရိလာ ဤပုဂ္ဂိုလ်ကြီးများသည် ယောကျ်ား မိန်းမ ဆက်ဆံရေး စံနမူနာများ ဖြစ်သည်။ ယင်းတို့အားဖြင့် ရသခံစားမှု၊ အက၊ ဂီတ၊ အရောင်၊ ပန်းများ၊ အမွှေးနံ့သာများ၊ အစားအစာနှင့်၊ ကောင်းသော တော်သင့်သော နေမှုထိုင်မှု ဘာသာတရားကိုင်းရှိုင်းမှုတို့ကို ပုံဖော်၏။ အရာအားလုံးသည် သင့်တော်သော ပမာဏ၊ သင့်သောနေရာ၊ သင့်သောအချိန်၊ ဉာဏ်နှင့် ပကတိ သိစိတ်နှင့် ရှိအပ် ဖြစ်အပ်၏။ စင်စစ် ယောကျ်ားနှင့်မိန်းမ ဆက်ဆံရေးသည် ယင်နှင့် ယန်း ညီမျှနေမှု သီဝနှင့် သျှခတီမှုကို ကျေပွန်ပြီးမြောက်စေခြင်း ဖြစ်သည်။ ရုပ်နှင့်နာမ် ပေါင်းစပ်ခြင်း၊ လောကနှင့် ဘုရားသခင်၊ ခန္ဓာနှင့်ဝိညာဉ်၊ သဘာဝ

တရားနှင့် ယဉ်ကျေးမှုခလေ့ ပေါင်းစပ်ခြင်းဖြစ်သည်။ ဤစည်းလုံးခြင်း၌ ဆန့်ကျင်ဘက်များသည် ပေါင်းစပ်ဖြည့်ဘက်များအဖြစ် ပြောင်းလဲသွား၏။

**အဆံဂရဟာ (စားသုံးမှု၌ သတိရှိခြင်း) ဝါ**
**(လောဘတကြီး မစားသုံးခြင်း)** ~ အဆံဂရဟာသည် လောဘတကြီး မယူခြင်း၊ မသုံးစွဲခြင်း၊ မစုပုံစေခြင်းကို ခေါ်သည်။ မလိုအပ်သော ဖြုန်းတီးရာရောက်သော၊ အန္တရာယ်ရှိသော၊ သဘာဝမကျသော စားသုံးမှုတို့ကို မလုပ်။ အလွန်ပို၍နေသော ပိုင်ဆိုင်ခြင်းသည် ထောင်ချောက်၊ ယင်းတို့က ခင်ဗျားတို့ကို ချုပ်ထားမည်၊ နှောင်ထားမည်၊ ပိုင်ဆိုင်မှုတို့၏ စေစားမှုကို ခင်ဗျား ခံရမည်။နေနှင့် အာကာ၏ အနှောင်အတည်း၌ ခင်ဗျား မိနေသော်၊ သက်သောင့် သက်သာရှိသော တီတီထွင်ထွင်နှင့် ကြင်ကြင်နာနာရှိသော ဘဝကို ခင်ဗျား မရနိုင်။ အိမ်၊ ကား၊ အသုံးအဆောင်ပစ္စည်း တန်ဆာဆင်မှုများ ပန်းချီကားများ ငွေထည် ကွန်ပျူတာ ရွက်လှေ စသည် အနမတဂ္ဂသော အရာများကို ဂရုစိုက်နေရ၍ ခင်ဗျားရဲ့အချိန်တွေ ကုန်မည်။ လိုတာအတွက်မဟုတ်ဘဲ ထိုပိုင်ဆိုင်မှုများအတွက် အလုပ်အသားကုန် လုပ်ရမည်။ ပိုင်ဆိုင်မှုတွေက မိမိကို ပိုင်ဆိုင်လာသော အခြေအနေသို့ ဆိုက်လာမည်။ "ဂရဟာ"ဟူသော အနှောင်အဖွဲ့ထဲ ရောက်သည်။ ထိုအနှောင်အဖွဲ့ကို တင်းတင်းချည်နှောင်သော် ထိုအရာကို "သံဂရဟာ" ဟု ခေါ်သည်။ ထိုအနှောင်အဖွဲ့မှ လွတ်အောင်နေသော် "အဆံဂရဟာ" ဟု ခေါ်၏။

ယခုခေတ်ကြီး၌ ပိုင်ဆိုင်မှုသည် အဆင့်အတန်း၊ အောင်မြင်မှု၊ နေရာ၊ ပါဝါ ဖြစ်သည်။ ယခု လူ့အဖွဲ့အစည်းကို စားသုံးမှု အဖွဲ့အစည်းဟု ခေါ်ကြသော် အံ့ဩစရာ ဘာမှမရှိ။ အကန့်အသတ်မရှိ စီးပွားရေး တိုးတက်ခြင်းကား နိုင်ငံတို့၏ စံ။ ထိုစံကို ပေါက်မြောက်ရန် ပုဂ္ဂလိက တစ်ဦးချင်းဘဝများ၊ မိသားစုများ၊ လူမှုရေး ရက်ထည်ကြီးနှင့်၊ သဘာဝ နှင့် လူ့ဆက်ဆံရေးတို့ ပျက်ယွင်းရသည်။ ရုပ်ဓန တိုးစေခြင်းဖြင့် လူ့ချမ်းသာမှုကို တိုးစေရန်ဟူသောပွိုင့်ကို လွန်သွားပြီ။

"အနောက်တိုင်းသည် ၁၉၇၀ ကတည်းက ကျိုးကြောင်းဆီလျော်သော ကောင်းမွန်သည့် လူနေမှုအဆင့်အတန်းသို့ ရောက်ပြီးပြီဟု ဆာဗေး အတော်များများက ဆိုသည်။ ၁၉၇၀ နောက်ပိုင်းတွင် ပြန်ဆင်းသွားသည်၊ ကား ပိုများလာခြင်းသည် လေထုပိုညစ်ညမ်းခြင်း မြို့တွေထဲ လမ်းပိတ်ဆို့ခြင်းဟု အဓိပ္ပာယ်ရှိသည်။ သုံးစွဲပြီးသောပစ္စည်းများကို စွန့်ပစ်ခြင်းသည် မြေနှင့်ရေကို အဆိပ်အတောက်ဖြစ်စေသည့် အဆင့်သို့ ရောက်ပြီ။ ဓနနှင့် စီးပွားရေးအောင်မြင်မှုက ကြီးကျယ်ပါရဲ့၊ ဆင်းရဲမွဲတေမှုကိုတော့ ပျောက်အောင်မလုပ်နိုင်။ လူလက်တစ်ဆုပ်က ဓနရာနှုန်း အများစုကို ချုပ်ကိုင်ထားသဖြင့် လူ့ပေါင်းစည်းခြင်း သဟဇာတဖြစ်ခြင်းက ယုတ်လျော့သည်။ အမှုအခင်းတွေတိုး အကျဉ်းသားတွေတိုးကာ မူးယစ်ဆေးဝါး အလုပ်လက်မဲ့ အိမ်ခြေရာမဲ့ တို့သည် အနောက်တိုင်း နိုင်ငံအများစု၏ မျက်မှောက်ပြဿနာများ။

လူ့အဖွဲ့အစည်း၏ ရည်ရွယ်ချက်က ဘာလဲ၊ ဘဝအဓိပ္ပာယ်က ဘာလဲ၊ မသိကြတော့ဘူးလား။ ရုပ်ပစ္စည်းကြွယ်ဝမှုသည် ရည်ရွယ်တန်းမှန်းရာသို့သွားသော အချက်အလက်တစ်ခုသာ မဟုတ်သလော။ ဘိတ်ဆုံး ရည်ရွယ်တမ်းမှန်းရာသည် ကောင်းမွန်သော ဘဝတစ်ခု ဖြစ်တည်ရေး၊ နာမ်ပိုင်း စိတ်ပိုင်း လူရေး လူမှုအပိုင်း အနုပညာပိုင်း ဆိုင်ရာတို့၌ ကောင်းသည့်ဘဝ။ ကောင်းမွန်သော လူဘဝဟူသည် လူအချင်းချင်း ဆက်ဆံရေးတစ်လျှောက်လုံး ကောင်းရမည်။ ဒါပေတဲ့ ယခု ကျွန်တော်တို့ ယဉ်ကျေးမှုကြီး၌ အရေအတွက်သည် ရည်ရွယ်တန်းမှန်းရာ ပန်းတိုင်ဖြစ်သွားပြီ။ လူ့အဖွဲ့အစည်းသည် ဓန စုပုံခြင်း နောက်သို့သာ ပန်းတိုင်အဖြစ် လိုက်နေသည်။ ရှိခြင်း (having) ကား ဖြစ်ခြင်း (being) ထက် အရေးကြီးပြီ။ ကျွန်တော်တို့က လူတွေကို သူဘာဖြစ်ခြင်းထက် သူ့၌ ဘာရှိခြင်းအပေါ် တန်ဖိုးထား၏။ သူ ဘာရှိသလဲ၊ ဘာ အဆင့်အတန်းလဲ၊ အာဏာ၊ ရာထူး၊ ပိုင်ဆိုင်မှုများ။ အဓိပ္ပာယ်တွေ ကွယ်ပျောက်ကုန်ပြီ၊ ကျွန်တော်တို့က ဗလာမျှဖြစ်သော အခွံကိုသာ ဆုပ်ကိုင်ကြသည်။

ဤအဖြစ်ကို ပို၍ပို၍ သတိပြုမိလာကြပြီ။ ရိုးရှင်းလှုပ်ရှားမှု ဒေသန္တရ စီးပွားရေး၊ ဒေသန္တရ ငွေကြေးလှုပ်ရှားမှု စသည်များ ရှိလာသည်။ လမ်းပေါ်ကလူတို့သည် ယခင် ဆိုဗီယက်နိုင်ငံများ၏ "လည်မျိုကို ညှစ်ထားသော နိုင်ငံတော် ဆိုရှယ်လစ်စနစ်ကို တုံ့ပြန်ကြသည်။ ယခု အနောက်တိုင်းမှာလည်း "ဈေးကွက်အာဏာရှင်" "ငွေကသာ အုပ်စိုးခြင်း"ကို ဆန့်ကျင်လာကြသည်။ ဘောဂဗေဒအသစ် ရေရှည်ဖွံ့ဖြိုးခြင်းမှုများအပေါ် အခြေခံခြင်းတို့သည်၊ "အဆံဂရဟ"သို့ ပြောင်းလဲလာပြီဟူသော မျှော်လင့်ချက်ကို ကျွန်တော့်၌ ရှိလာစေ၏။

စားသုံးခြင်းဝါဒကို ဆန့်ကျင်ခြင်းသည် ခေါင်းပါးစွာ နေရမည်ဟူသော အဓိပ္ပာယ်မဟုတ်၊ ငြင်းဆန်ခြင်း မဟုတ်ပါ။ အတိုင်းအတာ အကန့်အသတ်ကိုသိခြင်း သဘာဝ၏ဆုလာဘ်များကို "ရယူပိုင်ဆိုင်ခြင်း မဟုတ်ဘဲ သုံးစွဲခြင်း" ဖြစ်ပါသည်။ ယင်းအရာသည် "သွားသောလမ်းက ရိုးရိုးရှင်းရှင်း ပန်းတိုင်ကတော့ ကြွယ်ကြွယ်ဝဝ" ထိုသို့သောဘဝ ဖြစ်သည်။ ယင်းအရာသည် ရုပ်နှင့်စိတ် ကြွယ်ဝမှုနှစ်ခုအကြား ချိန်ဆခြင်း နည်းလမ်းကို ရှာတွေ့ခြင်း ဖြစ်သည်။ ရယူပိုင်ဆိုင်ခြင်းများ၌သာ ဥပါဒါန် ကပ်နေခြင်းသည် စိတ်၏ဆင်းရဲခြင်း၊ စိတ်ကူးကွန့်မြူးခြင်း၏ ဆင်းရဲခြင်း တည်း။

ကုန်လွန်ခဲ့သော နှစ်တစ်ရာ နှစ်ရာအတွင်း၌ ကျွန်တော်တို့သည် စားသုံးသူ လူ့အဖွဲ့အစည်း (consummer society) နှင့် ထိုအဖွဲ့အစည်းက ကတိပြုထားသော လောကနိဗ္ဗာန်အတွက် အလုပ်လုပ်ခဲ့ကြသည်။ ပင်ပန်းသောအလုပ် နေ့စဉ်အလုပ်များကို စက်တွေက လုပ်သည်။ လူတွေကတော့ နာမ်ပိုင်းဆိုင်ရာ အနုပညာဖန်တီးမှု အလုပ်များ လုပ်ရန် အချိန်တွေရမည်။ ယခု ကားတွေ၊ ကွန်ပျူတာတွေ၊ ဖက်က်(စ)များ၊ ဖုန်းများ၊ အဝတ်လျှော်စက်များ၊ ကုန်များ တင်းကြမ်းပြည့်နေသော ဆိုင်များ ရပါပြီ။ ဒါပေတဲ့ အချိန်က ဘယ်မှာလဲ။ နာမ်ပိုင်း၊ ဖန်တီးမှုအပိုင်း ဘယ်မှာလဲ။ ယူတိုးပီးယား လောကနိဗ္ဗာန် ဘယ်မှာလဲ။

("ပန်းတိုင်ရယ်လို့မရှိ" စာအုပ်မှ)

* * *

## သွားနေတဲ့ သူတွေချည်း

ဒီနှစ် ဆောင်းဦးပေါက်မှာ ကျွန်တော် ရွာပြန်တယ်။ တစ်နှစ်မှာ နှစ်ခေါက်တော့ ရွာပြန်တာက ဘုန်းတော်ကြီး စာသင်ကျောင်းလေးကို သံယောဇဉ် တွယ်နေမိလို့ပါ။ စာသင်ကျောင်းလေးနာမည်က ရတနာမာန်အောင်လို့ ခေါ်တယ်။ ကျောင်းသားတွေဟာ ကိုတာကြီး လာတယ်ဟေ့လို့ ကျွန်တော်လာရင် ပျော်ကြတယ်။

မိုးကလေးညှိုနေပေမယ့် ရွာတော့ မရွာတော့ဘူး။ မြောက်ပြန်လေညင်းက တိုက်နေပြီး အိမ်ရှေ့က သရက်ပင် နုဖတ်စိမ်းလန်းနေပြီး အိမ်ဘေးက လမ်းပေါ်မှာ ဘန်ဒါပင် ရွက်ကြွေတွေ လှည်းလို့ ကျင်းလို့ မနိုင်တော့ဘူးဆိုရင် မပူလှ၊ မအေးလှတော့ဘူး။ နေလို့ကောင်းပြီ။ ကျွန်တော်လည်း "မိုးကောင်းကင်"ကို စီးတာပဲ။ မိုးကောင်းကင်ဆိုတာ မုံရွာနဲ့ ရန်ကုန်ဆွဲတဲ့ ဘတ်စ်ကားကြီးပေါ့။ ကားခ ကျပ်တစ်သောင်း ပေးရတယ်။ အရင်က ခုနစ်ထောင်၊ ရှစ်ထောင်ကနေ ဈေးတက် သွားတယ်။ မိုးကောင်းကင်လို့ ဘယ်သူ၊ ဘယ်ဝါ နာမည်ပေး သလဲ မသိဘူး။ စိတ်ကူးယဉ်ချင်တဲ့ ကျွန်တော့်အဖို့တော့ မသိလိုက်တာပေါ့။

အင်း . . နည်းနည်းတော့ သည်းညည်းခံရတယ်။ ကားစီးတဲ့အခါ ခြေထောက်အကုန်လုံး ဆန့်လို့ ဘယ်ရမှာလဲ။

ခရီးရှည်ကြီးဆိုတော့ နည်းနည်းညောင်းတာကိုး။ ရန်ကုန်က နေ့လယ် ၂ နာရီ ထွက်တဲ့ကားဟာ နောက်တစ်နေ့ မနက် ၇ နာရီမှာမှ ရွာကို ရောက်တယ်။ အမယ်လေးဟဲ့ ရန်ကုန်က အမေရိကန်၊ နယူးယောက် သွားတဲ့ခရီးလောက် ကြာတယ်။ လမ်းတွေ မကောင်းတာကြောင့် သည်လောက်ကြာတာ။ စစ်ဆေးရေးတွေကိုလည်း ဖြတ်ရတာကလည်း သူ့အရပ်နဲ့ သူ့ဇာတ်လို့ တွေးရတာ။ မှတ်ပုံတင်စစ်တဲ့အခါ ဘတ်စ်ကား ကြီးရပ်၊ ကျွန်တော်တို့ တစ်ယောက်မကျန် အောက်ဆင်းပြီး စစ်ဆေးကို မှတ်ပုံတင် ပြရတယ်။ အညောင်းတောင် ပြေတာပေါ့။ မိုးကောင်းကင် ကြီးက တငြိမ့်ငြိမ့်နဲ့ ပြေးတာပါပဲ။

လမ်းမှာ ညောင်ပင်ဝန်း စသည်ဖြင့် ၂ နေရာ၊ ၃ နေရာ ရပ်တယ်။ ထမင်းစားဖို့၊ လက်ဖက်ရည်သောက်ဖို့ပဲ။ စားလို့ အဆင်မပြေ လှဘူး။ ကျွန်တော်တို့က အစားအသောက် ချက်ပြုတ်ပြင်ဆင်တာမှာ နောက်ကျနေရစ်ပြီ။ ဆီတွေ သိပ်များတာပဲ။ သန့်လည်း မသန့်ဘူး။ ခရီးသည်အများစုဟာ ဒါတွေကို အာရုံစိုက်ကြပုံ မပေါ်ပါဘူး။ အပေါ့ အလေးသွားတဲ့နေရာတွေကလည်း မသန့်ရှင်းပါဘူး။ အင်းပေါ့လေ ဗိုက်ဝဖို့သာလိုရင်း၊ သန့်ရှင်းတာတွေ အရေးမစိုက်နိုင်ပါဘူး။ အာဟာရ ပြည့် သည်းညည်းခံရမယ်လို့ စိတ်ကို ပြင်ဆင်ထားရင် လိုရာရောက်မှာပဲ။ ကျွန်တော်ဖြင့် ဒီလိုနဲ့ ရွာရောက်တယ်။

ရွာရောက်ရင် ရတနာမာန်အောင်ကို သွားတာပဲ။ ကလေးတွေ ကတော့ ပျော်နေတာပဲ။ ဆရာမတွေက ကလေးချစ်တယ်။ ဆတော်ကြီး က ဆွမ်းကျန်၊ ကွမ်းကျန်စွန့်တော့ သူတို့စားရတယ်။ ဆင်းရဲတဲ့ ကလေးတွေချည်းပေါ့။ မိဘမဲ့၊ အဖေမရှိ၊ အိမ်မရှိပေါ့။ ဒါကြောင့် အတန်းကျောင်းတက်ဖို့ ခက်ခဲကြလို့ ရတနာမာန်အောင် ရောက်ကြရ တာ။ ဆတော်ကြီးက အားကစားဝါသနာပါလို့ ဘောလုံးသင်းလည်း ထောင်ထားတော့ အဲသည်ချာတိတ်တွေဟာ ဘောလုံးလည်း ကစားရလို့ နေမှာပေါ့။ စေတနာနဲ့ ကြည်လင်နေတဲ့၊ ပြုံးနေတဲ့ ဆတော်ကြီးနဲ့ ဦးဇင်း၊ ကိုရင်တွေ ဆရာမလေးတွေကို မြင်ရရင် ခင်ဗျားလည်း ပျော်မှာပေါ့။

ကလေးတွေက ခဲတံ၊ စာအုပ်လည်း ရတယ်။ လွယ်အိတ်လေးလည်း အလကားရတာ။ ဆရာမလေးတွေက မအော်၊ မငေါက်ဘူးတဲ့။ မေးခွန်းတွေ၊ ဘာတွေ ကလေးတွေက မေးမြန်းကြရင်လည်း စိတ်မဆိုးဘူးတဲ့။ အဲဒီကျောင်းက သိပ်တော်တာပဲ။ ဟဲ ဟဲ . . ကလေးတွေနဲ့၊ ဆတော်နဲ့၊ ဆရာမလေးတွေနဲ့ ဒီမိုကရက်တစ် ဖြစ်နေသတဲ့။ သစ်ပင်တွေ စိုက်ထားတာလည်း တွေ့တယ်။ သန့်ရှင်းတာ အရေးကြီးတယ်လို့လည်း သိတယ်။ တိုးတက်ဖို့နေရာတွေ အများကြီးတော့ ကျန်သေးတယ်။ သို့ပေမဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ် ရောက်နေတယ်။ ကျွန်တော်ဆိုလိုတာက ဆရာတွေက အပေါ်စီးကချည်း အမြဲမနေဘူး။ တပည့်တွေရဲ့ မေးခွန်းတွေနဲ့ တုံ့ပြန်မှုတွေကို လက်ခံတယ်။ တစ်ခါတစ်ရံမှာ အားပေးတယ်။ တုံ့ပြန်မှုကို (အမြဲအားပေးရမယ်လို့ သူတို့သိကြတာ သိပ်ကောင်းတယ်) "ဘဝတွက်တာ သိမှတ်စရာတွေ" သင်ပေးရမှာလည်း သိတယ်။ မှန်ကန်တဲ့လမ်းကြောင်း အဲ . . ပညာရေးဆိုတာ ဒါပဲလို့ ထင်တာပဲ။ အရေး၊ အဖတ်အတွက်တင်မကဘူး၊ အော်ပြီး ကျက်တာတင် မကဘူးပေါ့။ အဲသလိုနဲ့ ဘုန်းတော်ကြီးသင် စာသင်ကျောင်းလေးမှာ ဒိုင်ယာလော့ဂ် ရှိနေတာပေါ့။

ကျောင်းသား တစ်ရာလောက်ရှိတယ်။

လာမယ့်နှစ် တစ်ရာ့သုံးဆယ်ရှိမယ်ဆိုလားပဲ။ သူငယ်တန်းကြီးကနေ လေးတန်းထိဆိုတော့ တစ်ရာ့ငါးဆယ် ရှိလာမှာပေါ့။ အင်း . . လေးတန်းပြီးရင်တော့ ကျောင်းထွက်ကြရမယ့်ကျောင်းသားက များမှာပေါ့။ အိမ်အလုပ် ကူလုပ်ကြရမှာကိုး။ ဆယ်နှစ်၊ ဆယ့်နှစ်နှစ်မှာ ပဲညှစ်၊ နွားကျောင်း၊ ကလေးထိန်း၊ ဖိနပ်ခုတ်၊ ဂွမ်းစောင်ချုပ် လုပ်ကြရတာချည်းပေါ့။

သူတို့ကို အသက်မွေးဝမ်းကျောင်းပညာလေး သင်ပေးရရင်တော့ ဆိုဖွယ်ရာမရှိ ဖြစ်မှာပဲ။ "စက်ချုပ်တတ်အောင်၊ တီကောင်မြေဩဇာ လုပ်တတ်အောင်၊ လယ်ကလေး၊ ယာကလေး ခေတ်မီမီ စိုက်တတ်၊ ပျိုးတတ်အောင်၊ လက်သမား၊ ပန်းရံ စသည်ဖြင့် လုပ်တတ်အောင်

တစ်နှစ်တန်သည် နှစ်နှစ်တန်သည် သင်ပေးရင် အတော်အသင့်
လေ့ကျင့်ထားတဲ့ အလုပ်သမားလေးတွေ ရမှာပဲ။ ကြီးကြီးကျယ်ကျယ်
ပြောရရင် လူ့အရင်း သိုမှီးရမှာပေါ့။

ရက်တွေ၊ လတွေက အနန္တကာလဆီ သွားနေတဲ့ ခရီးသွား
လာလိုက်၊ ပြန်လိုက် နှစ်တွေလည်း ရေလမ်းခရီးသွားတွေပဲ
လှေတွေပေါ်မှာ မျောသူတွေ
မြင်းတွေနှင်ရင်း အိုရသူတွေ
သွားနေတဲ့ သူတွေချည်း။
ရောက်ရာ၊ ပေါက်ရာဟာ သူတို့အိုး၊ အိမ်
အိုးမင်းသူများစွာ လမ်းပေါ်မှာပဲ သေခဲ့ပြီ။
ငါ့မလဲ ကုန်ခဲ့တဲ့ နှစ်များစွာ
လေနဲ့လွင့်တဲ့ တိမ်တစ်မျှင်ကိုကြည့်ရင်း
မရပ်၊ မနားပြေးလွှား အတွေးတွေနဲ့။

အထက်ကကဗျာဟာ ဂျပန် ဇင်ဘုန်းတော်ကြီး ဘရှိုးရဲ့ အိုကုသွား
လမ်းကျဉ်း ကဗျာပါ။ ဘရှိုးရဲ့ကဗျာတွေ ရောနှောနေတဲ့ စကားပြေကို
ဘာသာပြန် တော့ ကျွန်တော့်မလဲ တစ်ပိုင်းတစ်စနဲ့ အပြီးမသတ်ဘူး။
အင်း . . အသက်ခြောက် ဆယ်နီးနေပြီ။

ဖြည်းဖြည်းပဲ
နှစ်က ကုန်ဆုံးဖို့ ရွေ့လျား
လေမှာ မြူတွေ
ရှီရာကာဝါဖြတ်ပြီး "အိုကု" သွားရမလားကြံမိ
ခရီးသွားနတ်ကမျှား ကျုပ်ကို ဖမ်းစားလေရော့လား
လမ်းစောင့်နတ်တွေကြောင့်ပဲလား . . . . . ။

ဘုန်းတော်ကြီး စာသင်ကျောင်းက ကလေးတွေ ပညာတတ်
ဖို့က ပိုက်ဆံအကုန်အကျ မများဘူး။ စာအုပ်၊ ခဲတံ၊ လွယ်အိတ်ဖိုးနဲ့
သရေစာ (ဆတော်ကြီးက မုန့်ပဲသရေစာ၊ ဆွမ်းကျန်၊ ကွမ်းကျန်လည်း

စွန့်တော့) တစ်နှစ်လုံးမှ တစ်ယောက်ကို တစ်သောင်းခွဲ၊ နှစ်သောင်း ကုန်တယ်။ ဒါဆို ၁ နှစ် စာသင်ရရော။ အင်း . . ကျုပ်ရွာမှာ စာမတတ်သူ မရှိဘူးပေါ့။ တတ်နိုင်တဲ့သူ တစ်ယောက်က အဖမရှိ၊ အမိမရှိ ချို့တဲ့သူတစ်ယောက်ကို ဖွဲ့ပြီးကူတဲ့အခါမှာပေါ့။ အပန်းမကြီးနိုင်တဲ့အကူ အလှူမျိုးမို့ပါ။

ကိုတာ

## ကဗျာတွေနဲ့ ကဗျာမဟုတ်တာတွေ
### သို့မဟုတ်
## ငါတော့ဖြင့် မသိနိုင်

(နေရူဒါ၏ Book of Questions ကို နေရူဒါ၏ ပုစ္ဆာကဗျာများဟု ကျွန်တော် ဘာသာပြန်ကာ ထုတ်ဖူးသည်။ နေရူဒါ၏ ကလေးလေးလို စိတ်ကူးကွန့်မြူးခြင်းကို ကျွန်တော် ကြိုက်လို့ဖြစ်၏။ ယခု ထိုကဗျာများကို "ငါတော့ဖြင့် မသိနိုင်" ဟူသော ရှုထောင့်မှကြည့်သော အရှေ့တိုင်းက အမျိုးသမီး စာရေးဆရာမတစ်ဦး၏ အရေးအသားတစ်ပုဒ် ဖတ်ရသည်။)

ကလေးလေးတစ်ယောက်က မေးသည်။

"ကောင်းကင်ကြီးဟာ ဘာကြောင့် ပြာပါသလဲ"၊ ထိုမေးခွန်းကို ကျွန်မ စိတ်မကူးတတ်ကြောင်း သိလိုက်သည်။စိတ်မကူးတတ်ဘူးရှင့်ဟူသော ထိုအချက်တွင် အံ့သြဘနန်းဖြစ်ခြင်း ပွင့်လာပါလေရော။ ကောင်းကင်ကြီး၌၊ ပြာလဲ့လဲ့အရောင်၌၊ ပြာလဲ့လဲ့မိုးကောင်းကင်ကြီး၌၊ မိုးကုပ်စက်ဝိုင်း၌၊ ထိုဟာရဲ့ ဒီဘက်မှာ ဘာရှိသလဲ၊ ထိုဟာကို ကျော်လွန်သွားသော ဟိုဘက်မှာကော။

"ကိုအန်"ဟူသော ဇင်က စကားများမှာ ကျွန်မတို့အား သာမန်သိစိတ်မှ "ငါတော့ဖြင့် မသိနိုင်"ဟူသော စိတ်ဆီသို့ ပို့ပေးရန်နှင့်၊ ထိုလျို့လျို့ဝှက်ဝှက် သိနိုင်ခက်ခြင်းကြီးများစွာထဲက လျို့လျို့ ဝှက်ဝှက် သိနိုင်ခက်ခြင်းတစ်ခုထဲမှာ ဖြစ်ရှိနေရခြင်း၏ သာယာ ရွှင်လန်းဖွယ်ဖြစ်ခြင်းကို ကျွန်မတို့ရရန် တီထွင်ကြံဖန်ထား၏။



အနောက်တိုင်း ဗုဒ္ဓဘာသာဝင်များသည် ထိုသို့သော ကိုအန်များကိုရရန် ရောက်ရန်အတွက် မိရိုးဖလာ အာရှ အယူအဆ များဆီ ခြေဦးလှည့်လေ့ရှိသည်။ သို့သော် ကိုယ်နှင့်မနီးမဝေး နေရာဒေသ များ၌လည်း၊ သိရှိခြင်း (what is known) ဆီ၌သာ ငြိတွယ်နေခြင်းမှ လွတ်မြောက်ရန်များကို ရနိုင်ပါသည်ဟု ကျွန်မဆိုပါရစေ။

ချီလီကဗျာဆရာ ပတ်ဘလိုနေရူဒါ၏ ပုစ္ဆာကဗျာများ၌ ထိုလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ရနိုင်ပါသည်။

ထိုကဗျာများမှာ ကဗျာဆရာ သေဆုံးခါနီးလများ အတွင်းက ရေးသောကဗျာများ ဖြစ်သည်။ မေးခွန်းပေါင်း ၃၁၆ ပါရှိသော ကဗျာတို ၇၄ ပုဒ် ဖြစ်သည်။ ကိုအန် များလိုပင် ထိုကဗျာများသည်လည်း အကျိုးအကြောင်းနှင့် ဖြေရှင်းမှု ပြေလည်မည်ဟူသော အထင်များမှ ကျွန်မတို့ကို လွတ်သွားစေသည်။ ကျိုးကြောင်းဆင်ခြင်စိတ်သက်သက်ဖြင့်တော့ ကဗျာများတွင်ပါသော မေးခွန်းတို့၏မျက်နှာပြင်ကို မဖောက်ထွင်းနိုင်။

သံပရာသီးများနှင့် သလဲသီးများ၊ ချိုးများနှင့် လင်းယုန်ကြီးများသည် သူတို့မဟုတ်သော တစ်ခုခုဆီသို့ ညွှန်နေသည်။ နေရူဒါက ထိုတစ်ခုခုများကို ကြည့်သည်။ အသွင်သဏ္ဌာန်နှင့် ဘာမှမရှိခြင်းတို့ ထိစပ်ရာ၌ တည်နေသော "နှလုံးသားနှင့် ဦးနှောက်၊ ခံစားခြင်းနှင့် ဆင်ခြင်ခြင်း အရောအစပ်" (a heart/mind) နှင့် ကြည့်သည်။ ထိုနေရာ၌ ချိန်ခွင်ချိန်သလိုချိန်ကာ စိတ်ကူးများကို မေးခွန်းများထဲသို့ "ပေါင်းခံ" ယူသည်။

ဤသို့ဖြင့် နေရူဒါ၏မေးခွန်းတို့သည် သဲတစ်ပွင့်၌ မရေနိုင်သော အနန္တကို ကျွန်မတို့အား မြင်စေရုံသာမက၊ မရေနိုင်သော အနန္တ၌လည်း သဲတစ်ပွင့်ကိုမြင်နိုင်ရန်ဂါည်း ဖိတ်မန္တကပြုလေသည်။

နမူနာအဖြစ် နေရူဒါ၏ တစ်ဘက်ပါကဗျာအချို့ကို ကြည့်ပါရှင့်။

ကျွန်တော့်ကိုပြောပါ
နှင်းဆီဟာ အဝတ်ဗလာလား
အဲဒါ သူ့ရဲ့အဝတ်ပဲလား . . .

ဒီနေ့ နေဟာ မနေ့က နေပဲလား
ထိုမီးလျှံဟာ ဟိုမီးလျှံနဲ့ ခြားနားသလား။

လိမ္မော်ပင်မှာ နေရောင်လာ
နေရောင်အဝါအား လိမ္မော်သီးများက ဝေယူကြပါသလား။
ပင်လယ်ရဲ့ဗဟိုကော ဘယ်အရပ်မှာ
လှိုင်းများ ဘာကြောင့် ထိုနေရာကို မသွားပါသလဲခင်ဗျား။

* * *

တစ်နေ့မှာ သီတင်းဘယ်လောက်ရှိသလဲဗျား
တစ်လမှာ နှစ် ဘယ်လောက်များ။

ကောင်းကင်နဲ့ စကားဆိုနိုင်ဖို့
သစ်ပင်က မြေမှသင်ယူတာ
ဘာတွေများလဲဗျို့။

သက်တန့် ဘယ်မှာဆုံး
စိတ်ကူးထဲလား၊ မိုးကုပ်စက်ဝိုင်းလား။

တောင်ပံတွေပေါ် ယင်များရေးတဲ့ဟာ
ဘယ်အခါ လိပ်ပြာဖတ်သည် မသိပါ၊

မြစ်ရေအားလုံး ချိုတာပဲ
ပင်လယ်ဟာ ဆားကို ဘယ်ကရသလဲ၊

ရာသီများ . . .
ရှုပ်အင်္ကျီ အသစ်လဲရတော့မယ်လို့
သိနေကြတာ ဘာကြောင့်မို့၊

သစ်ရွက်တွေဟာ မကြွေခင်အထိ
သစ်ကိုင်းကြားမှာ ဘာကြောင့်များ တွယ်ငြိ

သစ်ရွက်ကလေးတစ်ရွက် လှုပ်တာလား
စကြဝဠာကြီးပဲ ရွေ့တာလား၊

မြေပထဝီအောက်မှာ သံလိုက်ရှိသမို့လား
ဆောင်းဦးပေါက်ဟာ သံလိုက် ညီလေးလား၊

* * *

နေရူဒါ၏ မေးခွန်းအများစုမှာ ရှုးလောက်အောင်ကို မဖြေတတ်နိုင်သော ကလေးမေးခွန်းများ ဖြစ်သရှင့်။ ဘယ်ကိုများ အရိပ်တွေ ခိုဝင်သွားပါသလဲ။ သစ်ရွက်တွေကျမှ ဘာကြောင့် စိမ်းရတာလဲ။

ကလေးတစ်ယောက်ရဲ့ မေးခွန်းတွေကကော ဘာကြောင့်များ ရှူးလောက်အောင်ဆီ ဖြစ်ရသလဲ။ ကျွန်မ တွေးမိတာကတော့ ကျွန်မတို့ မသိကြတာကို သူတို့က ထင်လင်းစေလို့ဖြစ်သရှင့်။ ကျွန်မတို့က သိသယောင်ယောင် နေရတာကို ကြိုက်ကြတာကိုး။ ကလေးရဲ့ မေးခွန်းတွေကတော့ တအံ့တသြနဲ့ ကမ္ဘာကြီးကိုကြည့်ခဲ့ကြတဲ့ ကာလတွေကို၊ ကျွန်မတို့ကို သတိရစေတာမို့ပါပဲ။ တအံ့တသြခံစားရမှုဟာ အဲသလို "မေးခွန်းတွေကို မဖြေရှင်းနိုင်ခြင်းတွေ" နဲ့ ထုဆစ်ထားတာပဲလို့ ကျွန်မ ထင်ပါသည်။ "ကျုပ်တို့သိတာက နည်းနည်း၊ သိတယ်လို့ထင်တာက များများ" လို့ နေရူဒါက ပြောနေ၏။

နေရူဒါရဲ့ ပုစ္ဆာတွေကို ဖတ်ပြီးတဲ့အခါ အရှေ့တိုင်း ယဉ်ကျေးမှုထဲက ကျွန်မတို့ရဲ့ ကလေးတွေကော၊ ချီလီက ကလေးတွေလိုပဲ "ကိုအန်

မေးခွန်းတွေ" မေးတတ်ရဲ့လားလို့ သိချင်လာသည်။ ဒါနဲ့ပဲ မစပယ်ဆိုတဲ့ ၇ နှစ်သမီးလေးကို ကျွန်မ အင်တာဗျူးပါသည်။ အင်တာဗျူးဆိုပေတဲ့ အဖြေမလိုချင်၊ မေးခွန်းတွေပဲ လိုချင်တဲ့ အင်တာဗျူးအမျိုးအစားဖြစ်၏။

မစပယ်ကလည်း မေးခွန်းတွေ မေးတတ်သရှင့်။

အောက်နမူနာများကို ကြည့်ကြပါ။

* * *

ပိတောက်ပန်းတွေ အပင်ပေါ်ကို
ဘယ်ဆီကများရောက်လာသလဲ။

သစ်သားက မကွဲဘဲ မှန်က ဘာကြောင့်ကွဲလွယ်တာလဲ။

ပိုးက ဆီးသီးကိုမှ ဘာကြောင့်ထိုးသလဲ။

ဘိုးဘိုးကြီးက ဘာကြောင့်သေတာလဲ။

မှောင်မှောင်မည်းမည်းကြီးကို ဘာနဲ့လုပ်ထားသလဲ။

ငိုတဲ့အခါ မျက်ရည်တွေ ဘယ်ကရောက်လာသလဲ။

ကျွန်မက နောက်တစ်ခါထပ်ပြီး မစပယ်ကို အင်တာဗျူးသေးသည်။ အဲဒီအခါမှာတော့ မစပယ်က အိပ်ချင်မူးတူးဖြစ်နေသည်။

အဲဒီညမှာ လနဲ့ကြယ်တွေလည်း ရှိနေသည်။ မစပယ်လေးက မိုးပေါ်မော့ကြည့်ရင်း မေးခွန်းတွေထုတ်သည်။ ကြယ်တွေက ဘာလို့ ရှိရသလဲ။ ကြယ်တွေကို ဘယ်သူက လုပ်ထားတာတုန်း။ "အဲဒီမှာ ဘယ်သူ့ရဲ့အရင်မှာ "ပထမဆုံးသူဆိုတာ" ရှိမှာပေါ့နော်။ ပထမဆုံးသူရယ်လို့ ဘယ်လိုလုပ်ရှိတာတုန်း။"

မေးခွန်းတွေက ခက်လိုက်တာလို့လည်း ညည်းသည်။ ဒါပေတဲ့ အခက်ဆုံးတော့ မဟုတ်ပါဘူးလို့ ပြောပြန်သည်။ ငြိမ်သွားလေသည်။ "အင်း. . သိပြီ၊ အခက်ဆုံးမေးခွန်းကို ရပြီ။" ပထမဆုံး အရာဝတ္ထုရယ်လို့ ဘယ်လိုလုပ်ရှိရတာတုန်း။

"တွေ့လား၊ အဲဒီမေးခွန်းက အခက်ဆုံးပဲ။"

ချက်ချင်း မစပယ် အိပ်ပျော်သွားပါသည်။ အဖြေနဲ့ မဟုတ်။ စကားထာနဲ့ အိပ်ပျော်သွားခြင်းဖြစ်သည်။ သူ့စကားထာ (ဝါ) မေးခွန်းက အဖြေရယ်လို့ မရှိနိုင်တဲ့ မေးခွန်းဖြစ်သည်။

လူ့စိတ်ဟာ သူ မသိနိုင်ပါလားဆိုတာကို လက်ကိုခံရသည်။ ငါတော့ဖြင့် မသိနိုင်ပါဘူးဆိုတဲ့ စိတ်ဟာ အဲ . . အမှန်ငြိမ်းချမ်းသည်။

* * *



## တောက်တယ်ကျင်းရဲ့အစ

**တောက်တယ်ကျင်းရဲ့ ကနဦးအစကတော့ ဒီလိုပါ။**

လူအိုတယောက်ဟာ နွားစီးလာပါတယ်။ လူငယ်တယောက် အဖော်ပါပါရဲ့။ လူသူလေးပါးမရှိတဲ့ မတ်စောက်တဲ့ တောင်ဆင်ခြေလျှောပေါ် လမ်းကို စားရိက္ခာအနည်းအကျဉ်း စောင်နည်းနည်းသယ်လို့ပါ။ ချမ်းသာကြွယ်ဝတဲ့ ဘုရင့်နိုင်ငံတခုကို ချန်ထားခဲ့ပြီး အနောက်ဆီ၊ မြက်ခင်းလွင်ပြင်ရှိရာဆီကို သူတို့ သွားနေတာပါ။ တောင်ထိပ်ပေါ် နယ်စပ်ဂိတ်ပေါက်ကို ရောက်လာပါတယ်။ ထင်းရှူးပင်ရိပ်မှာထိုင်နေတဲ့ စစ်သားတယောက်ကတော့ ဂိတ်မှာ စောင့်နေပါတယ်။ ဆင်းရဲရှာတဲ့ စစ်သားလေးပါ၊ စုတ်ပြဲနေတဲ့ ယူနီဖောင်းဝတ်ပြီး ဖိနပ်တောင်မပါဘူး။ ဒါပေတဲ့

သူ့တာဝန်ကို သူ ကျေရမှာမို့ ခရီးသွားတွေကို ရပ်စေပြီး မေးခွန်းတွေ မေးပါတယ်။ ခင်ဗျားတို့ ဘယ်သူတွေပါလဲ၊ ဘယ်ကိုများ သွားကြမှာလဲ။ ခရီးသည် နှစ်ယောက်ဟာ ဘယ်ကိုသွားမယ်လို့ ရည်ရွယ်တန်းမှန်းရာ ရှိပုံမပေါ်ဘူး။ အနောက်ဘက်ဆီကိုပဲ သွားတာ နေဝင်တဲ့ဆီကိုပဲ။ အလွန်ပင်ပန်းမယ့် ခရီးကို သွားရဲတဲ့ မှုးမတ်ကြီးတဦးပုံ ပေါက်နေတဲ့ အဲသည်လူအိုကြီးက ဘယ်သူလဲ။ အဖော်လူငယ်လေးက လူအိုကြီးကို ဆရာတယောက်ပါလို့ ပြန်ပြောပါတယ်။

အေ . . သူက ဘာသင်တာလဲ။

ထူးဆန်းတဲ့ အကြောင်းအရာတွေ။ ဥပမာ- အရာဝတ္ထုထဲမတော့ အပျော့ဆုံးပေတဲ့ အမာဆုံး ကျောက်တုံးတွေကို ဂလိုင်ဖြစ်စေနိုင်တဲ့ ရေလို အရာဝတ္ထုအကြောင်း။ အပျော့ဟာ အမာကို နိုင်တယ်လို့ သူက သင်တယ်။

လူငယ်လေးက နွားကိုတို့လိုက်တယ်၊ ဆက်သွားချင်လှပြီ။ အိပ်စရာတနေရာကို မရောက်ခင် ခရီးက ရှည်သေးတာကိုး။ စစ်သားက အခု စိတ်ဝင်စားနေပြီ။ ရေအကြောင်းကို ဘာကိစ္စသင်ရသတုန်း။ လူအိုကြီးက စစ်သားကို အသာကြည့်တယ်။

မင်း . . သိချင်သလား။

ရေဆိုတာထက် အပျော့က အမာကိုနိုင်တယ်ဆိုတဲ့ အတွေးအခေါ်က အရေးကြီးတယ်လို့ ကျွန်တော်ထင်လို့ပါ။ ယခု မှောင်စပြုပါပြီ ဒီည ဒီမှာနေပြီး ကျွန်တော့်ကို ပြောပြပါလားခင်ဗျာ။ ကျွန်တော့်တဲက သေးသေးပါ၊ ဒါပေတဲ့ လေဒဏ်ကလည်း အကာအကွယ်ရပြီး မီးဖိုနားမှာလည်း နွေးပါတယ်။

သူက ရိုးရိုးသားသားသိချင်တာကိုး။ ရိုးရိုးသားသားမေးတဲ့သူတဦးကို သင်ပေးဖို့ကတော့ မငြင်းဆန်သင့်ဘူး။ ပြီးတော့လည်း နွားကြီးက နားချင်တော့မယ်။ လန်းဆတ်တဲ့ တောင်ပေါ်မြက်တွေကို စားချင်တော့မယ်။ လူအိုကြီးက နွားပေါ်က ဖြေးဖြေးဆင်းပါတယ်။

သူတို့က အဲဒီညပြီးတော့ နောက်တညပြီး တည စစ်သားနဲ့ နေကြပါတယ်။ အဲသလိုနေကြတုန်း တမူထူးတဲ့ သူ့ပို့ချမှုတွေကို ချရေး

ဖို့ စစ်သားက လူကြီးကို တိုက်တွန်းပါတယ်။ လူကြီးကလည်း သဘောတူသတဲ့။ နေပြည်တော်မှာနေခဲ့တုန်းက ဒါမျိုးကို သူ မလုပ်ခဲ့ပါဘူး။ ယခုတော့လည်း ရိုးသားတဲ့ စစ်သားလေးတယောက် အရေးအဖတ်တတ်ရုံရေးတတ်တဲ့သူရဲ့ တိုက်တွန်းမှုကြောင့် ခဏတောင်မစဉ်းစားဘဲ ထူးထူးဆန်းဆန်းပဲ လူအိုကြီးက အင်း . . လို့ပြောခဲ့တာပါ။ ထင်းရှူးပင်ရိပ်မှာထိုင်ရင်း သူဟာ နေ့ပေါင်းများစွာ စာရေးပါတော့တယ်။ အေးချမ်းနေတဲ့ရိုးရှင်းခြင်းတခုနဲ့ နေ့များစွာကုန်သွားပြီ။ နောက်ဆုံးမှာ လူအိုကြီးဟာသူရေးတာတွေကို စစ်သားလေးရဲ့လက်ထဲ ထည့်ပါတယ်။ ခရီးသွားတွေဟာ အိမ်ရှင်ဆီက ခွာကြပါတယ်။ အဖော်သူငယ်ဟာ လူအိုကြီးကိုနွားပေါ်တက်ဖို့ ကူပြီး သူတို့သွားကြပါပြီ။ လမ်းရဲ့အကွေ့ကိုကျော်၊ အဝေးမှာ ပျောက်သွားပါတယ်။

* * *

အထက်ပါ ဒဏ္ဍာရီဟာ ဘားတော့ဘရက်ရဲ့ ကဗျာကို စကားပြေပြန်ရေးထားတာပါ။ သူ့ကဗျာရဲ့အမည်က Legend of the Origin of the Book: *Tao Te Ching on Lao Tzu's Road into Exile* တဲ့။

ပြောလို့ရတဲ့ "တော်က်" ဟာဖြင့် အဆုံးစွန်သော "တောက်" မဟုတ်ဘူးလို့ စစ်သားလေးဆီပေးခဲ့တဲ့ အရေးအသားမှာ အဲဒီလို စထားပါတယ်။ တရုတ်စကားလုံး တောက် (Tao) ရဲ့ မူလအဓိပ္ပာယ်ဟာ "လမ်း" ဖြစ်ပါတယ်။ "သွားရန်ဖြစ်သောလမ်း၊ လမ်းညွှန်သောမူ၊ နည်းလမ်း" လို့ အဓိပ္ပာယ်ကောက်ဖို့ပါ။ ချဲ့လိုက်ရင်တော့ "ပြောသည်၊ ဖော်ထုတ်သည်၊ သင်ကြားသည်"လို့လည်း ယူနိုင်သတဲ့။ အဲဒီကနဦးစာကြောင်းဟာ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ "သင်လို့၊ ပြောလို့ ရတဲ့သဘောတရားတခု သို့မဟုတ် မူတခုဟာဖြင့် အမြဲတည်သော ထာဝရသဘောတရားတခု၊ မူတခုတော့ မဟုတ်ဘူး" လို့ အနက်ကောက်ရမယ်လို့ ဆိုကြပါတယ်။

အဲဒီစကားဟာ ဘာသာစကားအပေါ်မှာ ဝေဖန်အကဲဖြတ်ထားတာ၊ ပို့စ်မော်ဒန်တွေနဲ့ မကွာဘူး။ ဒါဟာဖြင့် မှန်ပါတယ်လို့ အဆိုပြု

တဲ့ အဆိုတခု၊ သဘောတရားတခုဟာ၊ နှုန်းစံတန်ဖိုးတခု ဖြစ်ပါတယ်လို့ တောင်းဆိုချက်တခုဟာ တကယ်တော့ နှိုင်းယှဉ်ချက်အရသာ ဖြစ်နေရတာ ပြောင်းသွားနိုင်တဲ့ အရာသာဖြစ်တယ်။ ရှုထောင့်ပေါ်မှာ တည်နေတာပါ၊ ဟောသူရဲ့ အကျိုးစီးပွားပေါ်မှာ တည်နေတာပါလို့ ဆိုလိုတာ ဖြစ်ပါတယ်။

အမှန်တရားရယ်လို့ဟောတဲ့ သီဝရီတွေဟာ ယေဘုယျပြောရရင် နှိုင်းယှဉ်ချက်အရသာ ဖြစ်တယ်။ မြေပုံတွေသာ ဖြစ်တယ်။ မြေပုံဟာ နေရာဒေသ မဟုတ်။ အမှန်တရား (Reality) ဟာ ရည်ညွှန်းဖော်ပြမှုတွေထက်လွန်တဲ့ ဖြစ်ခြင်း၊ ရှိခြင်း။

တောက်ဝါဒသမားတွေ (Taoists) နဲ့ ပို့စ်မော်ဒန်သမားတွေမှာ တူတဲ့အချက်က ဘာသာစကားအပေါ်မှာ သံသယရှိခြင်း ဖြစ်ပါတယ်။ သို့သော် ဘာသာစကားဟာ သစ္စာ(ဝါ) အမှန်တရားကို မခြုံငုံနိုင် မသယ်ဆောင်နိုင်ဘူးလို့ သံသယရှိခြင်းအပေါ် အခြေခံပြီး ဆက်လက်စဉ်းစားရာမှာတော့ ကွာခြားသွားပါတယ်။ ပို့စ်မော်ဒန်သမားတွေက အမှန်တရားကို စွန့်လိုက်ပြီး ပြောခြင်း၊ ဆိုခြင်း (Discourse) အပေါ်ကို အာရုံစိုက်လိုက်တယ်။ ပုဂ္ဂလမိဋ္ဌာန်သာဖြစ်သော အမှန် (Inter-Subjective realities) ကို တည်ဆောက်ဖန်တီးတာဟာ အပြောအဆိုမို့၊ အပြောအဆိုပေါ်မှာပဲ အာရုံစိုက်ဖို့ ရွေးချယ်တာတဲ့။

တောက် သမားတွေကတော့ သူတို့နဲ့ ပြောင်းပြန်ရွေးချယ်ပါတယ်။ တောက် သမားတွေက ဘာသာစကားကို စွန့်လိုက်ပြီး ဘာသာစကားကို လွန်တဲ့အရာ (ဝါ) ပြောလို့မရတဲ့ဟာ (the Unspeakable) ပေါ်မှာ လုံးလုံးလျားလျား အာရုံစိုက်ပါတယ်။

ပြောလို့မရတဲ့ အရာဟာ အပြောအဟော (Discourse) တွေကို လွန်တဲ့အရာဖြစ်တာကြောင့် အဲသည်အရာ (သစ္စာ)ကို ပြောပြီဆိုရင်ပဲ အဲဒီအပြောအဟောဟာ ပြယ်သွားတာပါပဲ။ ကေန်ဟုတ်မှု ကင်းမဲ့ (Negation) သွားတာပါပဲတဲ့။ တကယ်တော့ လကို ညွှန်ပြတဲ့ လက်ညှိုးတချောင်းမျှသာပဲတဲ့။

သူ့ဘဝတလျှောက်လုံး သူ့ပို့ချချက်တွေကို လောင်ဇုအနေနဲ့ စာအားဖြင့် ချမရေးတာဟာ ဒါကြောင့်မို့တဲ့။ "ပြောဖို့ ဆိုဖို့တန်တဲ့ကိစ္စဟာ ပြောမဖြစ်တဲ့ဟာ ဖြစ်နေရင် သူဘယ်လိုရေးလို့ ဖြစ်နိုင်မတုန်း။"

ဝစ်ဂင်စတိုင်း ဟာလည်း Tractatus Logico– Philo- sophicus ရဲ့ အဆုံးသတ်မှာ "When of one cannot speak one must be silent" လို့ ရေးတယ်ဆိုပဲ။ ပြောလို့မဖြစ်ရင် တိတ်တိတ်နေရမယ်။

ဒါပေတဲ့ အဲသည်တည တောင်ပေါ်က တဲတလုံးမှာတော့ အံ့ဖွယ်သရဲတခု ဖြစ်ခဲ့တာပါ။ သူ့ကို ပကတိ သဘာဝကြီးရဲ့ အထူးခမ်းနားသိုက်မြိုက်ခြင်းက ဖမ်းခဲ့တာပါ။ သူ့ကိုယ်ခန္ဓာ သူ့ရဲ့ "ငါ" မှာ နေလာလို့ နှင်းအရည်ပျော်သလို ပျော်သွားပုံရပါတယ်။ သူ့ရဲ့ ဖြစ်တည်နေခြင်းဟူသော ပင်လယ်သမုဒ္ဒရာကြီးဟာ တခုတည်း ဖြစ်သွားပုံရပါတယ်။ သူကိုယ်တိုင်ဟာလည်း အဲသည် ဘဝင်ကျခြင်း (ဝါ) ဟုတ်တိုင်းမှန်ရာသိခြင်း (Realization) ကို အားလုံးကို ဝေငှဖို့ မှန်းနေတာကိုး။ ဒါပေတဲ့ ဘယ်လိုလုပ်ရမှာတုန်း၊ စကားလုံးတွေကတော့ မလုံလောက်ဘူး။

တနေ့မှာ သူ့ရဲ့စကားလုံးတွေဟာ ကိုယ်တွေ့ကြုံတွေ့ (Living experience) ကို သစ္စာဖောက်ချင် ဖောက်လိမ့်မယ်။ လက်ညှိုးကိုကြည့်နေလို့ လူတွေဟာလည်း မင်းကို မေ့ချင် မေ့သွားလိမ့်မယ်။

တကယ်တော့ အံ့ဖွယ်သရဲတခု ဖြစ်ခဲ့တာပါ။ မိုးရေနဲ့ လေးလံနေတဲ့ မိုးတိမ်တွေဟာ ရေငတ်နေတဲ့ ပထဝီမြေကြီးနဲ့ တွေ့သလိုပါပဲ။ တောင်ကြားဂိတ်ဝကိုစောင့်တဲ့ အစောင့်ရဲ့ ရိုးရိုးမျှော်လင့်တန်းမှန်းခြင်းအပေါ် ကရုဏာသက်ခြင်းဟာ လောင်ဇုကို စာရေးစေခဲ့ပါတယ်။

ဒါနဲ့ပဲ လောင်ဇုဟာ သူ့စာကို ဟောသလို သတိပေးမှုနဲ့ စရေးတာပါ။

"The Tao that can be spoken of is not the eternal Tao."

"ပြောလို့ရတဲ့ တောက်ဟာဖြင့် အဆုံးစွန်သော တောက် မဟုတ်ပါ"

* * *

# GRACE

The woods are shining this morning.
Red, gold, and green, the leaves
lie on the ground, or fall,
or hang full of light in the air still
Perfect in its rise and in its fall, it takes
the place it has been coming to forever.
It has not hastened here, or lagged,
See how surely it has sought itself,
its roots passing lordly through the earth.
See how without confusion it is
all that it is, and how flawless
its grace is. Running or walking, the way
is the same. Be still. Be still.
"It moves your bones, and the way is
clear.

***Wendell Berry***

## ကျက်သရေ

ဒီမနက် တောက တောက်ပနေတာပါကလား
နီ၊ ရွှေ၊ စိမ်း၊ သစ်ရွက်များ
မြေမှာ လဲလျောင်းနေကြသလို ကြွေကျနေကြသကိုး၊
ငြိမ်နေတဲ့ လေထဲမှာ တွဲလွဲဆွဲနေတာလည်းရှိ
လွင့်ပျံတာပဲဖြစ်ဖြစ် ကြွေကျတာပဲဖြစ်ဖြစ်
အပြစ်ဆိုဖွယ် ဘာမှမရှိ၊ ရောက်ရမယ့် နေရာကိုတော့
အမြဲရောက်လာတာချည်း၊
အသော့အမြန်လည်းမဟုတ်
နောက်ကျတာလည်းမဟုတ်
ကြည့်စမ်းပါ့၊ သူ့နေရာသူရောက်တာ သိပ်သေချာတာ
သူ့အမြစ်တွေက အရှင်သခင် ခန့်ခန့်ကြီးများလိုပ
မြေဆီကို တိုးဝင်နေတာ
ကြည့်စမ်းပါ့၊ စိုးနှောင့်ဗျာပါ ဘာမှမရှိဘဲဖြစ်တာ
သူ့ဟာသူဖြစ်တာ။ ပြီးတော့လည်း အပြစ်မြူမထင်တဲ့
ကျက်သရေမင်္ဂလာရှိနေတာကို။
ပြေးသည်ဖြစ်စေ၊ ဖြည်းဖြည်းလျှောက်သည်ဖြစ်စေ
လမ်းကတော့ အတူတူ။
ငြိမ်ငြိမ်သက်သက် နေ၊
ငြိမ်ငြိမ်သက်သက်သာ နေပါလေ၊
မင်းအရိုးတွေကို သူကတော့ ရွှေ့မှာပဲ၊
သွားရမယ့်လမ်းက ရှင်းပါတယ်။

ဝင်ဒဲယ်ဘယ်ရီ

# ဘာလိုသေးလဲ

ခြေထောက်တွေအတွက် မြေရှိ
လက်တွေအတွက် ပုဆိန်ရှိသည်။
မျက်စိတွေအတွက် ပန်းပွင့်ရှိ
နားတွေအတွက် ငှက်ရှိသည်။

နှာခေါင်းအတွက် မှိုပွင့်ရှိလျက်
ပါးစပ်အတွက် အပြုံးရှိသည်။
အဆုတ်တွေအတွက် သီချင်းတွေရှိကာ
အရေပြားအတွက် ချွေးတွေရှိသည်။
စိတ်အတွက်လည်း လေရှိသဖြင့်
တန်သင့်ပါ၏။

နာ နာအိုဆကာကီ

JUST ENOUGH

Soil for legs
Axe for hands
Flower for eyes
Bird for ears
Mushroom for nose
Smile for mouth
Songs for lungs
Sweat for skin
Wind for mind
Just Enough

*Nanao Sakaki*



ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ- ဦးဝင်းကျော်ထွန်း၊
မုံရွေးစာပေ၊
၈၀-ခ၊ သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်
ပုံနှိပ်သူ- ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊
၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်
ပထမအကြိမ်၊ စောင်ရေ ၅၀၀
၂၀၁၅ ခု၊ အောက်တိုဘာလ၊ တန်ဖိုး ၂၅၀၀ ကျပ်

ကိုတာ
ယဉ်အောင်လုပ်ခြင်း/ကိုတာ။— ရန်ကုန်။
မုံရွေးစာပေ၊ ၂၀၁၅။
စာ ၁၇၈၊ ၁၃. ၂ × ၂၀. ၈ စင်တီ။
(၁) ယဉ်အောင်လုပ်ခြင်း